# အနတ္တ
## ရောင်ခြည်



အရှင် ဥဏ္ဍ ရေး

တောင်တွင်းဆရာတော်

အသျှင်ဥက္ကဋ္ဌ

ရေးသားပြုစုသော

# အနုတ္တ ရောင်ခြည်

KYAW WAI PHYOE AUNG
PRIVATE LIBRARY

ပထမ နှိပ်ခြင်း အုပ်ရေ (၅၀၀၀)

၁၉၂၄ ခု၊ သီတင်းကျွတ်လ

ရန်ကုန်မြို့ အမှတ် ၁၊ ဆင်းဒဝစ်လမ်း၊ ရှမဝ ပုံနှိပ်စက်တွင်
ရိုက်နှိပ်၍ ဒေးဒရဲမြို့ ကွင်းကျောင်းတိုက်ဆရာတော်
အသျှင် ဥဇ္ဇောတိက ဆရာတော်က တာဝန်ခံ ထုတ်ဝေသည်။

KYAW WAI PHYOE AUNG
PRIVATE LIBRARY

ဒေးဒရဲမြို့၊ ကွင်းကျောင်း ဆရာတော် အသျှင် ဥဇ္ဇောတိက

ဆရာတော်ရေး - စကားဦး

# နိဒါန်း

ကျွန်ုပ်တို့သည် အစဉ်အလာကို အစဉ်တစိုက်ကြီး လက်ခံခဲ့ကြ၏။ ထိုအစဉ်အလာတွေကို ဝေဖန်သုံးသပ်၍ လက်ခံကြခြင်းကား မဟုတ်ကြချေ။ အစဉ်အလာဖြစ်နေ၍ အစဉ်အလာအတိုင်းသာလျှင် လက်ခံခဲ့ကြခြင်းသာ ဖြစ်ချေသည်။

အစဉ်အလာ ဆိုသည်ကား နှစ်ကာလ ကြာညောင်း၍ အလွန်ဟောင်းလှသော သဘောများဖြစ်၏။ ၎င်းတို့သည် မှန်သည် မှားသည် ဆိုသော ပြဿနာနှင့် လုံးဝ အဆက်အသွယ်မရှိ၊ မသက်ဆိုင်သလိုဖြစ်နေလေသည်။

ကျွန်ုပ်တို့သည် တောင်တွင်း ဆရာတော် အသျှင်ဥက္ကဋ္ဌ ရေးသားသော အယူအဆများကို တွေ့လာရသော အခါ၊ ထိုထိုအစဉ်အလာ သဘောတရားများအပေါ်၌ စဉ်းစားရ

တွေးတောစရာများ ရှိနေသည်ဟု သဘောပေါက် လာချေသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ဤနေရာမှ စခန်းထောက်၍ နောက်ရင်း အချိန်ကာလ အခါသမယသို့ ခေတ္တမျှပြန်လည် လှမ်းမျှော်လိုက်ကြဦးစို့။

လောဘ–ဒေါသ–မောဟ တရားသုံးခု ကြီးစိုး လွှမ်းမိုးလာသော ဤလောကီနယ်၌ သတ္တဝါမှန်လျှင် အများဆုံးအစုသည် မိမိတို့အသီးသီး၏ ကိုယ်ရေးတွက်တာကို အခြေခံသော အတွေးအခေါ်များကိုသာ အစဉ်တစိုက် မြှော်မှန်းတောင့်တ ကြိုးပမ်းခဲ့ကြကုန်၏။ နှစ်ကာလ အရှည်ရှည်ကြာသောအခါ၊ ဤကိုယ်ရေးမြှော် လေ့စရိုက်ကြီးသည် အသဲနှိက်အောင် အမြစ်တွယ်ခေါ် အစဉ်အလာကြီးတရပ် ဖြစ်လာခဲ့ချေပြီ။

လူသားမှန်လျှင် အနုံစား အန္တမှအစ ရှင်ဘုရင်အဆုံး တမြုံလုံးသော လူသားလောက အစုအဝေးကြီး၌ အများစု သို့မဟုတ် အများဆုံး အစုကြီးသည် ဤအစဉ်အလာ တည်းဟူသော ညွန့်တိုင်ကြီးကိုပင် အရင်းခံမတ္တိုင်ထားကာ မြင်းထန်သော အရှုပါဒါန်ကြီးများကို တောထအောင် လက်ခံကြရာမှ သဘောကျ ကျေနပ်ကုန်ကြလေသည်။

ထိုသည့် ကိုယ်ရေးကိုယ်တာအစွဲ အစဉ်အလာကို ယခုပစ္စုက္ကတကာဝ၌သာ တင်းတိမ် ရောင့်ရဲနိုင်ခြင်း မရှိကြသေး။ သူတို့၏ လိုအင်ဆန္ဒ အာသာငမ်းမှုကို အခြေခံ၍ ထိုအစဉ်အလာကို ကွက်ကွက် ကွင်းကွင်း သဘောပေါက်ကြလေ



သော ဆရာအချို့သည် ဤမှာဘက်တာဝနှင့် တင်းတိမ် နိုင်ခြင်း မရှိကြသေးသော အစဉ်အလာ သမားတို့အတွက် သချိုင်းတဘက် ဟိုမှာဘက်ဘဝတွေအထိ၊ လိုက်ပါကောင်းစားရေးဆိုသော လမ်းစဉ် ကျင့်ဝတ်များကို ပုံပြင်အဝဝ–ဝတ္ထုကြောင်းအပုံပုံဖြင့် အစွဲခံ ကုန်လောက်အောင် မှုအမျိုးမျိုးဖြင့် ချမှတ်လုပ်ကြံ ဟောပြောကြလေတော့၏။ ဤကစ၍ ယုံကြည်ချက်ကြီးအမျိုးမျိုး ပေါက်ပွားပေါ်ပေါက်လာလေရာ၊ ဘာသာဟူသော သဘောဖြင့် ကိုယ်ရေး ကိုယ်တာ သမားအားလုံးက လက်ခံ ကျင့်သုံးကြချေတော့သည်။ ထိုကျင့်ဝတ်တရားတို့ကို သတ်မှတ်ချထားသူတို့ကား အခြားမဟုတ်၊ ရှေးခေတ်ဘာသာရေး ခေါင်းဆောင်ကြီးတို့ပင်တည်း။

သို့ဖြစ်ရာ ယင်းပုဂ္ဂိုလ်အသီးသီး ဘာသာခေါင်းဆောင်ကြီးတို့ ချမှတ်သော လမ်းစဉ်နိဿည်း အားလုံးတို့၏ အနှစ်သာရ ဥပနာ သည်လည်း၊ ထိုသည့်ကိုယ်ရေးကိုယ်တာမြှော်မှန်းချက်ကလေးသာလျှင် သူတို့ဒေသနာအဖြစ် ပါရှိချေသည်။

မှန်လှ၏... လူသား၏ အစဉ်အလာ မြှော်မှန်းချက်ကလည်း ကိုယ်ရေးကိုယ်တာ ဘာသာရေး ခေါင်းဆောင်တို့၏ ချမှတ်ညွှန်ကြားပေးသော ဒေသနာတို့ကလည်း ယင်းကိုယ်ရေးကိုယ်တာကိုလျှင် အခြေခံထားသော တရားတို့ချည်းသာ ဖြစ်ကြချေရာ၊ ဤပုတ်ထဲမှ ဤပဲသာလျှင်ဖြစ်သော ကိုယ်ရေးကိုယ်တာအစွဲနယ်ကြီးသည် တနေ့တခြား ပြန့်ပွား စည်ကားခဲ့လေပြီ။ အာဒိကပ္ပကအစချီခဲ့တဲ့ ဤကိုယ်ရေးကိုယ်တာဝါဒ

အစွဲကြီးတည်းဟူသော အမှောင်ထုကြီးသည် ဤလောကသမိုင်း တလျောက်လုံးမှ အုံ့မှိုင်းဖုံးအုပ် လာခဲ့သည်မှာ သိဒ္ဓတ္ထ ခေတ်သို့တိုင်အောင် ထောက်လျောက်ကြီး မှောင်ခဲ့ပေတော့သည်။

ဆိုသင့်စွ...အနေအစား သဏ္ဍာန် အမျိုးမျိုးစွာ ဘယ်သို့ခြားစေကာမူ၊ ဤကိုယ်ရေးစွဲ၌မူကား— ကမ္ဘာ့လူသားတရပ်လုံးသည် နယ်မရွေး, အမျိုးမရွေး, အရွယ်မရွေး, အဆင့်အတန်းမရွေး, ကန့်ကွက်သူမရှိ— တသံတည်း, တညီတည်း လက်ခံအတည်ပြုထားကြကုန်သည်။

သိဒ္ဓတ္ထသည် ဤသည့်ကိုယ်ရေးကိုယ်တာ အစဉ်အလာစွဲဆိုင်ရာဖြစ်သော ပစ္စက္ခနှင့် တမလွန်ကိုသာ အတွင်ဒလစ်မပြတ်အောင် ရှေ့ရှုလမ်းညွှန်ထားသော ကျင့်ဝတ်ဒေသနာ အပြာပြာ တို့သည် ကောန် မဆုံးသော ဆင်းရဲမှုကြီး သာပါတကားဟု ရိပ်စားဆင်ခြင် ထင်မြင်မိပေသည်။ ဤမှစ၍ ထိုမျှ ဆင်းရဲမှောင်မဲမဲ ခရီးတလျောက်သို့ မဆုံးနိုင်အောင် လျှောက်ရမည့်လမ်းစဉ်ကို တွန်းလှန်ရုံးကန်၍၊ ဆင်းရဲပြတ်မှုပြတ် မှု ဖြစ်သော တရားသစ်ကို ရှာကြံကြိုးပမ်းရန် မြော်မှန်းတောင့်တ မိပေသည်။ ယင်းသို့ တောင့်တ ပြီးသည်နှင့်အမျှ၊ ဘုရားလောင်းသိဒ္ဓတ္ထသည် ဤဇမ္ဗူ့တခွင်တွင် မည်သူမျှ မယှဉ်နိုင်သော အာဇာနည်ဇွဲသတ္တိ အထွဋ် အထိပ်၏ ကြိုးပမ်းမှုဖြင့် မဂ္ဂင်မှ သစ္စာသို့ ပေါက်ရောက် တွေ့မြင်ကာ ဂေါတမ ဗုဒ္ဓ ဘုရားရှင် အဖြစ်သို့ ရောက်ရှိတော် မူခဲ့ရချေသည်။



ဤတွင်ကာလ သမယတွင်မှ သစ္စာဝါ အနန္တတို့သည် အမှောင်အမဲ အတ္တစွဲ ကိုယ်ရေးကိုယ်တာ ဝဲဩဃနယ်ထဲမှာ ထောက်လျောက်ကြီး အထင် မှား၍ အရပ်အနားမရှိ ကျင်လည်မဆုံး ဒုက္ခတုံး, ဒုက္ခခဲအစစ် အဖြစ်ကြီး ဖြစ်နေပါကလားဟူ၍ တွေ့မြင်တော်မူလေရာ၊ ယင်းသည့် အတ္တသည် ကောန်အားဖြင့် ဤလောက၌ အသေအချာ ရှေရှာသောအယူမဟုတ်၊ ထိုသည့်အမှုနှင့် ပြောင့်ပြောင့် ဆန့်ကျင်သော (နှ—အတ္တ) အနတ္တ ကိုယ်စိုးကိုယ်ပိုင် မရှိဟူသော တရားသည်သာ ကောန်အမှန်တရား အဖြစ် အထင်အရှား ရှိနေချေပြီတကား—ဟု ဗုဒ္ဓဘုရားရှင် တွေ့မြင်တော်မူလေတော့သည်။

ဤသည့်နောက်ပိုင်း၌ ဗုဒ္ဓသည် ကိုယ်တော်တိုင် တွေ့မြင်သိရှိတော်မူသော အနတ္တကိုအခြေခံသော တရားဓမ္မခံအရပ်ရပ်ကို လေးဆယ့်ငါးဝါမပြတ် ဒလစ် ဟောပြော်ညွှန်ပြတော်မူလေတော့ရာ၊ ဗုဒ္ဓ၏ အနန္တဒေသနာ အလင်းရောင်သည် ထိုသည့် ထောက် လျှောက် အမှောင် အတ္တနယ်ကို ခွင်းကာ ထွန်းလင်းတောက်ပ အလင်းရ၍ လာခဲ့ပေသည်။

သို့ရာတွင် အတန်တန်သော အစွဲဥပါဒါန် သည်လည်း ပုရာဏကဿပ၊ မက္ခလိဂေါသာလမတိုင်မီ၊ ရှေးအတိတ်ကာလ အခါသမယ၌ ဗြဟ္မဏဝေဒနယ်ဝင် အတ္တကိုတီထွင်ခဲ့ကြတဲ့ ဒေသနာအစဉ် အဆက်ဆက်ဖြင့် ထိုအတ္တမှိုင်းကြီးမိခဲ့သော အချိန်ပေါင်းမှာ အလွန်ကြာညောင်း နှစ်ပေါင်း သောင်းမကတိုင် နှင်ခဲ့ချေပြီဖြစ်သည်။

သို့မျှလောက် ဒုတက်အောင် စွဲချက်ပြင်းထန် နေပြီ ဖြစ်သော အယူအစွဲ အတ္တဒိဋ္ဌိတို့၏ နယ်ထဲ၌ ဗုဒ္ဓ ဘုရားရှင်၏ မုခပါဌ်တော်အစစ် တရားအနှစ် အနုတ္တရဒေသနာမှာ ထိုမျှ ထူပြော ပိတ်ဖုံးနေသော အမှောင်တောကြီး၏ အကာအဆီး ခလုပ်ကန်သင်းဖြစ်သော အတ္တစွဲဒိဋ္ဌိတို့၏ အတိုက်အခိုက်ကို ဒလစစ်မပြတ် ခုခံတွန်းလှန်၍နေခဲ့ရချေသည်။

သို့ကလိုနှင့်ပင် ဗုဒ္ဓမြတ်ဘုရား၏ မရပ်မနား ဟော ကြားတော်မူရသော ဒေသနာ၏ အချိန်အခါ(၄၅)ဝါသည် မကြာခင် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ရချေသည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် (၁၄၈)ခုနှစ်အဝင် ကဆုန်လပြည့်နေ့၌ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ထိုသည့်(၄၅) ဝါ နှစ်အခါကား- ကပ်ကမ္ဘာအစ မဟာသမတ ခေတ်မ ပေါက်ချရှိစခဲ့သော၊ နှစ်ပေါင်း အသင်္ချေနှင့် မယှဉ်ပလေနိုင် အောင် တိုတောင်းလှပေရာ၊ သမုဒ္ဒရာထက် ခဏတက်သည့် ရေပွက်ပမာ တခဏသာတည်း ဆိုသကဲ့သို့ လွန်စွာမကြာလှ သော အချိန်သာလျှင်ဖြစ်ပေသည်။

ဤသည့်နောက်ပိုင်းခေတ်၌မူ ဗုဒ္ဓမြတ်စွာ၏ အနုတ္တရဒေ သနာမှာ အတ္တတို့၏ အားကောင်းလှသော ရေအဟုန်ဝဲပြ ဆနယ်အတွင်း၌သာ ပြဿနာအမျိုးမျိုး အခက်အခဲ အဖုံဖုံ တို့နှင့် အစဉ်မပြတ် ရင်ဆိုင်၍သာ နေခဲ့ရသည်မှာ ယခုတိုင် ဖြစ်ခဲ့သည်။

သို့ကလောက်မျှ ထူပိန်းအားကြီး ကာဆီးပိတ်ဖုံး လုံးလုံး ကြီးမှောင်မတတ် ထူကပ်နေသော အတ္တဒိဋ္ဌိတို့၏ ခေတ်ကြီး



အတွင်းဝယ ယခု တောင်တွင်းကြီးဆရာတော် အသျှင်ဥက္ကဋ္ဌ သည် ဗုဒ္ဓမြတ်စွာ၏ အနုတ္တရဒေသနာ အစစ် တရားအနှစ်ကို ရင်ဝယ်ပိုက်၍ စိုက်စိုက်ကြီး ထွက်ခါလာလေပြီ။

ငိုပွဲရယ်ပွဲ အသွယ်သွယ်နှံ၍ သူတဲ ငါတဲ အထင်တွေလွဲ ကာ ဥပါဒါန်ရှုပ် သဏ္ဌာန်တွေကို အဟုတ် အမှန်တွေဟု ထင်မှား မြင်မှား" ခနီး သွားနေ ကြသော ဤလူ့လောက ဇာတ်ခုံ၏ လက်သည်အရင်းခံ ဇာတ်ဆရာကား.... မဟာဘုတ သာလျှင်တည်း။

ရုပ်အဲ နာမ်ဘဲနှင့် ပြင်းခုံပွဲတွေလည်း ဆူညံမဲရှိနေသော ယခုခေတ်အခါတွင် ဆရာတော် အသျှင်ဥက္ကဋ္ဌသည် ရုပ်နာမ် မှုသခါရတို့၏ အစမူလ မဟာဘုတတို့ ဖြစ်ပေါ်ပုံကို ရှင်း လင်းပြတ်သားစွာ ဗုဒ္ဓနည်း-သိပ္ပံ"နည်းတို့နှင့် ဖော်ပြရေးသား ၍ထားပေသည်။

မရှိတာကို အရှိမှတ်၍ သက်ဝင် ယုံကြည် နေကြ သော အမှောင်ထုထဲက အမှောင်တရား အတ္တစွဲ လက်ကိုင်ထားသူ တို့က သတ္တဝါယာကြီးတခုသားနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ ပါလို၏ ဟူသော အသံတွေနှင့် ကြက်ကြက်ညံအောင် ဆု တောင်းနေကြ သည်ကိုလည်း အတန်တန် တွေ့နေကြပြန်ရ သည်။

သို့မျှလောက် အယူအစွဲတခြား- ဆုတောင်းတခြား လွဲ မှားအံချော် မတော်မတည့် ဖြစ်ချင်ရာဖြစ်နေသည့် ဤခေတ် ကြီးဝယ် အနုတ္တရောင်ခြည်သည် ဤလောကအား အမှောင်

မသိအောင် အလင်းပြသော မီးရှူးတန်ဆောင်သဖွယ် ထွန်းလင်း တောက်ပြောင်ပေလိမ့်မည်ဟု မြော်လင့်ရသည်။

သတ္တလောကရှိ အဇ္ဈတ္တိကမဟာဘုတ် ၄– ပါးကိုအခြေခံသော ဥပါဒါနိရုပ်ဖြစ်သည့် မျက်စိ, နား, လျှာ, ကိုယ်, နှလုံးသားဟူသော အာယတန ၆–ပါးနှင့် သင်္ခါရလောက–ဩကာသလောကရှိ ဗဟိဒ္ဓမဟာဘုတ်–၄ ပါးတို့ကို အခြေခံသော အဆင်း, အနံ့, အသံ, အရသာ, အတွေ့ ,အတွေးဟူသော အာရုံ ၆ပါး(ဝါ)အချို့,အချဉ်, အစပ်, အဖန်, အငံ, အခါးဟု ဆိုအပ်သော ရသာ ၆– ပါးတို့၏ အတိုက်သဘော, အခံသဘော, အပေးသဘော, အယူသဘော အသွင်းသဘော, အထုတ်သဘောအရ ပုံထုတ်ပုံပြောင်းမှု အဆက်မပြတ်သည့် ဘဝစက်ရဟတ်သည် မည်ကဲ့သို့ ကျင်လည်နေထိုင်သည်ကို သိနားလည်လိုသူ သူတော်သိ များသည် လေးလေး စားစား လေ့လာကြည့်ရှု နိုင်ကြပါစေ ကုန်သတည်း။

ဥဇ္ဇောတိက
ဒေးဒရဲ

KYAW WAI PHYOE AUNG
PRIVATE LIBRARY

# အနတ္တ ရောင်ခြည်

## ဒုတိယ မိဂဒါဝုန်တရား

**ရှေးဦးသွင်ပြင်**

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ဗုဒ္ဓဘုရားရှင်ခေတ်။

**အချိန်**

ဝါဆိုလဆုတ်ပက္ခ ၅–ရက်နေ့ ညဦးယာမ်။

**ဌာန**

ဗာရာဏသီမြို့နှင့် လေးမိုင်ကွာ၍၊ ယခုအခါ "ဆာရနတ်" ဟူ၍ ထင်ရှားတဲ့ မိဂဒါဝုန်တော။

**ဓမ္မဒေသက**

ဂေါတမနွယ်ဖွား ဗုဒ္ဓဘွဲ့ခံ ရှင်တော်ဘုရား။

**တရားနာပရိသတ်**

၁။ အရှင် ကောဏ္ဍည
၂။ အရှင် ဝပ္ပ
၃။ အရှင် ဘဒ္ဒိယ
၄။ အရှင် မဟာနာမ။
၅။ အရှင် အဿဇိ

**အနေအထား**

ပထမ မိဂဒါဝုန်တရားဖြစ်တဲ့ ဓမ္မစကြာကို စတင် လည့်တော်မူသော နေရာ၌ပင်– ဗုဒ္ဓသည် အရှေ့သို့ မျက်နှာမူလျက်၊ ပဥ္စဝဂ္ဂီငါးဦးသော ရဟန်းတို့သည် ဗုဒ္ဓဘုရားရှင်ဘက်သို့ ဦးညွှတ်ခါ ရှိသေစွာ ထိုင်ကြကုန်လျက်....

**ပတ်ဝန်းကျင်**

ညဉ့်အချိန် ကြက်စားတဲ့ တောခွေးများတို့သည် အတော်လှမ်းလှမ်း၌ ရွှင်လန်းကြည်နူးစွာ၊ ဘာသာဘာဝ တေးဂီတကို ရင့်ကျူးသီဆိုကြလျက်၊ လျင်မြန်ဖျတ်လတ်သော ခြေရှိတဲ့ တောသမင် ကလေးတို့သည် သွက်သွက်လက်လက် ယိုးဒရားသိုင်းကွက်နင်းကာ အပျင်းပြေကြကုန်လျက်၊ မှောင်မိုက်သော ညဉ့်ကာလ၏တံဆာ– ဖြူဖွေးသော ယုန်သူငယ်တို့သည် တိုခုန်ဒီကားနှင့် မြူးကြကုန်လျက်၊ မြင့်မားလှတဲ့ မည်းနက်သော သစ်ပင်ခြောက်၏ မည်းနက်သော သစ်ကိုင်းပေါ်တွင် နားနေသော မည်းနက်သော ဇီးကွက်မောင်နှံတို့သည် မည်းနက်သော မှောင်ရိပ်တွင်း၌ မျက်နှာချင်း ဆိုင်နေကြသော ဗုဒ္ဓနှင့်



ပဥ္စဝဂ္ဂီတို့ကို မမှိတ်မသုန်သော မျက်လုံးအစုံတို့ဖြင့် စက္ခုအာရုံပြုကြကုန်လျက်၊ တနေကုန် တနေခန်း၊ သစ်ခေါင်းနန်းမှာ ပင်ပင်ပန်းပန်း၊ စံမြန်းနေရသော လင်းနို့အများတို့သည် ၎င်းတို့၏ ကပ္ပာရှိသူ ကျီးကန်းများ အိပ်တန်းဝင်သည်နှင့် တပြိုင်နက် သစ်ခေါင်းတွင်းမှ ရွှင်မြူးစွာထွက်ခွာ ပျံသန်းကြကုန်လျက် အကိုင်း, အခက်, အလက်, အရွက် ဝေဆာလှန်စွာကြီးထွား "အင်မတန် မြင့်မားတဲ့ အင်ကျင်းပင်၏ ခေါင်ဖျား၌ အနားယူလျက်ရှိသော တောလုံငှက်ကလေးသည် "ရိုက် ပုတ် ထုတ်လိုက်" မြည်တွန်ကာ မိဂဒါဝုန်တော အတွင်းမှ ညဉ့်အန္တရာယ်များကို ရှင်းလျက်၊ လင်းဝက်ခေါ်တဲ့ ညဉ့်ငှက်ကြီးတို့သည် လေဟုန် စီးကာ ပျံဝဲကာဖြင့် ညဉ့်အခါ၏ ဆိတ်ငြိမ်မှုကို တိုက်စစ်ဆင်ကြကုန်လျက် ညဉ့်အချိန်ကြက်စားတဲ့ တောသားတိရစ္ဆာန်နှင့် ကျေးငှက် အားလုံးတို့သည် လဆုတ် (၅) ရက်နေ့ ညဉ့်အချိန်အတွက် ပေါ်ထွက်လာမည့် ညဉ့်ကာလ၏ အကောင်းဆုံးရတနာ ယုန်စကြာ၏ ပဝင်းတဲ့ အလင်းရောင်ကို မျှော်ကြကုန်လျက် တရံတခါ အတန်အဝေးဝေးမှ တောခွေးတို့၏ မြူးပျော်သံ ညဉ့်ငှက်ကြီးများ၏ မြင်းထန်သော တောင်ဟုန်သံ ချုံ နွယ် ပိတ်ပေါင်းများ၌ အိပ်တန်းခိုလျက် နေကြကုန်သော ငှက်ကလေးတို့၏ တစီစီမြည်သံ, ဝါဆိုလ, လေ,ကြမ်း၏ အပြင်းအထန် ဝေ့ရမ်းခြင်းကိုခံရသော တောစိုးသစ်ပင်ကြီးများ၏ မြည်ဟည်းသံမှတပါး အခြားအာသံမျှမကြားရဘဲ တခဲနက် တိတ်ဆိတ်လျက် ဝါဆိုလ၏ ညဉ့်ဦးယာမ်တောင်လေသည် နေ့လည်

နေ့ခင်းမှ ကြင်းကျန်ရစ်ခဲ့သော အပူဓာတ် အငွေ့ရှိန်တို့ကို ထိုးစစ်ဆင်ကာ မှောင်နှင့် ထုတ်လျက် တခါတခါသော် ပြင်းထန် ကြမ်းတမ်းလှစွာသော မိုးဦးစ တောင်လေသည် အငွေ့လောကဓာတ် ဥဒည်းရွန်းမှ ပေါ်ထွန်း ထွက်မြူလာမည့် လ မင်း၏လမ်းကို ဖုံးလွှမ်းပိတ်ဆို့နေကြတဲ့ တိမ်မတိမ်ပုပ် တို့ကို အလျင်အမြန် တိုက်ထုတ် ဖယ်ရှင်းလျက်၊ အငွေ့လောကဓာတ်အရွန်းမှ ထွန်းတက် ပေါ်ထွက်လာမည့် ညဥ့်ကာလ၏ သရုပ္ပဆောင်းဖြစ်သော လ မင်းစန္ဒာ ယှန်သော်တာ၏ ငွေတောင်မြေး ရောင်ခြည်တို့သည် ညဥ့်က ၁ လ ၏ ရန်သူဖြစ်သော အမှောင်ခပင်းကို တ ဖြည်း ဖြည်း ခြင်း ဖြိုခွင်းလျက် အမှောင်ထု၏ အားပြုရာအစစ် မဟာမိတ်ကြီး ဖြစ်သော မိုးသားတိမ်လိပ်တို့သည် ပြင်းထန်စွာ တိုက်ခတ်လျက်နေသော လေဟုန်ကိုစီးကာ ရှောင်ဖယ်၍ သွားကြကုန်လျက်၊ ပုရွေးရွေး အိုက်စပ်စပ်ဒဏ်ကို အလူးအလိမ့် ခံစားနေရသော လူသားထု တရပ်လုံးသည် အပူမဟုတ်–အအေးဓာတ်ပါဝင်သော လ မင်း၏ အရောင်ကိုမျှော်လျက် ပဥ္စဝဂ္ဂီဘွဲ့ထူးချီးအပ်သော ရဟန်းငါးပါး တို့လည်း ဗုဒ္ဓဘုရားရှင်၏ နှုတ်တော်မှ ထွက်ပေါ်လာမည့်အမြိုတေဓာတ် သန္တိဓာတ် အမြတမ်းကိန်းဝပ်သော တရားရောင်ကို တောင့်တ မျှော်မှန်းလျက်။

**တရားနာတို့၏ အရည်အခြင်း**

ဤဒုတိယ မိဂဒါဝုန်တရားပွဲ၌ တရားနာပရိသတ် ဖြစ်ကြကုန်သော ပဥ္စဝဂ္ဂီငါးဦး တို့ကား နုယ်နယ်ရရ ပုဂ္ဂိုလ်များ မဟုတ်ကြတော့ချေ။ ၎င်းတို့သည် မိဂဒါဝုန် တရားဖြစ်



တဲ့ ဓမ္မစကြာကို ကောင်းစွာ နာယူပြီး၍ တိကျမှန်ကန်စွာ သဘောပေါက်ပြီး ဖြစ်ကြရာ ၎င်းတို့အားလုံးပင် ဓမ္မစက္ခုဆိုတဲ့ အမြင်မှန်ပေါက်လျက် အလင်းသို့ရောက်သူများ ဖြစ်ခဲ့ကြကုန်ပြီ။ ယင်းသို့ အမှောင်နယ်ကို လွန်မြောက်၍ အလင်းသို့ ရောက်ကြသောအခါ "အရှင်မြတ်ဘုရား....တပည့်တော်များသည် အရှင်မြတ်၏အထံ၌ ရဟန်းအဖြစ်ကို ရယူလိုကြပါကုန်၏"ဟူ၍ ထိုငါးဦးသောရဟန်းတို့က လျှောက်ထားကြလေပြီ။

ထိုအခါ ဗုဒ္ဓဘုရားရှင်က "ရဟန်းတို့၊ လာကြကုန်လော့၊ အမှန်တရားကို ကောင်းစွာ ဟောကြားအပ်ပြီ။ ဆင်းရဲ အားလုံး တိတိကျကျ ကုန်ဆုံးရန် အလို့ငှာ မြတ်သောအကျင့်ကို ကျင့်ကြကုန်လော့"ဟု မိန့်တော်မူပြီးလျှင် "ဟိဘိက္ခု" ခေါ်တော်မူလေပြီ။ ယင်းသို့ ခေါ်တော်မူခြင်းဖြင့် ၎င်းတို့ ငါးဦးလုံး ဥပသမ္ပဒအစစ်ရဟန်းအဖြစ်သို့ ရောက်ခဲ့ကြလေပြီ။

သူတို့သည် ဗုဒ္ဓ၏ ဓမ္မစကြာကို ကြားနာရခြင်းကြောင့် အမြင်မှန် ပေါက်ခဲ့ကြသည်ကား မှန်၏။ သို့ရာတွင် ၎င်းတို့၏ အတ္တစွဲကား မစင်သေးချေ။ သူတို့သည် ထိုခေတ် ထိုသမယက အတ္တဝါဒ ဦးစီးသော ဘာသာဝါဒ အယူအဆ နယ်ပယ်၌ ချုံတိချုံချာ၊ သေနာနနယ်၊ သေးငယ်သော ပုဂ္ဂိုလ်များ မဟုတ်ခဲ့ပချေ။ ဝင်စစ်မှာ ဗုဒ္ဓမပွင့်မီ အတီတေ ကာလက ရှိနှင့်ပြီးသော ဝေဒ။ ဝေဒင်။ ဥ ပ နိသာဒ စသော ကျမ်းကြီး ကျမ်းခိုင်တို့၌ အကြုံးဝင်သော အတ္တ(ဝါ) ဝိဥာဏ်ဝါဒဆိုင်ရာ အယူအဆ အားလုံးတို့ကို ထုံးလိုမွှေ၊ ရေလိုနှောက်နိုင်လောက်

အောင် ပြောင်ပြောင် ပြောက်ပြောက် သတ္တိ ရောက် သော ပုဂ္ဂိုလ်တို့သာ ဖြစ်ခဲ့ကြကုန်၏။ ထို့ကြောင့် ဗုဒ္ဓသည် ၎င်းတို့၏ ခိုင်မာစွဲမြဲလှသော အတ္တအငုတ်ကိုဆွဲ၍ နှုတ်တော်မူရန် အလို့ငှာ အနတ္တလက္ခဏာသုတ်ဟူ၍ ကပ္ပာ့စာပေဝင်၌ ထင်ရှားသော ဤဒုတိယ မိဂဒါဝုန် တရားကို ဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ ဆက်လက်၍ ဟောကြားရပြန်လေသည်။ ထိုသို့ ဟောကြားအပ်သော အနတ္တလက္ခဏာတရားတော် အဆုံးသို့ ရောက်သည်နှင့် တပြိုင်နက်ထည်းပင် ၎င်းတို့၏အတ္တအစွဲပြိုကွဲ၍ သွားလေသည်။ ထိုအခါ ၎င်းတို့ ငါးဦးလုံးပင် ကိလေသာ အာသဝတို့ တစမကြွင်း၊ အရင်းအမြစ်က ထုတ်လှန်ပယ်ရှား ပြီး၍ ရဟန္တာအဖြစ်သို့ ချောချော မောမော ဆိုက် ရောက် ကြပေ သတည်း။

## ရူပ ဖောက်ပြန်မှု

ရူပံဘိက္ခဝေ အနတ္တာ၊ ရူပဉ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ ရူပေ၊ ဧဝံမေရူပံဟောတု ဧဝံမေရူပံမာအဟောသီတိ၊ ယသ္မာ စ ခေါဘိက္ခဝေ ရူပံအနတ္တာ၊ တသ္မာရူပံ အာဗာဓာယ သံဝတ္တတိ၊ နစလဗ္ဘတိ ရူပေ-ဧဝံမေ ရူပံဟောတု၊ ဧဝံမေရူပံ မာ အဟောသီတိ။

## မြန်မာပြန်

ရဟန်းတို့။ ။ဖောက်ပြန်တတ်သော ရုပ် တ ရား သည် အတ္တ မဟုတ်ချေ။ အကယ်တစေ-ရုပ်တရားသာ အတ္တ ဟုတ်



ခဲ့ပချေသော်၊ ထိုရုပ်တရားသည် နာကျင်မှုနှင့် တွဲလျက် မနေပေရာ၊ ငါ၏ရုပ်သည် ဤသို့သာ ဖြစ်ပါစေ- ဟိုလိုတော့ မဖြစ်ပါစေနှင့်ဟူ၍၊ ရုပ်ကိုအမိန့်ပေးလို့ ရနိုင်ပေရာ၏။ သို့ရာတွင် အိုရဟန်းတို့၊ ရုပ်တရားကား အတ္တမဟုတ်ပချေ။ ယင်းသို့ မဟုတ်ခြင်းကြောင့်လည်း၊ ရုပ်သည် နာ ကျင် မှု နှင့် တွဲလျက်နေရချေသည်။ ငါ၏ ရုပ်သည် ဤသို့သာဖြစ်ပါစေ- ဟိုလိုတော့ မဖြစ်ပါစေနှင့်ဟူ၍၊ ရုပ်ကို အမိန့်ပေးလို့ မရနိုင်ချေ။

## ဝေဒနာ-ခံစားမှု

ဝေဒနာဘိက္ခဝေအနတ္တာ၊ ဝေဒနာစဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ-အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ၊ ဝေဒနာယ-ဧဝံမေ ဝေဒနာဟောတု-ဧဝံမေ ဝေဒနာ မာအဟောသီတိ၊ ယသ္မာစ ခေါ ဘိက္ခဝေ ဝေဒနာအနတ္တာ တသ္မာ ဝေဒနာ အာ ဗာ ဓာ ယ သံဝတ္တတိ၊ နစ လဗ္ဘတိ ဝေဒနာယ ဧဝံမေ ဝေ ဒ နာ ဟောတု ဧဝံမေ ဝေ ဒ နာ မာအဟောသီတိ။

## မြန်မာပြန်

ရဟန်းတို့။ ။ခံစားမှုဆိုတဲ့ ဝေဒနာသည်၊ အတ္တမဟုတ်ချေ။ အကယ်တစေ၊ ဝေဒနာသာ အတ္တ ဟုတ်ခဲ့ပချေသော်၊ ထို ဝေဒနာသည်၊ နာ ကျင် မှု နှင့် တွဲလျက် မနေပေရာ၊ ငါ၏ ဝေဒနာသည် ဤသို့သာ ဖြစ်ပါစေ-ဟိုလိုတော့ မဖြစ်ပါစေနှင့်ဟူ၍လည်း ဝေဒနာကို အမိန့်ပေးလို့ ရနိုင် ပေရာ၏။

သို့ရာတွင် ရဟန်းတို့– ဝေဒနာကား–အတ္တမဟုတ်ပချေ။ ယင်းသို့ မဟုတ်ခြင်းကြောင့်၊ ဝေဒနာသည် နာကျင်မှုနှင့် တွဲလျက်နေရချေသည်။ ငါ၏ ဝေဒနာသည် ဤသို့သာ ဖြစ်ပါစေ–ဟိုလိုတော့ မဖြစ်ပါစေနှင့်ဟူ၍ ဝေဒနာကို အမိန့်ပေးလို့မရ နိုင်ချေ။

## သညာ–မှတ်သားမှု

သညာ ဘိက္ခဝေအနတ္တာ၊ သညာစဟိဒံ ဘိက္ခဝေအတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ သညာယ ဧဝံမေ သညာ ဟောတု၊ ဧဝံမေ သညာ မာအဟောသီတိ၊ ယသ္မာစ ခေါ ဘိက္ခဝေ–သညာ အနတ္တာ တသ္မာသညာ အာဗာဓာယ သံဝတ္တတိ၊ နစ လဗ္ဘတိ သညာယ ဧဝံ မေ သညာဟောတု–ဧဝံ မေ သညာ မာ အဟောသီတိ။

## မြန်မာပြန်

ရဟန်းတို့။ ။သညာဆိုတဲ့ မှတ်သားမှုသည် အတ္တမဟုတ်ချေ။ အကယ်တစေ၊ သညာသာ အတ္တ ဟုတ်ခဲ့ပချေသော်၊ သညာသည် နာကျင်မှုနှင့်တွဲလျက် မနေပေရာ၊ ငါ၏သညာသည် ဤသို့သာဖြစ်ပါစေ၊ ဟိုလိုတော့ မဖြစ်ပါစေနှင့် ဟူ၍လည်း၊ သညာကို အမိန့်ပေးနိုင်ရာ၏။ သို့ရာတွင် ရဟန်းတို့– သညာကား အတ္တမဟုတ်ပချေ။ ယင်းသို့ မဟုတ်ခြင်းကြောင့် သညာသည် နာကျင်မှုနှင့် တွဲလျက် နေရချေသည်။ ငါ၏ သညာသည် ဤသို့သာ ဖြစ်ပါစေ- ဟိုလိုတော့ မဖြစ်ပါစေနှင့် ဟူ၍ သညာကို အမိန့်ပေးလို့ မရနိုင်ချေ။



## သင်္ခါရ ပုံထုတ်မှု

သင်္ခါရာ အနတ္တာ သင်္ခါရာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထစ သင်္ခါရေသု ဧဝံမေသင်္ခါရာ ဟောန္တု၊ ဧဝံမေ သင်္ခါရာ မာအဟေသုံတိ၊ ယသ္မာစ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ တသ္မာသင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊ နစ လဗ္ဘတိ သင်္ခါရေသု ဧဝံမေ သင်္ခါရာ ဟောန္တု၊ ဧဝံမေ သင်္ခါရာ မာအဟေသုန္တိ။

## မြန်မာပြန်

ရဟန်းတို့။ ။ပုံထုတ်မှုဆိုတဲ့ သင်္ခါရတို့သည် အတ္တမဟုတ်ကြချေ။ အကယ်တစေ သင်္ခါရတို့သာ အတ္တဟုတ်ခဲ့ကြပချေသော်၊ သင်္ခါရတို့သည် နာကျင်မှုနှင့်တွဲလျက် မနေပေရာ ငါ၏ သင်္ခါရတို့သည် ဤသို့သာ ဖြစ်ကြပါစေ၊ ဟိုလိုတော့ မဖြစ်ကြပါစေနှင့် ဟူ၍လည်း၊ သင်္ခါရတို့ကို အမိန့်ပေးနိုင်ပေရာ၏။သို့ရာတွင် ရဟန်းတို့၊ သင်္ခါရတို့ကား အတ္တမဟုတ်ကြချေ။ ယင်းသို့ မဟုတ်ကြခြင်းကြောင့်၊ သင်္ခါရ တို့သည် နာကျင်မှုနှင့် တွဲလျက်နေကြချေသည်။ ငါ၏သင်္ခါရတို့သည် ဤသို့သာ ဖြစ်ကြပါစေ– ဟိုလိုတော့ မဖြစ်ကြပါစေနှင့် ဟူ၍ သင်္ခါရတို့ကို အမိန့်ပေးလို့ မရနိုင်ချေ။

## ဝိညာဏ–သိမှု

ဝိညာဏံ အနတ္တာ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊

လဗ္ဘေထစ ဝိညာဏေ ဧဝံမေ ဝိညာဏံ ဟောတု၊ ဧဝံမေ ဝိညာဏံ မာအဟောသီတိ၊ ယသ္မာစ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ တသ္မာဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊ နစ လဗ္ဘတိ ဝိညာဏေ ဧဝံမေ ဝိညာဏံ ဟောတု၊ ဧဝံမေဝိညာဏံ မာ အဟောသီတိ။

## မြန်မာပြန်

ရဟန်းတို့။ ။သိမှုဆိုတဲ့ ဝိညာဉ်သည် အတ္တမဟုတ်ချေ။ အကယ်တစေ ဝိညာဉ်သာ အတ္တ ဟုတ်ခဲ့ ပချေသော်၊ ထိုဝိညာဉ်သည် နာကျင်မှုနှင့် တွဲလျက် မနေပေရာ၊ ငါ၏ ဝိညာဉ်သည် ဒီလိုသာ ဖြစ်ပါစေ၊ ဟိုလိုတော့ မဖြစ်ပါစေ နှင့် ဟူ၍လည်း ဝိညာဉ်ကို အမိန့်ပေးနိုင်ရာ၏။ သို့ရာတွင် ရဟန်းတို့၊ ဝိညာဉ်ကား အတ္တ မဟုတ်ပချေ။ ယင်းသို့မဟုတ်ခြင်းကြောင့်လည်း၊ ဝိညာဉ်သည် နာကျင်မှုနှင့် တွဲလျက် နေရချေသည်။ ငါ၏ဝိညာဉ်သည် ဒီလိုသာဖြစ်ပါစေ၊ ဟိုလိုတော့ မဖြစ်ပါစေနှင့်ဟူ၍၊ ဝိညာဉ်ကို အမိန့် မပေးနိုင်ချေ။

## ရုပ်တရား

တံကိံ မညထ ဘိက္ခဝေ၊ ရူပံနိစ္စံ ဝါ၊ အနိစ္စံ ဝါတိ အနိစ္စံ ဘန္တေ၊ ယံပနာနိစ္စံ တံ ဒုက္ခံ ဝါ၊ သုခံ ဝါတိ ဒုက္ခံ ဘန္တေ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိနာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ၊ ဧတံမမ ဧသောဟမသ္မိ၊ ဧသောမေအတ္တာတိ နောဟေတံ ဘန္တေ။



## မြန်မာပြန်

မေး။ ဘယ်နှယ်လဲ ရဟန်းတို့၊ ရုပ်တရားသည် မြဲသလော၊ (ဝါ) မမြဲသလော။

ဖြေ။ မမြဲပါ အရှင်မြတ်ဘုရား။

မေး။ အဲဒီမမြဲတဲ့ ရုပ်တရားဟာ ဆင်းရဲလော၊ (ဝါ) ချမ်းသာလော။

ဖြေ။ ဆင်းရဲပါ အရှင်မြတ်ဘုရား။

မေး။ ဒါဖြစ်ရင် အဲဒီ မမြဲတဲ့ ဆင်းရဲတဲ့ ဖောက် လဲ ဖောက်ပြန် ဖြစ်တတ်တဲ့ ရုပ်တရားကို ငါဟာဘဲ ငါဘဲ၊ ငါ၏ အတ္တဘဲလို့ ရှုနေလျှင် သင့်လျော် နိုင်ပါမည်လော။

ဖြေ။ မသင့်လျော်နိုင်တော့ပါ၊ အရှင်မြတ်ဘုရား။

## ဝေဒနာတရား

တံကိံ မညထ ဘိက္ခဝေ ဝေဒနာ နိစ္စံ ဝါ အနိစ္စံ ဝါတိ အနိစ္စံ ဘန္တေ၊ ယံပနာ နိစ္စံ တံ ဒုက္ခံ ဝါ၊ သုခံ ဝါတိ ဒုက္ခံ ဘန္တေ၊ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိနာမဓမ္မံ၊ ကလ္လံ နုတံသမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ၊ ဧသောမေအတ္တာတိ၊ နောဟေတံဘန္တေ။

## မြန်မာပြန်

မေး။ ဘယ်နှယ်လဲ ရဟန်းတို့၊ ဝေဒနာသည် မြဲသလော၊ (ဝါ) မမြဲသလော။

ဖြေ။ မမြဲပါ အရှင်မြတ်ဘုရား။

မေး။ အဲဒီမမြဲတဲ့ ဝေဒနာတရားဟာ ချမ်းသာလော၊ (ဝါ) ဆင်းရဲလော။

ဖြေ။ ဆင်းရဲပါ အရှင်မြတ်ဘုရား။

မေး။ ဒါဖြင့်ရင် အဲဒီမမြဲတဲ့ ဆင်းရဲတဲ့ ဖောက် လွဲ ဖောက်ပြန် ဖြစ်တတ်တဲ့ ဝေဒနာကို ငါ့ဟာဘဲ၊ ငါဘဲ၊ ငါ၏အတ္တဘဲလို့ ရှုနေလျှင် သင့်လျော်နိုင် ပါမည်လော။

ဖြေ။ မသင့်လျော်နိုင်တော့ပါ၊ အရှင်မြတ်ဘုရား။

သညာတရား

တံကိံ မညထ ဘိက္ခဝေ သညာနိစ္စံ ဝါ အနိစ္စံ ဝါတိ အနိစ္စံ ဘန္တေ၊ ယံပနာ နိစ္စံ တံ ဒုက္ခံ ဝါ သုခံ ဝါတိ ဒုက္ခံ ဘန္တေ၊ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနုတံ သမနုပဿိတုံ၊ ဧတံမမ၊ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ နောဟေတံ ဘန္တေ။

မြန်မာပြန်

မေး။ ဘယ်နှယ်လဲ ရဟန်းတို့။ သညာသည် မြဲသလော၊ (ဝါ) မမြဲသလော။

ဖြေ။ မမြဲပါ အရှင်မြတ်ဘုရား။

မေး။ အဲဒီမမြဲတဲ့ သညာဟာ ဆင်းရဲလော၊ (ဝါ) ချမ်းသာလော။

ဖြေ။ ဆင်းရဲပါ အရှင်မြတ်ဘုရား။



မေး။ ဒါဖြင့်ရင် အဲဒီမမြဲတဲ့ ဆင်းရဲတဲ့ ဖောက်လွဲ ဖောက်ပြန်ဖြစ်တတ်တဲ့ သညာကို ငါ့ဟာဘဲ၊ ငါဘဲ၊ ငါ၏ အတ္တဘဲလို့ ရှုနေလျှင် သင့်လျော်နိုင်ပါမည် လော။

ဖြေ။ မသင့်လျော်နိုင်တော့ပါ—အရှင်မြတ်ဘုရား။

သင်္ခါရတရား

တံကိံ မညထ ဘိက္ခဝေ၊ သင်္ခါရာ နိစ္စာဝါ အနိစ္စာဝါတိ အနိစ္စာဘန္တေ၊ ယံပနာနိစ္စာ၊ ဒုက္ခာဝါတေ သုခါဝါတိ၊ ဒုက္ခာဘန္တေ၊ ယံပနာနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊ ကလ္လံ နုတေ သမနုပဿိတုံ၊ ဧတံမမ ဧသောဟမသ္မိ၊ ဧသောမေ အတ္တာတိ နောဟေတံ ဘန္တေ။

မြန်မာပြန်

မေး။ ဘယ်နှယ်လဲ ရဟန်းတို့၊ သင်္ခါရတို့သည် မြဲကုန်သလော၊ (ဝါ) မမြဲကုန်သလော။

ဖြေ။ မမြဲကုန်ပါ အရှင်မြတ်ဘုရား။

မေး။ အဲဒီမမြဲတဲ့ သင်္ခါရတွေဟာ ဆင်းရဲတွေ လော၊ (ဝါ) ချမ်းသာတွေလော။

ဖြေ။ ဆင်းရဲတွေပါ အရှင်မြတ်ဘုရား။

မေး။ ဒါဖြင့်ရင် အဲဒီ မမြဲတဲ့ ဆင်းရဲတဲ့ ဖောက်လွဲ ဖောက်ပြန်ဖြစ်တတ်တဲ့ သင်္ခါရတွေကို ငါ့ဟာဘဲ၊

ငါတဲ့–ငါ၏အတ္တတဲ့လို့ ရှုနေလျှင် သင့်လျော်နိုင်ပါ့မည်လော။

ဖြေ။ မသင့်လျော်နိုင်တော့ပါ–အရှင်မြတ်ဘုရား။

## ဝိညာဉ်တရား

တံကိံ မညထဘိက္ခဝေ၊ ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ၊ ယံပနာနိစ္စံ တံ ဒုက္ခံ ဝါ သုခံ ဝါတိ ဒုက္ခံ ဘန္တေ၊ ယံပနာနိစ္စံ၊ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံနုတံ သမနုပဿိတုံ၊ ဧတံမမ–ဧသောဟမသ္မိ၊ ဧသောမေ အတ္တာတိ နောဟေတံ ဘန္တေ။

## မြန်မာပြန်

မေး။ ဘယ်နှယ်လဲရဟန်းတို့၊ ဝိညာဉ်သည် မြဲသလော၊ (ဝါ) မမြဲသလော။

ဖြေ။ မမြဲပါ အရှင်မြတ်ဘုရား။

မေး။ အဲဒီမမြဲတဲ့ ဝိညာဉ်ဟာ ဆင်းရဲလော (ဝါ) ချမ်းသာလော။

ဖြေ။ ဆင်းရဲပါ အရှင်မြတ်ဘုရား။

မေး။ ဒါဖြင့်ရင် အဲဒီမမြဲတဲ့ ဆင်းရဲတဲ့ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ ဝိညာဉ်ကို ငါ့ဟာတဲ့၊ ငါတဲ့၊ ငါ၏အတ္တတဲ့လို့ ရှုနေလျှင် သင့်လျော်နိုင်ပါ့မည်လော။

ဖြေ။ မသင့်လျော်နိုင်တော့ပါ အရှင်မြတ်ဘုရား။



## သမူဟ ရှုပုံ

တသ္မာတိဟ ဘိက္ခဝေ၊ ယံကိဉ္စိ ရူပံ လ–ယာကာစိ ဝေဒနာ လ–ယာကာစိသညာ လ–ယေကေစိ သင်္ခါရာ လ–ယံကိဉ္စိ ဝိညာဏံ၊ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံ ဝါ သုခုမံ ဝါ၊ ဟီနံ ဝါ၊ ပဏီတံ ဝါ၊ ယံဒူရေ ဝါ သန္တိကေ ဝါ သဗ္ဗံ ဝိညာဏံ၊ နေတံမမ နေသော ဟမသ္မိ၊ နမေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

## မြန်မာပြန်

ရဟန်းတို့။ ။အဲဒါလို ဖြစ်နေခြင်းကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါး၌ဖြစ်သော အတွင်း၌ (ဝါ)အပ၌ဖြစ်သော ကြမ်းတမ်းသော (ဝါ) နူးညံ့သော ယုတ်သော(ဝါ)မြတ်သော အနီး၌ (ဝါ) အဝေး၌တည်သော အလုံးစုံသော ရုပ်တရားတို့သည် လ....အလုံးစုံသော ဝေဒနာသည် လ....အလုံးစုံသော သညာသည် လ....အလုံးစုံသော သင်္ခါရတို့သည် လ....အလုံးစုံသော ဝိညာဉ်သည် ငါပိုင်ဖစ္စည်း မဟုတ်။ ငါလဲမဟုတ်။ ငါ၏အတ္တလဲ မဟုတ်ဟူ၍ ဟုတ်တိုင်း မှန်စွာ တိမတ်သောပညာဖြင့် ရှုမှတ်ရာ၏။

## မူချကျိုး

ဧဝံပဿံ ဘိက္ခဝေ၊ သုတဝါ အရိယသာဝကော၊ ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါ

ရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

### မြန်မာပြန်

ရဟန်းတို့။ ဤသို့ ဉာဏ်အမြင် ပေါက်ခဲ့သော်— အကြားအမြင်နှင့် ပြည့်စုံသော ဖြူစင်တဲ့ တပည့်တော်သည် ရုပ်၌၎င်း၊ ဝေဒနာ၌၎င်း၊ သညာ၌၎င်း၊ သင်္ခါရတို့၌၎င်း၊ ဝိညာဉ်၌၎င်း ငြီးငွေ့၍ လာလေတော့၏။ ငြီးငွေ့သော်— အစေးကွာလေတော့၏။ အစေးကွာသော်— လွတ်၍သွားလေတော့၏။ လွတ်ပြီးသော်—လွတ်မှန်းကို သိ လေ တော့ ၏။ ထိုအခါ သူသည် ဇာတိဆိုတဲ့ အဖြစ်သဘော ကုန်ပြီဟူ၍၎င်း၊ ဖြူစင်သော အကျင့်မြတ်ကို ကျင့်သုံးပြီးပြီဟူ၍၎င်း၊ နောက်ထပ်တပန် ဘဝဇာတ်ခင်းရန် လမ်းမရှိပြီ ဟူ၍၎င်း ထိကျ ပြတ်သားစွာ သိမြင်လေတော့၏။

ဤတွင်ရွေ့—မူရင်းဗုဒ္ဓ ဟောတော်မူခဲ့သော အနတ္တလက္ခဏသုတ်သည် မြန်မာပြန်နှင့်တကွ အပြီး အဆုံးသို့ ရောက်ပြီ။

### အတ္တနှင့်အနတ္တ

အနတ္တရောင်ခြည် ဟူ၍ နာမပညတ် ကင်ပွန်း တပ် ခေါ်ဝေါ်ပြအပ်သော ဤ အနတ္တလက္ခဏသုတ်ကား ဗုဒ္ဓ၏ ဒုတိယ မိဂဒါဝုန်တရားတော်ဖြစ်ခဲ့ပြီ။ ပထမ မိဂဒါဝုန် တရားတော်



ဟူ၍ ကမ္ဘာ့သမိုင်းစဉ်၌ ထင်လျှားသော ဓမ္မစကြာ ပဝတ္တနသုတ်တွင် ဗုဒ္ဓသည် လှုပ်ရှားမယိုင် ခန့်ခိုင်သော ဓမ္မပန္နက်ဖြင့် ဓမ္မဗိမာန်တည်ဆောက်ခဲ့လေပြီ။ ဤအနတ္တ လက္ခဏသုတ်၌ကား ဗုဒ္ဓသည် အနတ္တဝါဒကို တိတိကျကျ ပြတ်ပြတ်သားသား ဖော်ထုတ်၍ ဟောကြားခဲ့လေပြီ။ ဗုဒ္ဓသည် ဓမ္မဗိမာန်ကို တည်ဆောက်ပြီးလျှင် ပြီးခြင်း အဘယ့်ကြောင့် အနတ္တဝါဒကို အရေးတကြီး ဖွင့်ပြထုတ်ဖော် ကျေညာတော်မူခဲ့လေသနည်း။

မမှန်လော။ သို့ရာတွင် လူကြိုက် အများဆုံး ဖြစ်သော အတ္တဝါဒ အမှောင်ထုကား ကြီးမားဖွံ့ထွားလှရာ ကမ္ဘာကြီး တခုလုံးကို အမြဲတစေ ထုပိန်းစွာ ဖုံးလွှမ်းလျက် နေချေပြီ။ ဗုဒ္ဓဘွဲ့ခံ ပုဂ္ဂိုလ်ထူးကြီးများ ပွင့်လန်းပေါ်ပေါက်ရာ ဖြစ်တဲ့ ဗုဒ္ဓခေတ်များ အတွင်း၌သာလျှင် အနတ္တဝါဒ၏ အလင်းရောင်ကို ကြိုးကြားကြိုးကြား တွေ့မြင်နိုင်ကြလေသည်။ အနတ္တဝါဒကား ၎င်း၏ စူးရှ ပြောင်လက်သော အလင်းရောင်ကို ၎င်းကိုယ်တိုင် ဆောင်လျက် အမြဲတမ်း ပြောင်ပြောင်လက်လက် အရောင်ထွက်နေတဲ့ ပဒ္မြားရှင်လုံးနှင့် တူသည်။ ထို့ကြောင့် ဗုဒ္ဓသည် မိမိ တည်ဆောက် ထားတဲ့ ဓ မ္မ ဗိ မာန် အတွင်းသို့ အတ္တတည်းဟူသော အမှောင်ခေတ် ချဉ်းကပ်၍ ဝင်ရောက်မည့် အရေးကို တန့်တားနိုင်ရန် အလို့ငှာ အနတ္တ ပဒ္မြားရှင်ကို အဆောတလျှင် ၎င်းဓမ္မဗိမာန်၏ ဗဟိုတွင် တပ်ဆင်တော်မူခဲ့ရလေပြီ။ သို့ဖြစ်ရာ ဗုဒ္ဓ၏ အနတ္တဝါဒကို တိကျ ပြတ်သားစွာ နားလည်သဘောပေါက်ရန်ကား ဗုဒ္ဓဝါဒီတိုင်း

မဆိုင်းမတွ ပြည့်စုံမှုလုံရမည့် ပထမအရေးအကြီးဆုံး အရည်အချင်းတရပ် ဖြစ်၍နေချေသည်။

အနတ္တကား အတ္တဝါဒနှင့် ပဋိပက္ခ ဖြစ်သည်။ (ဝါ) ဆန့်ကျင်ဘက် ဝါဒဖြစ်သည်။ အတ္တကား ကမ္ဘာ့၏ ဘာသာအများတို့၏ အသည်းနှလုံးဖြစ်၏။ ထို့ပြင် လောကီနယ်သား ပုထုဇဉ်လူအများတို့ တအားကြိုးပြီးမမုန်းနိုင်မဆုံးနိုင်အောင်နှစ်သက်နေတဲ့ ဝါဒတရပ်လည်း ဖြစ်နေသည်။ သို့ရာတွင် ဗုဒ္ဓသည် ထိုကမ္ဘာကြီးက် အတ္တဟူသောပုဒ်တွင် "န" ဆိုတဲ့ ပဋိသေဓပုဒ်ကလေးကို ဆက်ထည့်တပ်ဆင်၍ ပေးလိုက်ခြင်းဖြင့် ကမ္ဘာကြီးတခုလုံးကို ဆပ်ဆပ်ခါ တုန်ဟည်း၍သွားစေခဲ့လေပြီ။ ဆိုလိုရင်းမှာ ကမ္ဘာ့လူထုတရပ်လုံးက ယုယမိုက်တွေး အလေးအမြတ်ယုံကြည်နေတဲ့ အတ္တဆိုဒါ မဟုတ်ဖူး၊ မရှိဖူးဟူ၍ ပြင်းပြင်းထန်ထန် ငြင်းဆန်လိုက်တဲ့သဘောပင် ဖြစ်သည်။ ဒီတော့ကာ အတ္တဆိုဒါ ဘာလဲဟူသော အဓိကပြဿနာကြီး ပေါ်ထွက်၍ လာသည်။ ထို့ကြောင့် ထိုအတ္တ၏ အဓိပ္ပာယ်သရုပ်ကို ရှင်းလင်းတိကျစွာ ဖော်ထုတ်ရပေမည်။

**အတ္တဆိုဒါဘာလဲ**

အတ္တဝါဒဆိုင်ရာ အဘိဓမ္မာဆရာ အများတို့၏ အယူအဆ အနုမာနအားဖြင့် (၁) အနာဒိ(ဝါ) အစမထင်သော (၂)အနန္တ (ဝါ)အဆုံးမမြင်သော (၃)နိစ္စ (ဝါ) မြဲသော (၄) ဓုဝ(ဝါ)ခိုင်သော (၅)သဿတ (ဝါ) ပိုးတမျိုးတည်း တည်နေသော (၆)အဝိနာသီ (ဝါ) ပျက်စီးခြင်းကင်းသော



(၇)သဗ္ဗဗျာပီ (ဝါ)အရာအားလုံး၌ ပျံ့နှံ့၍ တည်သော(၈) သယံဝသီ(ဝါ) မိမိ၏အလိုအတိုင်း ဖြစ်သော သဘာဝကို အတ္တဟူ၍ ခေါ်သည်။ ယနေ့ ကမ္ဘာတွင် ထင်လျှားတည်ရှိနေသော အတ္တဝါဒ ဟူသမျှသည် အထက်၌ ဖော်ထုတ်၍ ပြအပ်သော ဂုဏ်အင်္ဂါရှစ်ပါးလုံးနှင့်သော်၎င်း၊ သို့မဟုတ် ၎င်းအနက် အချို့ အင်္ဂါနှင့်သော်၎င်း ပြည့်စုံရမြဲဖြစ်သည်။ အတ္တမပါဘဲ ယုံကြည်စရာ ဘာသာတရပ် တည်ထောင်ရန်ပင် မလွယ်ကူလှ တကားဟု ဆိုလိုသည်။

ထို့ကြောင့် အတ္တ၏အနက်သဘောကို အကျယ်ဖွင့်ပြရာ ဖြစ်သော "ဘဂဝဂ္ဂီတာ" ကျမ်းမှ အောက်ပါဂါထာတို့ကို ထုတ်နှုတ်၍ ဖော်ပြအပ်ပေသည်။ ၎င်းကျမ်းကား ဟိန္ဒူလူမျိုးတို့၏ (၈)ခုမြောက် အဝတာရ ဖြစ်သော ကရစ်သျှဏ ဘုရားက အဇ္ဇုန မင်းသားသို့ ဟောကြားအပ်သော တရားများ၏တည်ရာ ဖြစ်သည်။

နဇာယတေ မိယတေဝါ ကုဒါစိပိ၊
နာ-ယံဘူတွာ ဘဝိတာ ဝါနဘူယော၊
အဇော နိစ္စော သဿတော-ယံပုရာဏော၊
နဟညတေ ဟညမာနေ သရီရေ။

**မြန်မာနိသျှပြန်**

အယံ ဤအတ္တသည် ကုဒါစိပိ တရံတဆစ်မျှ လည်း နဇာယတေ ပဋိသန္ဓေ တည်နေ ဖွားမြင်ခြင်းမရှိ၊ (ဝါ)ထိုမှ

တပါး၊ နမိယတော–သေလဲမသေ(ဝါ) ထို့ပြင် အယုံကြည်အတ္တသည် ဘုတ္တာ၊ဖြစ်ပြီး၍။ ဘူယော၊တဖန်။ ဘဝိတာ ဖြစ်ဦးမည့် အရာမဟုတ်ချေ။ ကသ္မာ–အဘ ဘယ့်ကြောင့် နည်း၊ အယ ဤအတ္တသည်။ အဇော၊ ပဋိသန္ဓေ တည်နေခြင်းဆိုတဲ့ အဖြစ် သဘောမရှိ၊ နိစ္စော၊မြဲ၏။ သဿတော၊ တမျိုးတည်း တည် နေ၏။ ပုရာဏော အမြဲတစေ အဟောင်းချည့် ဖြစ်၍နေ၏။ သရီရေ၊ ကိုယ်ကာယသည်။ ဟညမာနေ၊ သေ၍သွားသော်လဲ အယံ၊ ဤအတ္တသည် နဟညတေ၊ မသေ။

ဆိုလိုရင်းမှာ အတ္တသည် အဖြစ်နှင့်အပျက် ဟူသော စက် ကွင်းမှ ကင်းရှင်းလွန်မြောက်နေတဲ့ သဘာဝဖြစ်၏ဟူ၍၎င်း၊ ဘယ်နံရောအခါမှ ပြောင်းလဲခြင်း၊ ပျောက် ပြန် ခြင်း မရှိဘဲ အမြဲထာဝစဉ် သူ့ဂုဏ်ပြင်တမျိုးတည်း တပုံတည်း တည်ရှိနေတဲ့ သဘောတရား ဖြစ်၏ဟူ၍၎င်း ဆိုလိုသည်။ ရုပ်တရားနှင့် နာမ်တရားတို့သည် မွေးခြင်း သေခြင်း (ဝါ) ဖြစ်ခြင်း၊ ပျက် ခြင်းဆိုတဲ့ စက်ရဟတ်တွင် မပြတ်တစေ အမြဲတမ်း လည်၍ နေကြကုန်၏။ သို့ရာတွင် အတ္တကား ထိုသည့်ရုပ်နာမ် ဓမ္မအစု တွင် အကျုံးမဝင်သော (ဝါ)ရုပ်နှင့်နာမ်မှ သီးခြားတည်နေတဲ့ သဘာဝဖြစ်ရာ သက်ရှိသတ္တဝါ၏ ကိုယ်ကာယ ပျက်ပြုန်းပြီး သေဆုံး၍ သွားစေကာ "မသေ"သဘာဝ၌ အမြဲ တည်နေ သတည်း။

အစိုးပွယ်ကား ယခုလက်ရှိ ခန္ဓာ ကိုယ် အဟောင်း ကို စွန့်ပစ်၍ အသစ်ဖြစ်သော ကိုယ်ကာယကို ယူခြင်းပင်တည်း။ ထို့ကြောင့် ကရစ်သျှဏ ဘုရားသည် ဘဂဝဂ္ဂီတာ ကျမ်းတွင်



ဆောက်၌ ကိုးကားဖော်ပြထားသော ဂါထာဖြင့် ၎င်း၏ သရုပ်ကို ဖော်ခဲ့လေပြီ။

ဝဿာနိ ဇိဏ္ဏာနိ ယထာဝိဟာယ၊
နဝါနိ ဂဏှာတိ နရောပရာနိ၊
တထာသရီရာနိ ဝိဟာယဇိဏ္ဏာ၊
န္နျာနိ သယာတိ နဝါနိ ဒေဟီ။

## မြန်မာနိသျှမြန်

နရော၊ လူသတ္တဝါသည် ဇိဏ္ဏာနိ ဟောင်းနွမ်းကုန်သော ဝဿာနိ အဝတ်တန်ဆာတို့ကို ဝိဟာယ စွန့်ပစ်၍၊ အပရာနိ တပါးကုန်သော နဝါနိ အဝတ်တန်ဆာ အသစ် တို့ကို ဂဏှာတိယထာ ယူလေ ဝတ်လေသကဲ့သို့ တထာတို့နည်းတူစွာ ဒေဟီ၊အတ္တသည် ဇိဏ္ဏာနိ၊ ဟောင်းနွမ်းကုန်သော သရီရာနိ၊ ကိုယ်ကာယတို့ကို ဝိဟာယ၊ ပယ်စွန့်၍အညာနိတပါးကုန်သော နဝါနိ အသစ်ဖြစ်သော ကိုယ်ကာယတို့ကို သံယာတိ ရယူလေ သတည်း။

အကြင်အခါ လူသားသည် ခန္ဓာပျက်ကြေ သေခြင်းသို့ ရောက်၏။ ထိုအခါ ၎င်း၏ ခန္ဓာကိုယ်အတွင်း၌ ယာယီ သဘောအားဖြင့် တည်းခို၍နေသော အတ္တသည် အဟောင်း ဖြစ်တဲ့ ခန္ဓာကိုယ်ကို စွန့်ပစ်ပြီးလျှင် အသစ်ဖြစ်သော ကိုယ် ခန္ဓာတခုကိုယူရန် ထွက်ခွာ၍သွားမြဲ ဖြစ်သည်။ မြွေသတ္တဝါ များ အရေလဲသကဲ့သို့ပင်တည်း။ အသက်ရှင်လျက် တည်

နေစဉ် အတောအတွင်း၌ နေ့စဉ်အချိန်ရသမျှ လူသားကိုယ်တိုင် ကိုယ်၊နှုတ်၊စိတ်တို့ဖြင့် ပြုလုပ်ကျူးလွန်ခဲ့သော ကောင်းမှုနှင့် မကောင်းမှုတို့၏ အကျိုးအပြစ်ကို အတ္တကပင် ဗိုင်ခံ၍ယူဆောင် သွားလေသည် ဟူ၏။

လောက်လမ်းသဖွယ် ဝိညာဉ်တွယ်ဆိုတဲ့ ရှေးဆူဟောင်း တို့၏ စကားလည်း ဤအတ္တ၏ သဘောကိုပင် ညွှန်ပြခဲ့လေ သည်။ လောက်လမ်းကောင်ကလေးများသည် ရှေ့ကို အတွယ် အမှီရမှ (ဝါ) ရှေ့ခြေကုတ်ရမှ လက်ရှိ အမှီအတွယ်ကို စွန့် လွှတ်တတ်တဲ့ သဘာဝအတိုင်းပင် အတ္တသည်လည်း အသစ် ဖြစ်စီသော ဘဝအမှီအတွယ်ကို မရသေးသမျှ ကာလပတ်လုံး လက်ရှိ အမှီအတွယ်ဖြစ်တဲ့ ကိုယ်ကာယကို စွန့်လွှတ်လေ့ မရှိ ချေတဲ့။

အကြင်အခါ၌ ထိုမြဲသော ပုံတမျိုးတည်း တည်ရှိသော အတ္တသည် အသစ်ဖြစ်သော ဘဝခြေကုတ် (ဝါ) မှီတွယ်ရာ ကို ရရှိအံ့။ ထိုအခါ ၎င်းသည် လက်ရှိဖြစ်သော ခန္ဓာဟောင်းကို စွန့်ပစ်၍ ထွက်ခွာသွားမြဲဖြစ်သည်။ ထိုအခါ လူသတ္တဝါ သေ သွားသည်ဟူ၍ ဆိုရိုးပြုကြကုန်သည်။

## ပုဂ္ဂလိက အတ္တ ဘုံဘဝ ပိဋ္ဋ

ယင်းသို့အားဖြင့် မြဲသောအတ္တ (ဝါ) ယခုဘဝ၌ ပြုသမျှ သော ကုသလနှင့် အကုသလဟု ဆိုအပ်တဲ့ ကောင်းမှု ဆိုးမှု တို့၏ အကျိုးအပြစ် အငမ္မအနှစ်ကို ခံယူခါ ထွက်သွားသော အတ္တကို တကယ်ရှိ အဟုတ်ရှိ အနေအားဖြင့်ယုံကြည်မှု အမြစ်



တွယ်၍ ပင်စည်ကြီး ထွားကျိုင်း၍ လာခဲ့လေသည်။ ထိုအခါ ထိုသည့်ပင်စည်မှ (၁) ဘုံဘဝဟူသော အယူအဆနှင့် (၂) ပိဋ္ဋ ပေးခြင်းဆိုတဲ့ ကိုင်းတက်ကြီးနှစ်ခု ထိုးထွက်၍လာခဲ့လေ သည်။ အဘယ်ကြောင့်နည်း။

မြဲသောအတ္တသည် သံသရာ၏ခရီးသည်ဖြစ်သည် ဟူသော အနုမာနကို လက်ခံလိုက်သည်နှင့် တပြိုင်နက် ထို ခရီးသည် အတ္တ၏ လှည့်လည်သွားလာရာ လမ်းခရီး၌ ၎င်းတည်းခိုရန် (ဝါ) ရပ်နားရန် အလို့ငှာ ဘုံဌာနများကို နည်းများ မဆို လို၍ လာလေသည်။ ဝေဒန္တဝါဒဟု ဆိုအပ်သော ဖြဟ္မဏ အယူအဆအားဖြင့် အသီးသီး ဖြစ်သော ပုဂ္ဂလိက အတ္တသည် မှုရင်းပင်မဖြစ်သော ထာဝရ တည်ရှိ သော ပရမတ္တမ၏ အစိတ်အပိုင်းများသာ ဖြစ်၏။ ၎င်းသည် အတည် မကျ ဘဝသံသရာတွင်မှာ ထာဝစဉ် ကြင်လည်ပြေးလွှား၍ နေရသည်။ ယင်းသို့ မရပ်မနား သံသရာ ရဟတ်ချားတွင် လှည့်လည်နေရစဉ် ၎င်းသည် ထိုထိုဘုံဌာနများသို့ ခေတ္တ ခိုဝင်၍ နားနေနိုင်သည်။ ထိုသို့ နားနေရင်းပင် ၎င်းသည် မိမိကိုယ်တိုင်၏ ဖြူစင်ကြည်လင်ရေး၊ သန့်ရှင်းရေး၊ စင်ကြယ် ရေး၊ တိုးတက်မွမ်းမြို့ရေးတို့အတွက် ပါရမီ ဖြည့်ရလေသည်။ (ဝါ) သင်တန်းတက်ရလေသည်။ (ဝါ) လေ့ကျင့်ရလေ သည်။ အသီးအသီးသော အတ္တတိုင်း၏ အဓိကဖြစ်သော မြှော်မှန်းချက်မှာ ၎င်းကို မွေး၍ ထုတ်လိုက်သော ၎င်း၏ မိခင်ရင်းအစစ်ဖြစ်ကြီးဖြစ်သော ပရမတ္တမနှင့် တပန်ပြန်လည် ၃ ၍ ပူးပေါင်းမိရန်သာ ဖြစ်သောကြောင့်တည်း။ ယင်းသို့

ပြန်လည်ပူးပေါင်းမိခြင်း(ဝါ) ပြန်ပေါင်း ထုတ်မိခြင်းကိုပင် ဖြူဟုဏာအယူဝါဒဆိုင်ရာ၌ သံသရာ၏ အဆုံးဘဝ၏နိဂုံး ဟူ၍ ခေါ်ဆိုသမုတ်ကြလေသည်။

နံပါတ်(၂) ဖြစ်တဲ့ ဝိဉာဉ်ပေးခြင်းကား မြဲသောအတ္တနှင့် ဆိုင်ရာနှုတ်သော အယူအဆ (ဝါ) အနမာန၌ အခြေစိုက်သော လုပ်ငန်းစဉ်ဖြစ်သည်။ ၎င်းကား အခြားမဟုတ်။ အသက်မသေသေးဘဲ လူတို့ပြည်၌ ကျန်ရစ်ခဲ့သော ဆွေရင်းမျိုးချာ လူသတ္တဝါတို့က လက်ရှိကိုယ်ခန္ဓာဟောင်းနွမ်း ဆွေးမြေ့၍ ၎င်းကို စွန့်ပစ်ပြီးလျှင် အသစ်ဖြစ်သော ခန္ဓာကိုယ်ကို ယူရန် ပြောင်းရွှေ့သွားသူကို ရည်မှန်း၍ ပြုလုပ်သော ဆွမ်းသွတ်မှုပင် ဖြစ်သည်။ မှန်လှ၏။ လက်ရှိကိုယ်ကာယ ပျက်စီး၍ သွားသောအခါ ၎င်းအတ္တသည် ထိုပျက်စီးတဲ့ခန္ဓာကိုယ်မှ ထွက်ခွာသွားရမြဲ။ ယင်းသို့ ထွက်ခွာသွားပြီးနောက် အသစ်ဖြစ်သော ဘဝတခု၌ အမိုအကာ မရသေးသော အချိန်ကာလသည် ၎င်းအတ္တအတွက် အခက်ခဲဆုံး(ဝါ)အဆင်းရဲဆုံး ဘဝသစ်တခုတွင် ခြေကုတ်မရသေးသဖြင့် မိမိ၌ပါလာသော "ကံ" ရိက္ခာတို့ကိုလည်း သုံးစွဲခြင်း မပြုနိုင်သေးတဲ့ အချိန်ဖြစ်သည်တဲ့။

ထိုကဲ့သို့သော အချိန်မျိုးတွင် အသက်မသေ ဤမှာဘက်ဘဝ၌ ကျန်နေရစ်သော မိ-ဖ-ညီ အကို မောင်နှမ စသော ဆွေမျိုးညာတကာတို့၏ အကူအညီ အထောက်အပံ့ကိုအလိုဆုံး အချိန်ဖြစ်သည်တဲ့။

သို့ဖြစ်သောကြောင့် ဝိဉာဉ်ပေးခြင်း (ဝါ) အတည်မကျ တမလွန် ဘဝသို့ ကူးပြောင်း သွား လေ သူ ကို ရည် မှန်း ၍



ဆွမ်းသွတ်ခြင်းဆိုတဲ့ လုပ်ငန်းသည် ဟိန္ဒူဘာသာဝင် သားသမီးစသောကျန်ရစ်သူတို့အတွက် မပျက်မကွက် ဆက်ဆက် ဆောင်ရွက်ရမည့်ကိစ္စတရပ် ဖြစ်နေချေသည်။ သက်ပျောက်၊ မြေကျ၊ ရက်လည်၊ လ,လည်၊ နှစ်လည်၊ ဆွမ်းသွတ်ပွဲဟူ၍ သတ်မှတ်ကြကုန်ပြီးလျှင် ဟိန္ဒူဘာသာဝင်တို့သည် ထို ဆွမ်းသွတ်မှုကို မသေမချင်းအမြဲတစေ ထာဝစဉ် လုပ်၍နေရမည့် လုပ်ငန်းတရပ်အဖြစ်သို့ ရောက်အောင် ချဲ့ထွင်၍ အမှန်းတင် ထားခဲ့ကြလေပြီ။

## ဘုရားမပွင့်မီ အတိတ်ကာလ

ဗုဒ္ဓဘုရားရှင် မပွင့်ပေါ်မီ ခေတ်အတွင်း၌ ဟိန္ဒူဗြဟ္မဏ ဝါဒကြီးရဲ့ တိုးတက်မှုကို သုံးပိုင်းခွဲခြား၍ ကြည့်နိုင်သည်။ ၎င်းသုံးပိုင်းတွင် ပထမပိုင်းကား သဘာဝ နှင့် ဆိုင်သည်။ ၎င်းအပိုင်း၌ တံခိုးပါဝါ လွန်စွာကြီးမားလှတဲ့ သဘာဝ ဓမ္မနှင့် ဆက်စပ်ခြင်း မကင်းသော နတ်များ (ဝါ) မီးနတ် ရေနတ် လေနတ် မြေနတ် စသည်တို့ကို အရိုအသေ ပြုကြကုန်၏။ (ဝါ) အမြတ်တနိုး ရှိခိုးကြကုန်၏။ ဤနတ်များ၏ နောက်ကွယ်၌ နိရာကာရ (ဝါ) အခြင်းအရာမဲ့ ဖြစ်သော ကမ္ဘာ့ဖန်ဆင်းရှင်၏ တံခိုးပါဝါကို မှန်မှန်းမှန်းသော အတွေးဖြင့် ဆင်ခြင်၍ ရှုမြင်ခဲ့ကြလေသည်။ ဤအဆင့်တွင် ပုဂ္ဂလိက ဖြစ်သော အတ္တဝါဒကား အခိုင်အမာတည်ဆောက်ပြီးဖြစ်ခဲ့ပြီ။

သို့ရာတွင် ၎င်း၏ အကြောင်းရင်းနှင့် သက်ဆိုင်သော အတွေးအခေါ် အယူအဆကား ကြည်လင် ပြတ်သားစွာ

မပေါ်လွင်ခဲ့သေးချေ။ ဒါပေမယ်လို့ အနာဂတ် ကာလနှင့် ပတ်သက်သော အတွေးအခေါ်များ ရင့်ကျက်ဖွံ့ဖြိုးလာခြင်းကြောင့် (၁) ဒုက္ခ (၂)သုဂတိ (၃) ၎င်းနှစ်ခုတို့၏အကြားတွင် တည်ရှိသော စပ်ကြားနယ်မြေဟူ၍ ဌာနသုံးခု ပေါ်ပေါက်၍ လာလေသည်။ ဒုဂ္ဂတိသို့ရင်း၊ သို့မဟုတ် သုဂတိ ဘုံနန်းအထက်စခန်းသို့ရင်း၊ မရောက်သေးမီကာလ စပ်ကြား နယ်မြေ၌ ရှိနေသေးသော အတ္တကလေးအတွက်သာ ဆုမ်းသွတ်ပေးခြင်း၊ အမျှအတမ်း ပေးဝေခြင်း ပြုလုပ်နိုင်သည်။ ယခုပစ္စုပ္ပန်ဘဝ၌ ရှိနေသော ကိုယ်ခန္ဓာကို စွန့်ပစ်ထွက်ခွာ၍ သွားကြကုန်သော အတ္တတို့သည် ဤစပ်ကြား နယ်မြေ၌ အထောက် အကူ တစုံတခုမျှ မရရှိဘဲ လှည့်လည်၍ နေကြရကုန်၏။ ထိုသို့အားထားရာမဲ့ ကျင်လည် နေကြကုန်သော အတ္တများ ဆင်းရဲပင်ပန်းခြင်း မဖြစ်စေရန် အလို့ငှာ အသက်မသေ ကျန်ရစ်ခဲ့သော ပုဂ္ဂိုလ်တို့က ဆွမ်းသွတ်ကြရ ကုန်၏ဟူ၍ ယူဆယုံကြည်ကြသည်။

ဤသို့သော အတွေးအခေါ် အယူအဆများ တဖြည်းဖြည်း ရင့်ကျက်တိုးတက်၍ လာသောအခါ မိဖစဉ်ဆက်ကိုးကွယ်မှုတမျိုး ထိုး၍လာပြန်သည်။ ၎င်းကို တစ္ဆေကိုး ကိုးကွယ်မှုဟူ၍ တရုပ်စသော အချို့နိုင်ငံတို့၌ ခေါ်ဆိုကြသည်။

**ပဉ္စမပိုင်း**

တခုံတခါ ထိုအတ္တသည် အိမ်၏ အနီးအနား ပတ်ဝန်းကျင်ရှိ သစ်ပင်တခုခုကို တွယ်ကပ်မှီခို၍နေသည်။ သို့မဟုတ်



အိမ်အတွင်းရှိ တိရစ္ဆာန် တကောင်ကောင်ကို အကူးအားဖြင့် ဟိန္ဒူက မြေကိုကပ်တွယ်မှီခို၍ နေရသည်ဟု ယုံကြည်ကြကုန်၏။ ထိုသို့သောယုံကြည်မှုများကြောင့် သစ် ပင် ရှိ ခိုးပူဇော်မှု၊ မြေနဂါး ကိုးကွယ်မှုများ ပေါ်ပေါက် ထွန်းကားလာခဲ့လေသည်။ ယင်းသို့အားဖြင့် သေသွားသူ၏ မြင်းထန်သော ဥပဒါန်အစွဲကြောင့် မိမိနေထိုင်ခဲ့ရာ အိမ်ဂေဟာ၏ အနီးအနား ပတ်ဝန်းကျင်ဌာနများ၌ တစုံတခုသော အမှီအတွယ်ကို ရရှိ၍နေသော အတ္တကို ထို သည့် စပ် ကြား နယ်မြေမှ လျင်မြန်စွာ ကျွတ်ထွက် လွတ်မြောက်၍ အခြေတကျ ဘဝတခုခုသို့ ရောက်သွားစေရန် ပဓာန ရည်ရွယ်ချက်ဖြင့် စီရွှာပေးခြင်း (ဝါ) ဆွမ်းသွတ်ခြင်းကို ပြုလုပ် ဆောင်ရွက်ရသည်ဟူသော အယူအစွဲတို့ ဖြစ်လာချေပြီ။

**ဒုတိယပိုင်း**

ဒုတိယပိုင်းကား ဘဝကူး ပြဿနာနှင့် သက်ဆိုင်သည်။ ဤအဆင့်တွင် အတ္တ၏ မူလဇာစ်မြစ် (ဝါ) အကြောင်းရင်းနှင့် ပတ်သက်၍ မှန်တိမှန်ဝါး ဝိုးတိုးဝါးတားအခြေ၌ ရှိနေသော အတွေးအခေါ် များသည် ရင့်ကျက်တိုးတက်၍ လာကြကုန်ပြီးလျှင် အာဒိကပ္ပ၊ ကပ္ပကမ္ဘာဦးအစ၌ ဗြဟ္မာ မင်း ကြီး သည် အတ္တတွေ အမြောက်အများကို ဖန်ဆင်းခဲ့သည်။ ထိုအတ္တတို့သည် ဘဝတခုမှ အခြားတခုသို့ရင်း၊ ခေတ်တခုမှ အခြားခေတ်တခုသို့ရင်း၊ ဆင်းရဲနှင့် ချမ်းသာကို ခံစားလျက် လှည့်လည် မြေးသွားနေကြရကုန်၏။ ကုသိုလ် ကောင်းမှုများမှာ နောက်ဆုံးတွင် ၎င်းအတ္တသည် အမြင့် ဆုံး ကောင်းကင်

တုံနန်းသို့ ရောက်၍ အနတ္တ သုခချမ်းသာကို ခံစား ပြီးလျှင် အနတ္တ ကာလ တိုင် အောင် သော် လည်း နေ ရ လိမ့် မည်။ သို့မဟုတ် မူလဖန်ဆင်းရှင်ဖြစ်သော ဗြဟ္မာ မင်း ကြီး နှင့် သော်လည်း ပြန်ပေါင်း ထုတ်ရပေလိမ့်မည်ဟူသော ယုံကြည် စွဲလမ်းချက် ပေါ်လာသည်။

**တတိယပိုင်း**

တတိယပိုင်းမှာ ဟိန္ဒူဗြဟ္မဏတို့၏ ဝေဒန္တဝါဒနှင့် သက် ဆိုင်သည်။ ဤအဆင့်သို့ ရောက်တဲ့ အခါ တွင် ကမ္ဘာ၏ ဖန်ဆင်းရှင်ဖြစ်သော "ပရမေဿရ" ခေါ်တဲ့ ဗြဟ္မာသည် အခြင်းအရာရှိသော (ဝါ)အကောင် အထည် ရုပ် ဖြစ် နှင့် တကွသော "သာကာရ"အခြေအနေမှ အခြင်းအရာ ဆိတ်သုဉ်း သော (ဝါ)အကောင်အထည် ရုပ်ဖြစ် ကင်းကွာသော "နိရာ ကာရ" အခြေအနေသို့ ပြောင်းလဲ၍ သွားလေသည်။ ဤသို့ ပြောင်းလဲ၍သွားခြင်းကြောင့် သခၤါရ လောကကြီးနှင့်တကွ အတ္တတို့သည် သဏ္ဌာန်ဖြစ်ပါသော ရုပ်ပစ္စည်းတွေ မဟုတ်ကြ တော့ဘဲ နိရာကာရ (ဝါ) ရုပ်ဖြစ်မပါသော ဗြဟ္မာ (ဝါ) အရူပ အနုမာနအဖြစ်သို့ ရောက်ရှိ၍ သွားကြလေကုန်ပြီတဲ့။ နောက်ဆုံးတွင် "သွာဟံဗြဟ္မာသမိ" ငါသည် ဗြဟ္မာဖြစ်၏ ဆိုတဲ့ အလွန် တင် လျှား သော ဝေဒန္တ နိယာမ်ကိုပင် တီ ထွင်ခဲ့ကြကုန်၏။ အဓိပ္ပါယ်ကား ဤကမ္ဘာ လောကကြီး နှင့်တကွ၊ ၎င်းအတွင်းရှိ သက်ရှိသက်မဲ့ သတ္တဝါအားလုံးနှင့် အများဆုံးအရာသည် ဗြဟ္မာဖြစ်၏ ဆိုလိုသည်။ ၎င်းကား ဟိန္ဒူအယူ၌ အတိုးအတက်ဆုံး– (ဝါ) လူကြိုက်များဆုံး



အဒွိတ္တဝါဒဖြစ်သည်။ ဤဝေဒန္တအဘိဓမ္မာ၏ အလိုအားဖြင့် ငါသည် ဗြဟ္မာဖြစ်၏။ ငါ၏ ပတ်ဝန်းကျင်ရှိ သတ္တဝါ အားလုံးနှင့် အရာအားလုံးသည်လည်း ဗြဟ္မာဖြစ်၏။ ထို့ဖြင့် ငါနှင့် ပတ်ဝန်းကျင်ကွဲပြားနေမှုလဲ ဗြဟ္မာ၏ လမ်းစဉ်ကြောင့် ဖြစ်သည်ဟူ၍ ယူဆ ဟောပြောနေကြကုန်၏။

(ဤကား ဟိန္ဒူဗြဟ္မဏဝါဒကြီးက ဟောပြတဲ့ အတ္တ ဝါဒ အမြွက်မျှဖြစ်သည်။ အကျယ်ကို သိလိုမှ ကျွန်ုပ်တို့ ရေးသားတဲ့ ကမ္ဘာပြဿနာကို ကြည့်ရှု လေ့လာကြကုန် ရာ၏။)

**ဗုဒ္ဓခေတ်ပွား၊ အဘိဓမ္မာနှင့် အယူဝါဒများ**

ဓမ္မစကြာကို လက်မှန်မဆူ၊ စတင်၍ လှည့်သော အချိန်၌ ဗုဒ္ဓအရှင်ကိုယ်တိုင် ရင်ဆိုင်ခဲ့ရသော အမျိုးမျိုးအစားစား များပြားလှသော ဘာသာအယူဝါဒများကား များလှစွာ သည်။ အဘိဓမ္မာသဘာဝတို့ကို သေချာ ဂ,ဏ တိကျသော နားလည်မှုကို မရရှိခဲ့လျှင် ဗုဒ္ဓ၏ ဓမ္မစကြာကြောင့် လောကနှင့် လောကသား အားလုံးတို့သည် အဖက်ဖက်၌ တိုးတက်ခဲ့ သလော။ သို့မဟုတ် ဆုတ်ယုတ်ခဲ့သလောဆိုတဲ့ ပြဿနာကို ဆုံးဖြတ်ရန်မှာ မလွယ်ကူနိုင်တဲ့ ကိစ္စတရပ် ဖြစ်ချေ သည်။ ဂေါတမဗုဒ္ဓသည် ဟိန္ဒူအယူဝါဒရှိသော မိ–ဖ မျိုးရိုးမှ ပေါက်ဖွားလာပြီးလျှင် ထိုဝါဒ၏ လောင်းရိပ်၌ပင် ကြီးထွားခြင်းသို့ ရောက်ခဲ့ရသည်။ ဗုဒ္ဓဘွဲ့ထူးကို ခံယူပြီးတဲ့ နောက်ပိုင်း၌ မိရိုးဖလာ ထိုဝါဒကြီးကိုပင် အပြင်းအထန်

တော်လှန်တော်မူခဲ့ရသည်။ ထို့ကြောင့် ခရစ်သက္ကရာဇ် မပေါ်မီ နှစ်ပေါင်း ၇၀၀-ခန့်က အိန္ဒိယနိုင်ငံကို ကြီးစိုး လွှမ်းမိုးခဲ့သော ဟိန္ဒူဗြဟ္မဏဝါဒ၏ အခြေအနေကို သေချာစွာ ပြန်လည်သုံးသပ်ရန် အရေးကြီးလေသည်။

## ရိပ်မိစ ပြုကြပြီ

အရှေ့တိုင်းဆိုင်ရာ ပညာဘဏ်တိုက်ကြီးကား အရှေ့တိုင်းသား၊ အနောက်တိုင်းသား ခေတ်ပေါ် ပညာရှင် အမျိုးမျိုးတို့ရဲ့ ကြိုးမားသော လုလ္လစွမ်းပကားတို့ကြောင့် ယခု အခါ၌ တဖြည်းဖြည်း ·တစတစ ဟင်းလင်းပွင့်တဲ့ အခြေအနေသို့ ရောက်ခဲ့လေပြီ။ ထို့နောက် အရှေ့တိုင်းဆိုင်ရာ အတွေးအခေါ် ပညာများပါဝင်တဲ့ ကျမ်းစာ အများတို့ကို ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ် စသော ခေတ်သုံးဘာသာများသို့ ပြန်ဆိုခဲ့ကြလေပြီ။

ထိုထို ဘာသာပြန် ကျမ်းစာတို့၏ အကူအညီဖြင့် အရှေ့တိုင်းဆိုင်ရာ ဘာသာအယူဝါဒများကို ဥရောပနှင့် အခြားတိုက်သား ပညာရှင်အများတို့ သေချာစွာ လေ့လာခွင့်ကို ရရှိခဲ့ကြလေပြီ။ ထို့ပြင် ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို အရှေ့တိုင်းဆိုင်ရာ ပညာရှင်များဟူ၍ ကမ္ဘာက ကင်ပွန်းတပ်ပြီး အသိအမှတ်ပြုခဲ့လေပြီ။ သို့ရာတွင် ထိုအရှေ့တိုင်း ပညာရှင် အမည်ခံ အများသော ပုဂ္ဂိုလ်တို့မှာ ၎င်းတို့ယုံကြည်ရင်း ဖြစ်သော မူလဘာသာစွဲ ရှိပြီးသူများ ဖြစ်ကြရာ၊ ဥပါဒါန် ကင်းစင်သူများဟူ၍ မဖြစ်နိုင်ကြချေ။



ထို့ကြောင့် ယင်းဥပါဒါန်စွဲတို့သည် အခြားတပါးသော လူမျိုးတို့၏ ကျမ်းစာနှင့် ဘာသာတရားကို စစ်ဆေး ဝေဖန်ကြရာ၌ တော်တိဖြောင့်မှန်တဲ့ လမ်းစဉ်မှ တိမ်းစောင်းသွေဖီ၍ မသွားရအောင် ထိန်းသိမ်းရန် အင်အား ချို့တဲ့လျက် နေကြသည်ကို မကြာခဏ တွေ့မြင်ရချေသည်။ ထို့မှမက သူတို့ ဘာသာပြန်ဆိုကြတဲ့ ရှေးသက္ကတနှင့် ပါဠိစာပေတို့၌ အကြူးဝင်၍ သူတို့နှင့်မျက်နှာချင်းဆိုင် တွေ့မြင်နေရတဲ့ အမှန်တရားတို့၏ မှန်မြတ်လှသော အရသာကို ခံစားခြင်းငှာလည်း မစွမ်းနိုင်ကြချေ။

တော်တိဖြောင့်မတ်သော ဝေဖန်မှုသည် အမှန်တရားကို ဖော်ထုတ်ရာ၌ ပဓာန သော့ချက် ဖြစ်သည်။ သို့ရာတွင် ထိုသို့ဝေဖန်လိုသူသည် ရှေးဦးစွာ မိမိ၏ "ငါစွဲ"ကို အရင်းအငုတ်မကျန်ရအောင် ပယ်နုတ်ပြီးသူဖြစ်ရမည်။ သို့မှသာလျှင် သူ၏ဝေဖန်ချက်သည် တော်-တိ-ဖြောင့်မှန်ခြင်းနှင့် ပြည့်စုံပေလိမ့်မည်။ ဥပမာ-ပါမောက္ခ မွန် နီ ယ ၁ ဝီ လျံ ရေးတဲ့ ဗုဒ္ဓဝါဒ အမည်ရှိသောကျမ်းကို ကြည့်ရှုရာ၏။ ထိုကျမ်းစာ၌ သူသည် ဗုဒ္ဓဝါဒနှင့် ခရစ်ယာန် ဘာသာတို့အား နှိုင်းယှဉ်၍ ခြားနားချက်တို့ကို တခမ်းတနား ဖော်ပြခဲ့သည်။ သို့ရာတွင် သူသည် ဗုဒ္ဓဝါဒက ခရစ်ယာန်ဘာသာထက် နှစ်ပေါင်း(၆၀၀) ခန့် အသက်ကြီးနေတဲ့ အချက်ကို မေ့လျော့ပြီးလျှင် ဗြဟ္မဏ ဆံနေသော ဗုဒ္ဓဝါဒဆိုင်ရာ၌ အပြစ်တွေကိုချည့် မြင်နေသူ ဖြစ်သည်။ ဗုဒ္ဓဝါဒကား ရက်ရက်စက်စက် မှားယွင်းတဲ့အယူ ဖြစ်ရမည်ဟု သူကဆိုခဲ့၏။ သို့သော်လဲ -ယခု အလင်းရောင်

ခေတ်ဖွား အရှေ့တိုင်း, အနောက်တိုင်း ပညာရှင်တို့ကား မြဟ္မာဒေဝတို့ ကလိခဲ့သဖြင့် ချိန့်ရှဲနေသော ဗုဒ္ဓဘာသာကို ရိုင်းစားမိကြပြီဖြစ်ရာ၊ ထိုမျှပြင်းထန်သော တယူသန် အယူအဆနှင့် အဆိုစကားတို့ကို နားပိတ်၍ မျက်စိမှိတ်ရမည့် စာရင်းသို့ သွင်းလိုက်ကြလေပြီ။

ဗုဒ္ဓသည် ပထမ မိဂဒါဝုန်တရားဟော၍ ကျော်ကြား ထင်ရှားသော ဓမ္မစကြာကို လှည့်လိုက်သောအချိန်မှ အစပြု၍ ကမ္ဘာ့မှောင်ထုကို ဖြိုခွင်းရုံ၊ အလင်းကိုဆောင်နိုင်ရန် အလို့ငှာ ကျိုးကြောင်းဆင်ခြင်မှုဆိုတဲ့ ဝိမံသ ဝိစာရဏ မီးရှူးတိုင်ကို ထွန်းညှိလိုက်လေပြီ။

ဝိမံသ–ဝိစာရဏ ခေါ် စဉ်းစား ဝေဖန်မှုကား အမှန်တရားကို ဖော်ထုတ်ရာ၌ မဓာနလက်ကိုင် ထားရမည့် လက်နက်တခုဖြစ်ခြင်းကြောင့် ၎င်းကို တင်းပြည့်ကျပ်ပြည့် အသုံးပြုကြရန် ဗုဒ္ဓက ကမ္ဘာသို့ ညွှန်ကြားခဲ့သည်။ သို့သော်တစေ ဗုဒ္ဓ၏ မှတ်ကျောက်ဖြစ်တဲ့ ဤစဉ်းစား ဝေဖန်မှုကို တိကျာမှန်ကန်စွာ အဘယ်မျှ အသုံးပြုကြပြီနည်း။ အဘယ်မျှ ကမ္ဘာ၏ အယူအဆနှင့် အတွေးအခေါ်များ တိုးတက် ကြီးထွားခဲ့သနည်း။ ထို့ပြင် ဝိမံသ ဝိစာရဏ အမတော်ဖြစ်တဲ့ မူရင်း ဗုဒ္ဓဝါဒသည်ပင် ခေတ်အဆက်ဆက် ပေါ်ထွက်လာတဲ့ အဘိဓမ္မာများ၏ အထိုက်အခိုက်ဒဏ်ကို မည်မျှထိ ကြံ့ကြံ့ခိုင်ခိုင် အောင်မြင်စွာ ခံရပ်နိုင်ခဲ့သနည်း။ ဤအချက်တို့ကား အနတ္တ ဆိုင်ရာ ပြဿနာကို ဖော်ထုတ်ရာ၌ တဆက်တည်း ဝေဖန်ရမည့် ပြဿနာများ ဖြစ်ချေသည်။ သို့ရာတွင် လောလောဆယ်



အနေအားဖြင့် ဗုဒ္ဓဝါဒမျိုးစေ့ ကျရောက်၍ ပေါက်ဖွားခဲ့သော မြေကို စတင်စစ်ဆေး ဝေဖန်ခြင်းဖြင့်ပင် လုံလောက်ပေလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ရပေသည်။

**ဝေဒကျမ်းကြီးတွေ အဆို**

ဗုဒ္ဓရှင်တော်ဘုရား ထင်ရှား ပေါ်ထွန်းခဲ့ရာ ကာလဒေသနှင့်တကွ၊ ၎င်းတို့ ခေတ်စားခဲ့သော အယူအဆများ–အတွေးအခေါ်များကို စစ်ဆေး ကြည့်ရှုကြပါကုန်၊ ဘုရား မပွင့်မီ ရှေးပဝေသဏီကာလက ဝေဒကျမ်းကြီးများသည် ယနေ့ ကမ္ဘာ၌ အသက်–သိက္ခာ–ဝါအားဖြင့် အကြီးဆုံး ဖြစ်သည်။ ထို့ကြောင့် ရှေးအကျဆုံး ဘာသာရေးကျမ်းစာများ ဖြစ်ကြောင်းကို လူတိုင်းက မငြင်းမဆန် ဝန်ခံကြလေပြီ။ ကမ္ဘာ့ပညာရှင်တို့၏ အာဘော်အရဆိုလျှင် ထိုကျမ်းစာတို့သည် ခရစ်သက္ကရာဇ် မပေါ်မီ နှစ်ပေါင်း (၁၅၀၀) အတွင်းကာလ၌ ယခုလက်ရှိပုံစံအတိုင်း တည်ရှိပြီးဖြစ်သည်။

ထို့ပြင် ထိုကျမ်းစာများ၌ ရှေးကျလှသော ခေတ်ဟောင်းက အဖြစ် အပျက်များပါ ပါဝင်နေသော အချက်ကိုလည်း ငြင်းချက် မထုတ်ကြတော့ချေ။ ဝေဒ–ကျမ်းများ၌ ပါရှိသော မန္တရခေတ်သည် ယခုကျွန်ုပ်တို့၏ ပါဠိပိဋကတ်၊ သို့မဟုတ် ဓမ္မဟောင်းကျမ်း၊ သို့မဟုတ် ကွန်ဖြူးရှပ်၊ သို့မဟုတ် အခြားအလားတူ ရှေးကျသော မှတ်တမ်းပေါ်များ၏ ရှေ့ပြေး၊ (ဝါ) ခေတ်ဦး၊ (ဝါ) စင်ပြိုင် ဖြစ်လာသည် ဟူသော အချက်ကို အရှေ့တိုင်းဆိုင်ရာ ပညာရှင်အားလုံးကပင် လက်ခံ အတည်ပြုခဲ့ကြလေပြီ။ ထိုသည့်ပညာရှင်တို့တွင် အထင်ရှားဆုံး တဦး

ဖြစ်တဲ့ ပါမေဘကူ မတ်(စ်)မူလာက မူ ဥပနိသျှဒ် ကျမ်းများသည် ခရစ်မပေါ်မီ နှစ်ပေါင်း ( ၁၀၀၀ ) မှာ ထွန်းကားခဲ့သော မန္တရခေတ်နှင့် စင်ပြိုင်ဖြစ်ခဲ့သည်ဟု ဆိုခဲ့လေပြီ။ ၎င်းကျမ်းတို့၌ အကြုံးဝင်သော အတွေးအခေါ် အယူအဆများသည် မည်သည့်တိုင်းပြည်၊ မည်သည့် ခေတ်၌မဆို – အံ့ဩဖွယ်ရာ အကောင်းဆုံးဖြစ်တဲ့ လူသား၏ အတွေးအခေါ် အဘိဓမ္မာစာရင်းတွင် အပါအဝင် ဖြစ်စေခဲ့သည်။ ထို့ပြင် ရှာမက်လူမျိုး အဘိဓမ္မာဆရာကြီး ရှော့ပင်ဟောဝါကမူ "သင်ကြားသူ–လေ့လာသူတို့၏ စိတ်ဓာတ်ကို တဖျတ်ဖျတ် ဆွဲဆောင်လှုပ်ရှားတက်ကြွစေရာ၌၎င်း၊ နှစ်သက်ရွှင်လန်း ဖိတ်ပန်း ပွင့်စေရာ၌၎င်း၊ ဥပနိသျှဒ်ကျမ်းများကဲ့သို့ စွမ်းဆောင်နိုင်သော စာပေကား ကမ္ဘာမြေပြင်၌ မရှိသလောက်ပင် ဖြစ်ပါသည်။ ၎င်းကျမ်းစာများသည် ကျွန်ုပ် အသက်ရှင် ကာလ၌ အမတောဖြစ်ခဲ့သလို၊ သေသောအခါ၌လဲ ကျွန်ုပ်၏ အမစေတာ ဖြစ်ပါလိမ့်မည်"ဟု ရေးသား ဖော်ပြခဲ့လေပြီ။

**ဥပနိသျှဒ်ကျမ်းစုလာ ဒေသနာများ**

ထိုသည့် ဥပနိသျှဒ်ကျမ်းတို့၏ အရေအတွက်မှာ( ၂၀၀ )မျှ ရှိခဲ့ရာ၊ ၎င်းတို့တွင် အဆက်ဆက်သော ရှေးရှေးပဝေသဏီခေတ်တလျှောက် ဟိန္ဒူတို့၏ ယုံကြည် ကိုးကွယ်မှု၊ ပူဇော်ပသမှု၊ ရှတ်ဖတ်သရဇ္ဈာယ်မှု၊ စီးဖြန်းပွားများမှုစသော ဘာသာရေး ဆိုင်ရာ ပရိယာယ် အမျိုးမျိုးတို့နှင့်တကွ၊ ၎င်းတို့၏ အတွေးအခေါ်ဆိုင်ရာ အဘိဓမ္မာသဘောတရားများ ပါဝင်ခဲ့လေသည်။ သို့ရာတွင် ထိုမျှရှေးကျသော ပဝေဏီခေတ်၌



၎င်းတို့၏ ကွဲပြား ခြားနားမှုလည်း၊ ယနေ့ ခေတ်လောက် ထင်ထင်ရှားရှား ပြတ်သားခြင်း မရှိသေးပေ။ ထို့ကြောင့် အနက်အဓိပ္ပာယ်မှာ သမုဒ်ပင်လယ်ကဲ့သို့ အပြောကျယ်လှသော ဓမ္မများဟူသော ပုဒ်တခုတည်းဖြင့် သဘောတရားအားလုံးကို သိမ်းကျုံးဖော်ထုတ်ခဲ့လေသည်။

၎င်းတို့သည် ဘာသာရေးနှင့် ပတ်သက်ရာ၌ပင် ဝိမံသာဝိစာရဏာဆိုတဲ့ စစ်ဆေးမှု၊ ဝေဖန်မှုကို ခွင့်ပြုခဲ့ကြကုန်၏။ အားပေးခဲ့ကြကုန်၏။ အလေးပြုခဲ့ကြကုန်၏။ သို့ဖြစ်၍တစေ–ဝေဖန်စစ်ဆေးမှု လက်လှမ်းမမှီနိုင်အောင် အားလုံးတို့ထက် ပိုမိုမြင့်မားသော (၀၇) ကမ္ဘာ၏ အမြင့်ဆုံး အရာဟူသမျှတို့ထက် ပိုမိုမြင့်မားသော အထက်အာကာသ တခိုဆီသို့၎င်း၊ အယူအဆ၏ အလင်းရောင် ထွန်းပြောင်ပဝင်းစေလျက် ထားလေသည်။ လူသား၏ ကိုယ်ကာယအတွင်း၌ ထွန်းလင်းတောက်ပနေသော အရောင်လဲ ၎င်းပင်ဖြစ်ခဲ့သည်ဟူ၍ ဥပနိသျှဒ်ကျမ်းတို့၌ ဆိုခဲ့သည် မဟုတ်တုံလော။

**အနုဿသဘာဝအတ္တ**

ဥပနိသျှဒ်ကျမ်းတို့၌ အလာရှိသော ဤအဆိုစကားကို အခြေခံပြုလုပ်ပြီးလျှင် (၁) ထာဝရဘုရားနှင့် (၂) အတ္တဆိုတဲ့ တရားတို့သည် မှုချကေန် အမှန်တည်ရှိသည်ဟူသော အယူဝါဒကို တည်ဆောက်ခဲ့ကြလေပြီ။ ၎င်းတို့သည် အဆုံးမရှိဆိုတဲ့ အနုဿသဘာဝကို ဖော်ထုတ် ဖွင့်ပြရာ၌ အနုဿသဘာဝသည် အောက်အရပ်၌၎င်း၊ အထက်အရပ်၌၎င်း၊

အနောက်အရပ်၌ရှင်း၊ အရှေ့အရပ်၌ရှင်း၊ လက်ဝဲအရပ်၌ ရှင်း၊ လက်ျာအရပ်၌ရှင်း မှချအားဖြင့် တည်ရှိသည်ဟု အဆို ပြုကြကုန်၏။ ထိုသို့ ဖော်ပြအပ်သော အနန္တသဘာဝကား၊ အာလဲ ဟူသော ပြဿနာကို နောက်တဆင့်၌ ဖော်ထုတ်ကြ ကုန်၏။ ဤဆဆင့်သို့ ရောက်တဲ့အခါ ရှင်းဥပနိသျှဒ်ကျမ်းတို့ သည် အတ္တအား ဝိညာဉ်ဟူ၍ အနန္တသဘာဝအဖြစ်ဖြင့် အဓိပ္ပာယ်သရုပ် ဖော်ထုတ်ခဲ့ကြလေပြီ။

ထိုအခါ ငါသည် အောက်၌ရှိသည်၊ ငါသည် အထက်၌ ရှိသည်၊ ငါသည် နောက်၌ရှိသည်၊ ငါသည် ရှေ့၌ရှိသည်၊ ငါသည် လက်ဝဲ၌ရှိသည်၊ ငါသည် လက်ျာ၌ရှိသည်၊ ငါသည် ဤအရာအားလုံးဖြစ်သည်ဟူ၍ ရှင်းလင်းချက်များ ထုတ်ခဲ့ ကြကုန်၏။ တဖန် ၎င်းအနန္တသဘာဝကို ဝိညာဉ်အဖြစ်ဖြင့် အသိအမှတ်ပြုကြကုန်ပြီးလျှင် ဝိညာဉ်သည် အောက်၌ရှင်း၊ အထက်၌ရှင်း၊ နောက်၌ရှင်း၊ ရှေ့၌ရှင်း၊ လက်ဝဲ၌ရှင်း၊ လက်ျာ ၌ရှင်းရှိ၏။ ဤအရာအားလုံးသည် ဝိညာဉ်ဖြစ်၏ဟူ၍ ဆက် လက်ပြီး ရှင်းလင်းချက် ထုတ်ကြပြန်ကုန်သည်။ ဤအချက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း အသိဉာဏ်ရောက်၍ သဘောပေါက် နားလည်သော ပုဂ္ဂိုလ်အတွက် အသက်လို့ ခေါ်တဲ့ ဝိညာဉ်သည်ရှင်း၊ အာသာဆိုတဲ့ မြှော်လင့်ချက် သည်ရှင်း၊ အမှတ်ရခြင်း၊ အောက်မေ့ခြင်းဆိုတဲ့ သတိ သည်ရှင်း အားလုံး အတ္တမှ ထွက်လာကြလေသည်။ ထို့အတူ အာကာသနှင့်တကွ မြေ့,ရေ့,လေ့,မီးတို့ပေါ်ခြင်း၊ ၎င်တ်ခြင်း အစား, အစာတ်မိုးပါဝါ, နားလည်မှု, ထင်ဟတ်မှု, စဉ်းစားမှု,



တွေးတောမှု, အလိုဆန္ဒ အမည်နာမပညတ်များစွာ အား လုံးသောမန္တရ၊ တန္တရများပါ အတ္တမှ ပေါက်ဖွားလာသည်။ အတ္တသာလျှင် ဤအရာအားလုံး၏ မိခင်ဖြစ်သည်ဟု အမြင် ဉာဏ်ပေါက်လေတော့၏။

"အပြစ်ဒေါသဟူသမျှတို့မှ အမြဲထာဝရ ကင်းစင်သော အိုနာ, သေသော, ပူဆွေး, လောက, ဗျာပါဒတို့မှ လွတ် သော ဆာလောင် မွတ်သိတ်ခြင်းမှ ကင်းသော၊ အလိုရှိ သင့်တဲ့ အရာမှတပါး၊ အခြား ဘာကိုမျှ အလို မရှိသော၊ စဉ်းစားတွေးတောအပ်တဲ့ အရာမှတပါး၊ အခြားမည်သည့် အရာကိုမျှ စဉ်းစားခြင်း မရှိသော၊ အမြဲတစေ ကျွန်ုပ်တို့ တောင့်တ ရှာဖွေ နေရမည့် အရာ ဖြစ်သော၊ နောက် ဆုံး၌ ကျွန်ုပ်တို့ အားလုံး ပြတ်ပြတ် သားသား နား လည် အောင် ကြိုးစားရမည့် အရာဖြစ်သော ယင်း "အတ္တ" ကို အကြင်အခါ ၌ ရှာဖွေတွေ့ရှိ၍ နားလည်၏။ ထိုအခါ ထိုသတ္တဝါမှာ သူ၏ အလိုဆန္ဒဟူသမျှတို့ လုံးဝပြည့်စုံလေတော့၏" ဟူသည်။

ထိုနောက်တဖန် အောက်ပါ ဥပနိသျှဒ်ကျမ်း၏ အဆိုကို အာရုံပြုပါဦး၊ ဤကမ္ဘာလောက၌ ရှိသမျှအရာ အားလုံးတို့ သည် အမြဲတစေလှုပ်ရှားပြောင်းလျှင်း၍ နေကြစေကာ၊ ထိုအရာ အားလုံးသည် အတ္တ၏ အတွင်း၌ ၎င်တ်လျက်နေမှု ဖြစ်ချေ သည်(အဓိပ္ပါယ်မှာ အတ္တ၏နယ်နိမိတ်အတွင်းမှာသာ ကျင် လည်ကြက်စားသည်။ ၎င်းနယ်နမိတ်ကို မကျော်ဟု ဆိုလိုသည်) အသင့်တို့သည် အကြင်အခါ၌ လှုပ်ရှား ပြေးသွားနေသော အရာအားလုံးကို 'အတ္တဟု သိ၏။ ထိုအခါ သင်တို့သည်

သုခစစ် ချမ်းသာမှုန်ကို ကောန်ရရှိကြပေလိမ့်မည်။ ထိုအတ္တသည် စိတ်ကူးထက်ပင် ပို၍လျင်မြန်သော အဟုန်နှင့် ပြည့်စုံလေသည်။ ၎င်းအတ္တသည် ငါးပါးသော ပဥ္စပသာဒရုပ်တို့၏ နယ်နမိတ်ကို အမြဲတစေ ကျော်လွန်၍နေ၏။ ၎င်းသည် အမြဲတစေ ငြိမ်သက်၍ နေစေကာ၊ ပြေး လွှား နေ သော သတ္တဝါတို့ကို မှီအောင်လိုက်နိုင်သည်။ ၎င်းသည် အဝေးကြီး၌ တည်ရှိနေသည်ဟု ထင်မှတ်စေကာ၊ အမြဲတစေ-အနီး၌ ကပ်လျက်နေသည်။ ၎င်းသည် အမြဲမဘေ့ လှုပ်ရှား၍နေတဲ့ အမြင်၊ ထာဝရအားဖြင့် ငြိမ်သက်၍လည်း နေတတ်သည်။ ၎င်းအတ္တသည် ဤအရာအားလုံး၏ အပြင်ဘက်၌၎င်း၊ အတွင်း၌၎င်း တည်လျက်ရှိ၏။ အကြင်သူသည် သတ္တဝါအားလုံးကို အတ္တ၌၎င်း၊ သို့မဟုတ် အတ္တကို သတ္တဝါ အားလုံး၌၎င်း မြင်၏။ ထိုသူသည် အတ္တနှင့် အစဉ်အမြဲ ဘယ်အခါမှမခွဲဘဲ တသားတည်းတည်ရှိလေတော့၏။ ဤလေးနက်လှသော သဘာဝကို ကျကျနန သိနားလည်သောအခါ အရာ အားလုံးသည် အတ္တ (ဝါ) အတ္တ သည်ပင် အရာအားလုံး ဖြစ်၍လာလေသည်။ ထိုသို့သော အဆင့်သို့ရောက်ခဲ့လျှင် ထိုသူအတွက်ပူစရာ၊ ဆွေးစရာ၊ မအေးစရာနှင့် တကွ ကြောင့်ကြ စိုးရိမ်သွီးမိုန်ဘွယ်ရာ အဖြာဖြာတို့သည် အဘယ်မှာလျှင် ရှိနိုင်တော့ မည်နည်း။ ယင်းသို့ဖြစ်ရာ… ဥပနိသျှဒ်ကျမ်းတို့၌ ပါရှိသော အဘိဓမ္မာ၏ ပဓာနဖြစ်သော ရည်ရွယ်ချက်မှာ သတ္တာဿဟု ခေါ်ဆိုအပ်သော ပုဂ္ဂလိက အတ္တနှင့် တရံတခါ ထာဝရဘုရားအဆင့်သို့ ရောက်အောင် မြင့်တက်



သွားတဲ့ ပရမတ္တမတို့ ပြန်ပေါင်း လုပ်မိရေးကို ဖန်တီးရန်ပင် ဖြစ်ကြောင်း ထင်လျှားသည်။

ဥပနိသျှဒ် ကျမ်းတို့သည် အမြဲတေဟု မှတ်ယူကြသော ဇာရည္ဟာ၏ အစိတ်အပိုင်းများ ဖြစ်ကြသောကြောင့် ဝေဒ ကျမ်းစာရင်းတွင် ထည့်သွင်းရေတွက်နိုင်တဲ့ မုက္ခပါတ်များ ဖြစ်ကြကုန်၏။ ၎င်း ကျမ်းစာ တို့ကား လူသား၏ လက်ရာများမဟုတ်ဟူ၍ အယူရှိကြကုန်၏။ ၎င်းကျမ်းစာတို့၏ အရေအတွက်ကား (၂၀၀) နီးပါးမျှရှိခဲ့ရာ၊ ၎င်းတို့တွင် အချင်းချင်း အယူအဆ မတူမျှကြကုန်။ တကျမ်းနှင့်တကျမ်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက် ဖြစ်ကုန်သော ဟောပြောချက် ဒေသနာများကိုလည်း တွေ့ရှိရပြန်လေသည်။ ဤသို့ကော အဘယ်အကြောင်းကြောင့် ဖြစ်ရလေသနည်း။ အကြင် အခါ၌ အမှတ်မထင်အားဖြင့် သစ်လှင်သော အတွေးအခေါ် အယူအဆတခု မီးရှူးသန့်ဝင် ဖွားမြင်၍လာ၏။ ထိုအခါ ထိုဝါဒသစ်ကို ခိုင်မြဲ တည်တံ့စေရန်အတွက်၊ ၎င်းကို အကျိုးပြုထောက်ခံတဲ့ ဥပနိသျှဒ်ကျမ်းတစောင်ကို ရေးသားပြီးလျှင် ရှေးကရှိနှင့်ပြီးဖြစ်သော ဥပနိသျှဒ်ကျမ်းစာရင်းသို့ တွင်တွင်ကြီး သွတ်သွင်းလိုက်ကြလေသည်။ ထိုသို့သော အကြောင်းကြောင့် အယူအဆမညီမျှမှုများ၊ အချင်းချင်း ဆန့်ကျင်သော ပဋိပက္ခမှုများ ဖြစ်ပွားပေါ် ပေါက်ခဲ့ရခြင်းဖြစ်သည်။

### အကြောင်းနှင့် အကျိုး ရှုပ်ထွေး

၄ ပရမတ္တမ-ခေါ် ထာဝရ ဘုရားနှင့် သက်ဆိုင်ရာ အသိ

ဉာဏ်ပညာကား၊ သိမ်မွေ့ နက်နဲလှစွာ၏။ နူးညံ့ခက်ခဲလှစွာ၏။ သို့ဖြစ်ရာ အဝတာရခေါ် ထာဝရဘုရား၏ ကိုယ်စားလှယ်တော် ကယ်တင်ရှင်မပါဘဲ (ဝါ) ထို ကယ်တင်ရှင်၏ အကူအညီကို မရရှိဘဲနှင့် ထိုအသိဉာဏ်ပညာကို မရနိုင်ဟူ၍ ဥပနိသျှဒ်ကျမ်းတခုက ဆိုသည်။

ထို့ပြင် ထိုသည့် ပရမတ္တမကို အစဉ်အလာအားဖြင့်ရင်း၊ အသိဉာဏ်ပညာအားဖြင့်ရင်း၊ မုဏ္ဍပါဒ်တော်၏ အကူအညီဖြင့်ရင်း တွေ့မြင် သိရှိ ခြင်းငှာ မစွမ်းနိုင်ချေ။ စင်စစ်မှာ ပရမတ္တမ ကိုယ်တိုင်က ရွေးချယ်၍ အသက် သွင်းပေး လိုက်သော (ဝါ) ပရမတ္တမ ကိုယ်တိုင်က ၎င်း၏ မှီရာ တည်ရာ အဖြစ်ဖြင့် ရွေးချယ်လိုက်သော ကိုယ်ကာယ တင်းတင်းရှိသူ ထမန်တော်က သာလျှင် ၎င်းကို သိမြင်နိုင်သည်ဟု ကထာ ဥပနိသျှဒ်ကျမ်းက ဆိုပြန်သည်။

သျှေတာဆွတ်စတြ ဥပနိသျှဒ်၌ကား ပရမတ္တမကို အရိပ်အရောင်၊ သို့မဟုတ် မာယာသက်သက်အဖြစ်သို့ လျော့ချ၍ ထားခဲ့သည်။ ပ ရ မ တ္တ မ သည် အကြောင်း ဖြစ်သလော၊ သစ္စာတကား နှင့် အစိညာဏကဆိုတဲ့ သက်ရှိ– သက်မဲ့ အားလုံး၌ ဘယ်ကပေါက်ဖွား၍ လာကြကုန်သနည်း။ မည်သည့်အရာကို အမှီပြု၍ ကျွန်ုပ်တို့အသက်ရှင်၍ နေကြကုန်သနည်း။ ကျွန်ုပ်တို့သည် အဘယ်အရပ်သို့ သွားကြကုန်မည်နည်း။ ဘယ်သူ၏ အမိန့်အရ ကျွန်ုပ်တို့ ချမ်းသာ ဆင်းရဲကို ခံစား၍နေကြကုန်သနည်း။ ကာလဆိုတဲ့ အချိန်သည် အကျိုးလော၊ သို့မဟုတ်– အကြောင်းလော။ သဘာဝသည်–



သို့မဟုတ် ဥပဒေသည် (ဝါ) ကံကြမ္မာသည် အကြောင်းလော၊ သို့မဟုတ် အကျိုးလော။ အရာအားလုံးတို့၏ အခြေခံ အကြောင်းရင်းအဖြစ်ဖြင့် ဘာကိုရွေးချယ်သနည်း။ သီးသန့် အတ္တတခုရှိရမည်လော။ ထိုသီးသန့် အတ္တမှာ ချမ်းသာနှင့် ဆင်းရဲကို ဖြစ်စေနိုင်တဲ့ တံခိုးပါဝါ အပြည့်အစုံရှိသလော။

ဤသို့အားဖြင့် ပရမတ္တမနှင့် ပတ်သက်ရာ၌ ပြဿနာပေါင်း သောင်းခြောက်ထောင် ပေါ်ပေါက်၍ လာခဲ့သည်။ သို့ရာတွင် ထင်လျှားဖြတ်သား၍ အကျိုးအကြောင်း ကိုက်ညီသော အဖြေကို ဥပနိသျှဒ်ကျမ်းတို့က မပေးနိုင်ခဲ့ကြချေ။

## ဆတ်တ်နှင့် အဆတ်တ်

ဗာဝရိကျအစရှိသော အချို့ဥပနိသျှဒ်ကျမ်းတို့၌ ထာဝရဘုရားကို ပုလ္လိင် (ဝါ) အဖိုအဖြစ်ဖြင့် ရှုမှတ်၍ သာကာရ ဖြစ်သည်။ (ဝါ) အကောင်အထည်ဖြစ်ရှိသည်ဟု ယော်ပြကြကုန်၏။ တိုက်တီရိယစသော ဥပနိသျှဒ်တို့ကမူ ထာဝရ ဘုရားကို နပုလ္လိင် (ဝါ) အဖိုမဟုတ်–အမ မဟုတ်၊ အဖြစ်ဖြင့်ပြောဆိုကြကုန်၍၊ နိရာကာရ (ဝါ) အခြင်းအရာ ရုပ်ဒြပ်မဲ့ ဖြစ်သည်။ (ဝါ) အကောင်အထည်မရှိ၊ တံခိုးပါဝါ သက်သက်သာဖြစ်သည်ဟု ဖွင့်ဆိုကြကုန်၏။ အချို့သော ဥပနိသျှဒ်ကျမ်းတို့၌ ၎င်းထာဝရဘုရားကို "ဆတ်တ်" အဖြစ် သဘောသက်သက်မျှသာဟု ဖော်ထုတ်၍၊ အခြား ဥပနိသျှဒ် ကျမ်းတို့၌ကား၊ ၎င်း၏ ပဋိသေဖြစ်သော "အဆတ်တ်" ဟူသော ဝေါဟာရဖြင့် ခေါ်ဆိုခဲ့ကြပေသည်။

**ဝေဒန္တ အဘိဓမ္မာ**

ထို့နောက် ဤကမ္ဘာ လောကကြီးကို ဖန်ဆင်းပုံ အခြင်းအရာနှင့်ပတ်သက်၍ကား ဥပနိသျှဒ်ကျမ်းတို့သည် အမျိုးမျိုး အစားစား ကွဲပြားကုန်သည်။ ထာဝရဘုရားရှိသည် ဆိုတဲ့ ဝါဒကိုင်း၊ ထာဝရဘုရားမရှိဆိုတဲ့ ဝါဒကိုင်း၊ ကမ္ဘာလောကတွင် ဘာမျှမရှိဆိုတဲ့ ဗလာဝါဒကိုင်း၊ မြင်မြင်သမျှ သက်ရှိ သက်မဲ့-အရာ အာလုံး တို့သည် နတ်ဘုရားများ ဖြစ်နိုင်သည်ဆိုတဲ့ ဝါဒကိုင်း၊ ထိုထိုဝါဒ နှစ်ခု-သုံးခုစသည့် ပေါင်းစပ်ထားတဲ့ အယူဝါဒကိုင်း၊ သို့မဟုတ် အာလုံးကုန် ရောနှော ပေါင်းစပ်ထားတဲ့ ဝါဒကိုင်း၊ ထိုကျမ်း တို့သည် ထောက်ခံ အားပေးကြကုန်၏။ အမှန်မှာ များစွာသော ဥပနိသျှဒ်ကျမ်း တို့၏အနက်မှ တကျမ်းကျမ်းသည် မည်သည့်ဘာသာ- မည်သည့်အတွေးအခေါ် အဘိဓမ္မာကိုမဆို ထောက်ခံလျက် အစဉ်ရှိနေမည်သာ ဖြစ်ချေသည်။ အချုပ်အားဖြင့် ထိုကျမ်းတို့၏ ထောက်ခံမှု-အားပေးမှုကိုမရတဲ့ ဘာသာအယူဝါဒနှင့် အတွေးအခေါ် ဆိုင်ရာအဘိဓမ္မာဟူ၍ ဤလောကတွင် မရှိဟု ဆိုလိုသည်။

ဝါပေမယ်လို့ အချင်းချင်းပေါင်းစပ်ရန် တသွေ၍မရနိုင်လောက်အောင် ကြီးမားသော ကွဲပြား ခြားနားချက်တို့သည် ရှေးအဘိဓမ္မာ ဆရာကြီးတို့၏ စိတ်ကို အနှောက်အယှက်ပေးစွမ်းနိုင်ဟန် မရှိခဲ့ချေ။ ၎င်းတို့၏အယူအဆ အားဖြင့် ထိုသို့သော ကွဲပြား-ခြားနား ချက်တို့သည် အယူအဆကွဲပြားမှုကို အခြေခံမပြုကြကုန်ဘဲ၊ ဒေသ-ဌာန ကွဲပြားမှုကြောင့်သာ ဖြစ်



ပေါ်လာကြကုန်၏ဟူ၍ မှတ်ယူ ထားကြကုန်သည်။ အယူအဆဆိုင်ရာ ဂိုဏ်းဂဏတို့ကား (၁၁၀၀) ကျော်မျှ ကွဲပြား၍ လာခဲ့ကြပြီးလျှင် ဂိုဏ်း အသီး သီး တို့မှာ ဥပနိသျှဒ်ကျမ်း တစောင်တဖွဲ့စီ ရှိခြင်းကြောင့်၊ ဂိုဏ်းအရေ အတွက် များသလောက် ဥပနိသျှဒ်ကျမ်း အရေအတွက်လဲ ရှိပေလိမ့်မည်ဟု အခိုင်အမာ ဆိုနိုင်လေသည်။

ထို့ကြောင့် ၎င်းကျမ်းများသည် ခေတ်တူ-ကာလတူ ပေါ်ပေါက် ခဲ့ကြခြင်း မဟုတ်ကြောင်း ထင်ရှား ပြန်လေသည်။ ထိုသည့် ဥပနိသျှဒ်ကျမ်း အသီးသီးတို့၌ ပါဝင်သော အဘိဓမ္မာ သဘောတရား အားလုံးကို စုပေါင်းပြီးလျှင် ဝေဒန္တအဘိဓမ္မာဟူ၍ ကမ္ဘာ့သမိုင်းစဉ်၌ ထင်ရှားခဲ့လေပြီ။

**ရှေးအဘိဓမ္မာပေါင်းချုပ်မှ ကောက်နုတ်ချက်**

ယင်းသို့ ဝေဒန္တ အဘိဓမ္မာ ထွန်းကားတဲ့ အချိန်ကားလူသား၏အတွေးအခေါ် တိုးတက်ရေးလမ်းစဉ်၌ သမိုင်းဝင် အစဦး ခေတ်တခုဖြစ်ခဲ့လေပြီ။ ၎င်းခေတ်၌ လူသား၏အတွေးအခေါ်ဆိုတဲ့ စိတ်ကူးသည် အလွတ်လပ်ဆုံး ကျွန်မြူးခွင့်ကို ရရှိခဲ့လေပြီ။ စိတ်ကူးနယ်ပယ်ကိုလည်း ယဉ်ချင်သလောက် ယဉ်ခါ အကျယ်ပြန့်ဆုံး တိုးချဲ့ခဲ့လေပြီ။ ဤအချက်နှင့် ပတ်သက်ရာ၌ ဟိန္ဒူဘာသာသည် ကမ္ဘာ့သမိုင်းစဉ်တွင် အကျယ်ပြန့်ဆုံး သဘောတရားရေး အပြည့်အဝ အထားဆုံး အယူအဆတခုဖြစ်ခဲ့၍၊ အခြားကမ္ဘာ့ ဘာသာများတွင် ဝင်ရောက်စွက်ဖက်ခွင့်ကို ရယူနိုင်ခဲ့လေပြီ။

ထိုသည့် ဟိန္ဒူဘာသာကား ဝေဒကျမ်းကြီးတို့၌ ဖော်ထုတ်ခဲ့သော ယဉ်ပူဇော်မှုဖြင့် စတင်၍ အသက်ဝင်ခဲ့လေသည်။ ယင်းသို့ နတ်ဘုရားတို့ကို မှန်ကန်သော ယဉ်ပူဇော်မှုဖြင့် လူသားနှင့်ဆိုင်၍ လူသားလိုလားအပ်သော စည်းစိမ်ချမ်းသာ ကြက်သရေမင်္ဂလာအဖြာဖြာကို ရရှိနိုင်သည်ဟူ၍ရင်း ဤဘဝမှ သေကြေ၍ တမလွန်လောကသို့ပြောင်း သွားရသောအခါ၌လည်း ယမလောက၌ ဒုက္ခခံ၍ – နတ်လောကတွင် ကျေနပ်ပျော်ရွှင်ဘွယ် ကောင်းသော သုခချမ်းသာကို ရရှိလိမ့်မည်ဟူ၍ရင်း ဟိန္ဒူတို့က ယုံကြည်ခဲ့ကြကုန်၏။ ၎င်းကား ယဉ်ပူဇော်မှုကိုပင် ဘာသာ–ဟု ခေါ်သောရှေးခေတ်ဖြစ်ခဲ့ပြီ။ ဒုတိယခေတ်၏ အဆင့်သို့ ရောက်တဲ့အခါမှာ တိကျသော ပုဂ္ဂလိက အတ္တနှင့် ပရမတ္တမတို့၏ ပြန်လည်ပူးပေါင်းမိရေးသည် ပဓာနမျော်မှန်းချက် ဖြစ်လာလေသည်။ ဤအဆင့်သို့ ရောက်သောအခါ ယဉ်ပူဇော်စသော မင်္ဂလာအခမ်းအနားများနှင့် တကွသော မန္တရ–တန္တရ လုပ်ငန်းတို့သည်လည်း အကျိုးမရ၊ နိရတ္ထက လုပ်ငန်းများ အဖြစ်သို့ ဆိုက်ရောက်၍ သွားကြပြန်လေပြီ။ စစ်ဆေးဝေဖန်မှုဖြင့် ရရှိအပ်သော အသိဉာဏ်ပညာသည် အားလုံးအလေး၊ အရေးအကြီးဆုံး ဖြစ်၍လာလေပြီ။ ဝေဒကျမ်းကြီး လေးကျမ်းတို့တွင် ရှေးအကျဆုံးဖြစ်တဲ့ ရိဂဝေဒကျမ်းသည် ပရဂျာတိခေါ်တဲ့ ကမ္ဘာ့ဖန်ဆင်းရှင် ထာဝရဘုရားနှင့် ပုရုသျှခေါ်တဲ့ လူ့အမတေသဘောတရားတို့ကို အသိအမှတ်ပြုလိုက်လေပြီ။

တဖန်၊ ဤသို့သော ရိဂဝေဒ ကျမ်းပါ အယူအဆများ



သည် ဥပနိသျှဒ် ကျမ်းများ ခေတ်စား လာသော အချိန်၌ တိုးတက်ကြီးထွား၍ လာကြကုန်ပြီးလျှင် အတ္တမ(ဝါ)ဝိညာဉ်နှင့် ဗြဟ္မာ (ဝါ)၊ ကမ္ဘာ တခုလုံးကို ပျံ့နှံ့၍ တည်ရှိသော ပရမတ္တမဟူသော အမည်နာမများဖြင့် ထင်လျှား၍ လာကြပြန်ကုန်၏။ ထို့ပြင် ဗြဟ္မာနှင့် အတ္တမဟူသော ပုဒ်များကို ဝေဒကျမ်းကြီးတို့၌ တွေ့ကားတွေ့ကြရပါကုန်၏။

ထိုရာတွင် ၎င်းကျမ်း၌ပါရှိသော ဗြဟ္မာဟူသောပုဒ်သည် ဆုတောင်းမေတ္တာ ပြုခြင်းဆိုတဲ့ အနက်မှတပါး၊ အခြားအနက်အဓိပ္ပာယ်ကို မဟောခဲ့ချေ။ ထို့ပြင် အတ္တမဟူသော ပုဒ်မှုကား ရိဂဝေဒကျမ်း၏ အလိုအားဖြစ် "လေ" ဟူသော အနက်ကို ဆောင်သည်။ ဥဒါဟရုဏ်အနေဖြင့် "လေ" ကား ဝရုဏ၏ အတ္တမ ဖြစ်သည်ဟူသော စကားကို အထောက်အထား ပြုရာ၏။

ထိုမှတပါး ဥပနိသျှဒ် ကျမ်းများစွာတို့၌မူကား အတ္တမဟူသောပုဒ်၏ ပိုမိုကျယ်ပြန့်သော၊ ပိုမိုသစ်ဆန်းသော အနက်အဓိပ္ပာယ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပြခဲ့ကြလေပြီ။ "အတ္တမသည် သတ္တဝါတို့၌ ခြေသည်း လက်သည်းများတိုင်အောင် တကိုယ်လုံးပျံ့နှံ့၍ တည်နေ၏။ ဓားအိမ်၌ သွင်းထားအပ်သော ဓားကဲ့သို့ ၎င်းကို မည်သူမျှ မတွေ့မမြင်နိုင်ဖြစ်သည်။ အကြောင်းမူကား ၎င်းသည် ပြည့်အစုံ ဘယ်အခါမှ မပေါ်ပေါက်သောကြောင့်တည်း။ ရှူထုတ်ပြုလုပ်သောအခါ ၎င်းကို အသက်ဟုခေါ်သည်။ စကားပြောဆိုတဲ့အခါမှာ ၎င်းကို အသံဟုခေါ်သည်။ ကြားတဲ့အခါမှာ နား

ဟူ၍ငင်း၊ တွေးတော စဉ်းစားတဲ့အခါမှာ စိတ် (ဝါ) မနှ ဟူ၍ငင်း ထင်လျှားသည်။ စင်စစ်ကေန် အမှန်ဆိုရလျှင် ဤဆိုအပ်ခဲ့ပြီးသော ကိုယ်အင်္ဂါ အစိတ်အပိုင်းများသည် အတ္တမ၏ စီးတော်ယာဉ်များသာလျှင် ဖြစ်ကြကုန်၏ (ဝါ) အသုံးတော်ခံ ကျေးကျွန်များသာ ဖြစ်ကြကုန်၏။

ထို့ကြောင့် ဤကိုယ်အင်္ဂါ အစိတ်အပိုင်း တခုခုကို အကြောင်းမဲ့ ရှိသေမြတ်နိုး ရှိခိုးပူဇော်သူသည် မှန်ကန်သော အသိဉာဏ်မှ ကင်းမဲ့သူဖြစ်၏။ အမှန်မှာ ထိုကိုယ်အင်္ဂါ အစိတ်အပိုင်း အသီးသီးကို အတ္တမအဖြစ်ဖြင့်သာ မြတ်နိုးရိုသေဘို့ လိုသည်။”ဟူ၍ပြီဟဒ္ဒါရုညကဉပနိရှဒ် ကျမ်း၌ဖွင့်ဆိုခဲ့လေပြီ။

အပေါင်း ၀ါ၁

ရှေးကျသော ဥပနိရှဒ်ကျမ်းတို့၌ ဤကမ္ဘာလောကကား ပန်ဆင်းရှင်ဖြစ်သော ဗြဟ္မာ၏ တံခိုးအာနုဘော်ကြောင့် ထင်လျှားပေါ်လွင်၍ လာရသောကြောင့် အမှန်အားဖြင့်ဆိုလျှင် ၎င်းဗြဟ္မာ၏ မာယာမျှသာ ဖြစ်သည်ဟု ဖော်ပြကြကုန်၏။ တဖန်တုံ... နှောင်းခေတ်ပေါ် ဥပနိရှဒ် ကျမ်းများ၏ လက်ထက်သို့ ရောက်သောအခါ အားလုံးသော အယူအဆ အနုမာနများကို “တတ္တမသိ” (ဝါ) “ထိုဟာသင်ဖြစ်သည်” ဟူသော အလွန်ထင်လျှားကျော်ကြားတဲ့ ကြွေးကြော်သံဖြင့် စုပေါင်း၍ စည်းခဲ့လေပြီ။ ၎င်း၏အဓိပ္ပာယ်မှာ ပရမတ္တမနှင့် ပုဂ္ဂလိက အတ္တမတို့ကား အတူတူပင်ဖြစ်သည်ဟု ဆိုလိုသည်။ “ကမ္ဘာကြီးတခုလုံးကား ထိုဟာ၏ အစုအပေါင်း မျှသာ



ဖြစ်၏။ ထိုဟာကားအစစ်ဖြစ်၏။ အမှန်ဖြစ်၏။ ထိုဟာကား အတ္တမ (ဝါ) ဝိညာဉ်ဖြစ်၏။ ထိုဟာကား သင်ဖြစ်၏” ဟု ဆန္ဒောဂျဉပနိရှဒ်ကျမ်း၌ ဖော်ထုတ်ဖွင့်ပြခဲ့သည်။ ဤနေရာ ၌အတွေးသည် ကွန်မြူနစ်ဝါဒ၏ရှေ့ပြေးဆံဆံ ဖြစ်ခဲ့ပြန်သည်။

ယာဇ္ဉဝါကျ ဆရာကြီးသည် တောထွက်ခါနီးအချိန်၌ သူ၏ ကြင်ယာတော် မေတ္တရေယီအား အောက်ပါ အတိုင်း ရှင်းလင်းပြတ်သားစွာ ပြောကြားခဲ့လေပြီ။ “ရေထဲသို့ ပစ်ချလိုက်သော ဆားခဲသည် အရည်ပျော်၍ သွားပြီဖြစ်ရာ ၎င်းကို မူလပစ်ချလိုက်သော ဆားအတိုင်းပြန်၍ မရယူနိုင်တော့ပြီ။ သို့ရာတွင် ရေ မှုကား ငန်သောအရသာကိုဆောင်၍ သွားပေလိမ့်မည်။ ရေမှ ဆားသာဝသို့ တဖြစ်ကူးပြောင်း လာခဲ့သော စတ္တုပစ္စည်း ရေ၌ပင် ၎င်း၏အသွင်သဏ္ဍာန် ပျောက်ကွယ်ခြင်း သို့ ရောက်ရမြဲဖြစ်သကဲ့သို့ပင် ပရမတ္တမမှ ဖြစ်ပွားပေါ်ပေါက် လာသော အတ္တမသည် ပရမတ္တမတွင် ပြန်လည်ပူးပေါင်းမိခြင်း ဖြင့် ၎င်း၏သွင်ပြင်သဏ္ဍာန်အားလုံး ပျောက်ပျက် ကွယ်ဆုံး ခြင်းသို့ ရောက်မြဲဖြစ်သည်။ ထို့ပြင် သတ္တဝါများသေပြီးသည်၏ နောက်အဖို့၌ ဝိဉာဏခေတ် သီးခြားမရှိတော့ပြီဟူ၍ ဗြိဟဒ္ဒါ-ရုညက ဥပနိရှဒ်ကျမ်း၌ ဆိုသည်။

၎င်း ဥပနိရှဒ်ကျမ်း၏ နောက်ပိုင်းသို့ ရောက်တဲ့ အခါမှာ အောက်ပါအချက်ကို တွေ့ရပြန်သည်။ “ပင့်ကူသတ္တဝါသည် မိမိ၏ကိုယ်ကာယမှ ဆွဲနုတ်ထုတ်ယူအပ်သော ပိုးမြှင်ကလေး ကို အမှီပြုကာ ဟိုဟိုဒီဒီ လှည့်လည်သွားလာ သကဲ့သို့ရှင်း၊ အရှိန်ပြင်းပြ ကြီးကျယ်လှသော မီးတောက် မီးလျှံမီးပုံအတွင်း

မှ မီးပွင့် မီးပေါက်ကလေးတွေ ဖြာ၍ ထွက်နေသကဲ့သို့ငင်း၊ ထို့အတူသာလျှင် အားလုံးသော ကမ္ဘာလောကနှင့်တကွသက်ရှိ သက်မဲ့ အရာအားလုံးတို့ကား ပရမတ္တမမှ ဖြာထွက်လာသော အရာတို့သာ ဖြစ်ကြကုန်၏။ တနည်းအားဖြင့် ဆိုရလျှင် ဥပနိရှဒ်ကျမ်းတို့၌ အကြုံးဝင်သော အယူအဆအရ ရှိသမျှ အရာအားလုံးမှာ နတ်ဘုရားတွေဖြစ်သည်ဟူသော ဝါဒဖြစ်သည်။ ဇီဝဟူသော အသက်သည် မူလပဋ္ဌမဦး ဖြဟ္မာမှ ထွက်လာပြီးလျှင် နောက်ဆုံးတွင် မူလထွက်လာရာဖြစ်တဲ့ ဗြဟ္မာဆီသို့ပင် ပြန်လည်သွားကာ ပူးပေါင်းလေ့ရှိသည်။ ပင်လယ်ရေပြင်မှ ရေခိုးရေငွေ့တို့သည် မိုးသားတိမ်လိပ် အဖြစ်ဖြင့် ရေပြင်မှ အထက်သို့ တက်လာသည်။ တဖန် မိုးရေပေါက် အဖြစ်ဖြင့် ပြန်၍ ကျလာပြီးလျှင် မြစ်နှင့်ချောင်းတို့မှ စီးဆင်း၍ ပင်လယ်ရေနှင့် ပြန်လည် ပူးပေါင်းမိလေ သကဲ့သို့ပင် အတ္တ သည် ပရမတ္တမမှ ထွက်လာပြီးလျှင် အဆုံး၌ ထိုသည့် ပရမတ္တမသို့ပင် ပြန်ဝင်၍ ပူးပေါင်းမြဲ ဟူလေသည်။

အဒိတ္တနေါ်တခုဝါဒ

ဤကမ္ဘာလောကအတွင်း၌ နှစ်ခုမရှိ၊ တခုတည်းသာရှိ၏။ ယင်းသို့ ရှိတယ်ဆိုတဲ့ တခုကား အခြားမဟုတ်၊ ''ပရမေဋ္ဌိရ'' မည်သော ထာဝရဘုရားပင်တည်း ဟူ၏။ ဤသို့ ဟူဆသော အဒွိတ္တဝါဒအရ ပရမတ္တမသည် ကြောဝင္ဍာ ကမ္ဘာလောကတခုလုံးကို ပျံ့နှံ့၍ တည်၏။ လူသားနှင့်တကွ အားလုံးသော သတ္တဝါတို့၏ ဝိညာဉ်ခေါ် အတ္တသည်ငင်း၊ ဤ ကမ္ဘာလောကရှိ



အရာအားလုံးသည်ငင်း၊ပရမတ္တမ၏စိတ်မှ ဆေးစက်တို့သာ ဖြစ်ကြကုန်၏။ ဤသို့သော အယူဝါဒကို အခြေတည်၍ အမိုပြုပြီးလျှင် အတ္တဘာဝကူးဝါဒနှင့်ကမ္မဝါဒများ ထိုးထွက်ကြီးထွား၍ လာခဲ့ကြကုန်သည်။ဤသို့သောဝါဒနှစ်ခုလုံးကို ရှေးအကျဆုံးဖြစ်တဲ့ ဥပနိရှဒ်ကျမ်းများတွင် ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။

အားလုံးသော ဥပနိသျှဒ်ကျမ်းတို့သည် ထိုဝါဒနှစ်ရပ်လုံးကို ရည်ညွှန်းခဲ့ကြ၏။ သို့မဟုတ် ၎င်းတို့၏ အနက်အဓိပ္ပာယ်ကို အနည်းနှင့်အများ အကျယ်ဖွင့်ဆို၍ ထားခဲ့ကြကုန်၏။ဆွနေ့ဘျ ဥပနိသျှဒ်ကျမ်း၌ ဝိညာဉ်(ဝါ) အတ္တဘာဝကူးပုံကို အောက်၌ ဖော်ပြထားတဲ့အတိုင်း အကျယ်တဝင့် ဖွင့်ဆိုခဲ့လေသည်။

''အမိဝမ်းတွင်း၌ ကိုးလခန့် ဆယ်လခန့် ကိန်းအောင်း၍ နေခဲ့ပြီးနောက် ဤသတ္တဝါ ကလေးသည် အပြင် ကမ္ဘာလောကအတွင်းသို့ သက်ဆင်းခဲ့လေသည်။ ယင်းသို့ မွေးဖွားလာပြီးနောက် ၎င်းသည် နှစ်-လ-တို့ရှည် အချိန်ကာလ နှစ်ပရိစ္ဆေဒ မညီအဲ ဤလူတို့ပြည်၌ တည်နေခဲ့လေပြီ။နောက်ဆုံး၌ သတ္တမျိုးစေ့ဟုဆိုအပ်သော အတ္တကလေးသည် ဤကိုယ်ကာယမှ ထွက်ခွာသွားခဲ့၏။ ထိုအခါ ထိုသတ္တဝါ၏ သားခြင်း မိတ်ဆွေတို့သည် လူသေကို ထုံးစံအတိုင်း မီးတင်၍သော်လည်း ရှို့ကြကုန်၏။ သို့မဟုတ် မြေတွင်းတူး၍သော်လည်း မြှုပ်လိုက်ကြကုန်၏။ ဤသို့မွေးချိ သေချိ ဘဝသံသရာ၌ စက်လည်ပြီးနောက် အဆုံးသို့ရောက်တဲ့အချိန်မှာ ၎င်းသည် ပရမတ္တမနှင့် ပြန်ပေါင်းထုတ်၍ သွားလေတော့သတည်း'' ဟူလို့။

ဝေဒန္တအဘိဓမ္မာတွင် နှစ်ခုရှိသည်ဆိုတဲ့ ဒွိတ္တဝါဒကို ဖွင့်

ရုတ် ပေါ်ပြခဲ့စေကာ ပဓာနဖြစ်သော ဥပနိသျှဒ်ကျမ်းတို့၌ မူကား "ကမ္မဝါဒနှင့် ဘဝကူးဝါဒ"များကိုဆက်၍ထည့်သွင်း ခြင်းဖြင့် ၎င်းကို စင်ကြယ်သော အဒွိတ္တဝါဒအဖြစ်သို့ ရောက် အောင် ကြံဆောင် ဖန်တီးခဲ့ကြလေပြီ။ ဥပနိသျှဒ်ကျမ်းများ၌ လူသား၏လုပ်ရပ်အားလုံးကို အိပ်မက်နှင့်အတူတူပင်ဟူ၍ ဥပမာ ဆောင်ခဲ့ကြကုန်၏။ လူသား အိပ်ပျော်လျက်နေစဉ် အတွင်း၌ မြင်မက်သော အိပ်မက်ကား တကယ့်ဖြစ်ရပ်နှင့် မခြားနား လှချေ။ သို့ရာတွင် အိပ်ပျော်နေသူ နိုးလာသည်နှင့် တပြိုင်နက် အိပ်မက်တွင် တွေ့မြင်ရသော ထိုအရာအားလုံးတို့သည် လုံးလုံး ကွယ်ပျောက်၍ သွားမြဲဖြစ်ကြကုန်၏။

## အထင်ဝါဒ

အစစ်အမှန် တည်ရှိသည်ဟုရင်း၊ ဖြစ်ပျက်နေသည်ဟုရင်း၊ ထင်မြင်မှတ်ယူအပ်သော ဤကမ္ဘာလောကရှိ သတ္တဝါသင်္ခါရ အားလုံးတို့သည် လူသား၏ ဝိဉာဏစေတတ်ကို အမှီသဟဲပြုလျက် နေကြကုန်၏။ ဝိညာဉ်ချုပ်ငြိမ်း၍သွားတဲ့အခါမှာ မည်သည့် အရာများ ကျန်ရှိနေပါသေးသနည်း။

တရံရောအခါက ဟိန္ဒူ ပဏ္ဍိတ် ဆရာ ဆံ က ရ သည် ဤအထင်ဝါဒကို ယုံယုံ ကြည်ကြည် ဟော ပြော စေ ကာ နောက်ပိုင်းကာလသို့ ရောက်သော အခါ၌မူ ၎င်းဝါဒကို ခြင်းပယ်၍ ဝေဒန္တ၏ အယူဝါဒဘက်သို့ ကူးပြောင်း၍သွား ခဲ့လေပြီ။ ဆရာဆံကရ၏ အလိုအားဖြင့် သညာကို အိပ်မက် နှင့်အတူတူပင် ဖြစ်သည်ဟု ရှုမှတ်ရမည်။ အိပ်မက် မြင်မက်



စဉ်အတွင်း၌ ကျွန်ုပ်တို့၏ မနောဒွါရမှာ ထင်လာ မြင်လာ သော အနုမာနများသည် အပြင် ဗဟိဒ္ဓ၌ အခြေခံ အရာ ဝတ္ထုမရှိစေကာ ကတ္တားနှင့် ကံအသွင်ဖြင့် ပေါ်လွင်၍ လာကြကုန်၏။ ထို့ကြောင့် ကျွန်ုပ်တို့ နိုး၍နေစဉ် အတွင်း၌ ကျွန်ုပ်တို့၏ စိတ်မှာ ထင်လာ မြင်လာသော အနုမာနများ သည်လည်း အပြင်ပ၌ရှိသော ဗဟိဒ္ဓရုပ်ပစ္စည်းတို့ကို အမှီမပြု ကြကုန်ဟူ၍ ကျွန်ုပ်တို့ ဆုံးဖြတ်နိုင်ပေသည်။ အကြောင်း မူကား၊ ၎င်းတို့သည် စိတ်၌သာ ထင်လာ—ဟတ်လာတဲ့ အနုမာနများဖြစ်သောကြောင့် ဖြစ်သည်။ ဗဟိဒ္ဓ ရုပ်ပစ္စည်း မရှိသောအခါ၌ အနုမာနတွေ ကွဲပြားနေပုံကို အဘယ်သို့ မှတ်ယူရမည်နည်းဟူ၍ မေးခဲ့လျှင်၊ ရှေးရှေးဖြစ်သော အနု မာနများမှ ကျန်ရစ်ခဲ့သော အမှတ်လက္ခဏာတို့ဖြင့် ထိုသို့ သော အမျိုးအစား ကွဲပြားပုံမျိုး ဖြစ်ပေါ်လာသည်ဟူသော အဖြေကို ပေးရလိမ့်မည်ဟူ၍ ဆရာဆံကရက ဆိုသည်။

## အဖြေတမျိုး

ဤအဆိုကို ဝေဒန္တ အဘိဓမ္မာ ဆရာတို့က အောက်ပါ အတိုင်း ဖြေရှင်းခဲ့ကြကုန်၏။ "ဗဟိဒ္ဓ ရုပ်ပစ္စည်းများ မတည်ရှိ ဟူသော အချက်ကို လုံးဝ လက်မခံနိုင်ပါ။ အဘယ်ကြောင့် နည်း။ ကျွန်ုပ်တို့သည် မရှိဘူးဆိုတဲ့ ထိုဗဟိဒ္ဓ ရုပ်ပစ္စည်း တို့ကို အမြဲထာဝစဉ် တွေ့ထိ၊ သိမြင် နေကြရသောကြောင့် ဖြစ်ပါသည်။ သညာဖြင့် ရှုမှတ်တဲ့ အရာတိုင်းမှာ— တိုင်းပဲဖြစ်စေ— သို့မဟုတ် နံရံပဲဖြစ်စေ— သို့မဟုတ် ဝတ်ထည်

ပြုစင်ပဲဖြစ်စေ– သို့မဟုတ် တစုံတခု အမှတ်မထင်သော အရာဝတ္ထုပင်ဖြစ်စေ– ကျွန်ုပ်တို့၏ အနုမာနနှင့် ကိုက်ညီဆီလျော်တဲ့ ဗဟိဒ္ဓ ရုပ်ပစ္စည်း ရှိနေသည်ကို ကျွန်ုပ်တို့ သိရှိပြီးဖြစ်၍ နေလေသည်။ ကျွန်ုပ်တို့ တွေ့ထိ–သိရှိသော အရာကား လုံးဝမတည်ရှိတဲ့ဟာဟူ၍ ဘယ်နည်းနှင့်မျှ မဟုတ်နိုင်ချေ။ ဗဟိဒ္ဓပဋ္ဌာန်းနှင့် အတွင်းအဇ္ဈတ္တရှိ ပသာဒရုပ်များ ထိခိုက်တိုက်ဆုံခြင်းဖြင့် ဗဟိဒ္ဓရုပ်ပစ္စည်းများ တည်ရှိခြင်းကို သိရှိနိုင်ပါသည်။ သို့ပါလျက် ဗဟိဒ္ဓရုပ်ပစ္စည်းများ တည်ရှိမှုကို မဟုတ်နိုင်ပါဟု ကံတိုင်ကံမ, ပြောဆိုနေသူ တယောက်၏ စကားကို ကျွန်ုပ်တို့သည် အရေးတခုအနေဖြင့် အလေးပြုသင့်ပါသေးသလော။ သို့ရာတွင် မည်သည့်အရာဝတ္ထုကိုမျှ မသိ,မမြင်ပါဟု ကံတိုင်ကံမ, သူမပြောဆိုပါ။ စင်စစ်မှာ ဝိညာဏ ကိစ္စတပ်သော အရာမှတပါး၊ အခြား မည်သည့် အရာဝတ္ထုကိုမျှ သူမသိပါဟူ၍ ပြောလာခဲ့လျှင် မည်သို့မဆို လူ၏ သဘောကျအတိုင်း ပြောဆိုနိုင်ခွင့် ရှိပါသည်။ ဒါပေမယ်လို့ သူ၏စကားကို အခိုင်အမာ ထောက်ခံမည့် ယုတ္တိသာဓက ဘာမျှမရှိ ဖြစ်နေလိမ့်မည်ဟူ၍ ကျွန်ုပ်တို့ ချေဆိုနိုင်ပါသည်။

ဗဟိဒ္ဓ အရာဝတ္ထုသည် ဝိညာဏ ခေတ်နှင့် ခွဲလျက် သီးသန့် တည်ရှိ၏ ဟူသော အဆိုစကားကိုမူ၊ ဝိညာဏ ခေတ်၏ မူလသဘာဝတွင် အခြေပြုလျက် မုချအားဖြင့် လက်ခံနိုင်ပါသည်။ တိုင်၊ သို့မဟုတ် နံရံကို တွေ့မြင်သောအခါ မည်သူမျှ သူသည့်သဘောကိုသာလျှင် သိနေသည်မဟုတ်ချေ။ သို့ရာတွင် လူသားအားလုံးတို့ကမူ၊ ထိုသည့် တိုင်များ



နံရံများကို သူတို့၏ သညာရဲ့ အာရုံပြုရာ ဝတ္ထုပစ္စည်းများ အဖြစ်ဖြင့် သိ၍ နေကုန်ပါသည်။ လူသားအားလုံးတို့ရဲ့ ဝိညာဏခေတ်ကား ဤသဘောပင် ဖြစ်၏ ဟူသော အဆိုကို ဗဟိဒ္ဓပစ္စည်းများ၏ အရှိသဘာဝအား ငြင်းဆိုကြကုန်သော သူတို့ကပင် ငြင်းချက် မခိုင်ခဲ့ကြပါ။ အရှိ ထင်မှတ်ရသည်ဟု ပြောဆိုတဲ့အခါမှာ အရှိသဘာဝကို ထောက်ခံလျက်နေသော အချက်ဖြင့် ထင်လျှားပါသည်။ အဘယ် အကြောင်းကြောင့်နည်းဟူမူကား၊ သူတို့သည် အတွင်းကျကျ သဘောအားဖြင့် ဗဟိဒ္ဓကမ္ဘာလောက၏ အရှိသဘာဝကို လက်မခံ ကြလျှင် "အမြင်ပသဘောလို့" ဆိုတဲ့ စကားလုံးတို့ကို အဘယ်ပုံ သုံးစွဲနိုင်မည်နည်း။ "မောင်ဘသည် အမြဲမ၏သားဖြစ်သည်" ဟူသော စကားကို မည်သူမျှ အသုံးအနှုန်းပြု၍ ပြောဆိုလိမ့်မည် မဟုတ်ချေ။ ကျွန်ုပ်တို့၏ ဝိညာဏ ခေတ်၌ ထင်မြင်လာတဲ့အတိုင်း အမှန်ကို လက်ခံရမည်ဆိုလျှင် ကျွန်ုပ်တို့၌ ထင်မြင်လာသော သညာ၏အာရုံကား "အမြင်ပသဘောလို့" မဟုတ်ဘဲ အမြင်ပ အရာဝတ္ထုဖြစ်သည်ဟူသောအချက်ကို ကွက်ကွက်ကွင်းကွင်း ကျွန်ုပ်တို့ လက်ခံရချေမည်။သို့ရာတွင် သညာ၏အာရုံကား ဗဟိဒ္ဓရုပ်ပစ္စည်း တခု ဟူ၍သာ ဆုံးဖြတ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဗဟိဒ္ဓရုပ်ပစ္စည်းတို့သည် သဘာဝ ဖြစ်သောကြောင့်ဟူပေ။အကြောင်းမူကား ဘာဝနှင့် အဘာဝ သဘောဆိုဒါ တိကျမှန်ကန်သော အသိဉာဏ်ဖြင့် ဆောင်ရွက်မှုနှင့် မဆောင်ရွက်မှုတွင် အခြေခံ၍ ဆုံးဖြတ်ရမည့်ကိစ္စ ဖြစ်သောကြောင့်ပင်တည်း။

ထို့ပြင်လည်း မှန်ကန်သော အသိဥာဏ်ဖြင့် ဆောင်ရွက်မှုနှင့် မဆောင်ရွက်မှုတို့ဟာ တင်ကြိုအာရုံပြုပြီးဖြစ်သော ဘာဝနှင့် အဘာဝ(ဝါ) အရှိနှင့် မရှိ သဘောတရားတို့ကို အမှီပြု၍ ဖြစ်ထွန်းလာရသည့် သဘာဝများ မဟုတ်ပါပေ။

အကြွင်းအမှတ်မထင် တစုံတခုသော အရာကို သညာဖြင့် သော်၎င်း (ဝါ)အခြား တနည်းနည်းဖြင့်သော်၎င်း ရှုမှတ်၍ ထား၏။ ၎င်းကား ဘာဝသဘောတရားပင်တည်း။ ယင်းသို့ ရှုမှတ်၍မထားနိုင်တဲ့အရာမှာ အဘာဝပင်။

တဖန် အာရုံ၌ဖြစ်သော အရာများနှင့်တူညီတဲ့ပုံသဏ္ဌာန်ကို ဆောင်သော အာရမ္မဏိက အနုမာနသည် ထင်လျှား ရှိတဲ့ အချက်ကို အကြောင်းခံ၍ အာရုံ၏ အဘာဝသဘော ပေါ်လွင်ထင်လျှား၍ လာသည် မဟုတ်ပါ။ အကြောင်းမှုကား အာရုံတရားများသာ အကယ်၍ မရှိခဲ့ပါလျှင် အနုမာန များသည် အာရုံသဘာဝတို့၏ ရုပ်လုံးအဖြစ်သို့ ထင်လျှား ပေါ်လွင်၍ မလာနိုင်ပါ။ ထိုအာရုံသဘာဝတို့ကို ဗဟိဒ္ဓရုပ်ပစ္စည်း အဖြစ်ဖြင့် ကောက်မှတ်ယူရသောကြောင့်ပင်။ ထို့ပြင် အသိဝိညာဉ်၌ ကိန်းအောင်းကြကုန်သော အနုမာနနှင့်အရာဝတ္ထုများ ကွဲပြားခြားနားခြင်းကြောင့် ၎င်းသဘောတရားနှစ်ခု အတူတကွဟု မဆိုမူ၍ အာရုံတရားတွင် အာရမ္မဏိက အနုမာန ပါဝင်သည်ဟူသောအချက်ကို ခိုင်မြဲစေရန်သာလျှင် ဗဟိဒ္ဓရုပ်ပစ္စည်းတို့နှင့် အနုမာနတို့၏ ကေဝလ (ဝါ) တပြိုင်နက်ဖြစ်တဲ့ သဘောကို စဉ်းစားဝေဖန်ရခြင်းဖြစ်ပါသည်။



ထို့ပြင်လည်း ကျွန်ုပ်တို့သည် ပထမ၌ အိုးကိုဎင်း၊ ဒုတိယ၌ အဝတ်စ တခုကိုဎင်း သိသောအခါ ဝိညာဉ်သည် ထိုကြိယာ နှစ်ခုတွင် အတူတူပင်ဖြစ်သည်။ ကွဲပြားသော အချက်မှာ ဝိညာဉ်၏ ထူးခြား၍ သီးသန့်ဖြစ်သော ဂုဏ်ပင်တည်း။ ဥပမာ ကျွန်ုပ်တို့သည် ပထမ၌ ဖြူသောနွားမကို မြင်သည်။ ဒုတိယ၌ မည်းသော နွားမကို မြင်သည်ဆိုရာ၌ အဖြူနှင့်အမည်း ကွဲပြားမှုကြောင့် သညာ၏ ကွဲပြားမှုဖြစ်ပေါ်၍လာရစေကာမူ ပင်ရင်းဖြစ်သော နွားမ၏လက္ခဏာကား တခုတည်း တမျိုးတည်းပင် ဖြစ်သကဲ့သို့တည်း။ ကွဲပြားနေသောအချက်နှစ်ခု(ဝါ)သုံးခုကို အမြဲတစေတဲ့လျက် ကွဲပြား၍နေသော အချက်ဖြင့် ခိုင်လုံအောင် အပြန်အလှန် ဆက်သွယ်ပြနိုင်၏။ ထို့ကြောင့် အရာဝတ္ထုနှင့် အနုမာနတို့မှာ ခြားနားသော သဘော ရှိကြ၏။ ထိုပြင် အနုမာနကို အရှိသဘာဝအဖြစ်ဖြင့် လက်ခံနိုင်လျှင် ဗဟိဒ္ဓရုပ် ပစ္စည်းတို့ကိုလည်း အရှိသဘော အဖြစ်ဖြင့် လက်ခံနိုင်ကြပါ ကုန်၏ဟူ၍ မုချဝန်ခံရပေမည်။

တဖန် အနုမာနသည် ထုန်းညှိ၍ထားသောသိမ်းကို အစွဲပြုကာ တောက်ပသော အရောင် ဖြစ်ပေါ်၍ နေစေကာ ဗဟိဒ္ဓအာရုံ ပစ္စည်းကား ထိုသို့မဟုတ်သောကြောင့် အနုမာနကိုသာလျှင် အရှိသဘာဝအဖြစ်ဖြင့် ကျွန်ုပ်တို့ သိနိုင်သည်ဟူ၍ ဆိုလာပြား အံ့၊ အနုမာနသည် အလင်းရောင်ကဲ့ တောက်ပ ဝင်းပြောင်သော အရောင်ကို ဆောင်၏ ဆိုတဲ့ အနက်အဓိပ္ပာယ်သည်းတဲ့ စကားလုံးကို သုံးစွဲသလိုဖြစ်လိမ့်မည်။ သို့ပါလျက်နှင့် အသင် စောဒကပုဂ္ဂိုလ်တို့သည် ရုပ်ပစ္စည်းများနှင့်မတူ၊ ကွဲပြား ခြား

နှာ:သော အနုမာနဖြင့် ဇဟိဒ္ဓအာရုံများကို သိနိုင်သည်ဆိုတဲ့ ယုတ္တိသာဝက အပြည့်အဝရှိသော ယူဆချက် ထင်မြင်ချက်ကို လက်ခံရန် ငြင်းဆိုရှိနေကြကုန်သည်။ အေး…အလွန်ထူးခြားတဲ့ အဘိဓမ္မာဉာဏ်အမြင်ကြီးပေပဲကား။

**ကပ္ပိလ အဘိဓမ္မာအလို**

ဤသို့စသည်ဖြင့် လာရှိသော ဥပနိသျှဒ်ကျမ်းတို့၌ ပါဝင်သော အာရုံနှင့် အာရမ္မဏိက အတူဖြစ်သည်ဟူသော ဓမ္မဝါဒကို ကပ္ပိလဆရာက အပြင်းအထန် တိုက်ခိုက်ဖြန်လေသည်။ ၎င်းကား အခြားမဟုတ်၊ ဆံချအဘိဓမ္မာကို စတင် တည်ထောင်သူ ဖြစ်သည်။ ယုတ္တိသာဝက ရှာကြံမှုနှင့် စစ်ဆေး ဝေဖန်မှုကို အလေးပြုသော ပုဂ္ဂိုလ်ဖြစ်သည်၊ ဗုဒ္ဓ၏ တခေတ်သို့ မတိုင်မီက သူ၏ အဘိဓမ္မာတို့ကို ဟောပြောခဲ့ကြလေသည်။

သူ၏ အကြောင်းအရာ အတ္တုပ္ပတ္တိကိုနောက်ပေါ် ဥပနိသျှဒ်ကျမ်းများ၌ တွေ့ရ၏။ ဗုဒ္ဓဝါဒီ စာရေးဆရာ တို့သည်လည်း ကပ္ပိလ၏ အကြောင်းကို အမြွက်မျှသာလျှင် ထုတ်ဖော်ခဲ့သည်ကို တွေ့ရ၏။

သို့ရာတွင် မဟာဘာရတ ကျမ်း၌မူကား သူ့အား ရည်ညွှန်းဖော်ပြထားသည်ကို ကြိမ်ဖန်များစွာ တွေ့ရှိရလေသည်။

ကပ္ပိလဆရာကြီး၏ အဘိဓမ္မာကား မဟာဘာရတ ကျမ်း၌ ရေးသား ဖော်ပြတဲ့ အတိုင်း ဆိုရင် ရုပ်ထု ဆင်းထု ကိုးကွယ်မှု၊ ရှိခိုးပူဇော်မှု တို့ကို ရက်ရက် စက်စက် တိုက်ဖျက် ဝေဖန်တဲ့ ဝါဒဖြစ်သည်။ ထို့ပြင် အကြောင်းယုတ္တိ ရှိမရှိ



ကို စိစစ်တဲ့ဝါဒလည်း ဖြစ်သည်။ ကပ္ပိလဆရာသည် ဝေဒနွဝါဒီများ ဟောပြောလေ့ရှိတဲ့ ဘဝဒုက္ခများကို ထောက်ပြပြီးလျှင် ကိုယ်ကိုကိုယ် ညှဉ်းပန်းမှုနှင့် ယဇ်ပူဇော်မှုများကို အပြင်းအထန် ဝေဖန်တိုက်ဖျက်ခဲ့လေပြီ။ ၎င်းကပ္ပိလဆရာ၏ အယူဝါဒကား အောက်ပါအတိုင်းဖြစ်သည်။

"လက်တွေ့ သာဓကသည် အတွေးနှင့် မှန်ကန်ပါတ်တော် နှစ်ရပ်လုံး၏ အခြေခံဖြစ်သည်။ တခါတရံသော်… မှန်ကန်ပါတ်သည် လက်တွေ့နှင့် ဆန့်ကျင်ဖက်ဖြစ်နေတတ်သည်။ အတွေး၏ တန်ဖိုးကား များစွာ မကြီးမားလှချေ။ အကြောင်းအရာကား ဘာဘဲ ဖြစ်၍နေနေ အတွေးသက်သက်နှင့် မဝေဖန်ပါနှင့်။ ဤခန္ဓာကိုယ်မှတပါး၊ သီးခြားသက်သက် ပုဂ္ဂလိက အတ္တဟူ သမုတ်အပ်သောအရာ ဘာမျှမရှိပါ။ ညောင်စေ့၌ ညောင်ပင်၊ ညောင်ကိုင်း၊ ညောင်တက်၊ ညောင်ရွက်၊ ညောင်ပွင့်၊ ညောင်သီး၊ ညောင်မြစ်၊ ညောင်ခေါက် စသည်တို့ကို ဖြစ်ပေါ်စေနိုင်တဲ့ သတ္တိ ကိန်းအောင်းလျက် ပါရှိသကဲ့သို့ ထို့အတူပင် လူ၏ ပဓာနမျိုးစေ့မှာ ကိုယ်ခန္ဓာဆိုင်ရာ အင်္ဂါ အစိတ်အပိုင်း အပြည့်အစုံနှင့်တကွ စိတ်– ဝိညာဉ်– အသိ– ဉာဏ်ပညာ စသော အခြား အရည်အခြင်းတို့ကို မွေးထုတ်ပေးနိုင်တဲ့ သတ္တိများ သဘာဝအားဖြင့် ကိန်းဝပ်လျက်ရှိသည်။ သစ်သားအစ နှစ်ခုကို မရပ်မနား တလစပ်အားဖြင့် ပွတ်တိုက်မှုသည် မီးကို ဖြစ်ပေါ်လာစေသကဲ့သို့ပင်။ ရုပ်ကာယချင်း ထိခိုက်မှုသည် စိတ်နှင့်တကွ ရှုမှတ်ခြင်း၊ တွေးတောခြင်း စသော စိတ်၏ ဂုဏ်အင်္ဂါများကို ဖြစ်ပွား ပေါ်ပေါက်၍

လာစေတော်လေသည်။ ဤသို့သော နည်းဖြင့် ဖြစ်ပေါ်လာသော စိတ်သည် ငါးပါးသော ပသာဒရုပ်တို့ကို ချုပ်ကိုင်တတ်သည်။ ဥပမာဆောင်ရလျှင်, သံတို သံစလေးများကို သံလိုက်ခဲတံက ချုပ်ကိုင်ထားသကဲ့သို့ပင်တည်း။

အဝိဇ္ဇာနှင့် လောဘ စသည်တို့ကြောင့် တဖန် ပဋိသန္ဓေ တည်နေမှုဖြစ်ရသည်ဟု အချို့ဆရာတို့က ဆိုကြကုန်၏။ ၎င်းတို့၏ အယူအဆအားဖြင့် အဝိဇ္ဇာသည် မြေနှင့် တူ၏။ ကံတရားတို့သည် ထိုမြေ၌ စိုက်ပျိုးတဲ့ မျိုးစေ့နှင့်တူကြကုန်၏။ လောဘသည် ထိုမျိုးစေ့ကို ပေါက်ပွားစေတတ်သော ရေနှင့်တူ၏။ ဤနည်းဖြင့် သူတို့သည် တဖန် ပဋိသန္ဓေနေမှုဆိုတဲ့ ပြဿနာကို ဖြေရှင်းကြကုန်၏။ အဝိဇ္ဇာသည် သစ်စေ့၏ အတွင်း၌ ဗီဇဓာတ် ကိန်းဝပ်၍ တည်နေသကဲ့သို့ပင်။ အလွန်တရာ လျှို့ဝှက် နက်နဲသော နည်းဖြင့် သတ္တဝါတိုင်းတွင် ငုပ်လျက် (ဝါ) ကိန်းဝပ်လျက် ရှိသည်ဟူ၍ ၎င်းတို့က ယူဆကြကုန်၏။ သဘာဝအားဖြင့် သေမျိုးဖြစ်သော ရုပ်ကာယတခုသည် ပျက်စီးခြင်းသို့ ရောက်သွားသောအခါ ထိုရုပ်တရား၌ ကိန်းဝပ်လျက်ရှိသော မျိုးစေ့မှ အခြားသော ရုပ်ကာယတခု ချက်ခြင်းပေါက်ဖွားလာမြဲ ဖြစ်သည်။ သို့ရာတွင် အသိဉာဏ်ပညာ တည်းဟူသော မီးဖြင့် ကင်မြိုက်လိုက်သောအခါ၊ ထိုမျိုးစေ့သည် မျိုးသုဉ်းခြင်းသို့ ရောက်သွားပြီ ဖြစ်သောကြောင့် တဖန် ပေါက်ဖွားခြင်းငှာ မစွမ်းနိုင်တော့ချေ။ ထိုအခါ သတ္တဝါသည် ဝိမုတ္တိဆိုတဲ့ လွတ်လပ်



ခြင်းသို့ လက်ငင်းရောက်၍ သွားလေတော့၏ဟူ၍ သူတို့ ယူဆကြကုန်၏။ ထိုသို့သော ယူဆချက်လည်း မမှန်ချေ။ အကြောင်းကား ယင်းသို့တဖန် ပဋိသန္ဓေ တည်နေ ဖွားမြင်လာသော သတ္တဝါသည် သဘာဝအားဖြင့်၎င်း၊ ဘဝအားဖြင့်၎င်း၊ ဘဝကိုဖြစ်စေတတ်တဲ့ ကောင်းမှု မကောင်းမှုဟု ဆိုအပ်သော အကြောင်းတရားအားဖြင့်၎င်း၊ မတူကွဲပြား ခြားနားသော သဘောကို ဆောင်ခဲ့လျှင် လွန်ပြီးသော အတိတ်ကာလက သတ္တဝါနှင့်အတူတူပင် ဖြစ်သည်ဟု အဘယ့်ကြောင့် ယူဆနိုင်ပါသနည်း ဟူ၍ စောဒကတက်ဖွယ် ရှိသောကြောင့်တည်း။ အမှန်မှာ တစုံတယောက်သော သတ္တဝါ၏ ဘဝ ဖြစ်စဉ်သည် အချင်းချင်း ဆက်စပ်လျက် နေသော သံကွင်းဆက်တခုမဟုတ်ဟူ၍ တွေးတောယူဆရန်ဖြစ်သည်။ တဖန်တုံ–တဖန် ပဋိသန္ဓေတည်နေပြီးနောက် မွေးဖွားလာသော သတ္တဝါသည် လွန်ခဲ့သောအတိတ်ဘဝက သတ္တဝါနှင့်မတူ၊ ကွဲပြား တကယ်ဘဲ ခြားနားသည်ဟုဆိုလျှင် ဒါန သီလ စသည်တို့ကို ကျင့်သုံးခြင်း၊ အတတ်ပညာ ဆည်းပူးခြင်း စသည်တို့ကြောင့် ထိုသတ္တဝါမှာ မည်သို့ အကျိုးထူးမည်နည်းဟူ၍ မေးမြန်းဘွယ်ရာ ရှိလာပြန်သည်။ အကြောင်းကား တဦးတယောက်က ပြုလုပ်ကျူးလွန်ထားသော ကောင်းမှုနှင့် မကောင်းမှုတို့၏အကျိုးကို အခြား သဘာဝတခု၌ အခြားဖြစ်သူတဦးက ခံရမည်၊ (ဝါ) စံရမည်ဆိုတဲ့သဘောသို့ သက်ရောက်၍ သွား သော ကြောင့်တည်း။ "ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်စံ" ဆိုတဲ့ လူပြိန်း ဝါဒကို အလေးအနက် ထောက်ခံရာ ကျသွားလိမ့်မည် စသည်

ဖြင့် အင်္ဂလိပ်ဘာသာပြန် မဟာဘာရတကျမ်း စာမျက်နှာ ၄၂၂-၄၂၃တို့၌ ပရိုဖက်ဆာဒတ္တက ဖော်ပြခဲ့လေသည်။

တဖန် ပဋိသန္ဓေ တည်နေ ဖွားမြင်ခြင်း ပြန်ရမှုအပ်သော သီးသန့် ဝိညာဉ်သည် လွန်ပြီးသော အတိတ်ဘဝက ဝိညာဉ်နှင့်မတူ ကွဲပြားခြားနားသည်ဆိုရာတွင် ထိုသီးသန့်ဝိညာဉ် ဖြစ်ပေါ်လာပုံကို ဖြေရှင်းပုံကား ယုတ္တိမတန် မဟန်လှချေ။

ဝိညာဉ်ကား ရုပ်ကာယမပျက်စီးမီအတွင်း တည်ရှိ၍ နေစေကာ မမြဲသောသဘောရှိခြင်းကြောင့် နိစ္စထာဝရ တည်သည် ဟူသောဝါဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ အဆုံးရှိတဲ့ သဘာဝတခုကို ၎င်းအဆုံးသို့ ရောက်ပြီးနောက်၌ ပေါ်ပေါက်လာလတ့်သော ဒုတိယဝိညာဉ် ပေါ်ပေါက်လာရေးအတွက် "အကြောင်း"ဖြစ်သည်ဟူ၍ အကယ်၍ကား ယူဆခဲ့ကြအံ့၊ ထိုသို့ဖြစ်လျှင် ကြီးမားလေးလံလှသော တင်းပုတ်ကြီးနှင့် ရိုက်နှက်ခြင်းကြောင့် ရုပကာယ ကြေမွပျက်စီး၍ သေခြင်းသို့ ရောက်သွားသူတယောက်သည် ဥဿုံခေတ် ကုန်ခန်းနေသော ထိုရုပ်ကာယဖြင့် ဒုတိယဖြစ်သော ရုပ်ကာယကို တည်ဆောက်လိမ့်မည် ဆိုသကဲ့သို့ ဖြစ်၍နေပေလိမ့်မည်။

ထို့ပြင် နိစ္စ-ထာဝရဖြစ်၍အမြဲတစေတည်နေသော အတ္တသည် ရှိ၏ဟု ယူဆ၍ ၎င်းအတ္တသည်ပင် ဝိညာဉ်အသိ-ပညာ စသော ဂုဏ်တို့၏ တည်ရာဖြစ်၏ဟု ဆိုကြအံ့၊ ထိုအဆိုလည်း စောဒကတက်၍ အပြင်းအထန် ဝေဖန်ကန့်ကွက်ခြင်းနှင့် ရင်ဆိုင်ရပေလိမ့်မည်။ အကြောင်းမူကား- ထိုသို့ဖြစ်ခဲ့လျှင် ဤကမ္ဘာလောက၌ ထုံးစံမလွှဲအတိုင်း ပြုလုပ်ဆောင်ရွက် နေကြသော



လုပ်ငန်းအားလုံးတို့သည် အထူးအားဖြင့် လှူဒါန်းပေးကမ်းမှုနှင့် ဘာသာရေးလုပ်ငန်းများသည် အဓိပ္ပာယ်ဆိတ်သုဉ်းသော လုပ်ရပ်တွေဖြစ်၍ကုန်ပေလိမ့်မည်။ ဤသို့သော လုပ်ငန်းများနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော ဝေဒကျမ်းလာ အမိန့်များနှင့် တကွ ကမ္ဘာလောကရှိ လူသားတို့၏ လုပ်ရပ်အားလုံးပင် ထင်းကလားတုံးအဖြစ်သို့ ရောက်ရှိမည်။ နောက်ဆုံးတွင် အတ္တနှင့် စိတ်ဝိညာဉ် အဆက်ပြတ်ခဲ့လျှင် ကောင်းမှုကုသိုလ်နှင့် ဝေဒကျမ်းလာ မင်္ဂလာတို့ကို ဆောင်ရွက် လုပ်ကိုင်ခြင်းကြောင့် ရရှိခံစားရလတ့်သော အကျိုးတရားကို ခံစားမည့်သူမရှိ ကင်းပနေပေလိမ့်မည် ဖြစ်သောကြောင့်တည်း။ ကပ္ပိလ ဆရာသည် သက်ရှိ သက်မဲ့ဖြစ်သော ကမ္ဘာ၏ ဖန်ဆင်းရှင် ထာဝရဘုရား သခင်ရှိသည်ဆိုတဲ့ ဝါဒကို ငြင်းဆိုခဲ့သည့်အပြင် ထိုသည့်ထာဝရဘုရားရှိသည်ဟူသော အယူဝါဒကို ထောက်ခံတဲ့ သက်သေ သာဓက ခိုင်ခိုင်လုံလုံလဲ မရှိဟူ၍လည်း မိန့်ဆိုခဲ့သည်။

၎င်းပြင် ထိုမျှ တန်ခိုးပါဝါ ဩဇာအာဏာ ကြီးမားလှသော ထာဝရဘုရားသခင်သည် ဤစကြာဝဠာ ကမ္ဘာလောကကြီးကို ဖန်ဆင်းပြီးလျှင် ၎င်းကို သူကိုယ်တော်တိုင်ပင် အစစအားလုံး နေသားတကျဖြစ်အောင် စီမံအုပ်ချုပ်နေသည်ဆိုသော ယုံကြည်ချက်လည်း အမှောက်မှောက် အမှားမှား ကိုးယို့ကားယား ခွဲဝေချထား၍ မညီမမျှ ခံစားနေရသော ကမ္ဘာ့ လူသားတို့၏ ဖြစ်ရပ်တို့ကို အမြဲ နေ့စဉ် တွေ့မြင်နေရခြင်းကြောင့် ပေါ့ပျက်ပျက်ဝါဒဖြစ်ကြောင်း ထင်ရှားသည်ဟု ဆရာကပ္ပိလက ထောက်ပြခဲ့သည်။

ထို့ပြင် ဖြောင့်မှန်ကောင်းမြတ်သော ထာဝရ ဘုရားသခင်ဟာ တကယ်ကေန် ရှိမှန်ပါဘိ၊ ထိုသို့သော ကမ္ဘာ့ဖြစ်ရပ်များကို မျက်နှာသာပေး အေးအေးကြည့်မနေတန်ရာဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားသခင်ရှိသည်ဆိုတဲ့ ဝါဒကို ဝိမံသ ဝိစာရအနယ်တွင်းမှ ချက်ခြင်း နှင်ထုတ်၍ ပစ်ချိမ့်မည်။ ဒါလို နှင်ထုတ်၍ ပစ်လိုက်လျှင် ဘာတွေများ ကျန်ရှိနေရစ်ဦး မည်နည်း။ ဤကမ္ဘာလောက၏ တည်ရှိနေမှုကို ဘယ်ပုံ ဝေဖန်မည်နည်း။ ကပ္ပိလကား ထင်ရှားရှိတဲ့ သဘာဝမှ ထင်ထင်ရှားရှား မရှိတဲ့ သဘာဝသို့ရောက်အောင် စဉ်းစားဝေဖန်သော အနုမာနကို အသုံးပြုသူဖြစ်ခဲ့သည်။ သူ၏ အယူအဆ အားဖြင့် ကမ္ဘာသည် မုချဆက်ဆက်၊ ပရမတ်အားဖြင့်တကယ်ရှိ၊ အဟုတ်ရှိ၊ ရှိနေသော အရာဖြစ်၏။ အကြောင်းမူကား ၎င်းသည် ခြောက်ဒွါရ၏ အာရုံဖြစ်သောကြောင့်တည်း။ ယင်းကမ္ဘာသည် နိစ္စ ထာဝရသဘောအားဖြင့် အမြဲတည်သောအရာဖြစ်၏။ ရှေးကလဲ ဖြစ်ခဲ့ပြီ၊ ယခုလည်း ဖြစ်နေဆဲဖြစ်သည်။ (ဝါ)ကမ္ဘာ၏ ဥပဒေသတို့ အားလျော်စွာ တိုးတက်ဖြစ်ပျက်နေဆဲ ဖြစ်သည်။ ကမ္ဘာ အစမရှိခြင်းကြောင့် ၎င်း၏ အဆုံးလည်း ရှိလိမ့်မည် မဟုတ်ချေ။ ဆင့်တိုးပြောင်းလဲမှု၊ ဖြစ်မှု၊ ပျက်မှု ဟူသော စက်ဖြင့် လည်ပြီးလျှင် နောက်ဆုံး၌ ကမ္ဘာသည် မူလဘုတ်ဓာတ်အတွင်းသို့ ပြန်လည်သက်ဆင်း၍ ပူးပေါင်းသွားပေလိမ့်မည်။ သို့ရာတွင် မူလဘုတ်ဓာတ်သည် ဤအဆင့်သုံးမျိုးဖြင့် သဘာဝအတိုင်း လည်၍ နေစဉ်အခါမှာ အတ္တဆိုတဲ့ ဝိညာဉ်ဟာ ဘာဖြစ်၍ နေသနည်း။



အတ္တ(ဝါ)ဝိညာဉ်သည် လှုပ်ရှားခြင်းကင်းသော ပွဲကြည့်သမား သက်သက် အဖြစ်ဖြင့်သာ တည်ရှိ၏ ဟူ၍ ကပ္ပိလ ဆရာကြီးက ယူဆသည်။ ဧရာဝတီ ဂင်္ဂါစသော မြစ်ကြီးတို့မှ စီးဆင်း၍လာကြသော ရေတို့သည် ပင်လယ်သမုဒ္ဒရာအတွင်းသို့ ရောက်တဲ့ အခါမှာ ဧရာဝတီနှင့်ဂင်္ဂါရေဟူသော နာမည်ကောင်းတို့ကို စွန့်ပစ်ကြကုန်ပြီးလျှင် ဆားငန်ရေဆိုတဲ့ တမျိုးတည်းသော နာမပညတ်ကိုသာလျှင် ဆောင်၍သွားသကဲ့သို့ ထို့အတူပင် သတ္တဝါနှင့်အနန္တတို့မှာ အသီးသီး ရှိကြတဲ့ အသီးသီးသော အတ္တတို့သည် နောက်ဆုံးတွင် အနန္တ ဝိညာဉ်နှင့် ပြန်လည် ပူးပေါင်းမိကြကုန်၍၊ တခုတည်းသော ပရမတ္တမ အဖြစ်သို့ ရောက်သွားလေသည်ဟု ကပ္ပိလ ဆရာက ယူဆထားသည်။

## ဗုဒ္ဓ၏ အနတ္တဒေသနာ

လိုရင်းချုပ်ကြစို့.... ဝေဒန္တ အဘိဓမ္မာ၏ အလိုအားဖြင့် လူသား၏ အဓိကရည်မှန်းချက်ကား၊ လူသားအသီးသီးမှာ ရှိသော ပုဂ္ဂလိက အတ္တများသည် တဆင့်ပြီးတဆင့် မြင့်တက်လာကြခါ ရင့်ကျက်၍လာကြပြီးလျှင် နောက်ဆုံးတွင် ပရမတ္တမဆိုတဲ့ ထာဝရဘုရားသခင်နှင့် ပြန်လည် ပေါင်းစည်းမိရန် ဖြစ်သည်။

သံချအဘိဓမ္မာ၏ အဆိုအားဖြင့်မူကား— ရုပ်နာမ်ဓမ္မတို့၏ အစုအပေါင်းဖြစ်သော ဤကိုယ်ကာယမှ မြဲသော (ဝါ) မပျက်အရှည်တည်သော အတ္တကို ခွဲထုတ်ရန် ဖြစ်သည်။

သို့ဖြစ်ရာ အတ္တနှင့် အနတ္တ တည်းဟူသော ဤနှစ်မျိုးတို့ကား ကမ္ဘာ၌ ထင်ရှားသော အတိမွေဆရာကြီးတို့၏ ဥာဏ်ကွန်ယက်များ ဖြန့်ထွက်ကွန့်မြူးဘိုရာ မဟာ စားကျက်ကြီးများ ဖြစ်ကြကုန်၏ဟု ဆိုလျှင် မှားယွင်းနိုင်မည် မဟုတ်ချေ။

မှန်လှ၏။ ဤကမ္ဘာလောက၌ ပေါ်ပေါက် ထွန်းကားရှိ လူကြိုက်များသော ဘာသာ တရားတို့သည်၊ ထိုသည့် အတ္တနှင့် အတ္တနဆိုတဲ့ အတိမွေ နှစ်မျိုးတို့တွင် တမျိုးမျိုး၌ အခြေစိုက်ခါ ဖြစ်ထွန်းလာမြဲ ဖြစ်ကြကုန်၏။ အတ္တနှင့် အနတ္တဆိုင်ရာ ဆွေးနွေးဝေဖန်ချက်မှ ကင်းခဲ့သော် အလျဉ်းပင် ဘာသာတရား ဖြစ်ထွန်းပေါက်ပွား၍ တိုးတက်ကြီးပွားသော အခြေအနေသို့ မဆိုက်ရောက်နိုင်ဟု ဆိုလိုသည်။

ယခုအခါ ကျွန်ုပ်တို့ မြန်မာဘာသာသို့ ပြန်ဆို၍ တင်ပြအပ်သော အနတ္တလက္ခဏာသုတ္တန်အရ ဗုဒ္ဓသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးတို့ကား အတ္တမဟုတ်၊ (ဝါ) အနတ္တဟူ၍၊ ပြတ်ပြတ်သားသား ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် ထိုသည့် အတ္တဆိုတဲ့ သတ္တဝါကား ရှိသလော၊ (ဝါ) မရှိသလော ဟူသော ပြဿနာနှင့် ပတ်သက်ရာ၌ ဗုဒ္ဓ၏အလိုကို အောက်တွင် ကိုးကား၍ ဖေါ်ပြထားသော ဒီဃနိကာယ် ပေါဋ္ဌပါဒသုတ်လာ-ပေါ ဋ္ဌ ပါ ဒ ၏ အမေးနှင့် ဗုဒ္ဓ၏အဖြေတို့ကို ကြည့်ရှုခြင်းဖြင့် ထင်လင်းစွာ တွေ့မြင်နိုင်ကြပေလိမ့်မည်။



ပေါဋ္ဌပါဒ။ ။အရှင်ဘုရား- လောကသည် မြဲပါသလော၊ (လောကသည် မြဲ၏လော) ဤအယူသည်မှန်၍၊ တပါးသော အယူသည် မှားပါသလော။

ဗုဒ္ဓ။ ။ပေါဋ္ဌပါဒ- လောကသည် မြဲ၏ ဆိုသော ဤ (အယူ) သည်မှန်၍၊ တပါးသော (အယူ) သည် မှား၏ဟူသော ဤအရာကိုငါမဖြေကြား။

ပေါဋ္ဌပါဒ။ ။အရှင်ဘုရား- လောကသည် မမြဲပါသလော၊ (လောကသည် မမြဲဆိုသော) ဤ (အယူ) သည်သာလျှင် မှန်၍ တပါးသော(အယူ)သည် မှားပါသလော။

ဗုဒ္ဓ။ ။ပေါဋ္ဌပါဒ-လောကသည် မမြဲဆိုသော ဤ (အယူ) သည်သာလျှင် မှန်၍ တပါးသော (အယူ)သည် မှား၏ဟူသော ဤအရာကိုလည်း ငါမဖြေကြား။

ပေါဋ္ဌပါဒ။ ။အရှင်ဘုရား- လော က သည် အဆုံး ရှိပါသလော၊ ။ပ။ လောကသည် အဆုံး မရှိပါသလော၊ထို(ကိုယ်)သည်ပင်အသက်၊ထိုအသက်သည် ပင်ကိုယ်ပါလော။ အသက်သည် တခြား၊ ကိုယ်သည် တခြား ပါလော။ (တထာကတ)သည် (ဝါ) အရဟန္တ ပုဂ္ဂိုလ်သည် သေပြီးသည့်နောက်၌ ရှိပါသလော၊(တထာကတ) ဝါ-အရဟန္တပုဂ္ဂိုလ်သည် သေပြီးသည့်နောက်၌ မရှိပါသလော။ရှင်းသည် သေပြီးသည့်နောက်၌

ရှိလည်းရှိ၊ မရှိလည်းမရှိပါလော။ ၎င်းသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ပါသလော။၎င်းသေပြီး သည့်နောက်၌ ရှိသည်လည်း မဟုတ်၊ မရှိသည် လည်း မဟုတ်ဟုဆိုသော ဤ အယူသည်သာ လျှင် မှန်၍ တပါးသော အယူသည် မှားပါ သလော။

ဗုဒ္ဓ။ ။ပေါဋ္ဌပါဒ၊တထာဂတ၊ ဝါ-အရဟန္တပုဂ္ဂိုလ် သည် သေပြီးသည့် နောက်၌ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟုဆိုအပ်သော ဤအယူသည်သာလျှင် မှန်၍ တပါးသောအယူ သည် မှား၏ ဟူသော အရာကိုလည်း ငါမဖြေ ကြား။

ပေါဋ္ဌပါဒ။ ။အရှင်ဘုရား၊ ၊မြတ်စွာဘုရားသည် အဘယ် ကြောင့် ဤအရာစုကို မဖြေကြားပါသနည်း။

ဗုဒ္ဓ။ ။ပေါဋ္ဌပါဒ ဤအရာစုသည် အကျိုးစီးပွား နှင့် လောကုတ္တရာတရားနှင့် မစပ်၊ အကျင့် မြတ်၏အစပင် မဟုတ်၊ ငြီးငွေ့ရန် အလို့ငှာ မဖြစ်၊ တပ်မက်ခြင်းကင်းရန် အလို့ငှာ မဖြစ်၊ ဝဋ်ဆင်းရဲချုပ်ရန် အလို့ငှာ မဖြစ်၊ ထူးသော ဉာဏ်ဖြင့် သိရန် အလို့ငှာ မဖြစ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ မဖြစ်၊ထို့ကြောင့် ဤအရာစုကို ငါမဖြေကြား။



ပေါဋ္ဌပါဒ။ ။အရှင်ဘုရား၊ မြတ်စွာဘုရား သည် အဘယ် အရာကို ဖြေကြားပါသနည်း။

ဗုဒ္ဓ။ ။ပေါဋ္ဌပါဒ- ဤကား ဆင်းရဲတည်းဟု ငါ ဖြေကြား၏။ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းတည်းဟု ငါဖြေကြား၏။ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်းဟု ငါ ဖြေကြား ၏။ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက် ကြောင်း အကျင့်တည်းဟု ငါဖြေကြား၏။

ဤသို့ စသည်ဖြင့် လာရှိသော ပေါဋ္ဌပါဒသုတ်ဒေသနာ၌ ပါရှိတဲ့ ဗုဒ္ဓ၏အဖြေကို ထောက်ရှုခဲ့လျှင် နိဗ္ဗာန်နှင့် မဆိုင်တဲ့ အတ္တခေါ် ဝိညာဉ်၏ ပြဿနာကို ဗုဒ္ဓရှင်တော်လည်း မဟော ကြားအပ်တဲ့ အဗျာကတ စာရင်းသို့ ဗုဒ္ဓကိုယ်တော်တိုင်သွင်း၍ ထားခဲ့တဲ့ တရားဖြစ်ကြောင်း ထင်ရှားသည်။

သို့ရာတွင် ဤလက္ခဏာသုတ်၌ မူကား "ရုပ် ဝိကုစေ- အနတ္တာ စသည်ဖြင့် ရုပ်-ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ တို့အား အတ္တ မဟုတ်ကြောင်းကို စေန်သိ-စေန်မြင်သတော ဖြင့် တိတိကျကျ ဟောပြော်ထုတ်ကြားတော်မူခဲ့သည်ကို သတိ ချပ်ကြကုန်ရာသည်။

သို့ဖြစ်ရာ ယနေ့ကမ္ဘာ၏ ခေတ်ဟောင်း ခေတ်သစ် တို့၌ ထင်ရှားသော အဘိဓမ္မာဆရာတို့သည် ဝိညာဉ်ခေါ် အတ္တရှိ မရှိကို အကြောက်အကန် ငြင်းခုံလျက် (ဝါ) အငြင်းအခုန် ဆွေးနွေးဝေဖန်လျက် ရှိကြကုန်၏။ အဘိဓမ္မာ ဆရာများနှင့်

သိပ္ပံပညာရှင်တို့၏ စိတ်ဝိညာဉ်ဆိုင်ရာ မူလအခြေခံအနေမှာနှင့် ပက်သက်တဲ့ ဟောပြောချက်များကို နှိုင်းယှဉ်၍ ကြည့်လိုက်တဲ့ အခါမှာ အချင်းချင်း ဆန့်ကျင်ဖက်ဖြစ်သော ထင်မြင်ယူဆ ချက်များဖြင့် ရှုပ်ထွေးပွေလိမ်၍နေသော ဝက်ဘာကြီးထဲသို့ ကျွန်ုပ်တို့ ရောက်နေသလို ထင်မှတ်ရချေသည်။

အတ္တဆိုတဲ့ ဝိညာဉ်ကား မုချအားဖြင့် ဘာလဲ၊ အတ္တနှင့် စိတ်တို့၏ အဆက်အသွယ်ကား ဘာလဲ၊ ၎င်းတို့ ဘယ်ပုံ ဆက် သွယ်ကြသလဲ၊ ဝိညာဉ်၏ အတွင်းအနက်သဘောကား ဘာလဲ၊ အတွေးနှင့် ခံစားချက်တို့၏ ခြားနားချက်ကား ဘာလဲ၊ ညာဉ်ဆို ဒါ ဘာလဲ၊ လွတ်လပ်သော အလိုဆန္ဒ၏ အနက်အဓိပ္ပာယ်ကား ဘာလဲ၊ အာရုံထင်ဟတ်ခြင်းဆိုဒါ ဘာလဲ၊ အသိဉာဏ်နှင့် ဆင် ခြင်တုံပညာတို့၏ ခြားနားချက်ကား ဘာလဲ၊ စိတ်၏လှုပ်ရှား မှုဟု ဆိုအပ်သော စိတ်လှိုင်း၏ တိကျသော သဘာဝကားဘာ လဲ၊ စိတ်ဝိညာဉ်ဆိုင်ရာသဘောတရားနှင့် ရုပ်ကာယ၏အကြား ၌ရှိသော အဆက်အသွယ်ကား ဘာလဲ။

ဤသို့စသော အမေးပုစ္ဆာများနှင့် တကွ အခြားအလား တူ ပြဿနာတို့၏ အဖြေ တို့ကား အထူးထူး အပြားပြား များလှကုန်၏။ အဘိဓမ္မာ ဆရာ အသီးသီးတို့သည် သေ ကြေပျက်စီးခြင်းမှ ကင်း၍ နိစ္စထာဝရ တည်ရှိသော အတ္တ ဝါ– ဝိညာဉ်အတွက် မြောက်မြား လှ စွာ သော သက်သေ သာဓကတို့ကို ထုတ်ဆောင်ခဲ့ကြကုန်၏။ သို့ရာတွင် ၎င်းတို့ကို တိတိကျကျ စစ်ဆေး ဝေဖန်လိုက်တဲ့ အခါမှာ မည်သည့်



သက်သေ သာဓကမျှ သိပ္ပံပညာ၏ အောင်မဝင်သည်ကိုရှင်း ယနေ့ကမ္ဘာ၏ လက်တွေ့ဖြစ်သော နောက်ဆုံးပေါ် အမှန် တရားများနှင့် မကိုက်ညီသည်ကိုရှင်း တွေ့မြင်နေရကြချေ သည်။

**သာဓကများ**

သို့ဖြစ်ရာ အတ္တခေါ် ဝိညာဉ်ရှိသည်ဟူသော အယူဝါဒ နှင့် ပတ်သက်ရာ၌ တင်ပြကြသော သက်သေသာဓက ခြောက် မျိုးကို စစ်ဆေးကြည့်ရှုရန်လိုသည်။

(၁) ဘာသာရေးဆိုင်ရာ သာဓက။

၎င်း၏ အလိုအားဖြင့် ထာဝရဘုရားသခင်သည် လက်ပွန် မဆူ ကမ္ဘာကစ၍ လူသားကိုဖန်ဆင်းပြီး နိစ္စထာဝရဖြစ်သော အတ္တကို(ဝါ)ဝိညာဉ်ကို လူသား၏ ကိုယ်အတွင်းသို့ နှာခေါင်း မှ မှုတ်၍ သွင်းခဲ့သည်။ ၎င်းသာဓကမှာ ယနေ့ကမ္ဘာ၌ ဒဏ္ဍာရီ ယုံတမ်းစကားအဖြစ်ဖြင့် ရှုမှတ်ခြင်းကိုခံလျက် နေရ ချေပြီ။

(၂) အစီအစဉ်ရှိတဲ့ ကမ္ဘာ့ပညာဆိုင်ရာ သာဓက

ဤကမ္ဘာလောကအတွင်း၌ သက်ရှိသက်မဲ့ အရာအားလုံး တို့သည် အစီအစဉ်မှ မကင်းကြချေ။ ထို့ပြင် စာရိတ္တဖက် ဆိုင်ရာ၌လည်း အစီအစဉ်ရှိရပြင်၊ ယင်းသို့ရှိခြင်းကြောင့် မြဲသော၊ တမျိုးတည်း တည်ရှိသော၊ အတ္တရှိသည်ဆိုသော အယူသည်လည်း အခြေခံကင်းမဲ့သော တရား သော ဝါဒ ဖြစ်သည်။

(၃) ဟေတုဝိဇ္ဇာ ဆိုင်ရာသာဓက။

လူသား၏ ရည်မှန်းချက် ပန်းတိုင်ကား မြင့်မားလှ၏။ ယင်းသို့ မြင့်မားလေလေ--ချို့တဲ့သော မြေပြင်ဖွားဖြစ်တဲ့ လူသား၏ အတ္တသည် သေပြီးနောက်၌လည်း ဘဝအစဉ် ဆက်ခါ ဆက်ခါ ပြည့်စုံခြင်းသို့ရောက်အောင် ပြင်ဆင် မွမ်းမံရန် ထပ်တိုးဖြည့်စွက်ရန် လိုလေလေဖြစ်သည်ဆိုတဲ့ အယူအဆလည်း သက်သေခံမခိုင်သော၊ မှားယွင်းသော မနုဿသျှတြ(ဝါ)လူ့အကြောင်းအရာ ဖွင့်ဆိုချက်သာ ဖြစ်ပြန်သည်။

(၄) လောကဓမ် သာဓက။

လူ့ဘဝ၏ ချို့ယွင်းချက်များနှင့် ကမ္ဘာ့လူသား၏ မပြည့်ဝသော အလိုဆန္ဒများ မုချအားဖြင့်ရှိနေကြရာ၊ သချိုင်းကုန်း၏ ဟိုမှာဘက်၌ရှိသော အနန္တလောကတွင် ထိုချို့ယွင်းချက်များကို ပြင်ဆင်မွမ်းမံရန် လိုအပ်သည်ဆိုတဲ့ အချက်လည်း သက်သက်ဥပါဒါန်အစွဲ ယုံကြည်နေခြင်း၌သာ အခြေခိုက်တဲ့ အမြွှာသာဖြစ်သည်။

(၅) နိစ္စသဆိုင်ရာ သာဓကများ

နိစ္စထာဝရဖြစ်၍ အမြဲတစေ တည်နေနိုင်တဲ့ အတ္တရှိသည်ဆိုသော ယုံကြည်မှုကား ထာဝရ ဘုရားသခင် ရှိသည်ဆိုတဲ့ ယုံကြည်မှုမျိုးကဲ့သို့ပင် လူသားအားလုံးနှင့် ဆိုင်သော သန္ဓေပါ သဘောတရ ဖြစ်သည်ဆိုသော သာဓကလဲ သဘာဝ မကျတဲ့ အချက်ပင် ဖြစ်သည်။



(၆) သတ္တဝိဇ္ဇာဆိုင်ရာ သာဓက

အတ္တသည် ရုပ်လဲမဟုတ် နာမ်လဲမဟုတ်တဲ့ သဘောတရားတခု ဖြစ်သည်။ ၎င်းကား ခွဲခြမ်းစိတ်ဖြာလို့ မရကောင်းသော တခုတည်းသော အရာဖြစ်သည်။ ထို့ကြောင့် လူသားသေ၍ သွားသော်လည်း ၎င်းနှင့်တပါတည်းရောနှောပြီး ပျက်စီးခြင်းသို့ ရောက်၍ မသွားနိုင်ဆိုတဲ့ သက်သေပြချက် ဖြစ်သည်။ ၎င်းလည်း စိတ်ဝိညာဉ်တို့၏ဖြစ်ပျက်အစဉ်ကို မှားယွင်းချတ်ချော်စွာ ယူဆသ၍ အခြေခိုက်တာဖြင့် မှားယွင်းသော ဝိညာဏဝါဒတရပ် ဖြစ်သည်။

မြဲသော(ဝါ) ပျက်စီးခြင်းမရှိသော အတ္တနှင့် ပတ်သက်၍ ယခုဖော်ထုတ်၍ ပြခဲ့သော အယူအဆများနှင့်တကွ အခြားအခြားသော အထောက်အထား သာဓကတို့ကလည်း ယနေ့အချိန်၌ ခယိုခယိုင် အခြေမခိုင် ကြတော့ပြီ။ ယနေ့ခေတ်ပေါ် သိပ္ပံပညာ၏ စေ့ဖန်စစ်ဆေးတဲ့ဒဏ်ကို မခံနိုင်တော့ပြီ ဖြစ်လေရာကား မှိုကြီးအောင်ရာသို့သာ အမြဲတမ်းလိုက်ပါ၍ သွားကြရလေပြီ။

မြော်မှန်းချက်တွေ

ဤသို့အားဖြင့် အတ္တ(ဝါ) ဝိညာဉ်သည် မြဲ၏။ သေကြေပျက်စီးခြင်းမှ ကင်း၏ဟူ၍ လူသားထုတရပ်လုံး၏ ယုံကြည်မှုကား ပဓာနအားဖြင့် အချက်နှစ်ခုကို အမှီသဟဲပြု၍ နေချေသည်။ ၎င်းတို့တွင် ပထမအချက်ကား လူသား၏ ကိုယ်ခန္ဓာ
၆ ပျက်ပြုံပြန်း၍ သေဆုံးခြင်းသို့ ရောက်ပြီးနောက်၊ လုပ်ဘိုင်း

ကုန်း၏ ဟိုမှာဖက် ဘဝ၌ ပိုမိုကောင်းမွန်သော၊ ပိုမိုပြည့်စုံသော၊ သာလွန်၍ ပျော်ရွှင် မြူးတူးဘွယ်ရာဖြစ်သော အခြေအနေကို မချွတ်မလွဲ အမြဲကေန် ရရှိလိမ့်မည် ဆိုတဲ့ လူသား၏ အစွဲဥပါဒါန် မြော်လင့်ချက်ဖြစ်သည်။

ဒုတိယအချက်မှာ ကြမ်းကြုတ်ရက်စက် ကရုဏာမသက်တဲ့ ရှင်သေမင်းက အတင်းအဓမ္မ တားမနိုင်ဆီးမရ ဗလက္ကာယ သဘောဖြင့် ဆွဲယူသွားခြင်းကို ခံရသော ကျွန်ုပ်ကိုရဲ့ ဘိုးဘွား မိ–ဗ နှင့် ဆွေသား ရောင်ရင်း အပေါင်းအသင်းတို့ကို တဖန် ပြန်လည်တွေ့ဆုံလိုသော လူသား၏ မြော်လင့် တောင့်တချက် ဖြစ်သည်။ ၎င်းနှစ်မျိုးတို့တွင် ပထမမြော်လင့်ချက်မှာ ဆန်ကို ပေးလို့ ဆေးကိုရ–ဆိုတဲ့ သဘောသွားနှင့် ကိုက်ညီဆီလျော်သောကြောင့် အတွေးနယ်၌ မှန်ကန်သည်ဟူ၍ ထင်မြင်ရစေကာ၊ လက်တွေ့အားဖြင့်မူကား ၎င်းမှာ ထောက်ခံချက်တခုမျှ အခိုင်အမာ မရှိချေ။

ကျွန်ုပ်တို့သည် ယခုမြေပြင်သားဘဝ၌ ခံစားနေရသော ချို့ယွင်းချက်နှင့် ဒုက္ခဆင်းရဲတို့မှ လွတ်မြောက်ခွင့် ရရှိရန် တောင်းဆိုနေကြကုန်သည်။ သို့ရာတွင် ၎င်းတောင်းဆိုသော ဆုလာဘ်တို့ ကေန်လက်ခံရရှိလိမ့်မည်ဟု တိကျသော အာမခံချက်ကား လုံးဝမရရှိချေ။

ကျွန်ုပ်တို့သည် နာကျင်ကိုက်ခဲခြင်း၊ ဝမ်းနည်းပူဆွေးခြင်းများမရှိဘဲ အနန္တသုခချမ်းသာနှင့် ငြိမ်းမှု အပြည့်အဝရှိသော မိုးပေါ်က ဘုံဘဝကို မျှော်မှန်းကြကုန်၏။ သို့သော်–အများစု ဖြစ်သော လူသားတို့မှာ လူသားချင်းချင်းပင် စိတ်ကူးနှင့်



ရေးဆွဲထားပြသော အနန္တသုခဘုံဆိုင်ရာ နတ်ပြဿဒ် အချပ်ကားများကိုသာလျှင် ကြည့်ရှုသာယာကြရကုန်၏။

ဘာကြောင့်လဲဆိုလျှင် ရုပ်မဟုတ်သော အတ္တကို ရုပ်ပစ္စည်းသက်သက်ဖြစ်သော ပဥ္စာရုံတို့၏အာရုံ၌ တွေးယူမှုမျှဖြင့် ခံစားနေစေခြင်းကြောင့်သာတည်း။

အမှန်ကိုဆိုရလျှင် ကမ္ဘာမြေပြင်ပေါ်မှာ ဖြစ်ကြကုန်သော အမျိုးမျိုး အစားစား ကွဲပြားလျက်ရှိကြကုန်တဲ့ လူသားအများတို့သည် မိမိတို့၏ ပင်ရင်းဝါသနာ အလိုအကြိုက် အားလျော်စွာ မိမိတို့အသီးသီးစိတ်ကူးအရ ဖြစ်စေလိုသော ကောင်းကင်ဘုံနန်းတို့ကို မျှော်မှန်းပြီး ဆေးခြယ်လေ့ရှိကြကုန်၏။ ဆိုသင့်လျှင်၊ အမေရိကတိုက်ကြီး၌ မူလနေထိုင်ခဲ့ကြသော တိုင်းရင်းသားတို့သည် သူတို့မျှော်မှန်းသော ကောင်းကင်ဘုံနန်းဝယ် ကျွဲအုပ်–နွားအုပ်–သမင်အုပ်တွေ အမြောက်အမြားနှင့် ခမ်းနားကြီးကျယ်သော အမဲလိုက်စရာ တောတောင်နယ်မြေများ ရှိလိမ့်မည်ဟူ၍ ယုံကြည်ကြကုန်၏။

ထို့ပြင် မြောက်ဝင်ရိုးစွန်းနယ်မြေ၌ နေထိုင်ကြကုန်သော အိစကီးမိုး လူမျိုးတို့ကမူ မကုန်မခန်းနိုင်အောင် ပေါများလှသော ဝက်ဝံများ၊ ပင်လယ်ဖျံများနှင့်တကွ အခြားဝန်ရိုးစွန်းနယ်၌ ပေါက်ဖွားသော တိရစ္ဆာန်များရှိတဲ့ ပနေ့းသော နေရောင်ခြည်သန်းတဲ့ ရေခဲတောင်ကြီးတွေကို သူတို့ရဲ့ ကောင်းကင် ဘုံနန်းမှာ တွေ့မြင်ရလိမ့်မည်ဟု ယုံကြည်မျှော်မှန်းကြလေကုန်သည်။

တဖန် သဲကန္တာရတွင် ပေါက်ဖွားကြတဲ့ လူသားများ၏ ယုံကြည်ချက်အရဆိုလျှင် သူတို့သွားရောက်ရမည့် ကောင်းကင်ဘုံနန်းသည် မြေသော စမ်းချောင်းကလေးများ။ တသွင်သွင် စီးဆင်းနေ၍၊ ၎င်းစမ်းရေအေးတို့ဖြင့် သွန်းလောင်းအပ်သဖြင့် အမြဲတစေ စိမ်းလန်းစိုပြေ၍နေသော (ဝါ) သစ်သီးဝလံ ပန်းမာလ် အမျိုးမျိုးစုံသော ဥယျာဉ်ကြီး ဖြစ်ပေလိမ့်မည်။

တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းအချုပ်ကို ဆိုရလျှင် အတ္တ–(ဝါ)ဝိညာဉ်ကို အမြဲထာဝရ တည်နေသည်ဟူ၍ ယုံကြည်ယူဆကြသော သတ္တဝါဒီတို့၏ ဝါဒအတိုင်းဆိုက သူတို့သည် ဤမြေပြင်သားဘဝမှ မြင့်တက်၍ အနန္တအသက်နှင့် ထာဝရ တည်နေနိုင်သော ရုပ်ကာယကို တောဝှတမြော်မှန်း တမ်းတလျက် ရှိကြသောကြောင့်ပင်တည်း။

**စိတ်ရှုပ်စရာ မြန်ပေါင်းထုပ်ရေး။**

တဖန် မြဲသည်ဟုယုံထားသော ထာဝရတည်တဲ့ အတ္တ(ဝါ) ဝိညာဉ်ဝါဒမှ ရှင်ပြန်ထမြောက်ခြင်းဆိုတဲ့ အယူအဆ အစွဲ အလမ်းတမျိုး ထပ်တိုး မွေးဖွားခဲ့ပြန်လေသည်။

ရုပ်ကာယ၊ သို့မဟုတ် ရုပ်ကို ရှင်ပြန် ထမြောက်ခြင်းနှင့် ပတ်သက်သော(ဝါ)ဆက်စပ်လျက်နေသောကပ္ပသပန်းချီကျောက် များ၏ လက်ရာ အရုပ် ကားချပ်ပေါင်း မြောက်မြားစွာကို ကျွန်ုပ်တို့ တွေ့ရှုကြကုန်သည်။

ဤတွင် တဖန်ပြန်လည်ရောက်လာသော အတ္တနှင့် (ဝါ) ဝိညာဉ်တို့သည် ရှင်ပြန်ထလာသော ရုပ်ကာယတို့ ပေါင်းစပ်ပြီး



နောက် ဆင်းရဲချမ်းသာ ဒွန်တွဲရာဖြစ်တဲ့ ဤမြေပြင်မှာကဲ့သို့ပင် ကောင်းကင်ဘုံနန်း၌ သွားလာ၍ နေကြကုန်သည်။ သူတို့သည် သူတို့၏ရုပ်မျက်လုံးဖြင့်၊ နိကာယဝါ (ဝါ) အခြင်းအရာမှ ဆိတ်သုဉ်းသော (ဝါ)အထည် ကိုယ်ခြပ်မရှိသော ထာဝရဘုရားသခင်ကို ဖူးမြင်ကြရကုန်၏။ သူတို့သည် သူတို့၏ ရုပ်နားဖြင့် ထာဝရဘုရားသခင်၏ အသံကို ကြားကြရကုန်၏။

အဆုံးပြောရလျှင် အတ္တနှင့်တကွသော ရုပ်ကာယဖြင့် အနန္တကောင်းကင်ဘုံနန်းတွင် အနန္တ ချမ်းသာကို အနန္တ ကာလတိုင် ခံစား–စံစား၍ နေကြရကုန်၏ဟူ၍ ယုံကြည်နေ ကြကုန်သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် အနန္တ(ဝါ) အဆုံး မရှိသော စကားလုံး၏ အနက်အဓိပ္ပါယ်ကို တကယ် နားလည်ကြပါကုန်၏လော။ ကျွန်ုပ်တို့ နားလည်တဲ့ အတိုင်း ဆိုရင် ကျွန်ုပ်တို့ အသီးသီး၏ ပုဂ္ဂလိက သက်တမ်းမှာ ကြားဖြတ် အနှောက်အယှက် အဖျက်အဆီးမရှိဘဲ၊ မအို–မသေ အမြဲတစေ တည်နေမှုပင် ဖြစ်ပါသည်။ သို့သော်....အနန္တ အသက်ရှည်ခြင်းဆိုတဲ့ ဝါဒကား သမ်ကာ, ရှ ကာ စဉ်းစား ပြောကြားလိုက်တဲ့ အခါမှာ နှစ်သက်စရာ, မပစ်ရက်စရာ, မငဲ့ရက်စရာ, စွဲမက်စရာလို့ ထင်မှတ်ရစေကာ၊ အမှန်မှာတော့ ဤဝါဒဟာ ထိတ်လန့် ကြောက်ရွံ့ဖွယ် အင်မတန် အန္တရာယ်ကြီး ဖြစ်သည်ဟု လူတိုင်းဝန်ခံရမလို ဖြစ်၍နေချေသည်။ မှန်လှ၏၊ကျွန်ုပ်တို့လူသားအားလုံး ရှင်ပြန်ထမြောက်တဲ့ အချိန်မှာ ကျွန်ုပ်တို့ရဲ့ အချစ်တော် များသာမကဘဲ၊ ကျွန်ုပ်တို့ရဲ့ ရန်သူ

တော်များပါ ရှင်ပြန်ထမြောက်၍ လာကြပေလိမ့်မည်။ ဤလူ့ဘဝ၌ အကျင့်စာရိတ္တ ပျက်ပြား ဖောက်ပြန် မှောက်မှားခြင်းကြောင့် တစာစာတကြက်ကြက် အမြဲတမ်း ရန်ဘက်ဖြစ်နေရသော အိမ်သူသက်ထား ဇနီးမယားနှင့်၎င်း၊ အမြဲတစေ မြည်တွန်တောက်တီး၍ တညည်းညည်း တညူညူ နှုတ်ခမ်းကြီးစူနေတတ်သော ယောက္ခမ မိန်းမ သူကြီးမျိုးတို့နှင့်၎င်း၊ လူကြီးမိဘတို့၏စကားအမြဲတမ်းတော်လှန်၍ထင်ရာမြင်ရာစိုင်းနေကြတဲ့ သားဆိုးသမီးဆိုးတို့နှင့်၎င်း အတူတူယှဉ်တွဲပြီး အမြဲထာဝရ အနန္တကာလ တိုင်အောင်နေထိုင်ကြကုန်မည့် အရေးကား သေးသေးမဟုတ်၊ အတွေးနှင့်ပင် အတော်ရင်နင့်ဘွယ်ဖြစ်၍နေချေသည်။

## ဘယ်လိုပုံစံနှင့် ဆုံကြမလဲ

ရုပ်ကာယ နှင့် အိုးစားကွဲ၍ သွားသော အတ္တ (ဝါ) ဝိညာဉ်သည် ဘဝ၏ တိုးတက်မှုတွင် အဘယ်အဆင့်အတန်းလောက်မှာ (ဝါ) ဘယ်အရွယ် အစားလောက်မှာ အနန္တ သုခကို ခံစားရမည်နည်း။ မွေးဖွားပြီးနောက် မှားမကြာမီ သေမင်းရွာသို့ လိုက်ပါသွားကြကုန်သော ကလေးငယ်များဟာ ကောင်းကင်ဘုံနန်းသို့ ရောက်တဲ့ အခါ၌ ဤကမ္ဘာ့မြေပြင်မှ ကလေးတို့ကဲ့သို့ပင် ဘဝတည်မြဲရေးနှင့် တိုးတက်ရေးတို့အတွက် ဆက်လက်ပြီး ကျောင်းတက်၍ နေကြကုန်လေဦးမည်လော။ စစ်ပွဲတွင် ကျဆုံးခံရသော သူရဲကောင်းအာဇာနည်တို့ဟာ ကောင်းကင် ဘုံနန်းသို့ ရောက်တဲ့အခါ၊



လေ့ကျင့်ပြီး ဖြစ်၍ သူတို့ရဲ့ ကြွယ်ဝသော အရည်အချင်းကို ဖော်ထုတ်ရဦးမည်လော။ အသက်အရွယ်ကို ကိုးဆယ်ကျော်၍ ချိနဲ့သော အားခွန်ဗလနှင့် သွယ်ပြန်နေသော အဖိုးအို သို့မဟုတ် အမယ်အိုသည် ကမ္ဘာမြေပြင်၌ ပြုလုပ်ထိုက်တဲ့ ကိစ္စတွေကို ပြောင်မြောက်အောင် ဆောင်ရွက်ပြီးနောက်၊ ကောင်းကင် ဘုံနန်းသို့ ရောက်သွားရာ၊ အိုမင်းချိနဲ့၍ သွယ်ပြန်နေတဲ့ အရွယ်နှင့်ပင် အနန္တကာလတိုင်အောင် အသက်ရှည်၍ နေရမည်လော။ သို့မဟုတ် ထိုအဖိုးအို သို့မဟုတ် ထိုအဖွားအိုသည် နုနုနယ်နယ် ၁၅-နှစ် ၁၆-နှစ် အရွယ်နှင့်ပင် အနန္တ သုခချမ်းသာကို ခံစား၍၊ အနန္တကာလကြာအောင် အသက်ရှည်၍ နေရမည်လော။ သို့တည်းမဟုတ် ၎င်းသည် ဘဝ၏ တိုးတက်ရေး လမ်းစဉ်တွင် ဖေါဖေါပိုင်း အဆင့်အတန်းသို့ ပြန်လည်ရောက်ရှိရဦး မည်လော။ ဤသို့ စသော ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ရင်ဆိုင် တွေ့ကြတဲ့အခါမှာ အတ္တ (ဝါ)ဝိညာဉ်သည် နိစ္စ-မြဲ၏။ အနာဒိ-အစမရှိ။ အနန္တ-အဆုံးမထင်ဟု၍ ယူဆကြသော အဘိဓမ္မာဆရာတို့သည် ကျောက်ခဲကျောက်ဝါ အခြေမျိုးသို့ ဆိုက်ရောက်ကြလေပြီ။

## အရှိတရားမဟုတ်သော အတ္တ

အမှန်မှာ တိကျသော သိပ္ပံပညာသည် ထိုကဲ့သို့သော မသဲမကွဲ မပြတ်သားတဲ့ အယူအဆနှင့် ယုံကြည်ချက်များကို မည်သည့်နည်းနှင့်မျှ မထောက်ခံတော့ချေ။ အဘယ့်ကြောင့်

နည်း။ ထိုကဲ့သို့သော အယူအဆများသည် လူသား၏ ကျိုးကြောင်းနှစ်တန် ဝေဖန်လိုတဲ့ ဝီမံသ၊ ဝိစာရဏ ဆင်ခြင် သုံးသပ်မှု၌ အံမဝင်ရုံမက မြောက်မြားလှစွာသော လူသားတို့ရဲ့ အာသာဆန္ဒ တောင့်တချက်များကို ကြေနပ်မှုရအောင် မဖြေ့စွမ်းနိုင်ကြသောကြောင့်တည်း။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် အမြဲသာဝရ အနန္တ ကာလတိုင် အောင် တည်ရှိသည်ဆိုသော အနန္တအတ္တ (ဝါ) ဝိညာဉ်နှင့် ပတ်သက်ရာ လူသားဆိုင်ရာ သိပ္ပံပညာ–စိတ်ဝိညာဉ် ဆိုင်ရာ ပညာ ဤစကြာဝဠာ တည်ဆောက်လာပုံ ဆိုင်ရာ သိပ္ပံပညာ တို့၏ ဟောပြောချက်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဝေဖန် ကာ သေချာစေ့ငု ကြည့်ရှုခဲ့လျှင် အောက်ပါဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချမှတ်ရပေလိမ့်မည်။

"လူသား၏ အတ္တသည် (ဝါ) ဝိညာဉ်သည် အမတ ဖြစ်၏။ မသေမျိုး ဖြစ်၏ဟူသော အယူဝါဒကား၊ သိပ္ပံပညာနည်း ယထာဘူတနည်း ကျနသေချာ စိစစ်ကြည့်သောအခါ အမှန် တရားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော တရားသေဝါဒသာ ဖြစ်သည်"။ သိပ္ပံပညာ၏ အလိုအားဖြင့် အတ္တ(ဝါ)ဝိညာဉ် ဆိုတဲ့ သဘာဝကား၊ လူသား၏ အထင်မျှဖြစ်သည်။ ၎င်းကို ထင်ထင်ရှားရှား လက်တွေ့အနေအားဖြင့် သက်သေသာဓက မပြနိုင်ချေ။ ထို့ကြောင့် ၎င်းအတ္တ(ဝါ) ဝိညာဉ်သည် ဧကန် မုချအားဖြင့် (ဝါ) လက်တွေ့သဘောအားဖြင့် ထင်ရှားမရှိ ဟု တိတိကျကျ ဆုံးဖြတ်ချက် ချမှတ်ရချေမည်။



ဗုဒ္ဓသည် ပထမ

ဤမျှသော စကားအစဉ်ဖြင့် ဤကမ္ဘာလောက အတွင်း၌ ခန္ဓာငါးပါးဆိုတဲ့ ရုပ်နှင့်နာမ်မှတပါး အခြား ဘာမျှမရှိ ဟူ သော အနက်အဓိပ္ပာယ်ပေါ်လွင်ခဲ့ပြီ၊ သက်ရှိသက်မဲ့ ဟူသော သတ္တဝါ သင်္ခါရကိုသည်လည်း ထိုရုပ်နှင့် နာမ်ဆိုတဲ့ သဘာဝ တွင် အကြုံးဝင်သဖြင့် ထိုသည့် ရုပ်နှင့် နာမ်တို့သည် အတ္တ မဟုတ်၊ အတ္တဟုတ်သောအရာ ဘာမျှ မရှိတော့ပြီ ဟူသော အတွင်းအနက်လည်း ပြီးလေတော့သည်။ ထိုကြောင့် အတ္တ မရှိ ဆိုတဲ့ သဘောတရားလည်း ထင်ရှားလေတော့သတည်း။

ထိုသည့် ရုပ် နာမ် တို့တွင် ရုပ်သည် လက်တွေ့ မျက်တွေ့ သဘာဝဖြစ်သည်။ ထိုလက်တွေ့ ရုပ်တွင် ပထဝီနှင့် အာပေါ ဆိုတဲ့ ဓာတ်သေ။ ထို့ပြင် တေဇောနှင့် ဝါယောဆိုတဲ့ ဓာတ် ရှင် နှစ်မျိုးလုံးပါဝင်သည်။ ထိုသည့်ဓာတ်သေနှင့် ဓာတ်ရှင်တို့ သည် အနာဂီနှင့် အနန္တ(ဝါ)အစမထင် အဆုံး မမြင်သော မဟာဘူတ သဘာဝဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကိုကိုခွတုံး လက်စသတ် ပျက်ပြားသွားအောင် ဖျက်ဆီး၍ ပစ်ခြင်းငှာ မစွမ်းနိုင်ကြချေ။ ၎င်းတို့အား ပုံသဏ္ဌာန် ပြောင်း၍ပြောင်း၍ သွားအောင်သာ ပြုလုပ်ဖန်တည်းနိုင်စွမ်းယုံ ရှိကြကုန်သည်။

မဟာဘူတ်ဓာတ်၏ ရုပ်အစု တစုသည် ပျောက်ကွယ်သွား သည်ဟု ထင်မှတ်ရစေကာ စင်စစ်အားဖြင့် ပျောက်ခြင်း ပျက် ခြင်း ကောန်ကင်းလျက် အသွင်တမျိုးမှ တမျိုးသို့ပြောင်းလဲခြင်း သဏ္ဌာန်တခုမှ အခြားသဏ္ဌာန်တခုသို့ ရောက်သွားခြင်းသာ ဖြစ်

နိုင်သည်။ လူသားသည်ငင်း၊ အဘယ် တန်ခိုးပါဝါရှင်သည် သော်ငင်း ဤမဟာဘုတ်ခေတ်အား ပျောက်ပျက် ဆိတ်သုဉ်း သွားခြင်းငှာ မစွမ်းနိုင်ကြချေ။

ဥပမာ...ထင်းတုံး၊ ကျောက်မီးသွေးထုံး တခုကို မီးရှို့လိုက်လျှင် ကာဗွန်ခေတ်အဖြစ်သို့ ပြောင်းသွားပေမည်။ ထိုကာဗွန်ခေတ်ကိုလိုက်၍ ခေတ်ခွဲကြည့်ပြန်လျှင် မဟာဘုတခေတ်သည် အချိုးအစား မညီမညွတ်ရှိရုံမှတပါး ပျောက်ပျက်သွားရိုးမတွေ့နိုင်ပေ။ အစဉ်တစိုက် သူ့အချိုးအစားနှင့်သူ အမြဲရှိနေမည်သာ ဖြစ်သည်။သကြားခဲတခုကို ရေထဲသို့ ထည့်မွှေလိုက်လျှင် အစိုင်အခဲဘဝမှ စုတေ၍ အရည်ကလာပ်အဖြစ် ပြောင်းလဲသွားချေမည်။ ထို့အတူပင် အသစ်ဖြစ်သော ရုပ်ဒြပ်တခုဖြစ်ပေါ်၍လာသည်ဟု ထင်မှတ်ရသော ကိစ္စများ၌လည်း ပုံသဏ္ဌာန်ပြောင်းလဲမှုဆိုတဲ့ ပြဿနာတခုသာလျှင် ရှိပြီး မဟာဘုတကား ပင်ရင်းခေတ်သား အစုအဝေးအဖြစ် တွေ့ရမည်ဖြစ်ကြောင်း ထင်ရှားသည်။မိုးဖွဲကလေးများရွာချခြင်းဆိုသည်မှာလည်း ရေစက်, ရေပေါက်ကလေးတွေသဏ္ဌာန်ဖြင့် ကျဆင်းလာသော အထက်အာကာသရှိ အာပေါခေတ်ပင် ဖြစ်သည်။ ထို့ပြင် သံတုံ မယ်စ တခုကို သံချေးတက်သည် ဆိုရာ၌လည်း ၎င်းသံစ၏အပေါ်လွှာသည် ရေနှင့်သော်ငင်း၊ သို့မဟုတ် အာကာသရှိ အုတ်ဇီဂျင်ခေတ်နှင့်သော်ငင်း၊ ပူးပေါင်းမိခြင်းကိုပင် သံချေးတက်ခြင်းဟုခေါ်ဆိုကြပါသည်။ အမှန်ဆိုရလျှင် အသစ်အသစ်ဖြစ်သော (ဝါ) ဘယ်အခါမှ မဖြစ်ဖူး သေးသော



မဟာဘုတ်များကို ဖော်ထုတ်မှု(ဝါ)ဖန်ဆင်းမှုကား သဘာဝမွေ့နယ်အတွင်း၌ အလျဉ်းမရှိနိုင်။ (ဝါ) မဖြစ်နိုင်သော ကိစ္စတရပ် ဖြစ်ချေသည်။ ၎င်းပြင် တည်ရှိပြီးဖြစ်တဲ့ မဟာဘုတ်ရုပ်မှုန်ကလေးတခုကိုလည်း အပြီးအဆုံး နိဂုံးသတ် အနေဖြင့် ဖျက်ဆီးရှုပ်ပစ်ခြင်းငှာလည်း ဘယ်အခါမှ မစွမ်းနိုင်ချေ။ ဤသို့ ဖော်ပြအပ်သော လက်တွေ့အမှန်ကား ဓာတုဗေဒ ပညာ၏ ခိုင်မာသော (ဝါ) ငြင်းချက်ထုတ်၍မရသော အခြေခံသဘောတရားဖြစ်သည်။

သို့ဖြစ်ရာ အို–လူသား အသင်၏ ပတ်ဝန်းကျင်ကို လှည့်လည်၍ ကြည့်လိုက်စမ်းပါလော။ အသင်သည် အရှေ့ကိုဘဲဖြစ်ဖြစ်, အနောက်ကိုဘဲဖြစ်ဖြစ် အသင်အာရုံပြုမိတဲ့ နေရာကို ကြည့်လိုက်စမ်းပါလော့။ ထိုထို အသင်ကြည့်ရှုရာ အရပ်တို့၌ မဟာဘုတ်ဆိုတဲ့ ရုပ်ကလာပ်မှုန်များကို မြင်ရပေလိမ့်မည်။ ထိုထို မဟာဘုတ် ရုပ်ကလာပ်တို့သည် အမြဲတစေ ပူးပေါင်းလိုက်၊ ကွဲပြားလိုက် ဖြစ်နေကြကုန်၏။ ၎င်းတို့ ပူးပေါင်းမိတဲ့ အချိန်မှာ အမြဲပင် ပုံသဏ္ဌာန်တခုခု ပေါ်ပေါက်၍ လာလေ့ရှိသည်။

ထို့ပြင် ၎င်းတို့ကွဲပြား၍ သွားတဲ့အချိန်၌ ထိုထိုပုံသဏ္ဌာန်တို့သည် ပျောက်ကွယ်၍ သွားမြဲဖြစ်ကြပြန်သည်။ ၎င်းမဟာဘုတ်ခေတ်တို့တွင် အဘယ်မြဲသည်ဆိုသော အတ္တကို မည်သို့တွေ့နိုင်ကြကုန်မည်နည်း။ (ဝါ) အဘယ်သို့လျှင် တည့်ရှိကြလေမည်နည်း။

ယခုခေတ်အခါ၌ လူတိုင်း နားလည်ရန် လွယ်ကူသော သာဓကတခုကို ဆောင်ကြည့်ကြစို့။

မော်တော်ကားစက်ခေါင်း တခုမှ စက်သည် တပ်ဆင်၍ သူ့ အချိုးအစား အစီအစဉ်အားလုံး နေထားတကျ ရှိသော အခါ ထိုစက်၏ အစာခေတ်ဆီကို ထည့်၍ မောင်းကြပါလျှင် စက်လည်၍ အား-သို့မဟုတ် အသက်ဝင်လာပြီး လိုရာခရီးသို့ ပို့ဆောင်ပေးတော့သည်။

တဖန်တုံ ထိုစက်ကိုဖြုတ်ချပြီး အားလုံးစက်ပစ္စည်း အစိတ်အပိုင်းများကိုဖြုတ်၍ ဆေးကြောပွတ်ပြင်သောအခါ တခြားစီဖြစ်၍ ဖရိုဖရဲပင်ရှိပေသည်။ နောက် ပြန်ဆင်၍ ထိုအင်ဂျင်ကို ခေတ်ဆီထည့်၍ လှည့်လိုက်ပြန်သောအခါ အားသည် (ဝါ) အသက်သည် ပြန်လည်၍ သူ့တာဝန်သူ ယူပြန် လေသည်။ အကယ်၍ တစုံတဦးသည် ထိုကားစက်၏ လည်ပုံသည် အသက်မှ ဖြစ်သည်။ သို့မဟုတ် တစုံတရာသော အတ္တ (ဝါ) ဝိညာဉ်က ဖြစ်စေသည်ဆိုအံ့။ စက်ကိုဖျက်၍ ရှာကြည့်လော့။ အဘယ် ဝိညာဉ်(ဝါ) အသက်ကိုမျှ တွေ့ကြရမည်မဟုတ်ချေ။

သတ္တဝါသည် အင်ဂျင်စက်ကဲ့သို့သော ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့နှင့် တည်ဆောက် ထားချေသည်။ အ ချိုး အ စား ညီညွတ်စွာ ပေါင်းစပ်တည်ရှိသော မဟာဘူတရုပ်လည်း ဖြစ်မည်။ လေနှင့်အစာကိုလည်း စုပ်ယူနိုင်သည်ဆိုကာ ထိုခန္ဓာကိုယ်အင်ဂျင်သည် အသက်ဝင်လျက်ရှိပေမည်။ လေနှင့် အစာကိုမျှ စားသောက်ရှူထုတ်ခြင်း မပြုနိုင်သောအခါ ခေတ်ဆီ မလိုက်သော အင်ဂျင်နှင့်မခြား စက်ရပ်လေတော့မည်သာတည်း။

သက်ရှိသတ္တဝါအားလုံး ရရှိနေကြတဲ့ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာတို့သည် ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတို့မှ တပါး၊ အခြား



သဘော သဘာဝ ဘာမျှ မရှိကြသောကြောင့် အတ္တဆိုတဲ့ အရာလဲ မရှိနိုင်ဟူ၍ ထင်ရှားပေပြီ။

ဗုဒ္ဓ၏ အနတ္တရောင်ခြည်သည်သာလျှင် မြူမသိ မှောင်မသန်းဘဲ အယူမှားအတ္တစွဲ ပျောက်သည်နှင့် တပြိုက်နက် လျှမ်းလျှမ်းတောက်၍ လာပေလိမ့်မည်။ ထိုအခါအမှောင်နယ်မှာမှားတဲ့ အမှောင်၏ ဖက်သား အတ္တနှင့်တကွ အတ္တ၏ စားကျက်ဖြစ်သော ဘုံဘဝဆိုတဲ့ အယူအဆများလည်း တပြိုင် တဲ့ ပုကာ ပုကာ အမှောင်တွင်းသို့ အတင်းဝင်၍ သွားကြလေပြီ။ ယင်းသို့ ဝင်ပြေးကြသည်နှင့် တပြိုင်နက် အနတ္တ သဘောတရား အင်အားကြီးမားလာ၍လာကာ သတ္တဝါ အားလုံးတို့၏ အစိုင်အမာဆုံးသော အတ္တစွဲကို အစအန မကျန်ရအောင် ရိုက်ချိုးနိုင်ကြပေလိမ့်မည်။

အတ္တစွဲသည် ကမ္ဘာ၏ အကြောက်ဆင်းရဲ အမြော်ဆင်းရဲကို ဖန်ဆင်းပေးလိုက်တဲ့ လက်သယ်ဖြစ်သည်။ ၎င်းသည် ဘုံနှင့်ဘဝကို တည်ဆောက်တဲ့ လက်သမား ဆရာလည်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် အနတ္တ မီးရှူးတန်ဆောင်ကြီးကို ဝင့်တော်မူခဲ့သည်။ ဤသို့ အနတ္တမီးရှူးရောင်ကိုဝင့်လိုက်လျှင် ဝင့်လိုက်ခြင်း ကြီးကျယ် ထူးမိန်းလှသော ကမ္ဘာ့မှောင်ထုကြီး အပြီးသတ် ကွယ်ပျောက်၍၊ အနတ္တ အလင်းရောင်ကြီး ဝင်ပြောင်ထွန်းတောက်၍ လာလေတော့သည်။ အကြောင်းမူကား ဗုဒ္ဓရှင်တော်သည် သာ၍ အနတ္တ ရောင်ခြည်ကို ဤလောက ကမ္ဘာ့လူသားများသို့ လက်ပွန်းမဆွ

စတင် ထွန်းလင်းတော်မူလိုက်သော ဘုရား ဖြစ်သောကြောင့်တည်း။

ကျွန်ုပ်တို့သည် ထိုမျှသော စကားစဉ်ဖြင့် သိပ္ပံ၏အမြင် လောကဓာတ်ဆရာတို့ကြီး၏ အထင်အချိုက ပေါ်ပြခဲ့၍၊ ထိုသည့်အတ္တ (ဝါ) ဝိညာဉ်သည် ကေန်အားဖြင့် လွဲမှား သော အယူအစွဲဟူ၍ ထင်ရှားစေခဲ့လေပြီ။

အဟုတ်သော်တမူ၊ ထိုအတ္တစွဲသည် လူသားတို့၏ ကြောင့်ကျမှု တောင့်တမှုတွေကို အရင်းခံကာ ပေါ်ပေါက်လာတဲ့ ရှေးခေတ် အယူအဆ၏ အမွေအဆက် အမွေခံသာလျှင် ဖြစ်ချေသည်။

အတ္တဆိုင်ရာ (ဝါ) ဝိညာဉ်ဆိုင်ရာ အဘိဓမ္မာနှင့် ဒေသနာ အရပ်ရပ်တို့သည် ဗုဒ္ဓခေတ်မတိုင်မီ ရှေးရှေးသော ပဝေသဏီ အတီတေကာလမှစ၍ အရှည်ရှည်ကြာစွာ အခြေစိုက်ပြီးဖြစ်ခဲ့ကြတဲ့ အိန္ဒိယ ဟိန္ဒူ ဗြဟ္မဏတို့နှင့် ဝေဒကျမ်းတို့သာ လျှင် ဖြစ်ကြကုန်၏။ ထိုထိုကျမ်းများပါ ဒေသနာအဝဝကို ဗြဟ္မဏတို့သည် ဦးထိပ် ရွက်ပန်ဆင်ကြပြီး လိုက်လိုက်လှဲလှဲ အသဲစွဲအောင် အခိုင်အမြဲကြီး ယုံကြည် သက်ဝင်ခဲ့ကြသည့် အတိုင်း ယနေ့ခေတ်တိုင် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြိုင်မြိုင်ကြီး လက်ခံနေကြတုန်းပင် ရှိကြချေသေးသည်။

ထိုသည့် ဟိန္ဒူဗြဟ္မဏတို့၏ အတ္တဝါဒသည် အိန္ဒိယ၏ မဇ္ဈိမဒေသကို ဗဟိုပြုကာ ကမ္ဘာအရပ်ရပ်သို့ တစိမ့်စိမ့် ပွားများ စီကာ ပြန့်လွင့် သွားခဲ့ရာ၊ ဒေါ်မရောမ တည်းဟူသော အနောက်ဖက်တခို ဥရောပဆီသို့ရှင်း၊ စူမတ္တရား–ဂျာဗား ပီယက်နန်–ကန်ဘိုးဒီးယား ယိုးဒယားမှစ၍ မြန်မာမကျန် အရှေ့ဘက်သို့လည်း ပြန့်လွင့်တွင်ကျယ် အနယ်နယ်မှာပင် အတော်ကြီး ချယ်လှယ်ခဲ့ကြကုန်သည်မှာ ဗုဒ္ဓသာသနာ အရပ်ရပ်သို့ မပြန့်ပွားခင် ဖလာဒင်ကြီးက ကြိုတင်လက်ဦး ရောက်နှင့်ခဲ့ကြပြီး ဖြစ်ကြပေသည်။



ကျွန်ုပ်တို့၏ မြန်မာ့ရာဇဝင် ပေါ်တွ့ခေတ် အနော်ရထာ မပေါ်မီအချိန်က အလွန်လျှင် ဇိမ်လှလှနှင့် ဗိုလ်ကျနေခဲ့ကြတဲ့ အရီးဆရာတို့သည်လည်း ထိုသည့် အတ္တနွယ်ပွား ဗြဟ္မဏ ကိုယ်စားလှယ်ကြီးများသာလျှင် ဖြစ်ခဲ့ကြကုန်၏။

မြည်ရာဇဝင် သီရိခေတ္တရာနှင့် ကျွန်ုပ်တို့၏ တောင်တွင်းကြီးအနီး ဗိသနိုးမြို့ကြီးတို့သည်လည်း ထိုသည့် အတ္တဝါဒီ ဆရာ ဗြဟ္မဏတို့၏ မူလခြေကုတ် စခန်းကြီးများသာလျှင် ဖြစ်ခဲ့ကြဖူးသည်။ အကြင် ဌာန ဂါမတို့၏ အမည်သညာ ခေါ်ဆိုရာကို အကဲခတ်ခါမျှနှင့် သီရိခေတ္တရာ–ဗိသနိုးခေါ် ဆို ထိုသို့သော နာမည် ဝေါဟာရ အသံကပင် လုံးလုံးကြီး ဗြဟ္မဏဟန်ဖြစ်နေကြောင်းကို အထင်အလင်း ခပ်ရှင်းရှင်း သိသာလောက်ပေပြီ။

အိပ်ဂျိဝဲလ်၏ ကမ္ဘာ့ရာဇဝင် အတိုချုပ်နှင့် မြန်မာရာဇဝင် ဆရာ မစ္စတာ ဟာဗေးတို့၏ စာပေများ၌လည်း ထိုသည့် အကြောင်းအရာတွေကို ကောင်းစွာ ဖော်ပြခဲ့ကြကုန်သည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်လာသည့်တိုင် ပြဋ္ဌမ သံဂါယနာတင် မန္တလေးခေတ်ထိ ထိုဗြဟ္မဏဆရာတို့ကား

နွယ်နွယ်ရရမဟုတ်၊ ရေမြေ့သနင်း ရှင်ဘုရင်ဆိုတဲ့ ဘဝရှင်မင်းတွေကိုပင် ဗေဒင်တွေ တွင်တွင်ကြီး ဟောတတ်သဖြင့် ရွှေတော်မှောက် ပူးကပ်ခွင့်ရကြကုန်တဲ့အပြင် ဘိသိက်သွန်းမင်္ဂလာမှာပင် သူမပါ မပြီးသလို-အခါပေး ရွှေဇယ်ရိုမြို့တော်ကြီးတွေ ကိုသော်မျှ သူတို့သဘောကျ တို့ရွှေ့-ဒီပြောင်းနှင့် ကောင်းကောင်းကြီး ချယ်လှယ်နိုင်ကြလေပြီ။

ဤသည်မှစ၍ ထီးနန်းနှင့် ဘုရင်လည်း ဖင်မမြဲ၊ လူတွေလည်း ဆင်းရဲ၊ တိုင်းပြည်လည်းမွဲ၊ လယ်ယာမျှလည်း အခြေမရကျနိုင်နှင့် တမျိုးလုံး ကလေကဝဖြစ်ခါ၊ ရာဇဝင်စာထင်ရန်ပင် ရှုပ်ထွေးလှအောင် ပုဏ္ဏားတွေ ကြံဆောင်ခြယ်လှယ်သမျှကို ခေါင်းလှလှပင် ခံခဲ့ကြရချေသည်။

သို့နှင့်မျှ.... သံဝေမရ-မရိပ်မိကြသေးဘဲ.... သကြိုန်စာက သမုဒ္ဒရာမှာ ဘယ်နှစ်တင်း-ဟိမဝန္တာမှာ ဘယ်နှစ်တင်း- လူ့ပြည်မှာ ဘယ်နှစ်တင်း စတဲ့ မရေမရာ သိမ်သိမ်ဖျင်းဖျင်းတွေကို ဘယ်တင်းနှင့်သူတိုင်းခါ၊ ပြောချင်ရာ ပြောနေသည် မစဉ်းစားကြဘဲ ယခုတိုင် ဆဲသဲမဲ ယုံကြကုန်းရှိကြသေးရာ၊ ဗုဒ္ဓ၏ အနတ္တလို တရားကိုယ်အမှန် ဒေသနာသည် အတ္တတို့၏ မရေမရာ ဝဲကြ၍ ချာလယ်လိုက်ခါ အစပျောက်မတတ် ကြုံနေရလေပြီ။

သို့ကလောက် ခေတ်စား၍ လူကြိုက်များစွာ တွင်ကြယ်လှတဲ့ အတ္တ (ဝါ) ဝိညာဉ် (ဝါ) ထိုအခိုင်အမာ ခေတ်



ရှေးကြာကြီးက အမြစ်တွယ်ပြီး လက်မလယ်အောင် ချယ်လှယ်နှင့်ခဲ့ပြီး ဖြစ်သည့်အလျောက် ဗုဒ္ဓ၏ တရားတော်မှာပင် ဗြဟ္မဏဝေဒတို့၏ စက်ရိပ်အောက်မှ လွတ်မြောက်ရန်ကြံစည်၍ အနတ္တသုတ်မွှေခံကို ဟုတ်တိုင်းမှန်စွာ ထုတ်ဖော်ရန်မှာပင် အတော်မလွယ်သော ကိစ္စဖြစ်နေရပြန်ချေသည်။

နောက်ဘဝဆိုသော သချိုင်းကန်း ဟိုဘက်ကျလျှင် ခပ်လှလှ ရည်းစိမ်းသူဌေး တခုခု ရစေခြင်းငှာ ရည်မှန်းသောအလှူ အတန်းသည်ပင် အတ္တဝါဒ၏ မူအတိုင်းဖြစ်နေကြချေပြီ။

ကိုယ်ကျိုးမငဲ့တမ်း အများ၏ကောင်းကျိုး လက်ငင်းလိုရာဖြစ်ကြစေခြင်းအတွက်သာ ဗုဒ္ဓက အနတ္တဝါဒသဘောနှင့် ဟောကြားတော်မူခဲ့၏။ ဗုဒ္ဓသည်မြင့်မြတ်သောစိတ် ပွား၍ လောဘတည်းဟူသော တရားအင်အား လျော့ပါးမှု၏ ပရိစ္စာဂအဖြစ် မငဲ့တမ်း မမျှော်တမ်း အများအဖို့ စွန့်လွှတ်မှုကိုသာ ဒါနဟူ၍ အတိအလင်း ခေါ်ဆိုတော်မူခဲ့လေသည်။

သို့ရာတွင် အတ္တသည် အများကောင်းကျိုးအတွက် စွန့်လွှတ်မှုဆိုတဲ့ အနတ္တဒါနကို အတိုက်အခံပြုသော အနေနှင့် တမလွန်ဘဝတခုအတွက် ကိုယ်ကျိုးသက်သက် အရင်းအနှီးမြုပ်နှံရန် သဘောဖြစ်တဲ့ အမြတ်ကြီးစားစံနစ်နှင့် အမြတ်ကြီးမျှော် ဒါနကို ထည့်သွင်း ဝါဒဖြန့်ကာ ဗုဒ္ဓ၏ နောက်မှလိုက်ခါ ရှပ်လာသည်ကို ကျွန်ုပ်တို့ အထင်အရှား တွေ့နေကြရချေပြီ။

ပန်းကလေးတပွင့် လှူယုံနှင့် စကြာမဟာဆုတ် နတ်ဘုံက ရွှေပြာသာဒ်ကြီးကို မျှော်ကိုးရခြင်းကား ဟုတ်သည် မဟုတ်

သည် အပသား – အတော်တော့ တွက်သား ကိုက်လှသော စိတ်ကူးယဉ် အတ္တဒါနပါပေ။

ကျွန်ုပ်တို့ကို အမိုသပဲပြုကာ (ဒက်ပုတချောင်း–ငွေတသောင်း၊ ရေးကကောင်းလို့ ခုလဲကောင်း၊ နောင်ကောင်းမှာပါ စိတ်ချပါ ဆိုတဲ့ မပွယ်မရာ–သူတောင်းစား ကဗျာများပင် ထွန်းကားလာခဲ့လေပြီ)။

အဟုတ်သော်တမူ၊ ထိုအယူအတ္တစွဲသည်၊ လူသားတို့၏ တောင့်တမှု–ကြောင့်ကျမှုတွေမှ အရင်းခံခါ ပေါ်ပေါက်လာသော ရှေးခေတ်အယူအစွဲတို့၏ အမွေခံတရားအကြွင်းအကျန် အငုတ်အရင်းတို့မှ အတက်ပေါက်ခါ ဖြန့်လည်ဝေဆာလာသော ဖြုတ္တက ဝါဒပေါင်းသာလျှင် ကေန်အစစ် ဖြစ်နေချေသည်။

အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော ဗုဒ္ဓ၏ မူရင်း တရား ကိုယ်လက္ခဏာကြီးသုံးပါး၏ အနက်အဓိပ္ပာယ်မှာ အတ္တနယ်ဟူ၍ ဘာမျှ ပြောစရာ မကျန်အောင် အမှန်ကိုဆောင်ထားတဲ့ ပရမတ္ထသဘာဝ အစစ်သာလျှင် ဖြစ်ချေ၏။

ဤကြားထဲကပင် အတ္တဝါဒီတို့သည် မဖြစ်ညစ်ကြယ် ဗုဒ္ဓ၏ အနတ္တနယ်မှာ အတင်းတွယ်ကပ်ခါ အတ္တရေးရာ ဒေသနာ အဖြာဖြာကို ဗုဒ္ဓ၏ မုက္ခပတ်တော်ပမှာ ဝေဝေဆာဆာ ထည့်သွင်း လှည့်စားခဲ့ကြကုန်လေပြီ။

ထို့ကြောင့် ယခုတဖန် ကျွန်ုပ်တို့သည် ဗုဒ္ဓ အမြင်ဖြစ်သော မူလ အနတ္တဒေသနာ အစဉ်နှင့် အံချော် လွဲမှားတဲ့



ကျမ်းအများကို မကိုးကားမူ၍ ဘုရားရှင်၏ မုခပတ်တော်အစစ်မှ အနှစ်ဖြစ်တဲ့ ဤအနတ္တသုတ်တော်ပါ တရားရင်းတို့ကို အများနားရှင်းအောင် ဆက်လက်၍ ရှင်းလင်းပြပေရဦးအံ့။

## ရူပက္ခန္ဓာ

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ သဘာဝကြီးလေးမျိုးအား (ပ၊အာ၊ဝါ၊တေ)ခေတ်ကြီးလေးပါး ဟူသော အမည်ဖြင့် အဘိဓမ္မာနယ်ပယ်၌ တွင်ကျယ်ခဲ့လေပြီ။၎င်းတို့ကို ပထဝီနှင့် အာပေါ၊ တေဇောနှင့်ဝါယော ဟူ၍ နှစ်တွဲ ခွဲခြားနိုင်သည်။၎င်းတို့တွင် ပ,နှင့် အာ–အတွဲကို မာတ်သေဟုခေါ်၍ တေနှင့် ဝါအတွဲကို ဓာတ်ရှင်ဟု နာမည်တတ်တပ်ဆင်ထားလေသည်။ ၎င်းတို့သည် တခုနှင့်တခု ခွဲခြားလို့မရဘဲ အမြဲတစေ အနန္တကာလမှစပြီး တွဲ၍လာခဲ့ကြကုန်ရာ အနာဂတ်၌လည်း ၎င်းတို့သည် အဆုံးအပိုင်းအခြား မရှိတဲ့ ကာလတိုင်အောင် အစဉ်အမြဲ ထာဝရပင် တွဲ၍နေကြပေလိမ့်ဦးမည်။၎င်းတို့သည် မြဲမြင်မှုနှင့် ပြောင်းလဲမှုကိုသာ လက်ခံကြကုန်၏။ ပျက်စီးကုန်ဆုံး နိဂုံးချုပ်ခြင်းကိုမူကား အပြင်းအထန် ငြင်းဆန်လေ့ရှိကြကုန်၏။ ၎င်းတို့သည် ပရမတ္ထ သဘာဝအားဖြင့် တကယ်ရှိ–အဟုတ်ရှိ၊ မှချဆတ်ဆတ် ဘငြင်းနိုင် မတတ်နိုင်အောင်ရှိခြင်းကြောင့် အရှိပရမတ်ကြီးများ ဖြစ်ကြကုန်၏။၎င်းတို့သည် နိစ္စမြဲတဲ့သဘောကိုရှင်း၊ ဓုဝ၊ ခိုင်တဲ့သဘောကိုရှင်း။ သဿတ၊ တမျိုးတည်းတည်တဲ့ သဘောကိုရှင်း။ အဝိနာသီ၊ မပျက်စီးတဲ့

သဘောကိုရှင်း။ သဗ္ဗျာပီ၊ အလုံးစုံ၌ ပြန့်နှံ့၍တည်တဲ့ သဘောကိုရှင်း။ ဆောင်ကြကုန်၏။

ရှင်းသဘာဝကြီးလေးမျိုးတို့သည် အနန္တဖြစ်သော အချိုးအစားတို့ဖြင့် ပြောင်းကာ လဲကာ စပ်လျက် တည်ရှိကြရာ အနန္တကွဲပြားမှုတို့ကို ထင်ရှားဖော်ထုတ်ရာ၌ ပဓာနဝိသေသကြီးများ ဖြစ်ကြကုန်၏။ ဤဓာတ်ကြီးလေးပါးတို့၏ ပေါင်းပုံ စပ်ပုံ အချိုးအစား ကွဲပြားသလောက် သတ္တလောကနှင့်သင်္ခါရလောကအတွင်း၌ အကြုံးဝင်တဲ့ သတ္တဝါနှင့် အရာအားလုံးတို့၏ အမျိုးအစား ခြားနားမှုများလည်း ထင်ရှားပေါက်ပွား၍လာလေသည်။ ထိုလိုရှင်းကား၊ သဝိညာဏကလို့ဆိုတဲ့ သက်ရှိလောကအတွင်း၌ရှိသော သတ္တဝါအနန္တတို့သည်ရှင်း၊ ထိုသတ္တဝါအနန္တတို့ရဲ့ ပုံသဏ္ဌာန်အနန္တတို့သည်ရှင်း၊ အဝိညာဏကဟုခေါ်ကြတဲ့ သက်မဲ့လောကတွင် ဇာရင်းဝင်သော သီးပင်၊ ပန်းပင်၊ ရွက်ပင်၊ နွယ်ပင်၊ ရိုးတံပင် အစရှိတဲ့ အပင်အနန္တတို့သည်ရှင်း၊ ထိုအနန္တဇာရင်းဝင် အပင်သင်္ခါရတို့၏ ရသ-ဝိပါက-ဂုဏ် ကိစ္စအနန္တတို့သည်ရှင်း၊ ထိုဓာတ်ကြီးလေးပါး တို့၌သာ အခြေစိုက်ကြရကုန်၏။

## သက်ရှိသက်မဲ့

တနည်းအားဖြင့်မူ သက်ရှိလောကကို ဣန္ဒြိယဗဒ္ဓရုပ်လောကဟူ၍ရှင်း၊ သက်မဲ့လောကကို အနိန္ဒြိယဗဒ္ဓရုပ်လောက ဟူ၍ရှင်း ဆိုနိုင်သည်။ အာယုဥသ္မာဝိညာဉ်ဆိုတဲ့ သဘာဝသုံးမျိုးနှင့်ယှဉ်စပ်သော စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယ



ဟူသော စ၊ သ၊ ဃ၊ ဇ၊ က၊ ဟ၊ ဆိုတဲ့ အဋ္ဌကလာပ်ရုပ် ခြောက်ခုသည် ဣန္ဒြိယဗဒ္ဓရုပ် ဟူသော သက်ရှိ နာမပညတ်ကိုခံယူသည်။

ထို့ပြင် အာယုဓာတ်၊ ဥသ္မာဓာတ်နှင့် ဝိညာဏဓာတ်တို့ မယှဉ်မစပ်သော ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ၊ ဟူသော အပြင်ရုပ် ခြောက်မျိုးတို့ကိုမူကား အနိန္ဒြိယဗဒ္ဓရုပ် သက်မဲ့ဟူ၍ သမုတ်ကြကုန်သည်။ ဥသ္မာဆိုတဲ့ အငွေ့တေဇောဖြင့် ကြေညက်အောင် ချက်ပြီး၍ အကျက်အဖြစ်သို့ရောက်နေသော ဝါယောဆိုတဲ့ လေဓာတ်သည် အပေါဓာတ်နှင့် တွဲ၍ အာယုဆိုတဲ့ ဘွဲ့ထူး ဂုဏ်ထူးကို ခံယူပြီးလျှင် ဝိညာဉ်ဓာတ်ကို ဖြစ်ထွန်း ပေါက်ပွားစေပေပြီး အကြွင်းအခါ၌ လေဓာတ်နှင့် အပေါဓာတ်တို့သည် သက်ရှိသတ္တဝါ၏ ရုပ်ကာယနှင့် အဆက်ပြတ်၍ သွားကြကုန်၏။ ထိုအခါ ထိုသတ္တဝါ၏ ဣန္ဒြိယဗဒ္ဓရုပ်သည် အနိန္ဒြိယဗဒ္ဓရုပ်အဖြစ်သို့ ကူးပြောင်းသွားမြဲဖြစ်သည်။

တဖန် ဣန္ဒြိယဗဒ္ဓရုပ်ဟုခေါ်ဆိုအပ်သော သက်ရှိသတ္တဝါသည် စားသောက်-ရှူ ထုတ် ဟူသော ကရိယာ သုံးမျိုးဖြင့် အနိန္ဒြိယဗဒ္ဓရုပ်များကို ယူပြန်သည်။ ထို့နောက် အစာသစ်အိမ်မှာရှိတဲ့ ပါစကဂ္ဂိခေါ် အစာချက်မီးဖြင့် ၎င်းအနိန္ဒြိယဗဒ္ဓရုပ်ပစ္စည်းတို့ကို သက်ရှိ ဣန္ဒြိယဗဒ္ဓရုပ်အဖြစ်သို့ ရောက်အောင် ချက်လိုက်ပြန်သည်။ အမှန်ဆိုရလျှင် အပြင်ကမ္ဘာလောကရှိ သက်မဲ့ အနိန္ဒြိယဗဒ္ဓရုပ်များ၏ အထောက်အကူကို ရယူ၍သာလျှင် သက်ရှိ ဣန္ဒြိယဗဒ္ဓရုပ်များ အဓွန့်ကြာရှည် တည်နိုင်ကြခြင်းဖြစ်ပေသည်။

ဤသို့အားဖြင့် ဣန္ဒြိယဗဒ္ဓ ရုပ်များသည် အနိန္ဒြိယဗဒ္ဓရုပ် အဖြစ်သို့ ကူးပြောင်းကြပြီးလျှင် ထိုအနိန္ဒြိယဗဒ္ဓရုပ်များပင် ဣန္ဒြိယဗဒ္ဓရုပ်အဖြစ်သို့ တဖန်ပြန်လည် ကူးပြောင်း ခြင်းဖြင့် သံသရာဆိုတဲ့ ဘဝစက်ကြီး သွက်သွက်လည်၍ နေမြဲဖြစ်လေသည်။ ယင်းသို့ မရပ်မနား ဒလစပ် ပြေးလွှားကျင်လည်ခေါ်နေသော သဘာဝတို့တွင် အတ္တဆိုတဲ့ သီးခြားသဘောတရားတခုအတွင်း ဝှပ်လျက် မတည်ရှိနိုင်ကြောင်း ထင်ရှားသည်။ စင်စစ်မှာ ထိုသို့ ပြေးလွှားကျင်သည်၍နေသော အရာများကား မ,အာ,ဝါ,တော, ဆိုတဲ့ ဓာတ်ကြီးလေးခုတို့၏ အပြုစွမ်းအားကြောင့် အသွင်သဏ္ဌာန်၊ ပုံဟန် အမျိုးမျိုးကိုဆောင်တဲ့ဣန္ဒြိယဗဒ္ဓနှင့် အနိန္ဒြိယဗဒ္ဓရုပ်တရားအစုတို့သာ ဖြစ်ချေသည်။ ထိုရုပ်တရားတို့သည် အဖြစ်နှင့်အပျက်ဆိုတဲ့ သိုင်းကွက်ကို အမြဲတစေနင်းလျက်နေကြရာ ထို့ကြောင့် ဖြစ်ခြင်းပျက်ခြင်း မကင်းတဲ့ ဣန္ဒြိယဗဒ္ဓနှင့် အနိန္ဒြိယဗဒ္ဓရုပ်တို့သည် အတ္တလည်း မဟုတ်နိုင်ကြ(ဝါ)မဖြစ်နိုင်ကြချေ။

**ရုပ်မှန်သမျှတို့၏အနိဋ္ဌမ**

အခြားတနည်းဖြင့်ကြည့်ကြပါဦးစို့၊ သက်ရှိ–သက်မဲ့ ဆိုတဲ့ ဣန္ဒြိယဗဒ္ဓရုပ်နှင့် အနိန္ဒြိယဗဒ္ဓရုပ်အားလုံးကို မြေမှုန်းပျက်ဆီးပစ်လိုက်လျှင် ဘယ်အခြေအနေတွင် အဆုံးတိုင် ချိမ့်မည်နည်း။ ၎င်းတို့အားလုံးသည် မဟာဘူတအခြေသို့သာ ဆိုက်ရောက်ကြရပေလိမ့်မည်။ မှန်လှ၏၊ မဟာဘူတသည် ရေပြင်နှင့်တူသည်။ ဣန္ဒြိယဗဒ္ဓနှင့် အနိန္ဒြိယဗဒ္ဓရုပ်များသည် ရေပြင်



မှာ ပေါ်ထွက်လာတဲ့ ရေမြှုပ်များနှင့် တူကြကုန်၏။ ရေမြှုပ်တို့သည် အဆင်းအရောင် ပုံပန်းသဏ္ဌာန်အားဖြင့် ကွဲပြားပုံအနန္တရှိကြစေကာ၊ ထိုရေမြှုပ်များ ပျက်စီးတဲ့ အခါမှာ ရေအဖြစ်သို့သာလျှင် ဦးဆိုက်ရမြဲဖြစ်ကြကုန်သကဲ့သို့ ထို့အတူပင် မဟာဘုတ်ကို အမှီသဟဲပြု၍ ဖြစ်ပွားပေါ်ပေါက်၍လာကြကုန်သော ဣန္ဒြိယဗဒ္ဓရုပ်နှင့် အနိန္ဒြိယဗဒ္ဓရုပ်တို့ သည်လည်းနောက်ဆုံးတွင် မဟာဘုတ် ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ရောက်မြဲ ဖြစ်ကြကုန်၏။

ယင်းသို့ဖြစ်ရာ၊ ဖြစ်ချီ–ပျက်ချီ၊ ဆုတ်ချီ တက်ချီ အမြဲတမ်းစက်လည်၍ နေသော ဣန္ဒြိယဗဒ္ဓရုပ်နှင့် အနိန္ဒြိယဗဒ္ဓရုပ် လောကတွင် မပြိုမကွဲ အမြဲတည်တဲ့ အတ္တကို ရှာဖွေနေခြင်းမှာ အရှုး၏ အိပ်မက်တွင် ထင်မြင်လာတဲ့ သိုက်စာကို လိုက်ရှာသကဲ့သို့သာ ဖြစ်ပေလိမ့်မည်။ အဆုံးသတ်ဆိုရလျှင် ထိုမြဲ့ဖြစ်တို့ပျက်တို့ ပေါင်းဆုံကြကုန် အမြဲဖြစ်နေသော သက်ရှိ–သက်မဲ့သဘာဝတို့တွင် ကြီးကိုင်မှု စိုးပိုင်မှု ရှိနိုင်ပါမည်လော၊ ဘယ်နည်းနှင့်မျှ မရှိနိုင်ချေ။

ထို့ကြောင့် အတ္တဆိုတဲ့ သဘောတရားလဲ ထင်ထင်လျှားလျှား မရှိနိုင်ဟူ၍ အတိအကျဆုံး ဖြတ်နိုင်လေသည်။ သက်ရှိနှင့် သက်မဲ့ဆိုတဲ့ ဣန္ဒြိယဗဒ္ဓနှင့် အနိန္ဒြိယဗဒ္ဓ ရုပ်တို့မှတပါး၊ တခြားသီးသန့်သဘာဝ ဖြစ်ရှိသည်ဆိုတဲ့ ထိုအတ္တသည် သီးသန့် တည်ရှိတဲ့ သဘောတရားမဖြစ်နိုင်ဘူးလားဟူ၍ စောဒကတက်လာခဲ့ငြားအံ့။ ၎င်းအတ္တသည် လူသား၏ စိတ်ကူး၌သာ တည်ရှိနိုင်သည်ဟူ၍ ယတိပြတ် ဖြေဆိုနိုင်သည်။

ထို့ကြောင့် သက်ရှိသက်မဲ့ ရုပ်တို့သည် အတ္တလဲ မဟုတ် သည့်အပြင် အတ္တသည် ဘယ်နေရာ ဘယ်ဌာန၌မျှရှိတဲ့ သဘာ ဝလဲ မဟုတ်ဟူ၍ တိကျပြတ်သားစွာ မှတ်သားကြကုန်ပြီးလျှင် ဣန္ဒြိယဗဒ္ဓနှင့် အနိန္ဒြိယဗဒ္ဓ ရုပ်နှစ်မျိုးတို့လည်း အတ္တမဟုတ်ပဲ အနတ္တအစစ် ဧကန်ဖြစ်သည်ဟု မှတ်ယူကြကုန်ရာ၏။

ထို့ကြောင့် အနတ္တသာ ရှိသည်ဆိုတဲ့ အနက်သဘောကို ရှင်းလင်းပြတ်သားရန် အတ္တဆိုတဲ့ သဘာဝမရှိဆိုတဲ့ အနက် ကိုပါ သိမ်းကျုံး၍ ယူမှသာလျှင် ဗုဒ္ဓ၏အလိုတော်ကျ ဖြစ်ပေ လိမ့်မည်။

## ရုပ်သည် အနတ္တ

မဟာဘုတ်ကြီး လေးခုသည် ရုပ်လောကဓာတ်ကြီး တခု လုံး၏ အခြေခံ ဖြစ်သည်။ မြင်-ကြား-နံ-လျက်-ထိ ဆိုတဲ့ ရုပ်သဘာဝအားလုံးတို့၏ မိခင်အစစ်ဖြစ်သည်။ ထိုမဟာဘုတ် ကြီး လေးပါးတို့၏ အချိုးအစား ပေါင်းစပ်ဖွဲ့စည်းပုံ ပြောင်း လဲမှုကြောင့် အဆင်းရုပ်အမျိုးမျိုး၊ အသံရုပ်အမျိုးမျိုး၊ အနံ့ ရုပ်အမျိုးမျိုး၊ အရသာရုပ်အမျိုးမျိုး၊ အတွေ့ရုပ်အမျိုးမျိုး ကွဲပြားလာရသည်။ ယင်းသို့ အမြဲတစေ ဖောက်ပြန် ပြောင်း လဲ၍ နေတတ်သောကြောင့် ၎င်းတို့ကို မမြဲသော ရုပ်တရား တွေဟု ခေါ်ဆိုကြလေသည်။ ၎င်းတို့တွင် အာယု-ဥသ္မာနှင့် ဝိညာဉ်ဆိုတဲ့ သဘာဝသုံးရပ် ယှဉ်ကပ်၍ တွဲစပ်လျက်နေသော ထိုသည့်ရုပ်အစုသည် ရုပ်မျှသာ ဖြစ်သည်။ အတ္တကား မဟုတ် ပါချေ။ ထို့ကြောင့် ရုပ်တရားမှန်သမျှသည် အနတ္တဖြစ်သည်။



## ဝေဒနက္ခန္ဓာ

ဝေဒနာကား ခံစားမှုပင်၊ မည်သူ၏ခံစားမှုနည်း။ စက္ခု- သောတ-ဃာန-ဇိဝှာ-ကာယ-ဟဒယ (စ-သ-ဃ-ဇ-က-ဟ) ဤရုပ်ခြောက်ခု၏ အပေါင်းအစု၏ ခံစားမှုသာ သမုဟ ဖြစ် သည်။ ရုပ်ကာယရှိတဲ့ သတ္တဝါ၏ ခံစားမှုပင်။ လက်တွေ့ခံစား သူ သတ္တဝါ၏အကြိုက်ကို လိုက်၍ ထိုဝေဒနာကို သုခဝေဒနာ စသည်ဖြင့် ခွဲခြားနိုင်လေသည်။ ဝေဒနာကား၊ အမြဲတစေ ထာဝရ တည်ရှိနေတဲ့ သဘောတရားကား မဟုတ်ပါချေ။ တခါတရံ အကြောင်းတရား ကြိုက်ကြုံ၍ တိုက်ဆိုမိတဲ့ အခါ မှာဖြစ်ပေါ်လာတတ်တဲ့ ပါဠိအခေါ်အားဖြင့် ပဋိစ္စသမုပ္ပါဒ် ဝါ-ဗမာလို အဖြစ်တရားသာဖြစ်ချေသည်။ ၎င်းဝေဒနာသည် မည်သို့သောအချိန်အခါ၌ မည်သို့သောအရာတို့ကို အမှီသဟဲ အစွဲပြုကာ ဖြစ်ပေါ်၍လာသနည်း။ ဣန္ဒြိယဗဒ္ဓရုပ်စုဟုဆိုအပ် သော သက်ရှိသတ္တဝါ၏ ကိုယ်ကာယ၌ စက္ခုပသာဒ ဆိုတဲ့ မျက်စိအကြည်ရုပ်၊ သောတပသာဒ နား အကြည်ရုပ်၊ ဃာနပသာဒဆိုတဲ့ နှာခေါင်းအကြည်ရုပ်၊ ဇိဝှာပသာဒဆိုတဲ့ လျှာအကြည်ရုပ်၊ ကာယပသာဒ ဆိုတဲ့ ကိုယ် အကြည်ရုပ် ဟဒယဝတ္ထု ဆိုတဲ့ မနော အကြည်ရုပ် ဟူ၍ အကြည်ရုပ် ခြောက်မျိုးရှိကြကုန်၏။ ၎င်းတို့ကို အဇ္ဈတ္တိက (ဝါ) အတွင်း ရုပ်ဟူ၍ ခေါ်ဆိုသမုတ်ကြကုန်၏။

ထိုမှတပါး အပြင်ကမ္ဘာလောက၌လည်း အနိန္ဒြိယဗဒ္ဓရုပ် စုဟူ၍ သမုတ်အပ်သော ရူပဆိုတဲ့ အဆင်းရုပ်၊ သဒ္ဒဆိုတဲ့

အသံရုပ်၊ ဂန္ဓဆိုတဲ့ အနံ့ရုပ်၊ ရသဆိုတဲ့ အရသာရုပ်၊ ဖောဋ္ဌဗ္ဗဆိုတဲ့ အတွေ့ရုပ်၊ ဓမ္မဆိုတဲ့ ဓမ္မာရုံဟူ၍ အာရုံရုပ် ခြောက်မျိုးရှိလေသည်။ ၎င်းတို့ကို ဗဟိဒ္ဓရုပ် ဟူ၍လည်း နာမပညတ်တပ်ဆင်ကြကုန်သေး၏။ အတွင်းရုပ်ဖြစ်တဲ့ အဇ္ဈတ္တိက စက္ခုပသာဒသည် အကြင်အခါ၌ အပြင်ရုပ် ဖြစ်သော ဗဟိဒ္ဓအဆင်းရူပါရုံနှင့် တိုက်ဆိုင်မိ၏။ ထိုအခါ စက္ခုဝေဒနာဆိုတဲ့ မျက်စိ၏ ခံစားမှုဖြစ်ပေါ်လာ၏။ ထို့တတူ နားအတွင်းမှာရှိတဲ့ သောတပသာဒ ရုပ်ကြည်သည် အပြင်အပ ဖြစ်သော အသံ သဒ္ဒါရုံနှင့်၎င်း၊ နှာခေါင်းအတွင်းမှာရှိတဲ့ ဃာနပသာဒ ရုပ်ကြည်သည် အပြင်အပ ဖြစ်သော အနံ့ ဂန္ဓာရုံ နှင့် ၎င်း၊ လျှာ ဖြစ်သော ဇိဝှာပသာဒ ရုပ်ကြည်သည် အပြင်အပ ဖြစ်သော အရသာဆိုတဲ့ရသာရုံဖြင့်၎င်း၊ အာရုံခံစားမှုမဖြစ်သော ဆံပင်၊ ခြေသည်း၊ လက်သည်း သွား စသည်မှတပါး၊ အခြားရုပ်ကာယတခုလုံး ပြန့်နှံ့၍ တည်ရှိသော ကာယပသာဒရုပ်ကြည်သည်၊ အပြင်အပဖြစ်သော အတွေ့ဖောဋ္ဌဗ္ဗနှင့်၎င်း၊ ဟဒယဝတ္ထုရုပ် (ဝါ) ဦးနှောက်၌ တည်ရှိသော မနောအကြည်ဓာတ်သည် ဓမ္မာရုံနှင့်၎င်း၊ အကြင်အခါ၌ ကြောင်းကျိုးကြိုက်ကြုံ၍ တိုက်ဆုံမိ၏။ ထိုအခါ ထိုခဏ၌ နားကကြားလျှင် သောတ ဝေဒနာဆိုတဲ့ နား၏ခံစားမှု ပေါ်ထွက်လာမြဲ ဖြစ်သည်။ နှာခေါင်းမှဆိုလျှင် ဃာနဝေဒနာဆိုတဲ့ နှာခေါင်း၏ ခံစားမှုထင်ရှားလာမြဲ ဖြစ်သည်။ လျှာဆိုလျှင် ဇိဝှာဝေဒနာဆိုတဲ့ ခံစားမှု ပေါက်ပွားလာမြဲ ဖြစ်သည်။ ကိုယ်အင်္ဂါဖြစ်လျှင် ကာယဝေဒနာဆိုတဲ့ ကိုယ်ကာယ၏ ခံစားမှု



ဖြစ်လာမြဲဖြစ်သည်။ နှလုံးဖြစ်လျှင် မနောဝေဒနာ (ဝါ) ဦးနှောက်၏ခံစားမှု မီးရှူးသန့်စင်မြဲဖြစ်သည်။

## ထုန်ထိုင်းမှုန်မှိုင်း

ဆိုလိုရင်းမှာ အတွင်း ပသာဒရုပ်ကြည် တခုခုနှင့် အပြင်အာရုံတမျိုးမျိုးတို့ တွေ့ထိမှုဆိုတဲ့ဖဿသဘောကြောင့် ခံစားမှုဆိုတဲ့ ဝေဒနာ သဘာဝဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။သတ္တဝါတဦး၏ ရုပ်ကာယရှိ ပသာဒရုပ်တို့သည် အကယ်၍ကား ထုန်ထိုင်း၍နေခဲ့ပြားအံ့။ အပြင်ပ ဖြစ်သော နူးညံ့တဲ့ (ဝါ) ကြမ်းတမ်းတဲ့အာရုံတခု၏ ရိုက်ခတ်မှုကို ခံယူခြင်းငှာမစွမ်းနိုင်ပေရာ၊ ယင်းသို့ မစွမ်းနိုင်ခြင်းကြောင့် ဖဿအဖြစ်သို့ မရောက်ခဲ့သော် ဝေဒနာဆိုတဲ့ သဘောတရားလဲမပေါ်ပေါက်နိုင်ချေ။ ပကတိမျက်စိမှုန်မှိုင်းနေသူ လူသားတယောက်သည် အနီးမှကပ်လျက်ရပ်နေတဲ့ ဆင်သတ္တဝါ၏အစိတ်အပိုင်းများကို ပြတ်သားစွာ မမြင်နိုင်သကဲ့သို့တည်း။ယင်းသို့ မမြင်နိုင်ခြင်းကြောင့် စက္ခုသမ္ဖဿဇာဝေဒနာ မဖြစ်တော့ချေ။ ဤနည်းကိုမှီ၍ သောတသမ္ဖဿဇာဝေဒနာ စသည်တို့၏ ဖြစ်ပုံကို မှတ်ယူရာ၏။

ဝေဒနာဆိုတဲ့ ခံစားမှုကား ရေပွက်နှင့်တူ၏။ ရေပွက်ဆိုသည်ကား မိုးပေါက်ကလေးတွေ၊သို့မဟုတ် ကျောက်ခဲ အုတ်ခဲ စသည် ရေပြင်သို့ ကျရောက်တဲ့အချိန်မှာ ရေမျက်နှာပြင်၌ ပေါ်ထင်လာသော ရေပွက်ကလေးတွေ ဖြစ်သည်။ ထိုရေပွက်ကလေး(ဝါ)ရေကွက်ကလေးတို့သည် ရေပြင်၌ ခေတ္တခဏသာ ရပ်တည်ပြီးနောက် ပျောက်ကွယ်၍သွားလေ့ရှိကြကုန်၏။ ထို

အချိန်ကလေး(ဝါ)ထိုကာလကလေးကို ဝေဒနာ၏ ခဏခေတ်ဟူ၍ ခေါ်ဆိုရလေသည်။

**ဆက်နေသော ခဏများ**

မဟာဘုတ် ရုပ် ရေပြင်ကြီးကား ကျယ် ဝန်း လှစွာ၏။ ပကတိ ရေပြင်ကြီးမှာ အိန္ဒိယသမုဒ္ဒရာ၊ အတ္တလန်တိတ်၊ ပစိဖိတ်သမုဒ္ဒရာစသည်ဖြင့် ရေအစိတ်အပိုင်းကြီးတွေ ကွဲပြားနေသကဲ့သို့ပင် မဟာဘုတ် ရုပ်ပြင်ကြီး၌လည်း စက္ခု ပင်လယ်၊ သောတပင်လယ် စသည်ဖြင့် ပင်လယ်ကြီးခြောက်ခုပမာ ရှိချေသည်။ ယင်းသို့ ရှိခြင်းကြောင့် ကွဲပြားခြားနားသောနယ်ပယ်ကို အစွဲပြုကာ အမည်အမျိုးမျိုး တပ်ဆင်အသုံးပြုကြ လေသည်။ ၎င်းတို့ကား ဌာနအမည်ပညတ်ကိုလိုက်၍ စွဲမှတ်ခေါ်ဆိုနေကြစေကာ ရေပြင်ကား တခုတည်းပင်တည်း။

စက္ခုရေပြင်သို့ ကျလာသောရုပ်ကို ရူပါရုံဟူ၍၎င်း၊ ထို့အတူ သောတရေပြင်၌ ကျရောက်တဲ့ ရုပ်ကို သဒ္ဒါရုံဟူ၍၎င်း၊ ဃာနရေပြင်၌ ထင်လာတဲ့ရုပ်ကို ဂန္ဓာရုံဟူ၍၎င်း၊ ဇိဝှာရေပြင်သို့ ကျရောက်လာတဲ့ရုပ်ကို ရသာရုံဟူ၍၎င်း၊ ကာယရေပြင်တွင် ထင်လာသောရုပ်ကို ဖောဋ္ဌဗ္ဗာရုံဟူ၍၎င်း၊ မန ရေပြင်တွင် ထင်လာတဲ့ရုပ်ကို ဓမ္မာရုံဟူ၍၎င်း ခေါ်ဆို သမုတ်၍ ထားကြလေသည်။ ဌာနနှင့် နာမ ပညတ်တို့ကို ဖြုတ်လိုက်လျှင် ရေတမျိုးတည်းသာ တည်ရှိတော့သလို အဆုံးတွင် လုပ်ငန်းကိစ္စများကို အမှီအစွဲပြု၍ခေါ်ဆိုကြတဲ့ စက္ခု, သောတစတဲ့ နာမ



ပညတ်တို့ကို ဖြုတ်ပစ်လိုက်လျှင် ဘူတရုပ်တမျိုးတည်း သက်သက်သာ ကျန်ရှိ၍နေပေလိမ့်မည်။

စက္ခုဆိုတဲ့ အတွင်းရုပ်ကြည်နှင့် ရူပဆိုတဲ့ အပြင်ရုပ် နှစ်ခု တိုက်ဆိုင်မိကြရာ၌ အဘယ့်ကြောင့် အတွင်းစက္ခုရုပ်တွင်သာ သိမှုဝိညာဉ် ဝင်ရောက်လာသနည်း။ အဘယ့်ကြောင့် ရူပရုပ်တွင် ဝိညာဏခေတ် မယှဉ်မကပ်ချေသနည်း။ အေး....ဖြေရချေအုံး။

**အာယုခေတ်**

စက္ခုရုပ်ကား ပသာဒ စာရင်းဝင်ဖြစ်၍ နူးညံ့ သိမ်မွေ့သော ရုပ်ကြည်တခုဖြစ်သည်။ ၎င်းရုပ်မှာ ဥသ္မာ–တေဇောဆိုတဲ့ အပူခေတ်ဖြင့်ပေါင်း၍ အာယု(ဝါ)အသက်ဆိုတဲ့ ဘွဲ့ထူးနာမထူးကို ခံယူတဲ့ ဝါယောခေတ်ရှိသည်။ ထို့ပြင် ၎င်းစက္ခုပသာဒရုပ်မှာ ပူနွေးနွေးကလေးနေတဲ့ ဥသ္မာ(ဝါ)အငွေ့ခေတ်သည် မပြတ်အစဉ်ကပ်လျက်ရှိသည်။ ဤသို့ အာယုခေတ် ခေါ်တဲ့ အသက်နှင့်ဥသ္မာဆိုတဲ့အငွေ့ခေတ် အမြဲတမ်း ယှဉ်ကပ်လျက်ရှိနေခြင်းကြောင့် စက္ခုဆိုတဲ့ မျက်စိရုပ်တွင်ဝိညာဉ်ဆိုတဲ့ အသိခေတ် ကိန်းဝပ်လာခြင်းဖြစ်သည်။

လိုရင်းမှာ အာယုနှင့် ဥသ္မာခေတ် ယှဉ်ကပ်သော ကတ္တားသတ္တဝါ၏ ပသာဒရုပ်ကြည်မှာသာလျှင် ဝိညာဏဆိုတဲ့ အသိခေတ်ကို ထပ်ဆင်နိုင်၍ ဗဟိဒ္ဓအပြင်ရှိ ကမ်ဖြစ်ရုပ် တို့တွင် ၎င်းကို မတပ်မဆင် မတပ်မယှဉ်နိုင်ဟု ဆိုလိုသည်။

ဤသို့ဖြစ်ရာ ဝေဒနာဆိုတဲ့ ခံစားမှုမှာ အတွင်း–အပ ရုပ်နှစ်ခုတို့ ထိခိုက်မိသောအခါမှ ပေါ်ထွက်လာတဲ့ နာမ်

သဘောတရားဖြစ်သည်။ ထို့ကြောင့် ၎င်းကို ခေတ္တစည်သည်ဟူ၍လည်း ခေါ်ဆိုနိုင်သည်။ ထိုသို့ခေတ္တ ခဏကလေးသာဖြစ်ပွားပေါ်ပေါက်၍ လာတတ်သော သဘောတရားဖြစ်ခြင်းကြောင့် ထိုဝေဒနာသည် တည်မြဲစွာ ရှိသည်ဆိုတဲ့ အတ္တလဲ မဟုတ်နိုင်တဲ့အပြင် ထိုသည့်ဝေဒနာဆိုတဲ့ ခံစားမှုသဘောတရားအတွင်း၌လည်း ကိန်းဝပ်၍ မတည်ရှိနိုင်တော့ချေ။

သညာက္ခန္ဓာ

မှတ်သားမှုကို ပါဠိဘာသာ အားဖြင့် သညာဟု ခေါ်သည်။သို့ရာတွင် ထိုသညာဆိုတဲ့ ပါဠိစကားလုံးသည် မြန်မာနိုင်ငံတော်၌ လူအသုံး များသောကြောင့် တိုင်းရင်းဘာသာစာလုံးလိုပင် မြန်မာစကားအဖြစ်သို့ ရောက်ရှိ၍ နေချေပြီ။ ၎င်းကား နာမ်သဘောတရား ဖြစ်ရာ ဘာကို မှတ်သနည်း၊ (ဝါ) ဘယ်ပုံမှတ်သနည်း၊ ရုပ်တရား တို့သည် အသက်၌ ဖော်ထုတ်ခဲ့တဲ့ အတိုင်း အစ္စတ္တနှင့် ဗဟိဒ္ဓ(ဝါ) အတွင်းရုပ်နှင့် အပြင်ရုပ်ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားလျက် တည်ရှိကြကုန်၏။ အကြင်အခါ "အတွင်းရုပ်"သည် "အပြင်ရုပ်" နှင့် တိုက်မိ၏။ထိုအခါ ခံစားမှုပေါ်ကြောင်းကို ကျွန်ုပ်တို့ သိခဲ့ကြပြီ။ ယင်းသို့ ပေါ်ပေါက်လာသော ဝေဒနာဆိုတဲ့ ခံစားမှုကား ရေပွက်ပမာ ခဏတာမျှသာ တည်ရှိပြီး ပျောက်၍သွားမြဲဖြစ်သည်။ မျက်စိ၌ မြင်သောခံစားမှု၊နား၌ပေါ်သော ခံစားမှု၊ နှာခေါင်း၌ဝင်သော ခံစားမှု၊ လျှာ၌ ထင်သော



ခံစားမှု၊ ကိုယ်၌ဖြစ်သော ခံစားမှုဟူသမျှလဲ သက်ဆိုးရှည်တဲ့ သဘာဝများ မဟုတ်ကြချေ။

၎င်းခံစားမှုများကို နာမပညတ် တပ်ဆင်မှုကား သညာ၏ လုပ်ငန်းကိစ္စတရပ်ပင်။ အချို့ဆိုတဲ့ ခံစားမှုတရပ်ကို ကြည့်ပါဦး၊ ထိုခံစားမှုတခုကို အခြေပြုကာ သကြား-ကြံသကာမှ တဆင့်တက်ခါ ကြံပင်ဆိုတဲ့ ဖြပ်ကို၎င်း၊ ထန်းလျက်မှ တဆင့်တက်ခါ ထန်းပင် ပေပင်ဖြပ်များကို၎င်း မှတ်သား နိုင်လေသည်။ ယင်းသို့ မှတ်သားခြင်းကြောင့် စ-သ-ဆ-ဇ-က-ဟ တို့၌ ထင်တပ်မိတဲ့ အာရုံကို အမှီပြုကာ ဖြစ်ပေါ်လာတဲ့ ရေပွက်ပမာ ခဏတာမျှဖြစ်သော ခံစားမှုတို့သည် ဤသညာ၏ အကူဖြင့်သာ သက်တော်ရှည်တာဝသို့ ဆိုက်ရောက်ကြကုန်သည်။ တရားကိုယ်အရကား ဝေဒနာဆိုတဲ့ ခံစားမှုတွင် အဆုံးသတ်ရန် (ဝါ) ရပ်ဆိုင်းရန် ဖြစ်သည်။ သညာကို အလုပ်ပေးပြီး မှတ်သားမှုတွေ မပေါက်ပွားဘို့ အားထုတ်ကြရန် ဖြစ်သည်။ လိုရင်းမှာ ကာမအာရုံဖြစ်တဲ့ ရုပ်တရားတွေကို ကာမအနေဖြင့် နိုင်နိုင်မြဲမြဲ အသိစွဲအောင် ကာမစွဲ မှတ်မထားနှင့်ဟု ဆိုလိုသည်။ အဘယ်ကြောင့်နည်း၊ အခြားတဖက်ကို ကြည့်လိုက်တဲ့အခါ သညာဆိုတဲ့ မှတ်သားမှုတွေ တိုးပွား လာလျှင် ထိုသို့ တိုးပွား လာတဲ့ သညာ တွေကို အကြောင်းအကျိုး ကိုက်ညီအောင် ဆင်ခြင်နိုင်ပါလျှင် ထိုသညာ အပေါင်းအစုသည် ပညာအဆင့်သို့ ရင့်ကျက်ပြီး တက်သွားနိုင်သောကြောင့် ဖြစ်သည်။

ကာမဂုဏ်ကား– ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူ၍ ငါးမျိုးရှိသည်။ ဤငါးမျိုးတို့၏ ဓာတ်သား အစစ် ပရမတ်အနှစ်ကို ဆုပ်ကိုင်နိုင်လျှင် ၎င်းတို့သည် ရုပ်သိုင် ရုပ်ခဲတို့သာ ဖြစ်ကြကြောင်း တွေ့ရမည်။ သို့ရာတွင် ၎င်းတို့ကို ရူပ (ဝါ) အဆင်း ဟူ၍၎င်း၊ သဒ္ဒ (ဝါ) အသံ ဟူ၍၎င်း၊ ဂန္ဓ (ဝါ) အနံ့ဟူ၍၎င်း၊ ရသ (ဝါ) အရသာ ဟူ၍၎င်း၊ ဖောဋ္ဌဗ္ဗ (ဝါ) အတွေ့ဟူ၍၎င်း၊ အမည်နာမ တပ်ဆင်မှုကား သညာ၏ လုပ်ငန်းပင်။

**သညာက လုပ်ပုံ**

ထိုမှတပါး ထူးခြားသောသညာ၏ လုပ်ငန်းတရပ် ရှိသေး သည်။ ၎င်းကား အခြားမဟုတ်၊ အဖြစ်ဆိုတဲ့ တရားတခု ထည်းကို၎င်း၏ အကြောင်းနှင့်အကျိုးအားလျော်စွာ လောဘ၊ ဒေါသ၊ မောဟ စသည်ဖြင့် တပ်ဆင်၍ ပေးတတ်ခြင်းပင် ဖြစ်သည်။

သို့ဖြစ်ရာ သညာသည် အကောင်အထည် ဖြပ်ရှိတဲ့ ရုပ် တရား အမျိုးမျိုးကို၎င်း၊ ထို့ပြင် ဖြပ် အကောင်အထည် မရှိ သော အဖြစ် နာမ်တရား အစားစားကို၎င်း၊ အမည်နာမ တပ်ဆင်၍ ပေးတတ်လေသည်။ ဤသို့အားဖြင့် အရှိရုပ် တရားကို နာမည်ပေးမှုနှင့် အဖြစ်နာမ်ဓာတ်ကို တပ်ဆင်မှု ဆိုတဲ့ သညာ၏လုပ်ငန်းနှစ်ရပ်ကို အချင်းချင်း မရောစပ်မိစေ ရန် အထူးသတိချပ်ဘို့လိုသည်။ အဆင်းအရောင်၊ ပုံသဏ္ဌာန် အနေအထား စသည်တို့ကို အမှီပြုလျက် အရှိပရမတ်ကို အမည်



တပ်ဆင်၍ပေးသည်။ ထို့ပြင် အဖြစ်ပရမတ်ကို အမည်နာမ တပ်ဆင်ရာ၌မူကား၊ ဖြစ်ပေါ်လာတဲ့ သဘောသွားလာမှုဟာ ကို အမှီအပဲ ပြုမှဖြစ်သည်။ ဤသို့အားဖြင့် ရုပ်ပရမတ်ကို ရုပ်သားစစ်စစ်ဟု မှတ်ယူမှုနှင့်တကွ အဖြစ် နာမ် ပရမတ်ကို လည်း အဖြစ်ပရမတ် စစ်စစ်ဟု မှတ်မှုတို့ကား တိမှန်ရသော သညာ၏ လုပ်ငန်းတို့ဖြစ်သည်။

**အထည်ဖြပ်နှင့် ပညတ်**

ရုပ်အထည်ဖြပ်နှင့် အမည်ပညတ် မတပ်မီ မထင်မီတဲ့ သဘောကို "သညာဝိပလ္လာသ" ဟုခေါ်သည်။ ဥပမာ ကြက်တူရွေး တကောင်သည် အပွင့်မြိုင်မြိုင် ပွင့်နေသော ပေါက်ပင်ထက်တွင် နားနေရာ၏။ ပေါက်ပင်၏ အရွက် များများနှင့် ကျေးသား၏ အမြီး အတောင် တို့သည်၎င်း၊ ပေါက်ပင်ပွင့်နှင့် ကျေးသား၏ နှုတ်သီးတို့သည်၎င်း၊ ခွဲခြား၍ မရနိုင်အောင် တူသော အရောင်ကို ဆောင်လျက်နေကြကုန်၏။ ထိုအခါ ပိတုန်း တကောင်သည် ပေါက်ပန်း၏ ဝတ်ရည်ကို စုပ်ယူရန် တဝီဝီ အသံပေးကာ ပျံဝဲ၍ လာရာ၏။ ပိတုန်း၏ စိတ်တွင် ကျေးသား၏နှုတ်သီးကို ပေါက်ပွင့်အစစ် ဖြစ်သည် ဟု ထင်မှတ်ခြင်းကြောင့် တဖြည်းဖြည်း ကျေးသား၏ နှုတ်သီး အနီးသို့ ပျံဝဲကာ ချဉ်းကပ်လေပြီ။ ကျေးသားတမူ မိမိ၏ နှုတ်သီးအနီးသို့ လှည့်ကာ ပတ်ကာ ရစ်ဝဲလာသော ပိတုန်း ကောင်ကို ဇမ္ဗူသပြေသီးအမှည့်ကြီးဟု မှတ်ယူပြီးလျှင် မိမိ၏ နှုတ်သီးကို ဖွင့်ဟ၍ထားရှာလေပြီ။ ပိတုန်းကလည်း နုတ်တို့ပန်

ရေကန်အသင့် ကြာအသင့်ဆိုသလို သဘောပိုက်ပြီးလျှင် ဖွင့်ဟထားသော ကျေးသား၏ နှုတ်သီးတွင် နားခါ၊ ပန်းဝတ်ရည်ကို အတင်းစုတ်ယူလေတော့သည်။ ကျေးသားကလဲ စားရက်ကြံ့လို့ မှတ်ဆိတ် ပျားစွဲလာသည်ဟု ထင်မှတ်ကာ သပြေသီးမှည့်ကြီးကို အတင်း နှုတ်သီးဖြင့် ကြိတ်ချေလေတော့သည်။ ယင်းသို့ တကောင်နှင့် တကောင် အထင် မှားကာ အလွှတ်မပေးပဲ ဇွတ်အတင်း ထိုးစုတ်ခြင်း၊ ကြိတ်ချေခြင်းကို ပြုလုပ်ရင်းနှင့်ပင် နှစ်ယောက်စလုံး ဘဝအဆုံးသို့ ရောက်ခဲ့ကြလေသည်။ ဤဥပမာအတိုင်းပင် ဝတ္ထုအထည်ကိုယ် ခြပ်နှင့် သညာပညတ် မဟာတီမိ မစပ်မိခဲ့သော်၊ ပိတုံးနှင့် ကျေးသားကဲ့သို့ ကြီးမားသော ဆင်းရဲသို့ ကျရောက်တတ်ချေသည်။ ထို့ကြောင့် "သညာဝိပ္ပလ္လာသ" ဆိုတဲ့ အမှတ်မှားမှုကို သတိပြု၍ ရှောင်ရှားကြကုန်၏။ ကိုယ့်သညာကို ကိုယ်မပိုင်သဖြင့် အတ္တသဘော မခေါ်ဆိုနိုင်ရာ– အနတ္တ၏သဘော လက္ခဏာ ထင်ရှား၍ သညာဝိပ္ပလ္လာသ ဖြစ်ရသည်ဟုလို့....။

### သင်္ခါရက္ခန္ဓာ

သင်္ခါရကား၊ ရုပ်သင်္ခါရနှင့် နာမ်သင်္ခါရဟူ၍ နှစ်မျိုးနှစ်စား ရှိသည်။ ရုပ်သင်္ခါရကို "ပုံထုတ်မှု" ဟု မြန်မာပြန်ဆိုနိုင်သည်။ သင်္ခါရက္ခန္ဓာ၌ ရေတွက်အပ်သော နာမ်သင်္ခါရကား၊ အဖြစ်ပရမတ်၏ သဘောလက္ခဏာတို့ကို အမည်မှည့်၍ ပေးခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ စက္ခုပသာဒဟု ဆိုအပ်သော မျက်စိ ရုပ်ကြည်သည် အကြင်အခါ၌ လောဘနေယျ အာရုံ



နှင့် တိုက်ဆိုင်မိ၏။ ထိုအခါ သတိသမ္ပဇဉ် ကင်းလွတ်ခဲ့လျှင် လောဘ–တရား ဖွားကနဲဖြစ်ပေါ်လာတတ်သည်။ ထို့အတူ ကျွန်ုပ်တို့၏ မျက်စိသည် အကြင်အခါ ဒေါသနေယျ အာရုံတို့နှင့် ကြိုက်ကြုံမိ၏။ တိုက်ဆုံမိ၏။ ထိုအခါ ယောနိသော မနသိကာရဆိုတဲ့ အသင့်အတင့် နှလုံးသွင်းမှု မရှိခဲ့လျှင် ဒေါသတရားတွေအဖွားဖွား တသက်သက်ပေါ်ထွက်၍လာတတ်သည်။

ဆိုလိုရင်းကား ကျွန်ုပ်တို့၏ ရုပ်ကာယတွင် အကြုံးဝင်သော ပသာဒရုပ်တို့သည် အကြောင်းအားလျော်စွာ အပြင်ရုပ်တို့နှင့် အကြင်အခါ၌ တိုက်ဆုံမိကြကုန်၏။ ထိုခဏ၌ ဖြစ်ပေါ်လာသော စိတ်၏ အခိုက်အတန့် လက္ခဏာကို နှုတ်ဖြင့်ခေါ်တွင်စရာ ဖြစ်လာအောင် အမည်နာမ တပ်ဆင်၍ ပေးခြင်းပင်တည်း။ ယင်းသို့ အမည်အမျိုးမျိုးကိုဆောင်ကြကုန်သော နာမ်သင်္ခါရ တရားတို့ကား အဖြစ်သဘောကလေးကို အမှီအစွဲ သဟဲပြုကာ ဖြစ်ပေါ်၍လာတဲ့ သဘာဝတွေဖြစ်ခြင်းကြောင့် အတ္တလည်း မဟုတ်နိုင်တဲ့အပြင် ၎င်းတို့တွင် အတ္တလည်း အတွင်းဝင်၍ မတည်နိုင်ချေ။ အစဉ်တစိုက် ဖြစ်ချင်သလိုဖြစ်ခါ ပြုပြင် ပြောင်းလဲနေသော သင်္ခါရ၏နယ်၌ တည်တံ့ခိုင်ခန့်နေသော အတ္တဆိုတဲ့သဘောကို ရှာရန်မှာ ယုန်ရှိုထက်ပင်ခက်ပေလိမ့်မည်တည်း။

### ဝိညာဏက္ခန္ဓာ

ရုပ်နှင့်နာမ်၊ သို့မဟုတ် စိတ်နှင့်ရုပ်တို့၏ ဆက်သွယ်ပုံကား ဆန်းပြားလှ၏။ နာမ်ဝါဒီတို့၏ စိတ်နှင့်ပတ်သက်သော ယူဆပုံကို ရှေးဦးစွာ ဖော်ပြပေအံ့။

နာမ်ဓါတ်တို့၏ အလိုအားဖြင့် နာမ်၏ လုပ်ငန်းများသည် ရုပ်ကာယနှင့် သီးခြားတည်ရှိသော စိတ်၏လုပ်ငန်းများ ဖြစ်သည်။ သို့ရာတွင် ရုပ်ဓါတ်တို့၏ အယူအားဖြင့်မူကား နာမ်နှင့်ဆိုင်ရာ လုပ်ငန်းများသည် အလွန် တိုးတက်နေသော ဦးနှောက်ဆိုတဲ့ရုပ်တရား၏ လုပ်ငန်းများဖြစ်ကြကုန်၏။ နာမ်နှင့်ဆိုင်သော ဖြစ်စဉ်များသည် ဦးနှောက်နှင့်ဆိုင်သောဖြစ်စဉ်များပင်(ဝါ) ရုပ်ပစ္စည်းဖြစ်သော ကိုယ်အင်္ဂါတရပ်၏ ဖြစ်စဉ်သာလျှင်ဖြစ်၏။

နာမ်ဖြစ်စဉ်တို့၏ အရေးကြီးသော သွင်ပြင်လက္ခဏာကား မြင်,ကြား,နံ,ခံ,တွေ့ စသော ဖြစ်စဉ်များ၏ အကူအညီဖြင့် သက်ရှိသတ္တဝါသည် မိမိ၏ ပတ်ဝန်းကျင် အခြေအနေများနှင့် ထူးခြားရှုပ်ထွေးသော အဆက်အသွယ် များကို အမြဲ တစေ တည်ဆောက်၍ နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အရာဝတ္ထုများကို တွေ့မြင်သောအခါ ဦးနှောက်၏ စဉ်းစားတွေးတောမှုဖြင့် ကျွန်ုပ်တို့ကိုယ်ကို ဗဟိဒ္ဓအာရုံများနှင့် အဆက်အသွယ်ပြုလုပ်နေခြင်းဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် အရာဝတ္ထုများ၏ အကြောင်းကို စဉ်းစားသောအခါ ဦးနှောက်၏ လုပ်ငန်းဖြစ်သော စဉ်းစားတွေးတောမှုဖြင့်အမြင်အာရုံများကို ဆုံစည်းနေရခြင်းဖြစ်လေသည်။

ဝိညာဉ်သည် နာမ်၊ သို့မဟုတ် စိတ်ဖြစ်မှုနှင့်သက်ဆိုင်သည်။ ကျွန်ုပ်တို့ ဝိညာဉ်၏ အကြောင်းအရာကို ဖော်ပြရန် အလို့ငှာ အတွင်းဘက်သို့ ကြည့်ရှုသောစံနစ်ကို အမှီပြုလေသည်။ ၎င်း-



ကား ထွက်သက် ဝင်သက်နှင့် အာရုံနှင့် အာရမဏိက တို့၏ အတိုက်အခံဖြစ်သောအရာသာ ဖြစ်သည်။

## ဝိညာဉ်သည် အသက်

ခေတ်သစ်စိတ်ပညာဆိုင်ရာ၌ အတွင်းသဘာဝကို ကြည့်ရှုရန် အသုံးပြုတဲ့ ဥဒါဟရုဏ်ကား စိတ်ကိုခွဲခြမ်းစိပ်ဖြာမှုပင် ဖြစ်သည်။ စိတ်ကို ခွဲခြမ်းစိပ်ဖြာမှုကား လူမမာနှင့် စိတ်ပညာဆရာတို့ ပူးပေါင်းဆောင်ရွက်မှုနှင့် အသုံးပြုအပ်သော နည်းသစ်နည်းဆန်းတရပ် ဖြစ်သည်။ လူမမာအား သူ၏စိတ်၌ဖြစ်ပေါ်လာသမျှကို အစီရင်ခံရန် သူ၏အိပ်မက်များနှင့် အခြားစိတ်ကူးများကို ထုတ်ဖော်ပြောဆိုရန် သွေးဆောင်ခြင်းဖြင့် စိတ်ပညာဆရာသည် ဝိညာဏခေတ်၏အောက်၌ အဝိညာဏ နယ်ပယ်ကို တွေ့ရှိသည်ဟု ဆိုသည်။ ထို့ကြောင့် စိတ်၏ အစိတ်အပိုင်းများ ပေါ်ထွက်လာရှာနဖြစ်သည်။ ၎င်းတို့၏ လုပ်ငန်းများ ဆိုတဲ့ အနုမာနများကို နာမ်ဟူ၍ ဖော်ထုတ်ကြသည်။ ဝိညာဉ်ကို အမြင် ကမ္ဘာလောကနှင့် အဆက်အသွယ်ရှိသော အရာဖြစ်သည်ဟု မှတ်ယူလျက် နာမ်အဘိဓမ္မာဆရာများ၊ စိတ်ပညာ ဆရာများက အတ္တဟု ဆိုနေကြ၏။ သို့ရာတွင် သူသည် ရုပ်နာမ် ထဲက ခန္ဓာတခုသာဖြစ်ရာ ရုပ်နာမ်ချုပ်သောအခါ သူပါ ချုပ်သွားလေသည်။ အမှန်ကား အသက်ဟူ၍ သက်သက်မျှ ဖြစ်သည်။

နာမ်အဘိဓမ္မာ ဆရာများတို့သည် ဝိညာဏခေတ်၌အကြွင်းဝင်သော သညာနှင့် အနုမာနများကို ထူးခြားသောအရာများ ဖြစ်သည်ဟု မှတ်ယူကြကုန်၏။ ၎င်းတို့သည် ကျွန်ုပ်တို့၏ဝိညာဏ

ခတ် အမြင်ဘက်၌ရှိသော ရုပ်ပစ္စည်းအရာဝတ္ထုများနှင့် ကင်းသော သီးသန့်တည်ရှိတဲ့ စိတ်သဘာဝ ဖြစ်သည်ဟု ယူဆကြကုန်၏။

ဤသို့လည်း မဟုတ်နိုင်ပေ။ ထွက်သက်ဝင်သက်ကို မပျက်အောင် ဆောင်ရွက်နေသော တေဇောခတ်နှင့် ဝါယောခတ် ၂-မျိုးပေါင်းထားသည့် အရာသာဖြစ်ပေသည်။ ထို့ကြောင့် အသက်မှတပါး အခြားမဟုတ်ချေ။ အာရုံ ၆-ပါး နိုးကြားကြည်လင်နေလျှင်လည်း ဝိညာဉ်ဆိုနိုင်ပြန်သည်။ သို့ရာတွင် သူ့ချည်းကား ဘာမျှသိသောသဘောမရှိပေ။ ဝေဒနာ သညာ-သင်္ခါရတို့နှင့် ပေါင်းမိမှ စိတ်ဟူ၍ ဖြစ် လာ သော အရောအဖက်သဘောမျှ ဖြစ်သည်။

ဤအထက်ပါတို့ကား ဗုဒ္ဓ၏ အနတ္တဆိုင်ရာမှ အခိုင်အမာ ဟောဆိုတော်မူခဲ့တဲ့ တရားတော်ကို တိုတိုတုတ်တုတ်နှင့် လိုရင်းချုပ်၍ ပြလိုက်ခြင်းမျှ ဖြစ်၏။

သို့ရာတွင် ဤသို့ရှင်းရုံမျှနှင့်အနတ္တ၏ ပိုင်စိုးမှု မရှိသော သဘောအနက်ကို ကေန်အမှန် အမြင်ပေါက် အလင်းရောက်နိုင်ကြဦးမည် မဟုတ်ကြသေးပေ။

ထို့ကြောင့် ယခု ကျွန်ုပ်တို့သည် နေ့စဉ် မြင်တွေ့ ခံစားနေရသော ပစ္စက္ခလောက မျက်မှောက် လက်ငင်းဘဝသည် အဆုံးမထင်-မပြတ်အစဉ် ကျင်လည်နေရသော သံသရာခရီးပါတကားဟု အထင်အရှား အနက်အဓိပ္ပာယ်ပြည့်ဝစေရန် ထပ်မံ စောကြောကြဦးစို့။



## မဟာဘူတသည် မူလ

ဤသည့်စကြာဝဠာသည် ပထဝီ-အာပေါ-တေဇော-ဝါယော ခေါ်တဲ့ ဓာတ်ကြီးလေးပါးကို အရင်းခံ၍သာလျှင် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဗုဒ္ဓဘုရားရှင် ဟောညွှန်ခဲ့သည်ကို အကြမ်းဖျဉ်းမျှ သဘောရရုံ ကျွန်ုပ်တို့ ထုတ်ဖော်ခဲ့ပြီးဖြစ်သည်။

ယင်းစကြာဝဠာ၏ အဆက်အနွယ် ဤကမ္ဘာမြေထုသည်လည်း ထိုသည့် ဘူတရုပ်ကြီး၄-ပါး၏အစုအဝေး ရုပ်ဝတ္ထုတို့မှတပါး၊ အခြားဘာမျှမရှိ ဖြစ်ချေသည်။

သို့ဖြစ်လျှင် ဤဘူတရုပ်ဖြစ်သော ရုပ်ချည်းသက်သက် ဖြစ်တဲ့ ( ပအာဝတေ ) ဓာတ် လေးတွေသည် အသို့လျှင် ဤကမ္ဘာ၏ သက်ရှိလောကကို ဖန်တီးပေါ်ပေါက် စေလေသနည်းဟူသော ပြဿနာမှာ အခက်တကာတို့၌ သရဖူ ဆောင်း၍နေလေသည်။

ထို့ကြောင့် ဤနေရာ၌ ကျွန်ုပ်တို့စကားလုံးနှင့် အတိုချုံး၍ခေါ်ထားသော (ပအာဝတေ) ဓာတ်လေးတွေ၏ တခုစီ တခုစီဖြစ်တဲ့ အနမာနအသီးသီးကို ကျနသေချာစွာ ပထမ ဖော်ထုတ်ကြည့်ကြရန် လိုချေသည်။

ယင်းဘူတရုပ်တို့အား ဝိဇ္ဇာဆရာသမား ဟူးယားတို့က အနက်ကောက် ပြန်ဆိုထားတဲ့ "ခက်မာပထဝီ၊ ယိုစီးအာပေါ၊ လှုပ်ရှား ဝါယော၊ ပူအေး တေဇော...."ဆိုတဲ့ အဓိပ္ပာယ်ကို လွယ်လွယ်နှင့် သဘောပေါက်ကြရန် မ ခ က် စေ က ာ မူ၊

အနတ္တ သဘာဝကို တကယ်ဖြစ်နိုင်တဲ့ သရုပ်ဧကန်ဟူ၍ကား အမှန်မဆိုနိုင်သေးပေ။

ထို့ကြောင့် ရှင်းသည်ထက်ရှင်းရန် လင်းကြဦးမှ တော်ချိမ့်မည်။

(၁) ပထဝီသည် ခြပ်သဘောကို ဖြစ်ပေါ်စေတတ်တဲ့ သတ္တိသာလျှင်ဖြစ်၏။ အချို့က ပထဝီကို 'မြေ' ဟု မြန်ဆိုထားကြရာ၊ ကြားရသူအများက မြေကိုစွဲထားသော အာရုံဖြင့် မြူဖြစ်သောခြပ်ကို မြင်တွေ့လျှင် ပထဝီဟုမထင်။ မြေမှုန့်မြေခဲကို တွေ့မှသာ ပထဝီဟု မှတ်မှား ယောင်ဝါးသွားကြလေရာ၊ ဤမှစ၍ အကြမ်းစားမြေသား၏ ဟိုဘက်ကရှိတဲ့ သတ္တိ(ဓါ)အနုမြူထိ ပထဝီဟူ၍ မပေါက်မရောက်ကြတော့ချေ။

ဤမှစ၍ မြင်တွေ့နေရကြသမျှ အထွေထွေ အစုစုသော ရုပ်ဝတ္ထုအားလုံး သက်ရှိသက်မဲ့ တလောကလုံးသည် မြူတို့၏ စုပေါင်းဖွဲ့စည်းထားတဲ့ ခြပ်သဏ္ဌာန် ဥပါဒါန် ရုပ်စုများ သက်သက်ပါကလားဟူ၍ မစွဲမထင်–အမှန်ကိုမြင်ရန် ခဲယဉ်းကုန်ကြချေတော့သည်။

မြေမှုန့်သည်ပင် မြူတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားရာ ခြပ်သာ ဖြစ်သည်မဟုတ်လော။

ထို့ကြောင့် ပထဝီဆိုလျှင် မြူမှုန်သမျှ ပရမာ အနုမြူထိ ခြပ်သဘောဖွဲ့ထားတဲ့ မြူသာလျှင် ပါကလားဟု အမှန်ထိ ရောက် သဘောပေါက်ထားကြကုန်ရာသည်။



ထိုပထဝီမြူ၏ သတ္တိကား မြူဆိုင်မြူခဲစုံပေါင်း၍ အမြင်ခံ အကိုင်အထိခံ ဒုထည် ခြပ်ရုပ်ခဲ ရုပ်လုံး ပုံသဏ္ဌာန်များအဖြစ် ပေါ်ပေါက်စေနိုင်ခြင်းသာ ဖြစ်သည်ဟူ၍ ပြတ်သားစွာ စွဲထားကြရန် ဖြစ်သည်။

ထိုထိုသော အထည်ခြပ်ဒုရှိသော သက်ရှိသက်မဲ့ အားလုံးသော ရုပ်ဝတ္ထုအစုစုတို့ ကြေပျက်ခဲ့သော်၎င်း၊ ချေဖျက်လိုက်သော်၎င်း၊ ထိုသည့်ဒြပ်တို့၏ နောက်ဆုံးဖြစ်ရာ အန္တိမကား မြူသာလျှင် ကြွင်း၍ ဖြစ်ကြရခြင်းသာတည်း။

ထိုပထဝီဓာတ်၏ ပင်ကိုယ်မူလကား သက်မဲ့(ဓါ)ဓာတ်သရုပ်ဖြစ်သည်။

(၂) အာပေါဓာတ် ရေဓာတ်သည် လူတိုင်းသိကြသော ရေအရည်တို့၌ ဦးစီးသော ဖွဲ့စည်း ရုပ်ဓာတ်ပင်ဖြစ်၏။ ထိုရေဓာတ်သည် ရေအပြင်ကြီးအဖြစ်၎င်း၊ အခိုးအငွေ့အဖြစ်၎င်း၊ ရေစိုင် ရေခဲများအဖြစ်၎င်း တည်နိုင်၏။ မည်သည့်အသွင် သဏ္ဌာန်၌ဖြစ်စေ–ရုပ်သားအဖြစ်ကေန်မြင်တွေ့ကိုင်တွယ်နိုင်၏။

သူ့သတ္တိကား ဖွဲ့စည်းခြင်း သဘောဖြစ်သည်။ အာပေါဓာတ်ကို ဇလာဗေဒနည်းအရအားလည်း ဖြစ်နိုင်သည်။ယိုစီးသော သဘောလည်း ရှိသောကြောင့် ထို ယိုစီးမှုသည်ပင် အားအဖြစ် အရှိန်ကိုဖြစ်စေနိုင်သည်။

ပင်လယ် သမုဒ္ဒရာတို့မှ တက်လာကာ ရွာချလိုက်သော မိုးရေတို့ကြောင့် ပေါက်လာသော သီးပင် ပွင့်ပင် တို့သည်

လူသတ္တဝါတို့၏ အစာအဟာရ ဖြစ်လာကြလေသည်။ ထိုအဟာရတို့၌ပါသော အရည်ကလပ်စသည် သမုဒ္ဒရာမှ ရေပါတကား။ ထိုသမုဒ္ဒရာ ရေတို့သည်လည်း အာပေါဓာတ်တို့၏ စုဝေးရာပါတကား၊ ထိုအာပေါဓာတ်သည် အငွေ့အဖြစ် အစဉ် ဤကမ္ဘာ၌ ပျံ့လျက်၊ အရာဝတ္ထုရုပ်အစုအားလုံး၌ ရှိပါကလားဟူသော အသိကို ရောက်ရန်လို၏။

အာပေါဓာတ်၏ ဖွဲ့စည်းမှုနှင့် မကင်းကြကုန်တဲ့ သက်ရှိသက်မဲ့ အားလုံးသော ရုပ်ဝတ္ထု အထည်ဒြပ်တို့ ကြေပျက်လျှင်၊ သို့မဟုတ် ချေပျက်လျှင် အသေးအရည် အားလုံး၏ နောက်ဆုံး အန္တိမကား အာပေါဓာတ်၌သာ နိဂုံးချုပ်ပါတကားဟု သဘော ပေါက်ထားကြရာမှ အမှန်သိ အမှန်မြင်ထက်သို့ ရှုမှတ်နိုင်ကြချေမည်။

ထိုသည့် အာပေါဓာတ်၏ ပင်ကိုယ်မူလမှာ သက်မဲ့ရုပ်၊ (ဝါ)ဓာတ်သေ ဖြစ်လေသည်။

(၃) ဝါယောဓာတ်၊ ၎င်းကား သဏ္ဌာန်ထင်ရှားမမြင်ရစေကာမူ၊ ထိတွေ့စမ်းသပ်၍ ကောင်းစွာ တွေ့နိုင်သော ဓာတ်သားဖြစ်၏။ လေကို စီပေါင်း၍၎င်း၊ လေလုံး၌၎င်း သွင်းယူပြီးနောက် ဒွဒယ်ဖြစ်ခါ ဝန်လေးများကိုပင် ခုခံထမ်းထားနိုင်သောကြောင့် ရုပ်သားဖြစ်သည်။

ဒြပ်အဖြစ် သဏ္ဌာန်အမှန် မမြင်ရရုံမှတပါး၊ ထင်ရှားစမ်းယူ တွေ့ထိနိုင်သောကြောင့် ရုပ်အစစ်သာလျှင် ဖြစ်ကြောင်း ကောင်းစွာသဘောပေါက်နိုင်၏။



သူ့ သတ္တိကား လှုပ်ရှားနေသော အင်အားပင် ဖြစ်သည်။ မုန်တိုင်း အဖြစ်ဆင်းလာသောအခါ အကြီးဆုံးသော အားများအဖြစ် မြို့ရွာများကို မဆိုထားဘိ- တောတောင်များကိုသော်မျှ ရွှေ့လျားပြန့်လွင့် သွားစေနိုင်၏။ များလှစွာသော ရေထုကြီးမှာ ပင်လယ်မှတဆင့် ရေငွေ့ တက်လာသမျှကို လေသည်ချီမ, ၍ ထိုထိုပင်လယ်ဒေသများသို့ သွန်ချလိုက်သောအခါ ကြီးမားလှသော ရေလွှမ်းမှုကြီး များကိုခံကြရချေသည်။ ဤမျှများပြားသော ဒွဒယ်အင်အားကို ချီ,မ ရွှေ့ပြောင်း ဖျက်ဆီးပစ်လိုက်ရာ၌ လေဓာတ်၏ အားသည် အလွန် များလှကြောင်းကို ထင်ရှားစွာ ကျွန်ုပ်တို့ တွေ့ကြရကုန်သည်။ ဝါယောဓာတ်လေသည် မြူနှင့် ရေဓာတ်တို့ကဲ့သို့ စုဝေးပြီးမနေ၊ ဤကမ္ဘာကို ပတ်ခါ အကြားမထင် ဒလစပ်သက်၍ တပြင်တည်းတည်၏။

ဇီဝိတရုပ်ရှိသော အားလုံးသော သတ္တဝါမှန်သမျှ ၎င်းကို ရှူထုတ်နေသော နှလုံးသားမှတဆင့် အာယုအဖြစ် ရပ်တည်ကြရကုန်လေသည်။ လှုပ်ရှားမှု တိုးတက် ကြီးထွားမှုစသော အားမှန်သမျှ လေကိုအရင်းခံကြရ၏။ အကြင်မျှသော တခဏ၌ ထိုဇီဝိတသည် လေသွင်းထုတ်မှုကို ရပ်ဆိုင်းတဲ့ ထိုတခဏမှာပင် သဇီဝ သဘောမှ နိဇ္ဇီဝ သဘောသို့ တမဟုတ်ခြင်း ရွှေ့လျော၍ ကိစ္စချောနိုင်သည်ဆိုကြစို့....။

ထို့ကြောင့် ရုပ်ရှင်ခန္ဓာရှိသော သတ္တဝါအားလုံး ကြေပြန့်သော်၎င်း၊ သေဆုံးသော်၎င်း၊ ထိုခန္ဓာ၏ အတွင်းတို့က ဝါယောဓာတ်သည် အပြင်ဗဟိ၌ ဝါယောဓာတ် အဖြစ်သို့ ရောက်၍ ပြန့်လွင့်သွားမြဲဖြစ်သည်။

ဝါယောဓာတ် လေ၏ ပင်ကိုယ် မူလ သ ဘာ ဝ ကား လှုပ်ရှားမှုဖြစ်၍ ဓာတ်ရှင်ဟု တိကျစွာ စွဲမှတ်ထားရာ၏။

(၄) နောက်ဆုံး တေဇောဓာတ်သည် အများအားဖြင့် အပူဓာတ်သက်သက်ဟု ကောက်ယူကြရာ၊ စေန်အားဖြင့် အပူအအေး နှစ်မျိုးစလုံးမှ တေဇောဓာတ်ချည်းပင် ဖြစ်လေသည်။ သုညဒီဂရီအောက် အလွန်အေးသော အအေးဓာတ်မှ အစ အလွန်ပူသော မီးကြီးများအထိ အားလုံးသည် တေဇော၏ သဘောချည်းသာ ဖြစ်ကြကုန်သည်။ ယင်းတေဇောကို မီးတောက်မီးလျှံများ အဖြစ်နှင့်၎င်း၊ မီးစုံမီးခဲများအဖြစ်နှင့်၎င်း၊ ထင်ရှားစွာ တွေ့မြင်နိုင်သဖြင့် ရုပ်ဘုတအမှန် စေန်ဖြစ်ချေသည်။ တေဇော၏ သဘောစရိုက်မှာ ပူလျှင်တက်ကြွ ဖွံ့ကား၍ လျှော့ ရှုံ့ကြုံ့ သိတ်သည်းတတ်၏။

သု့ သတ္တိကား— အသေးအမှောင် အရောင်အဆင်းမျိုးစုံ နှင့် အပူအအေး ရာသီဥတုမျိုးစုံကို ဖြစ်ပေါ်စေတတ်ခြင်း ဖြစ်၏။

သက်ရှိ ဇီဝိတရုပ် အားလုံးတို့၌ တေဇောဓာတ်၏ အရှိန် ဖြင့် အပူဓာတ်များ ရရှိခါ ဥသ္မာဓာတ်ဖြစ်ပြီး ရုပ်ရှင်အဖြစ် သက်ရှိဘဝသို့ ရောက်ရှိလာကြရ ကုန်သည်။

တေဇောသည် ရှိသင့်သော သဘာဝ အချိုးအစား အောက် လျော့လျှင် သော်၎င်း၊ ပိုလျှင်သော်၎င်း၊ ဥသ္မာ ဓာတ်အဖြစ် ဝါယောနှင့် ပေါင်းစပ်မှုကို ထိခိုက်စေတတ် ကြည်။ ဥသ္မာဓာတ် ပျက်လျှင် အာယုပျက်စီးနိုင်၏။ ထိုအခါ သဇီဝသဘောမှ နိဇ္ဇီဝသဘောသို့ ရောက်သွားမြဲဖြစ်၏။



ထိုအခါ တေဇောသည် ဝါယောနှင့် ပေါင်းစပ်ဖွဲ့စည်း ထားသော အစုတ္တိကတေဇောဘဝမှ အပြင်ဗဟိဒ္ဓတေဇောသို့ ပြန်လည် ရောက်ရှိ၍ သွားလေသည်။

ယင်း တေဇော၏ မူလသဘောက ဓာတ်ရှင်သက်သက် ဖြစ်လေသည်။

ဤသို့လျှင် ဘူတရုပ်ကြီး ၄–ခု ရှိနေကြရာ၊ မြေနှင့် ရေဓာတ် ဖြစ်သော ပထဝီနှင့် အာပေါမှာ ဓာတ်သေရုပ် သဘာဝဖြစ်၍ လေနှင့် ပူဖြစ်သော ဝါယောနှင့် တေဇောမှာ ဓာတ်ရှင် ရုပ်သဘာဝများသာ ဖြစ်ကြကုန်ချေသည်။

ဤမျှဖြင့် (ပအာဝါတေ) မူလမဟာဘူတဓာတ်ကြီး ၄–ခု၏ တခုစီတို့၏ ပင်ကိုယ်သဘာဝသတ္တိရုပ် အသီးသီးကို သိကြပြီး နောက်၊ ထိုမဟာဘူတဓါတ် မြေ၊ရေ၊လေ၊ပူ ဓာတ်သဘာဝ အသီးသီးတို့သည် ဤသည့် လောက၏ ရုပ်နာမ် သဘာဝကို သူ့စခန်းမှသူ မည်သို့ ပေါင်းစပ်ပါဝင် ဖွဲ့စည်းပေါ်ပေါက် စေသည်ဟူသော အဆင့်ကို တဖန်ဆက်၍ ကြည့်ကြဦးစို့....။

## ရုပ်နာမ်ဖွဲ့မှု

ဤကမ္ဘာ၌ ဘူတရုပ်ကြီး ၄–ပါးမှတပါး၊ အခြားဘာမှမမ ဟု ဆိုခဲ့ပြီ၊ ထိုဘူတရုပ်ရ ၄–ပါးသည်သာ စေန်အားဖြင့် ဤလောကသံသရာ၏ လက်သည် ဇာတ်ဆရာကြီးများဖြစ်သည် ဟူ၍ ဗုဒ္ဓဘုရားရှင် ဟောညွှန်တော်မူခဲ့ပြီ။

မြောက်ပိုင်းသာသနာဝင်တို့ကမူ ဤမဟာဘူတ၌ အခိုးဓာတ် (အိသာ)ကို ထပ်၍ ဖြည့်ကြခြင်းဖြင့် ဘူတဓာတ် ၅-ပါးအဖြစ် ရှင်းထိုက ယူကြကုန်၏။ ဘုရားဟော မူရင်း၌ကား ၄-ပါးသာ ဖြစ်သည်။

ထိုသည့် ရုပ်သားအမှန် ကေန်ကိုင်တွယ် စမ်းသပ်တွေ့ထိ ထင်ရှားရှိသော ရုပ်သားဓာတ် မဟာဘူတသည် ပင်ကိုယ်မူလ ရုပ်သဘာဝကိုသာ အခြေခံ၍ အထည်ဖြစ်ဝတ္ထု ရုပ်အစုစုကို ဖြစ်စေသည်ဆိုသော အချက်၌ ကျွန်ုပ်တို့ ထင်ရှားစွာ သဘော ပေါက်ကြရန် မခက်ခဲကြစေကာ၊ ထိုရုပ်ဘူတဓာတ်သားမှ နာမ်သဘာဝမျိုး မည်သို့ဖြစ်ပေါ်လာသနည်းဟူသော ကိစ္စမှာ အတော်မလွယ်သော အနုမာနဖြစ်နေချေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ရုပ်သားဖြစ်ရာ၌ နာမ်ဟူ၍ ထင်ရှားတွဲဖက် ဖြစ်ပေါ်လာသော ဇီဝ သို့မဟုတ် အာယုဆိုတဲ့ သဘာဝသည် မည်သို့လျှင် အကြင်မဟာဘူတက ဖြစ်စေလေ သည်ကို အောက်ပါ ဥဒါဟရဏ်များဖြင့်သာလျှင် ထင်ရှားစေ ကုန်တော့အံ့။

ဘူတရုပ် ၄-ပါးသည် သက်ရှိသတ္တဝါတခု ဖြစ်လာရန် "အမျိုးအစား"ကိုက်ညီသော အပဲ့ အစည်းဖြစ်လာမှသာလျှင် သက်ရှိသတ္တဝါ၏ အဆင့်သို့ ရောက်ရှိလာမြဲ ဖြစ်သည်။ သက်ရှိ သဘာဝအဆင့် ရောက်လျှင်လည်း ထိုသက်ရှိ ရုပ်သဘာဝနှင့် ကိုက်ညီသော အမျိုးအစားသာလျှင် ဖြစ်မြဲဖြစ်သည်။

ဤကမ္ဘာ၏ ပဌမ မူလ သက်မဲ့အဆင့်သည် ရေညှိများ မှော်များ မှိုများမှ တစတစ စတင်ခါ ဤသင်္ခါရလောကကို



ပေါ်ထွက်ခဲ့လေသည်၊ ထိုသက်မဲ့ဘဝ ရုပ်သတ္တုဓာတ်များမှ တဆင့် ဆင့်တိုးပွားတက်လာခြင်းဖြင့် တဖန် သတ္တလောက တည်းဟူသော သက်ရှိဘဝသို့ မဖြစ်စလောက်သော ရေပိုး ရေမွှားအဆင့်မှ စတင်အခြေခံခါ လူဆိုတဲ့ သတ္တဝါအဆင့် ထိ တိုးတက်ရောက်ရှိလာခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ရုပ် ဘဝမှ နာမ်ဘ ဝမည်သို့ ရောက်ရှိလာပုံကို လေ့လာရန် အတော်အတန် အဆင့်အတန်း မြင့်၍ နာမ်ရုပ်နာမ်ငွေ့ပါသော သစ်ပင်ချုံနွယ်များကို စ၍ အကဲခပ်ကြကုန်ရာ၏။

ကျွန်ုပ်တို့သည် အထက်နား၌ ဝါယောဓာတ် လေနှင့် တေဇောဓာတ် မှူး ဘာဝ ၂-ခုမှာ ပင်ကိုယ်သတ္တိအရ ဓာတ်ရှင် ဘူတများ ဖြစ်သည်ဟု ပေါ်ပြခဲ့ပြီးလေပြီ။

ထိုဓာတ်ရှင် ၂-ခုတို့တွင် တေဇောသည် ဥသ္မာဆိုတဲ့ ဘွဲ့ကို ခံယူလိုက်သည်နှင့် တပြိုင်နက်၊ သူ၏တွဲဘက် ဝါယော ဓာတ်သည် "အာယု" အသက်ဆိုတဲ့ ဂုဏ်ကို တခါတည်း ဆင်မြန်းပြီး ဖြစ်သွားလေသည်။

ဤနေရာ၌ ခိုင်လုံသော သက်သေ ဥဒါဟရဏ်ကိုဆောင်ကြမှ သရုပ်ပေါ်ချေတော့မည်။

သစ်စေ့ တစေ့ ဆိုကြပါစို့....မန်ကျည်းစေ့-ထိုမန်ကျည်း စေ့ကို အပင်ပေါက်မည့်အစေ့ဟု ပြောကြပေအံ့၊ ဖူးစေ့ ဖရုံစေ့တို့ကိုလည်း အပင်ပေါက်မည့် အစေ့များ ဖြစ်ကြောင်း ကို မည်သူမျှ ငြင်းချက်ထုတ်မည် မဟုတ်ချေ။

သို့ရာတွင် ထိုအစေ့တို့ကို ရေခဲအည်း၌ ထည့်ထားသော် အာမျှပေါက်လိမ့်မည် မဟုတ်သည်သာမက၊ မျိုးစေ့ ဇီဝဓာတ်ဓာတ်ပင် ပျက်စီး၍ သွားပေလိမ့်မည်။

ထိုသစ်စေ့တို့၌ အပင်အညောက် ပေါက်လာရန် အားလုံးပြည့်စုံစွာ ပါလာသည်ကားမှန်၏။ သို့ရာတွင် အပူဓာတ်နှင့် မြူဗိုင်မှုခဲဓာတ် အာပေါရေဓာတ်တို့၏ မျှတ ရုံ့ သော သဘောကိုသာ သူ လိုပေလိမ့်မည်။ ထို မျှတသော နေရာတွင် ထားက အပင်ပေါက်မည် ဖြစ်ပေသည်။ လေဝင်ရန်လည်း လိုချေသေး၏ သူနှင့်မျှတသော ဘူတသဘာဝ၌သာ အပင်အဖြစ် ကောင်းစွာပေါက်လာချေမည်။

အချို့ သစ်စေ့မျိုးစေ့များသည် စိုက်ပျိုးခါနီး ကာလမတိုင်မီက ကြိုတင်၍ အပူဓာတ်နှင့် လေဓာတ်မပြတ်အောင် မလွန်အောင် အမြဲသိမ်းထားမှ ဇီဝသဘော မပျက် စိုက်ပျိုးရန် ဖြစ်ကြပေသည်။

ထိုသစ်စေ့တို့၌ ဇီဝသဘော အယ်ကလာသည်ကို အကဲခပ် ရိပ်မိလောက်ပြီ။ မျှတသော အပူအနေ့နှင့် လေဓာတ်ပင် ဖြစ်နေသည်။

ဤသင့်ါရ လောကနှင့် ဆင်တူဖြစ်တဲ့ သတ္တလောကကိုလည်း အသက်ဖြစ်နိုင်သော အချိုးအစား ကိုက်ညီမှုမရှိသော (ပအာဝ ါတေ) အဆင်မပြေသော အစုအဝေးကို ကြည့်လျှင် အသက်ဇီဝ ပျက်သွားတတ်သော သဘာဝရှိသည်ကို မြန်လည် ဂရုပြုကြကုန်ရာ၏။



ဥပမာ– ကြက်ဥကို ကြည့်ကြကုန်၊ ထိုကြက်ဥသည် ကြက်ကောင်လေး ပေါက်လာနိုင်သော လေဥ မဟုတ်သော ဥကောင်အမှန်ဖြစ်သည်ဟု ဆိုကြပါစို့။

ထိုဥ၌ ဇီဝသဘာဝ အပြည့်အစုံ ရှိသည် ဆိုရုံမှတပါး၊ အသက် အာယုရှိပြီးဟု မည်သို့ ခေါ်ဆိုကြရမည်နည်း။ အကယ်တန်တု ထိုဥ၌ အသက်ရှိ ဖြစ်ပြီဟုဆိုက စားပွဲပေါ်၌ တင်ထားကြည့်ပါလေ– ဘယ်သို့လျှင် ကြက်ငယ်ကလေး ဖြစ်လာချေတော့မည်နည်း။ ၂၄– ရက် မြေ့မြေ့ပင် ထိုစားပွဲပေါ်၌ ထားစေကာလည်း ထိုဥသည် အကြောင်းထူးမည့် လက္ခဏာ တစုံတရာ ဖြစ်တော့မည်မဟုတ်ပေ။

သို့ရာတွင် ထိုကြက်ဥကို ကြက်မ၏ ပူနွေးသော ဝမ်းဗိုက်အောက်သို့သော်၎င်း၊ လေဖြင့် အပူငွေ့ကောင်းစွာ ရသော ဥပေါက် ကရိယာထဲ၌သော်၎င်း ထားသောအခါ၊ ကြက်ငယ်ကလေး ပေါက်လာပေတော့မည်။

ထိုကြက်ငယ် ကလေးသည် သက်ရှိဖြစ်ကြောင်း ကေန်အမှန် ထင်ရှားရုံမျှမက၊ "ရုပ်– ဝေဒနာ– သညာ– သင်္ခါရ– ဝိညာဏ" စသော ခန္ဓာ ၅– ခုလည်း ဥကပေါက်သည် နှင့် တပြိုင်နက် ပါလာသည်ကို အမွေး အတောင်မျှ မခြောက်ခင် ဘဝကပင် စ၍ တွေ့မြင်ရချေမည်။

ဥကပေါက်၍ ကြက်ငယ် သက်ရှိဘာဝ ထင်ရှားဖြစ်လာသည်နှင့် တပြိုင်နက်၊ ထိုကြက်ငယ်သည် သူ့ဘဝ တာဝန်ကို သူ့ဟာသူ အပြည့် ယူဆောင် နိုင်သော စွမ်းရည် လက္ခဏာ အပြည့်အစုံ ပါရှိချေသည်။ သူ၌ မိခင်ကြက်မကြီး ရှိသည်ဖြစ်စေ

မရှိသည်ဖြစ်စေ ပဓာနမဟုတ်၊ သူ့အခြေအနေနှင့် ကိုက်ညီသော အစာ ရေ လေ အပူငွေ့ စသည် တို့ကိုသာ ဆီလျော်အောင် ရရှိပါက ကြက်မကြီး အဖြစ်သို့ ကြီးပြင်း ရောက်ရှိလာမည်မှာ သေချာလှပြီဖြစ်၏။

ဤနေရာ၌ မအေကို နို့ကပ်စို့ပြီး မသွားနိုင် မလာနိုင်နှင့် ချေး သေး ကအစ မိခင်၏အကြောင့်ကျကို ခံယူလွန်းကြသော လူသား သတ္တဝါနှင့် ကြက်ငယ်သည် အလွန်ခြားနားသည်။ ဤအချက်မှာ ကံ ခေါ် သော ဥဿဟ၏ အထုံလေ့သာလျှင် ဖြစ်သည်။ ပရံပရမှ မိုးကျရွှေကိုယ် စိတ်ကူးထဲက ကံ တစုံ တရာနှင့် ဘာမျှမဆိုင်ပေ။ ထိုမိုးကျ ရွှေကိုယ် ကံကိုယုံလျှင် ထိုကလေးကို ဘာမျှဂရုမပြုဘဲ ထားကြည့်နိုင်၏။ သူ့ခွေးသူကြွယ် ထံမှာ မွေး၍ ကံကောင်းပါသည် ဆိုသောကလေးပင် ဂရုမဲ့ ပစ်ထားကြည့်က နောက်တဝက ဘာကံကမျှ သူ့ကို လူကြီး ဘဝ ရောက်စေတော့မည် မဟုတ်ပေ။ အေး.... တဦးဦးက ဝင်လုပ်ပေးရမှ ကူညီ ဂရုပြုပေးမှ ကောင်းမည်သာ ဖြစ်ချေ သည်။ အပြုအစုကောင်းလေ....ကံကောင်းလေ ဖြစ်ချေမည်။

ကြက်ငယ်မှာ သူ့ကံကိုသူ ဖန်တီးချေတော့ပြီ။

ကျွန်ုပ်တို့သည် နာမ် သဘာဝမှ အတွက် ထိုကြက်ငယ်၏ သတ္တ ဇီဇအရင် နောက်ရင်းပိုင်း အဆင့်သို့လျှော့၍ သင်္ခါရ လောကကို တဖန်လိုက်၍ ကြည့်ကြဦးအံ့။

ဤသင်္ခါရလောကသည် သစ်ပင် တော တောင် တို့သာလျှင် ဖြစ်၍ သက်မဲ့ ရုပ်လောက ဖြစ်ကြောင်းကို ကောင်းကောင်းကြီး လက်ခံကြပြီး ဖြစ်သည်။



သစ်ပင် ချုံနွယ်တို့သည်သစ်စေ့ကပေါက်သည်ဖြစ်စေ အမြစ် ခေါင်းရှိ အမြစ် အစို့ တို့မှ ပင် ပေါက်သည်ဖြစ်စေ ရုပ်ပွား ဖြစ်ပုံ အဝဋ္ဋသာ ခြားစေကာမူ၊ ရုပ်ဘဝ ရပ်တည် တိုးတက် ကြီးထွား သီးပွင့်လာပုံချင်း တို့၌ကား အားလုံးတူညီသော သဘာဝချည်းပင် ဖြစ်ချေသည်။

ကြက်ငယ်၌ ရုပ်နာမ်သည် ကြက်ဥတွင်း၌ မည်သို့ပေါ်လာ သည်ကို အကဲခတ်ရန် အတန်ရှုပ်ထွေးချေသော်_ ဤသင်္ခါရ လောကသား သစ်ပင် ချုံနွယ်တို့ကို စေ့ငုစွာလေ့လာလျှင် ရုပ်နာမ်၏အစကို ခြေရာခံမိ ချေတော့မည်။

ထိုသစ်ပင် ချုံနွယ်တို့ကိုကြိတ်ချေလိုက်ကြသော် မူလဘူတရုပ် လေးပါး (ပအာဝါတေ) တွေကိုသာ မြင်၍ရပေလိမ့်မည်။ သီးခြားနာမ်ဘာဝ သစ်ပင်၏ ကြီးထွားမှုလက္ခဏာ တစုံတရာ ကိုမျှ ရှာတွေ့ကြမည် မဟုတ်ချေ။

သို့ဖြစ်စေကာ ထိုသစ်ပင်ချုံနွယ်များ တနေ့တခြားကြီးထွား လာခြင်း ဖြူနီဝါပြာ ကြက်သွေးစသော အရောင်မျိုးစုံ ပန်း ပွင့်များ ပွင့်လာကြခြင်း၊ ၎င်းတို့၏အသီးအစေ့တို့၌ ဇီဝသဘော အင်္ဂါအစုံ တဆက်တည်း ထုတ်လုပ်ပေးလိုက်နိုင်ခြင်း စသည် တို့ကို တဆင့်ပြီး တဆင့် ကြည့်ကြသောသခါ၊ ရုပ်နာမ်၏ သဘောလက္ခဏာ သန္ဓေတည်လာပုံတွေကို အကဲခပ်နိုင် ကြပေ လိမ့်မည်။

မြေနှင့်ရေမှ ဖြစ်အဖြစ်ရခြင်း၊ လေနှင့်အပူတို့မှ ဆင့်တိုး ကြီး ထွားခြင်းတို့သည် မပြတ်အစဉ် ယှဉ်တွဲ ဖြစ်ပေါ်လာ

သည်။ ဤနေရာ၌ ရှပ်နှင့်အား ဖြစ်မှုအခြေကို အကဲခပ်ကြကုန်။ ထိုအားမှုတဆင့် ရှပ်ကို ဆင့်ပွားအကျိုးပြုပုံကို လေ့လာသောအခါ၊ နာမ်၏အစပိုင်း နာမ်နှင့် အခြေကို သွား၍ သစ်ပင်တို့၌ ကွက်ကွက်ကွင်းကွင်း လက်ငင်း တွေ့ကြရအောင် အနီးကပ်၍ ကြည့်ကြဦးအံ့။

ဥပမာ–ဗူးပင် ပဲရုံပင်စသော နွယ်ပင်ဆိုကြပါစို့၊ ထိုနွယ်ပင်များသည် အစေ့မှပေါက်၍ တနေ့တခြား ကြီးထွားလာသည့်အတိုင်း ပျော့နွဲ့သော နွယ်ပင်ဘဝ အခြား အပင် ချုံ သို့မဟုတ် ဗူးစင်ပဲရုံစင်စသည်တို့ကို မှီခိုအားပြုတွယ်တက်ကြပေတော့သည်။ ဘယ်သို့တက်သနည်း....တက်နည်းတက်ဟန်ကို ကြည့်ကြဦး။

နွယ်ပင်တို့၏ ဓရိုက်ဝါသနာအလျောက်တက်စရာ တက်အားအကူ အသုံးများကို ထိုနွယ်ပင်တို့၌ ပေါက်လာလေသည်။ မှီတွယ်ကုပ်ချည်တက်နိုင်ရန် ထိုအပင်တို့၏ အရွက်ရင်း နွယ်မှ မှီတွယ်ရာ၌ ချည်နှောင်ကုပ်လိမ်ရန် နွယ်လိမ်ငယ်များ အမွေးအမြင်များသည် ရိုးတိုးယားတား အလကား မနေကြပေ၊ ကုပ်တက်ရာ နွယ်မ လမ်းရှေ့ တလျောက် အတက် အစ အကိုင်း တုတ်စသည်တို့ကို တယမ်းယမ်းစမ်းခါ ထိမိထိရာ အတက်၊ အလက်၊ အစွန်းအစ တို့ကိုပေရိန်လို ကျွ ိင်လို တခါတည်း လိမ်ကုပ်၍ ထားကြလေတော့သည်။ ဤလိမ်ကုပ်မှုသည် ညအခါ အလင်းရောင်မရှိသော အချိန်တွင် တတွန့်တွန့်နှင့်ဆွဲလိမ်လိုက်ရာ၊ နံနက်လင်းသောအခါ ၅–ပတ် ၆–ပတ်မျှထိ လိမ်၍ ကုပ်ချည်ပြီးဖြစ်သွားကြကုန်သည်။



ဤသို့ ကုပ်လိမ်ချည်နှောင်ခါ နွယ်ပင်မ၏ ရှေ့တိုးကြီးထွားပွင့်သီးလာရေးကို ကူညီလှလှ ပြုကြကုန်သည်။ အားထုတ်လိမ်ကုပ်ကြကုန်သည်။

ဤနွယ်လိမ်အမြင်များသည် မည်သည့် သဘောသတ္တိကို အခြေခံ၍ ဤသို့ ပင်မ၏ ခရီးရောက်ရေးကို ကျနသေချာစွာ လိမ်ပတ်ကုပ်ချည်တက်ကြကုန်ရေသနည်း ပင်မ၏ ဇီဇ သဘာဝက ဤနွယ်လိမ် ကလေးများ ပေါက်စေ၍ တာဝန်ခွဲဝေခါ ဘဝရပ်တည်ရေး အလုပ်ကိစ္စအဝဝကို အားပြုပုံသည်၊ မည်သို့သော အကြောင်းခံသဘာဝ ဖြစ်လေသနည်း။

နောက်တမျိုးကြည့်ကြဦးစို့.... ထိကရုံးပင် ဆိုကြပါတော့၊ ထိလိုက်သည်နှင့် တပြိုင်နက် တွန့်ကနဲ အကဲပါပုံမှာ လူတိုင်းသိထဲက အပင် ဖြစ်သည်။

ထိုအပင်၏ တွန့်တက်ပုံ ရှုန်းတတ်ပုံ သဘာဝသည် ဘာသဘောကို အခြေခံသနည်း။

ဗမာပြည်အရပ်ရပ်၌ ရေနွား ချောင်းနွားတလျောက် နွယ်ရှင်ပင်များကို ကြား သိ ကြ သူ အများ ရှိကြပေ လိမ့်မည်။ အကာယ်ပင် ရေနှင့်တွေ့လျှင် လိမ့်တွန့်၍ သွားကြကုန်၏။ ထိုမြင် ပင်လယ်ရေမြင်၏ အောက်၌ ကျောက်ဆောင် များတွင် ပေါက်ကြသော ဆီးအင်နီမိုခေါ် အပင်များသည် လှပသော ပန်းပွင့်များသဏ္ဍာန် ဖြစ်ကြစေကာ၊ ငါးကလေးနှင့် ရေပိုး ရေမွှားများက ထိမိလျှင် ပွင့်ချပ်များက ပိတ်၍ ဆွဲယူ စားပစ်ခြင်း၊ ဆူမတြာရားကျွန်းနှင့် ဩစတြေလိယတိုက် မြောက်ပိုင်း သောများထဲ၌ သားစားသစ်ပင်များမှာ အတော်အတန်ငယ်တော

တိရစ္ဆာန်များကို ရှက်ရှက်ခတ်၍ ဖမ်းယူစားတတ်ခြင်း စသည်တို့ကို ရုပ်စုံကျမ်းများ၌ ဓာတ်ပုံနှင့်တကွ ဖော်ပြပါရှိသည်ကို ကျွန်ုပ်တို့ တွေ့ကြရချေသည်။

ဤသို့ဖြင့် သင်္ခါရလောကသား သစ်ပင်များဖြစ်သော ဗူးပင်က နွယ်လိမ်ကလေးများတွန့်လိမ်ကုပ်တက်တတ်ပုံ၊ထိကရုံးပင်များ ရှန်းကြပုံ၊နွယ်ရှင်နှင့်တကွ သားစားသစ်ပင်များ ရှိနေပုံများကို တောက်ရှုပါက ရုပ်သာလျှင် ကောန်ထင်ရှားနေတဲ့ သစ်ပင်ချုံနွယ်တို့၏ ဇီဝသဘောမှာ နာမ်ဘာဝ၏ သဘောလက္ခဏာကို အကဲခပ်နိုင်ကြချေပြီ။

ဤရုပ်သား ကောန်ဖြစ်သော သစ်ပင်ချုံနွယ်တို့၌ ယင်းသစ်ပင်တို့၏ ဆင့်တိုးကြီးထွားရေးအတွက် အဘယ် သဘာဝ၏ သတ္တိက အသို့လျှင် ထိုသစ်ပင်တို့ကို ၎င်းတို့အကျိုးငှာ ဖြစ်သော သက်ဆိုင်ရာ ဓလေ့ သဘာဝများကို ဖြစ်ပေါ်စေနေကြကုန်သနည်း--?

ထိုသစ်ပင်တို့အား အခန်းထဲ၌ စိုက်မျိုးထားပါက နေရောင်အလင်းရှိရာ အပေါက်များ ဆီသို့ ကိုင်းညွတ်ခြင်း ကကြိုးစသော သစ်အိပ်ပင်မျိုးစသော ရှက်ရှက်ပင်မျိုးများမှာ နေပူရောင်အလင်းရှိ အချိန်အခါများ၌ ရွက်တံများ ကားသော်လည်း ညအခါ နေဝင်ချိန်များ၌ အိပ်တတ်ကြခြင်း အပွင့်တို့သည်နံနက်စောစောအာရုံလာစတွင်မှ ပွင့်အာတတ်ခြင်း နီ ဝါ ဖြူ ပြာ ကြက်သွေးစသော အရောင်များကို နေရောင် မရသောအခက်များ၌ မပွင့်နိုင်ခြင်း နေရောင်သို့ ထုတ်ပေးမှု ဆိုင်ရာသဘာဝအရောင်များကို ပွင့်ကြခြင်း စသည်တို့ကား



သစ်ပင်ချုံနွယ် တို့၏ သိမ်မွေ့သော ရုပ်သဘာဝ၌ အထင်အရှား ရှိနေသော်လည်း နုလွန်းသောကြောင့်အာယုသဘော နာမ်ဘာဝကို ထင်ရှားစွာ မပြောနိုင်ကြယုံသာရှိချေ၏။သို့ရာတွင် နာမ်ဟူ၍ လုံးဝခေါ်ဆိုနိုင်သော အဆင့် မဟုတ် သော်လည်း သစ်ပင်တို့၏ ဇီဝသဘောသည် လေနှင့်နေရောင် အပူဓာတ်များကို အရင်းခံကြကြောင်း ကောင်းစွာ ထင်ရှားအောင် ဖြစ်နိုင်လေပြီ။

ထိုလေနှင့်နေတို့နှင့် ကင်းလွတ်ရာ၌မူ သစ်ပင်၏ ရုပ်ဘာဝ အည်ကြီးပွားမှု ဆင့်တိုးပွားထက်မှုများ လုံးဝ အားပျော့ လျက်ရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် ဝါယောဓာတ် လေ နှင့် တေဇောဓာတ် အပူငွေ့ဓာတ်တို့သည် နာမ်ဘာဝ ပေါ် ပေါက်စေမှု၌ အရင်းခံဘူတဓာတ်များ ဖြစ်နေကြလေပြီ။

မဟာဘုတ ၄-ပါးတို့၏ တခုစီဖြစ်သော အနုမာနကို စဉ်းစားဆက်စပ်သောအခါ ဓာတ်သေဖြစ်သော ပ နှင့် အာသည် ရုပ်ဒြပ်ကိုတည်၍ ဓာတ်ရှင်ဝါဒနှင့် တေသည်အားအဖြစ် ဇီဝ ဘာဝကို ပူးပေါင်းခါ ထိုရုပ်ဒြပ်၏ ဆင့်ပွား တိုးလာမှုနှင့် ယင်းဆင့်တိုးပွားမှုဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူကြပြီးလျှင် ဤသင်္ခါရလောကကို ထူထောင်လိုက်ကြသည်ကို သိရလေပြီ။

ဤမျှဖြင့် သက်မဲ့ခေါ်ကြသော သင်္ခါရလောကရှိ သစ်ပင် ချုံနွယ်၏ တည်ဆောက် ထူထောင် ဆင့်တိုးပွားတိုးတက်မှု သဘောလက္ခဏာကို ကြည့်ရှု လေ့လာကြပြီးနောက် ထိုသစ်ပင်တို့၌ရှိသော ရုပ်နာမ်၏ အနုမာနကို အခြေခံ အနိမ့်ဆုံး

အဆင့်မှတဖန်ဆက်၍ ယင်းသစ်ပင်တို့နှင့် အနည်းငယ်မျှသာ ခြားနားသော သက်ရှိဘာဝခေါ် တီကောင်၊ မျှော့၊ ကျွတ်၊ ပိုးလောက်တို့ကို တဆင့် ကြည့်ကြသောအခါ ထို သတ္တဝါတို့တွင် သက်ရှိဟု ဆိုရယုံမျှသာလျှင်ဖြစ်သော ဇီဝသဘောအာယု ရှိကာမျှကို တွေ့ကြရပြန်သည်။

ထိုဇန္တု သတ္တဝါ တီကောင်၊မျှော့၊ ကျွတ်တို့သည် သက်ရှိ ဇီဝဖြစ်ပါလျက် အခြားသော သက်ရှိ သတ္တဝါများကဲ့သို့ ပဉ္စဝိညာဉ်အစုံကို မရမရှိကြဘဲ ကာယဝိညာဉ်တမျိုးထည်း သက်သက်ဖြစ်တဲ့ ကိုယ်နှင့်ထိတွေ့မှု အာရုံကိုသာမှီ၍ ဘဝတခုတည် ထောင်ကြရလေသည်။ သို့ဖြစ်ရာ ဗူးပင်က နွယ်လိမ်ကလေး များ ကုပ်လိမ်တွယ်တက်ခြင်း၊ ထိကရုံးပင်များ ညှိုးရုံးတက်ခြင်းတို့ကို ပြန်ကြည့်လျှင် သစ်ပင်မျိုး၌လည်း တီကောင်၊မျှော့ ကျွတ်တို့၌ရှိသော ကာယဝိညာဉ်မျိုးပါရှိဟန် လက္ခဏာကိုယှဉ် တွဲ သဘောပေါက်ရန် ရှိချေသည်။

အချို့ ဂမုံးကမြင်း စသော သစ်ပင်များနှင့် တီကောင် ပိုးလောက်တို့၏ ကာယဝိညာဉ်သဘောမှာ အတော်ဆင်ဆင် ဖြစ်လာသည်။ သားစားသစ်ပင်မျိုးနှင့်မူ ဇန္တုအနွယ် သက်ရှိ သတ္တဝါတို့နှင့် ဘာမျှမခြားတော့သည်ကို တွေ့ရသည်။

အကျယ်စဉ်းစားလျှင် နာမ်သဘာဝသည် မိုးကျရွှေကိုယ်လို သီးခြားအတ္တတခု (ဇီဝ)ဝိညာဉ်တခုမှဖြစ်လာခြင်းမဟုတ် ဤ လေနှင့်အပူသာလျှင်ဖြစ်သော ဓာတ်ရှင်သဘာဝ ဝါယောနှင့် တေဇောတို့၏လက်ရာအစစ်ဖြစ်ရသည်ဟု တထစ်ချ အကဲဖြတ် နိုင်ကြချေပြီ။



လေနှင့်အပူ ဘက်ညီအချိုးကိုက် ပေါင်းစပ်မိလျှင် ကမ္ဘာ၌ အားအကြီးဆုံးသော မုန်တိုင်းများ၊ လေ ဆင်နှာမောင်း များ သမုဒ္ဒရာတမျှရှိသော ရေအဟုန်ဒဏ်ကြီးကို ချီမလာပြီး ကုန်းတက်၍ ဖုံးလွှမ်းအောင် သွန်ချပစ်နိုင်ပုံများကို ခိုင်လုံစွာ တွေ့နိုင်ကြသည်ဖြစ်ရာ သက်မဲ့ခေါ်သော သစ်ပင်ချုံနွယ်များ နှင့်တကွ သက်ရှိဟုသမုတ် သတ္တဝါတို့၌ ရှိလာသော အာဇီဝ သဘာဝသည် အခြားမဟုတ်၊ ဤသည့်ဝါယောနှင့် တေဇော ဓာတ်ကြီးတို့မှ ရသော အာယုသာလျှင် ဖြစ်ကြောင်းလည်း ကောင်းကောင်းကြီး တွေ့နိုင်ကြချေပြီ။

ယခု ကျွန်ုပ်တို့သည် အဝိညာဏက သင်္ခါရ ရုပ်လောကမှ ဆက်၍ သဝိညာဏက သတ္တလောကဖြစ်လာပုံကို အမြွက်မျှ အခြေခံခဲ့ပြီဖြစ်ရာ ဆက်လက်၍ တဖန် သက်ရှိ ဗီဇကိုလေ့လာ ကြဦးစို့။

ပဉ္စက္ခန္ဓာ(ဝါ)ခန္ဓာ ၅-ပါး

သတ္တဝါတို့၏ အမိဝမ်းတွင်း ပဋိသန္ဓေနေချိန်ကာလ တည်ခါ စသည် သင်္ခါရလောကမှ သစ်စေ့တို့နှင့်ဘာမျှမခြားပေ။

ပဋိသန္ဓေ အရင့်ပိုင်းကာလ မွေးခါနီး အင်္ဂါစုံလင်လာချိန် ထိ အစေ့မှ အပင်ပေါက်လာသော သစ်ပင် ချုံနွယ် တို့၏ သဘာဝထက် ဘာမျှမပိုလှသေးပေ။ကာယဝိညာဉ် သက်သက်မှ တပါး အခြားဘာမျှမရှိသေး ဖြစ်ပေသည်။

သန္ဓေရင့်ကာလ ရုပ်ကာယသည် ဧကန်အားဖြင့် သက်ရှိ သဘာဝ မျက်ရုံ,နား,နှာ,လျှာ,ကိုယ် ဟဒယ စသောအင်္ဂါစုံ

ရှိနေပြီး ဖြစ်ပါလျက် ထိုသန္တေသားသည် ဘာကို သိလေသနည်း။ ထိုအနေသဘာဝသည် သစ်ပင်တို့နှင့် ဘာမျှမခြား၊ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ ဘာတခုမျှ မဖြစ်သေးချေ။ ဖြစ်နိုင်ရန်လည်း အကြောင်းမဆိုက်သေးပေ။

ထိုသက်ရှိသတ္တဝါလောင်းလျာ သန္တေသား အဆင့်၌ပင် ဝါယောဓာတ်၏ လှုပ်ရှားခြင်း၊ တေဇောဓာတ်၏ ကြွတက်ဖွံ့ကားခြင်း ၂မျိုးတို့ အချိုးကိုက် ပူးစပ်မိသောအာယုဓာတ်သည် ဇီဝသဘောသို့ ရောက်ရှိလာချေပြီ။ သို့ရာတွင် ထိုအာယုခေါ် အသက်ဓာတ်သည် မစမတင် အလုပ်ခွင်သို့ မဝင်နိုင်သေးချေ။ ထို့ကြောင့် ဝိညာဉ်သည် လုံးဝဆိတ်သုဉ်းလျက်ရှိသေး၏။

သစ်ပင်၏ အာဟာရကို မြေကြီးတွင်ရှိ အမြစ်မှတဆင့် ရရှိနေသကဲ့ ထိုသန္တေသား၏ အဟာရကိုလည်း မိခင်၏ အစာအိမ်နှင့် ဆက်ထားသောချက်ကြိုးမှ ရရှိနေခြင်းတို့မှာ အတော်တူညီနေကြကုန်၏။ အခြေခံသဘာဝတူနေပြီ။

ရှင်းလင်းသော ဥဒါဟရုဏ်များသည် ယခုခေတ် သိပ္ပံဆိုင်ရာ အချက်အလက်များ၌ ပေါ်လူချေသည်။ ထိုမွေးဖွားတော့အံ့ဆဲဆဲ ဝမ်းထဲသန္တေသာ၏ အခြေအနေသည် စက်ပစ္စည်းအစိတ်အပိုင်းအားလုံးကို တပ်ဆင်ပြီး ဓာတ်ဆီ မီး စသည်များ အရံသင့် ဆက်ပြီးသော မော်တော်ကား အင်ဂျင်ကဲ့သို့ ဖြစ်နေသည်။ စက်သည် စက်နိုးရန် အသင့်အခြေအနေထိ ပြည့်စုံစွာ အစစ ချိန်ကိုက်တပ်ဆင်ထားရုံမှတပါး စက်မနိုးသေး၍ စက်ကား မလည်သေးပေ။



ထို့အတူ သန္တေသား၌လည်း အင်္ဂါစုံ အပြည့်အဝနှင့် အာယုသဘော ထင်ရှားနေသော်လည်း မိခင်ဝမ်း၏ အပြင်သို့ ဖွားမြောက် မရောက်လာသေး၍ နာမ်သဘော ဝိညာဉ်သဘော ထင်ရှားမဖြစ်လာသေးပေ။

အင်ဂျင် မလည်သေးသကဲ့သို့ သန္တေသား၌လည်း ရုပ်ပစ္စည်းအစုံရှိနေပြီ ဖြစ်ပါလျက် ထွက်သက်ဝင်သက်မရှိသေး၊ စက်သည် မနိုးသော်လည်း အပျက်မဟုတ်သလို.... ထိုသန္တေသားမှာလည်း ထွက်သက်ဝင်သက် မလုပ်သော်လည်း အသေဟူ၍ မဆိုနိုင်ဖြစ်သည်။

ဤနေရာ ဤအဆင့်တွင် အတ္တ၏ သဘာဝကို အထူးသတိထား လေ့လာကြရန် လိုချေသည်။ အတ္တသည် ငါ-ဟူသော အသိအစွဲတခု ဖြစ်လေသည်။ တနည်း– ကိုယ်စိုးကိုယ်ပိုင် အသိအမှတ်သဘောဖြစ်၏။

ယခုမွေးအံ့ဆဲဆဲကလေးတဦး၌ အဘယ်မည်သော ငါဟူသော အတ္တကိုမဆိုထားဘိ အသိဟူသော ဝိညာဉ်၏ သဘာဝကိုပင် မရောက်သေးသည်ကို တွေ့ရချေသည်။ ဤအဆင့်ရှိ ရုပ်နာမ် သဘာဝကိုလေ့လာသောအခါ မြဲသောအတ္တတရား၏ နိစ္စ–ဒုဝ–သဿတ အဝိနာသီ–သဗ္ဗဗျာပီ သဘောတွေကို မတွေ့ရချေ။

ဓာတ်ဆီအသင့် ရှိပြီးထားသော မော်တော်ကားစက်၌ ဓာတ်ဆီငွေ့နှင့် မီးတွေ့သောအခါ စက်တွင်းရှိ ပေစတင်တွေကို တွန်းကန်လိုက်သည်မှ စ၍ အင်ဂျင်သည် တဝီဝီနှင့် စက်နိုးလာလေပြီ။

ထို့အတူ သန္တေသားသည် နေ့စေ့၍ အမိဝမ်းမှ ကျွတ်ထွက်

ဖွားမြင်သာလေလျှင် နှာခေါင်းပေါက်၊ လည်ချောင်းပေါက် များ၌ရှိသော အကာအရေးများ ပွင့်သွားသည်နှင့် တပြိုင်နက် ထွက်သက်ဝင်သက် လေကို ရှုထုတ်ရန် အဆုတ်က ပွချည်ရှုံ့ချည် အလုပ်ကို စ၍ လုပ်လိုက်ပေတော့သည်။ ထိုအခါ အပြင်ကပွာ လေသည် အောက်ဆီဂျင် ဓာတ်ငွေ့နှင့် အတူ သားငယ်၏ အဆုတ်သို့ ဝင်ရောက်လေလျှင် အမိဝမ်း၌ ချက်ကြိုးမှ ဆက်ခါ အားယူထားသော ဥဿုာ အသက်ဓာတ်သည် အပြင်လေနှင့် ဆက်စပ်၍ သွားမိလေသည်။

ဤအခါတွင်မှ လူသားဖြစ်လျှင် ထိုသားငယ်သည် ထင်ရှား သော သက်ရှိသဘာဝသို့ ရောက်ရှိပေတော့သည်။

အကယ်၍ ထိုကလေးသည် အမိဝမ်းမှ ကျွတ်မြောက် အပြင်သို့ ကောင်းစွာ ရောက်လာပါလျက် ထွက်သက်ဝင်သက် လေကို သွင်းထုတ်နိုင်ရန် အဆုတ်က အလုပ်မလုပ်သေးပါက ဝမ်းဆွဲက ရိုက်ပုတ်ပေးလိုက်မှသာ ကလေး၏ ကာယဝိညာဉ် သဘာဝအရ (ဝါး)ကနဲ အော်လိုက်သည်တွင် အဆုတ်သည် စတင်၍ ပွချည် ရှုံ့ချည် အလုပ်ကို လုပ်ကိုင်ပေးတော့သည်။ ထို့နောက် ကာယကို အဆုတ်မှ လေရှူနေသမျှ သက်ရှိဖြစ်နေ တော့သည်။

အဆုတ်၏ ရှုံ့ချည် ပွချည် လေကို စုပ်ယူပြန်ထုတ်သော အခြေခံသဘောကို သေချာစွာ အကဲခပ်က လေသည်သာလျှင် သက်ရှိရုပ်ဘာဝ၏ အာယု-ဥဿုာ အဓိကအသက်ဖြစ်သည်ကို သဘောပေါက်ကြပေလိမ့်မည်။ ဝိညာဉ် သို့မဟုတ် အတ္တကို အသက်ဇီဝ တစုံတရာဟု ထင်လျှင် ထိုသက်ရှိ သတ္တ



လောက မြင်မြင်သမျှသည် လေကိုသွင်းထုတ်ရန်မလို အပိုလို ဖြစ်နေချေတော့မည်သာတည်း။

ထိုသည့်တခဏမှစ၍ ထိုလူပေါက်စကလေးများသည် လေ ကိုသာ မှန်မှန်သွင်းလိုက် ထုတ်လိုက်နှင့် အတွင်းဓာတ်ဖြစ်သော ဥဿုာအသက်ကို အဆက်မပြတ်အောင် အားပေးသွား တော့သည်။ ဥဿုာ ဓာတ်သည် လေနှင့် အပူဓာတ်ကိုစစ်၍ ဖြစ်သော အသက်ဓာတ်ပင် ဖြစ်ချေသည်။

နာရီအား သံပတ်ပေးပြီးနောက် ဆံချိချိန်သီးကို စ၍လည် ရန် လှုံ့ဆော်ပေးခဲ့ရခြင်းဖြင့် အဆက်မပြတ်သော သက် ရှိဘာဝကို တည်ဆောက်လိုက်ခြင်း ဖြစ်၏။ အဆုတ်သည် အမြဲလှုံ့ဆော်ပုတ်ခတ်မှ နိုးလာသည်မဟုတ်။ အချို့ဝမ်းမှ ကျွတ်ထွက်သောအရှိန်နှင့်ပင် လှုပ်ရှားရှုံ့ပွရန် စတင်ပြီး ဖြစ် သွားသည်လည်းရှိ၏။

ယင်းသို့ ထွက်သက်ဝင်သက် စတင် လှုပ်ရှားရုံမျှသာ ရှိသေးသော ဝမ်းမှကျွတ်စကလေးငယ်သည် ဘာသိသနည်း။ ထွက်သက်ဝင်သက်ပင် အရှိန်ရစမျှကာလငယ် သူ့ခန္ဓာကိုယ် ၏ စက်ယန္တရားသည် အာရုံကြောမှ ကောင်းစွာ မဆက် တတ်သေးပေ။

မော်တော်ကားသည် စက်နိုးလာပြီ ဖြစ်သောကြောင့် အင်ဂျင်ကတော့ ကောင်းပါပြီဆိုပါတော့ - ဂီယာတိုး၍ရ၏ လော - ကလပ်လွှတ်၍ဖြစ်၏လော - ဘီးတွေ ကောင်းစွာရှိ၏ လော - ဘရိတ်တွေမိ၏လော - လက်ကိုင်ကွေ့ ကွေ့၍ ပတ်၍ ရ၏လော... အေး-တခုခုနေရာမကျလျှင် စက်နိုးထားသော

အင်ဂျင်မှာ စက်နိုးရုံမှတပါး၊ တဖဝါးမျှ မောင်း၍ ရဦးမည် မဟုတ်ပေ။

မွေးခါစ ထွက်သက် ဝင်သက်ရှူနေသော ကလေးငယ်လည်း ထိုအတိုင်းပင်ဖြစ်ပေသည်။ မျက်စိ၊ နား၊ လျှာ စသည်အားလုံး ကောင်းမွန်စွာ ပါရှိသော အကန်းအပင်း အအ ကလေးများ ဖြစ်နေချေမည်လော။

မပါ၍ အကန်းအပင်း ဖြစ်နေပါလျှင် သက်ရှိ ရုပ်နာမ် ဘာဝ သတ္တဝါဖြစ်ရုံမှတပါး၊ အသိုလျှင် ပဋ္ဌပါဒါနက္ခန္ဓဗိတ်၏ သဘောလက္ခဏာကို ရချေတော့မည်နည်း။ တီကောင် ၊ ထိ ကရုံးပင် ဗူးပင်များအဝ နှင့် ဘာများ ခြားနားတော့မည်နည်း။

ဂီယာတွေ ကလပ်တွေ မကောင်း၍ မောင်းမဖြစ်သော မော်တော်ကားနှင့် ဘာမျှမခြားနားတော့ပါပေ။

ရုပ်နာမ်ဟူ၍ တွဲခါ သက်ရှိဖြစ်ပါသည်ဆိုရုံမှတပါး၊ မျက်စိ မပါလျှင် မျက်စိနှင့်ဆိုင်ရာ စက္ခုဝိညာဉ် သူ့အဖို့ - ချို့တဲ့ ချေတော့မည်။ နားမပါလျှင် သောတဝိညာဉ် ချို့တဲ့ချေ တော့မည်။ လျှာမပါလျှင် ဇိဝှာဝိညာဉ်သာမက စကား မပြောနိုင်၍ ဆက်ဆံမှုဆိုင်ရာပါ ချို့ယွင်းပေတော့မည်။

ထိုအခါ သူသည် မျက်စိ၊ နား၊ နှာ၊ လျှာ စသည့်အင်္ဂါ မပါမရှိသော တီကောင်—မြေ့ကျွတ်-ပိုးလောက်ကောင်စတဲ့ ဇန္တုသတ္တဝါအဆင့်သက်-များစွာပိုတော့မည် မဟုတ်ပေ။

ဤနေရာတွင်လည်း ဘာမဆို စိတ်သည်ပဓာန-စိတ်သာ လျှင် အရေးအကြီးဆုံးဆိုသော စိတ်ဝါဒ သမားများသည် ဤကဲ့သို့သော ပသာဒရုပ်ပျက်၍ ဆိုင်ရာဝိညာဉ် ချုပ်ငြိမ်းနေ



သည့် ဘဝမျိုးက လူကိုမည်သို့ဆိုကြမည်နည်း။ သူသည် ဘာမျှ မမြင်ဘူး မကြားဘူးသောကြောင့် ဘာကို တွေ့ရကြံရမည် နည်း။ မမြင်ဘူး မကြားဘူးသော အရာတစုံတခုကို ကြံတတ် ပန်တတ်ရန်မှာ မလွယ်လှပေ။ စိတ်ရှိပါက တခုခုရှေ့က ပြေးခါ ကြို၍ တွေးထိုက် သိထိုက် စဉ်းစားထိုက်သည်မဟုတ်ပါလော။ စကားသံမျှလည်း အတုအတတ် သင်ယူနိုင်ရန် ကြားမှတ်နိုင် ခွင့်မရှိ ဖြစ်နေလျှင် အကန်းအအ အပင်းသည် သူ့အဖို့ ဘာ စိတ်က ဦးဆောင် စဉ်းစားစရာ ရှိချေတော့မည်နည်း။ စိတ်ဟူ သည် မြင်ဘူးသော်၎င်း၊ ကြားဘူးသော်၎င်း ရှိထားမှ ထိုထို ရုပ်ဝတ္ထုတို့ သဏ္ဌာန်ပေါ်၍ မှီးမှုပေါ်စကောင်းသော သဘော ဖြစ်လေသည်။ ယခု ရုပ်သဘာဝ၌ ပသာဒရုပ်အားလုံးမျှနီး ပါး ပျက်စီးနေသူမှာ ရုပ်ကိုမှီ၍ မြင်၊ကြား၊နံ၊သိ၊တွေ ဖြစ်မှ သာ စိတ်ဟူသော အတွေးအသိပေါ်ရစကောင်းသော စိတ် သဘာဝ၌ ရုပ်ကိုမမြင်၊ ရုပ်ကိုမကြားလျှင် ဘာမျှဖြစ်စရာ တွေး စရာမရှိတော့ပြီကို သဘောပေါက်ကြရာ၏။

အေး...တခုတော့ရသည်၊ ထိုလူမျိုးမှာ ကာယဝိညာဉ်၊ သာနဝိညာဉ်များလောက်သာ ရနိုင်မည်ဖြစ်၍ အလွန်ကျဉ်း မြောင်းလှသော အတွေးအခေါ်ကလေးများသာ ရရှိရှာပေ တော့မည်။ ပသာဒရုပ် ပျက်နေသူ၌ ပျက်နေသောအင်္ဂါဆိုင်ရာ ဝိညာဉ်သည် ကွယ်ပျောက်နေမည်သာ ဖြစ်ချေသည်။ ဝိညာဉ် သည် အတ္တဟုဆိုသူများလည်း ဤအချက်၌ ဝိညာဉ်ပျက်နေ လျှင် အဘယ် အတ္တလာမည်နည်း။

ထိုသတ္တဝါ ဇစ္ဆနွလူသားကလေးများကို တနည်းနည်းနှင့် အစားအသောက်ဝင်အောင် ကျွေးမွေးထားပါက သူ့အခြေအနေသည် သစ်ပင်ချုံနွယ်တို့၏အဆင့်ထက် များစွာ ထူးခြားလှမည် မဟုတ်ပေ။ ဘာစကားမျှလည်း သူကြားမည်မဟုတ်၍ တုန့်လှုပ်ထိခိုက်မည်မဟုတ်။ ဘယ်လို ချောတာ လှတာမျှလည်း သူမြင်မည်မဟုတ်၍ ဘာမျှ ထူးထွေဖောက်ပြားလှမည်မဟုတ်၊ ထူးဆန်းသောရုပ်၊ ကြောက်စရာကောင်းသောရုပ် ဟူ၍လည်း သူ့မှာ အာရုံကပ်စရာမရှိ၊ ထူးထူးထွေထွေ ဆက်စပ် တွေးတောနိုင်ဘို့လည်း ရှိတော့မည်မဟုတ်၊ သစ်ပင်သည် မှောင်ထဲ၌ ထားသောအခါ အလင်းရှိရာ ပြူတင်းပေါက် ဘက်သို့ ယိမ်းယိုင်ခြင်း၊ ထိကရုံးပင်ညှိုးသလို ညှိုးတတ်ခြင်း၊ ဂမုံးဂမြင်းစသော သစ်ပင်တို့၏ ကာယဝိညာဉ်မျိုးသာလျှင် သူ့ရရှာပေတော့မည်။

ရုပ်အင်္ဂါမပုံသောအခါ ထိုရုပ်ကိုအမှီပြုရမှ ပေါ်လာသော အာရုံ ကွယ်ပျောက်ချုပ်ငြိမ်းနေမည် ကေန်ဖြစ်ရာ ယင်းသို့ ကွယ်ပျောက်နေသော အာရုံမှ အဘယ်စိတ်မျိုးမှ ပေါ်ပေါက်လာနိုင်ရန် မရှိတော့ချေ။

ပထဝီနှင့်အာပေါသည် ရုပ်ကာယဖြပ်သဏ္ဍာန်ကို ဖော်ထုတ်၍ ဝါယောနှင့်တေဇောက အချိုးကျ ပေါင်းစပ်လိုက်သောအခါ သတ္တဝါမန္တရုပ် ဖြစ်လာချေပြီ။ ထိုသတ္တဝါမန္တ ရုပ်စုကား သင်္ခါရလောကရှိ သစ်ပင်ချုံနွယ်တို့ ဖြစ်လာ၏။ ထိုမှတဆင့် ထိကရုံး စသောအပင်မျိုးများ၊ နွယ်ရှင်စသော အပင်များ၊



သားစားပင် စသည့် ကာယဝိညာဉ်ကို သိသာ ထင်ရှားစွာ ဆောင်လာသော အပင်များအဆင့်သို့ ကူးလာလျှင် ရုပ်၌ နာမ်ဘာဝ၏ သန္ဓေအစကို ကျွန်ုပ်တို့ တွေ့ကြရလေပြီ။

ထိုမှတဆင့် ယင်းသစ်ပင်တို့နှင့် အလားတူ ရေပိုးရေမွှားအဆင့်သို့ရောက်သောအခါ ရုပ်၌ နာမ် ထင်ရှားစွဲထင် လာပြီဟူ၍ ကျွန်ုပ်တို့ ဆိုနိုင်၏။ ထိုနောက်မှ ဆင့်တိုးဖွံ့ကား လာပြီးလျှင် ကာယဝိညာဉ်မျှကို အားကိုး၍ တွားသွားသောအဆင့်မှ တဆင့်တိုး၍ ပဥ္စဝိညာဉ်၏ရုပ်စုများ ကိုယ်ကာယ၌တပ်ဆင်ပေါ်ပေါက်လာကြသောအခါ ကုန်းထလာပြီး လေးဘက်ထောက် သတ္တလောက၏ အခြေခံအောက်အဆင့်သို့ ကောင်းစွာ ကူးခဲ့လေသည်။ သတ္တဝါရုပ်ဖြစ်ပြီ။

ဤကုန်း၍ လေးဘက်ထောက်ဘဝ တိရစ္ဆာန် အဆင့်၌ စကားပြောဆိုမှုဆိုင်ရာအထိ မဖြစ်မြောက်သောအခါ အချင်းချင်း တဖြည်းဖြည်း ပူးပေါင်းယှဉ်တွဲမိကြရာမှ စကားပြောနိုင်သောအဆင့်အထိ တိုးတက်လာကြရလေသည်။ ရုပ်နာမ်၏ ဘာဝအရင်းအစကို ခြေရာခံလိုက်ကြလျှင် အထူးမဟုတ်၊ မဟာဘူတ၏ သတ္တိဂုဏ်သည်သာ လက်သယ်ပင်ရင်း ဖြစ်နေသည်ကို မြင်၍ အကဲခပ်ကြရလေတော့သည်၊ အဘယ်အတ္တကမျှ ဝိညာဉ်သဘော ရောက်ရှိလာခြင်းမဟုတ်၊ ပထဝီနှင့်အာပေါ ဖြပ်၌ ဝါယောနှင့်တေဇော၏ အချိုးအစပ်ဖွဲ့စည်းမှုမှ အာယုသဘောဥသွာဖြစ်လာခြင်းပင် နာမ်ဟူ၍ခေါ်ဆိုကြခြင်းသာ ဖြစ်လေ
၁၀ သည်။

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် အပြည့်လည်းပါ၍ အားလုံး ကောင်းမွန်သော ပသာဒရုပ်ကြည် ရှိလာသော မွေးဖွားစ ကလေးငယ်သည် ‘အလေ့အကျင့် မရသေးသော အစပိုင်း၌သာ ၎င်း၏ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ ၅–ခုသော ခန္ဓာတို့သည် အစမတွေ့သေးခင်သာ ခေတ္တမျှ မနိုးမကြားရှိနေမည် ဖြစ်သော်လည်း ထွက်သက် ဝင်သက် အရှိန်အနည်းငယ် ရလာသည်နှင့် တပြိုင်နက် အာရုံကြောဆိုင်ရာ ၆–ဒွါရမှ ပို့သမျှ အလုပ်တာဝန်တို့ကို ထို ၅–ခန္ဓာက လက်ခံ အလုပ်လုပ်ကြပေတော့သည်။

ဤမျှနှင့် ရုပ်နာမ်မှ ခန္ဓာငါးပါးသို့ တဆင့် စတင်ရောက်ရှိလာချေပြီ။

ကောင်းစွာတပ်ဆင်ပြီးဖြစ်သော စက်ကြီးတခုမှ လျှပ်စစ်ဓာတ်အားဖြင့် ဆက်လှည့်လိုက်သော လျှပ်စစ် ဒိုင်နမိုသည်အင်ပီယာဓာတ်အား ရေချိန်မီအောင် တက်လာသောအခါ လျှပ်စစ်ဓာတ်အားများကို ဝါယာကြိုးများမှတဆင့် ပို့လွှတ်လိုက်လျှင် ထိုလျှပ်စစ် ဓာတ်အားများနှင့် ဆက်ထားတဲ့ ကရိယာများ အားလုံး တပြိုင်တည်း ဓာတ်အားဝင်သွားသကဲ့သို့တည်း။

ထို့အတူ စင်ကြယ်၏ ကောင်းမွန်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ တည်းဟူသော ၅–ဒွါရရှိ ကြည်လင်သော ပသာဒရုပ်တို့သည် အာရုံထင်ဟပ်မှု အားလုံးတို့ကို သိမ်းကျုံး၍ ထို ၅–ခုသောခန္ဓာများဆီသို့ ပို့ဆောင်ကြကုန်လေသည်။ ဤမှစ၍ သိမှုဆိုသော ဝိညာဉ်၏ လုပ်ငန်းစလေတော့သည်။



သူ၏ ထွက်သက် ဝင်သက်ဖြစ်သော လေသွင်း လေထုတ် လုပ်ငန်းသည်လည်း မပြတ်မနား ဒလစပ်လုပ်၍ နေတော့သည်။ တမင် တကူးတကန့် အားထုတ်လုပ်ရန်မလို အာယုဥသ္မာစိတ်သည် သူ့သဘာဝဓမ္မတာအရ ထိုလေသွင်း လေထုတ် လုပ်ငန်းကို ရုပ်ကာယ၏ ကြီးထွားဖွံ့ဖြိုးဆင့်တိုးပွားများရေး၏ နိယာမသဘောအရ နိုးနေလျှင်လည်း ရှုထုတ်နေ၏။ အိပ်နေလျှင်လည်း ရှုထုတ်နေ၏။ ယုတ်စွအဆုံး ဘာမျှ မသိအောင် သတိမေ့နေသော်လည်း ရှုထုတ် လုပ်ခနေချေ တော့သည်။

ဤရှုထုတ်လုပ်ငန်း၏ အဓိကမှာ လေသွင်းလေထုတ်သာ ဖြစ်ရာ၊ ထိုလေဝါယောဓာတ်သည်ပင် အသက်ဟူ၍ ထင်ရှားဖြစ်ခါ၊ ထိုရုပ်ကာယသည် သက်ရှိ ဇီဝိန္ဒြိယဇွရုပ် ဟူ၍ တည်ရှိနေရချေတော့သည်။

မဏ္ဍိမ နိကာယ် မူလပဏ္ဏာသက ပါဠိတော်၌ သျှင်သာရိပုတ္တရာ မထေရ်မြတ်အား သျှင်မဟာကောဋ္ဌိက မထေရ်က ဤဇီဝိန္ဒြိယဇွ သက်ရှိဘာဝရုပ်သည် မည်သို့ အကြောင်းကို အမှီသဟဲပြု၍ ဖြစ်ပေါ်လာသနည်းဟု မေးလျှောက်သောအခါ၊ သျှင်သာရိ ပုတ္တရာမထေရ်က မီးတောက်နှင့် မီးရောင်ကို ဥပမာပြု၍ ရှင်လင်း မိန့်ဆိုတော်မူသည်။

“ငါ့သျှင်မဟာကောဋ္ဌိက.... ဤမီးတောက်ကြောင့် မီးရောင် ပေါ်လာ၏။ မီးရောင်ကြောင့်လည်း မီးတောက်ကို တွေ့မြင် ရသည်။ ဤသို့ဖြင့် ဥသ္မာဓာတ်နှင့် အာယုအသက်တို့သည်

တခုနှင့်တခု အမှီသဟဲပြု၍သာလျှင် ပေါ်ပေါက်လာသည်”ဟု ဟောတော်မူ၏။

ဤအာယုဓာတ်နှင့် ဥသ္မာဓာတ်တို့ တုံ့ပြန်တိုက်ဆိုင်စေသော သဘောအစီပွာယ်သည် အပူဓာတ်နှင့် လေဓာတ်တွေ့၍ အသက်ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်မှု တိုက်ရိုက် ပေါ်ပြထားလေသည်။

ဤအသက်အာယုဓာတ်သည် အာရုံကြောနှင့် ဆက်သွားလျှင် ပဋ္ဌာရုံ၏ အကြည်ဓာတ်ကို ဖြစ်စေလေသည်။

သို့ရာတွင် မပျက်မစီး မကာတိ အကောင်းဖြစ်သော မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့ ဖြစ်ရန်လို၏။

ဤသို့ စတင် အလုပ်လုပ်လာပြီဖြစ်သော မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့၏ ပဋ္ဌပသာဒတို့၌ ဟဒယခေါ် မနောဒွာရ၏ လုပ်ငန်း ဝင်ပါလာသောအခါမှကား၊ ထို လူသားလေး၏ သံသရာသည် ထင်ရှားပေါ်လွင်လာချေတော့ပြီ။

သံသရာ

ဤနေရာ၌ သတိချပ်ရန် တခုရှိနေသည်။ မနောခေါ်သော ဦးနှောက်မှာ အမှန်အားဖြင့် သညာက္ခန္ဓာ၏ အဓိကအင်္ဂါပင် ဖြစ်ပါ၏။ သို့ရာတွင် ထိုဦးနှောက်သည် အာရုံကြောပေါင်းများစွာဖြင့် သွေးသား ဆက်သွယ် လှုပ်ရှားမှုကို အခြေခံရရှိထားမှသာလျှင် ထိုဦးနှောက်၏ သညာက္ခန္ဓာ၏ တာဝန်များကို ကြေပြွန်နိုင်ပေသည်။ ထို့ကြောင့် ဦးနှောက်ကို သညာ၏ အဓိကခန္ဓာအဖြစ် ကောက်ယူခံရမည် ဖြစ်သော်လည်း



ဟဒယခေါ်သော နှလုံး အိမ်မှ အာရုံသွေးကြောများ၏ ပို့ဆောင်ပေးမှု မရရှိပါက၊ ထိုဦးနှောက်ချည်းသက်သက် ဘာမျှ ဖြစ်နိုင်ဘွယ် မရှိလေသောကြောင့်၊ ကျွန်ုပ်တို့သည် အဓိက ဆက်သွယ်ရေး အာရုံကြောတို့၏ ပေါင်း ဆုံ ရာ အ ချက် အ ချာ ဟဒယနှလုံးကို သညာက္ခန္ဓာ ဖြစ်သောပင်မ ဦးနှောက်နှင့်ပေါင်းစပ်၍ ခန္ဓာတခုအဖြစ် တပါတည်း ပေါင်းယူလိုက်ကြရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ဟဒယဟုဆိုလျှင် ဦးနှောက်ပါတဆက်တည်းပါရှိပြီး သညာက္ခန္ဓာပင် ဖြစ်သည်ဟု မှတ်ယူကြပါလေကုန်၊

ဤသို့လျှင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏစသော ငါးခုသော ခန္ဓာအစုံတို့သည် ၎င်းတို့ဆိုင်ရာ လုပ်ငန်းကို စကြသည်နှင့် တပြိုင်နက်၊ ထိုလူသားကလေး၏ သံသရာ မည်သို့ စတင်လာသည်ကို အောက်ပါ ဥဒါဟရဏ်ဖြင့် ထင်ရှားစေကြဦးအံ့။

စက်ကြီးတခုအတွက်ဖြစ်သော စက်ပစ္စည်း အစိတ်အပိုင်းများကို တခုစီယူ၍ တပ်ဆင်လိုက်ကြသောအခါ၊ စက်ကြီးအကောင်အထည် ပေါ်၍လာလေပြီ။ သူ့ကရိယာ အစိတ်အပိုင်းများသည် သူ့နေရာနှင့်သူ ချိန်ကိုက်အောင် ညှိလိုက်ကြပြန်သည်။ ထိုနောက် ဆီထည့်ပြီး မီးပွင့်စေတတ်သည့်ကရိယာကိုပါ ဖွင့်လိုက်ကြချေပြီ။

အင်္ဂါစုံပါသော ကလေးသည် မိခင်ဝမ်းမှ ကျွတ်လာပြီဆိုကြပါစို့.... သို့ရာတိုင် ထိုကလေး၏ အသက်သည် ထက်သက် ဝင်သက် မရှုထုတ်သေး၍၊ ဝမ်းဆွဲက ရိုက်လိုက်သဖြင့်

"ဝါး" ကနဲအော်လိုက်ရာမှ ထွက်သက် ဝင်သက် စတင်လာပြီး ထိုမှဆက်၍ အသက်မှန်မှန် ရှူထုတ်လေပြီ။

စက်ကြီးလည်း တစုံတခုသော စတာတာ ကရိယာနှင့် ရှေ့နိုးလိုက်လေရာ၊ တဝုန်းဝုန်းနှင့် လည်၍သွားလေပြီ။

စက်ကြီးလည်၍ အရှိန်ရသည်နှင့် တပြိုင်နက်၊ ဒိုင်နမို ခေါ်အား ကရိယာပေါ် ဆက်၍လည်ကြပြန်လေသည်။ ဒိုင်နမိုလည်လာ၍ အရှိန်ရပြီး အင်ပီယာအား လိုသော စံချိန်သို့ တက်လာလျှင် ခလုပ်ကို ဆက်တင် ပေးလိုက်သောအခါ၊ ဝါယာကြိုးတွေသို့တဆင့် ခေါ်အားများ ကူးစက်သွားကြလေပြီ။

ကလေးငယ်မှာလည်း ထွက်သက် ဝင်သက် ရှူထုတ်လာပြီး အာရုံကြောများ နိုးလာလေပြီ။

စက်ကြီးမှ ခေါ်အားများ ကူးဆက်သွားရာ တလျှောက်ဆက်စပ်နေသော မီးတွေလည်း လင်းလာကြပြီ။ မီးလုံး၊ မီးချောင်း၊ မီးဝိုင်း၊ မီးရောင်စုံ မြို့ပြာနီဝါ အစိမ်း၊ ကြက်သွေးအားလုံးပွင့်၍လာချေပြီ။ မီးစာလုံး၊ မီးအရုပ်တွေပေါ်မိုတ်ချည်ဖွင့်ချည်အားလုံးဖြစ်လာကြပြီ။ရေဒီယိုတွေအသံဖြစ်လာကုန်ပြီ။ ပန်ကာ လေယပ် တွေလည်း လည်ကုန်ပြီ။ ရေတင်သော မော်တာ ရေစုတ် စက်တွေလည်း ရေတွေတင်ပေးကုန်ပြီ။ ရုပ်ရှင်ရုံတွေလည်း ဇာတ်ကားတွေပြကုန်ပြီ။ သတင်းစာစက်တွေနှိပ်ကုန်ပြီ။ ခေါ်ပုံဆိုင်ခတွေ၌လည်း အလုပ်လုပ်ကုန်ပြီ။ ဆန်စက်, ဆီစက်, လွှစက်များပေါ် ဆိုင်ရာလုပ်ငန်းတွေ လုပ်ကုန်ပြီ။ အလုပ်ရုံတွေမှ ပစ္စည်းတွေထွက်လာပြီ။ သံရည်ကြိုစက်တွေပေါ် အရည်ကြို ပုံလောင်းကုန်ပြီ။ ထိုသံထည်တွေကို တွင်စက်တွေ, ပေါက်စက်တွေ, ချောစက်တွေနှင့် ပစ္စည်းတွေ လုပ်ကြပြီ။ ထိုပစ္စည်းများ၌ စက်ပစ္စည်းတွေ ပြုလုပ်ကြပြီး စက်တွေ ဆင်ကြပြန်သည်။ ထိုစက်တွေကို တခါပြန်၍ တပ်ဆင်ကြပြီး မြို့တကာကိုပို့ခါ မီးထွန်းခြင်း၊ ရေဒီယိုမြည်ခြင်း၊ ပန်ကာလည်ခြင်း၊ ရုပ်ရှင်ပြခြင်း၊ အလုပ်ရုံတွေမှ ပစ္စည်းထုတ်လုပ်ခြင်းတွေ တဖန်ပြန်၍ ပွားတိုးလာကြပြန်သည်။



မီးတွေလင်းလာသောအခါ လူကောင်းတွေကဝမ်းသာသလိုသူခိုးတွေက မကျေနပ်ကြပေ။ ရေဒီယိုမှ တောက်တီးတောက်တဲ့သံတွေကို သာယာကြည်နူးသူရှိသလို နားကြားပြင်းကပ်သူတွေလည်း ရှိလာသည်။ ရုပ်ရှင်ရုံတွေ၌ ရယ်သံကြားသလို မျက်ရည်ထွက်သူများလည်း ပေါ်လာပြီး ပန်ကာ လေယပ်တွေကြောင့်အအိုက်ပြေသလို အအေးမိပြီး နှာပိတ် ဇက်လေးသူတွေလည်းရှိလာပြီ။ အလုပ်ရုံတွေမှ ထွက်ကုန်တွေအတွက် ဈေးကွက်တွေကျယ်ပြန့်လာသလို ထိုပစ္စည်းတွေ အပေါ်၌ လောဘတက်သူ လုယက်သူတွေလည်း ပေါ်လာသည်။အလုပ်သမားတွေ သပိတ်မှောက်ခြင်း လျှပ်စစ်ခေါ်လိုက်၍ မလာပေါ်ခြင်းများလည်း မကင်းကြတော့ပေ။ သို့ကလို ငိုသူရယ်သူ ဝမ်းနည်းဝမ်းသာဖြစ်ကြသူတွေသည် ထိုစက်မှ ခေါ်အားဆောက်ရာ တလျှောက်ဖြစ်ချင်ရာတွေ ရှောက်ဖြစ်ကုန်ကြလေတော့သည်။

ဤနှင့် အလားတူစွာပင် လူသား၏အာရုံကြောနှင့် ဆက်စပ်နေသော ပဉ္စဒွါရနှင့်ခန္ဓာငါးပါးတလျှောက် ထင်ဟပ် ဖြစ်ပေါ်လာမှု ကိစ္စအဝဝသည် ထို လူသားလေး၏ သံသရာပေတည်း။

လူသားသည် မျက်စိမှမြင်သော ရုပ်ပစ္စည်းတို့ အပေါ်၌ နှစ်လိုခြင်း ရွံမုန်းခြင်းရှိသလိုအခြားပသာဒတို့မှ ခံယူ ထင်ဟပ်သမျှ အာရုံတို့ ကိုလည်း ဝမ်း နည်းခြင်း၊ ဝမ်းသာ ခြင်း၊ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း၊ တောင့်တခြင်း၊ ကြောင့်ကျခြင်း စသော များလှစွာသော လောကဓံ၏ အတိုက်အခံ အစုံကို သူ ကြုံတွေ့ခံစားရပေတော့ပြီ။

မဠိစ္စ သမုပ္ပါဒ်

မျက်စိ, နား, နှာ, လျှာ, ကိုယ်, ဟဒယ တည်းဟူသော အတွင်းပသာဒရုပ်(၆)ခုနှင့် အဆင်း, အသံ, အနံ့, အရသာ, ကိုယ်, အတွေ့ အတွေးတည်းဟူသော အပြင်အာရုံ ၆ ခုတို့ တိုက်ဆိုင်ကြရာမှ မျက်စိအသိ, နားအသိ, နှာအသိ, လျှာအသိ, ကိုယ်အသိ, ဦးနှောက်အသိတို့ ပေါက်ဖွားလာကြချေပြီ။

ဤအသိတို့ကို အမှီပြု၍သာလျှင် အတွေး အခေါ် အယူအဆ အပြော အဆို လှုပ်ရှားမှု ဆိုင်ရာ သွားရေး လာရေး စားသောက် နေထိုင်ရေး ပေါင်းသင်း ဆက်ဆံရေး စသော ရေးပေါင်းများစွာ တွဲဆက်၍ မောင်းဝင်လာလေပြီ။ အလေ့အကျင့် ဓလေ့၊ စရိုက်၊ ဝါသနာစသည်တို့လည်း အလေ့အထ သန်ရာသန်ရာကို မှီ၍ ဖြစ်လာကြသည်။ ဤမှစ၍ ဘဝအဖြစ်တည်ရာ သံသရာကို ချဲလေတော့သည်။

ဤသို့ပေါ်ပေါက်လာသော အာရုံထင်ဟပ်မှုတို့၏ နောက်မှ အဝိဇ္ဇာ ပစ္စယာ၊ သင်္ခါရာ အစရှိသော ပဋိစ္စ သမုပ္ပါဒ် ဆက်ရဟတ်သည် တကောက်ကောက် လိုက်ခါ မပြတ် လည်ချေ



တော့ရာ ရုပ်နာမ် ၂ ခု ပူးပေါင်းမှုဖြင့် ဣန္ဒြိယဗဒ္ဓ ရုပ်စုသာလျှင် ဖြစ်သော မဟာဘုတ၏ အစုအဝေး ခန္ဓာဘာဝသည် မဆုံးနိုင်သော ဝဲပြဿသို့ ဝင်ခဲ့လေပြီ။

ဆက်ရှိ ရုပ်စု၏ ခန္ဓာ ၅ ခုမှ အရှိန် ကောင်းလာလေလေ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ ၃ ပါး ကလည်း တဆင့် တက်၍ တိုးပွား လာပြန်ချေသည်။ ထိုအခါ အဝိဇ္ဇာ တည်းဟူသော အမှောင်ထုတွင်းဝယ် အမှားအမှန် အကောင်း အဆိုး ခွဲခြားမမြင် ပုထုဇဉ်ဘာဝ ထင်မိထင်ရာ ဂယောင် ချောက်ချား စမ်းတဝါးဝါး နှင့် ဧသောဟမသ္မိ၊ ငါဖြစ်၏ ဟူသော မာနစွဲ။ ဧတံမမ၊ ဤဟာ ငါတည်းဟူသောတဏှာစွဲ။ ဧသောမေအတ္တာ၊ ငါ့ိုး ငါပိုင် တည်းဟူသော ဒိဋ္ဌိစွဲအစရှိတဲ့ တဏှာမာန။ ဒိဋ္ဌိပပဥ္စတရား ၃-ပါးက တခါတည်း ဖုံးလွှမ်းလာပြီးလျှင် အတ္တလမ်းစဉ်ကြီးကို အရှုတ်အစွဲ မှားယွင်းစွာ လက်ခံကြလေကုန်တော့သည်။

၁။ ထို့ကြောင့် စားမှုသောက်မှုတို့ဖြင့် ရအပ်သော မြူတို့၏ ဖွဲ့စည်းပေါင်းစပ်မှုဖြင့် ဖြစ်ပေါ်လာသော ဒြပ်သတ္တာန် ရုပ်ကာယကို သတ္တဝါတို့သည် တကယ်အရှိ အင်္ဂါအထည်ဒြပ် ဟူ၍ ထင်မှတ်ခါ ဤရုပ်သည် ငါပိုင်ကိုယ်ခန္ဓာ ဖြစ်သည် ဟူ၍ငြင်း....။

၂။ အာရုံ ၆-ပါးကို ခံစားမိသောအခါ ငါခံစားသည် ဟူ၍ငြင်း....။

၃။ ဤသို့ မြင်ရ ကြားရ နံရ စားရ တွေ့ရ ကြုံရသမျှ ကိစ္စအဝဝသည် ငါ၏ မှတ်သားမှုများသာတည်းဟုငြင်း....။

၄။ ပြုလုပ်ဖြစ်ပေါ်လာသမျှ မဟာဘူတ၏ သတ္တိမန္တရှစ် တို့၏ ပုံသဏ္ဌာန်ရရှိမှု အစုစုတို့အား ငါသည်သာ ပုံတုတ် ပြုလုပ် စီရင်ခြင်းဖြစ်သည်ဟုရှင်း....။

၅။ မြင် ကြား နံ စား ထိ တွေ့ ရသမျှ အာရုံ အမျိုးမျိုး တို့သည်လည်း ငါသိတာတွေသာ ဖြစ်သည်ဟူ၍ရှင်း....။

ဤသို့ စွဲယူ မှတ်သားခါ တလောကလုံးအား ငါမြင်, ငါကြား, ငါနံ, ငါစား, ငါတွေ့ ဟူ၍ မနေသာ လက်ခံလိုက် ကြကုန်လေပြီ။ ထိုသည့်အခါ ပညတ်သားဟူသမျှကို သက္ကာယ ဝင်၍ ဥပါဒါန် ဖြစ်ပြီးလျှင် ငါရှိ (ဝါ) အတ္တရှိသည် ဟူ၍ တောက်လျှောက်ကြီး အထင်မှား၍ ကုန်ကြလေပြီ။

ထိုသည့် ငါစွဲအတ္တ(ဝါ)ဥပါဒါန်ကြီး ဝင်လာသောအခါ ဤလောကနယ်တခွင် ရှိရှိသမျှ ပုပ္ဂုဇ္ဇတို့အား အမြင်မှန်နှင့် မကြည့်တတ်တော့ဘဲ ရုပ်လောကအားလုံး တကယ်အစစ်အမှန် တွေချည်းဟု ထိုလူသားတို့ ယူဆကြကုန်လေပြီ။

ဤမှအစ ဗုဒ္ဓ၏အနတ္တကို တရားအဖြစ် သမ်ကာလျ ကာမျ ဝတ်ရွတ်စဉ် အလွတ်ကျက်သလို ရွတ်ဆိုကြရုံမှတပါး အနက် အဓိပ္ပာယ် သဘောသွားမှာ တခြား၊ အကျင့်ခွဲမှာ တလမ်း ဖြစ်လာတော့၏။ ကမ္ဘာကတ လမ်းစဉ်ကြီး၏ အဓိပ္ပာယ်မှာ အံချော်၍ ဝင်လာတော့သည်။

ဆိုင်တဆိုင်မှ ပစ္စည်းတွေကို ဝင်ကြည့်ရုံ ကြည့်သောအခါ ငါ့ဟာ မဟုတ်သေး၊ ဝယ်လိုက်သည်နှင့် ငါ့ဟာဖြစ်လာ၏။ ထိုအခါ မူလဆိုင်တဆိုင်လုံး မီးလောင် သွားသော်လည်း သူ မနေမျှာတော့။ သူဝယ်လာတဲ့ပစ္စည်းကလေး မီးလောင်ပေါက်



သောအခါ ငါ့ဟာ မီးလောင်ပေါက်ရမလားဟု သူဆိုသည်။ ထိုငါ့ဟာကလေးကို ညတွင် သူခိုး ခိုးသွားသောအခါ ငါ့ဟာ ဟုသာ သူပြော သော်လည်း ပစ္စည်းသည်ကား ယူသွားသူ သူခိုး၏လက်ထဲသို့ ရောက်သွားတော့ပြီ။ သူခိုးကလည်း ငါ့ဟာ ဟု စွဲသွားချေပြီ။

အစိုးရထံမှ ချေးသောသော နှစ်ချုပ်နှင့် ငှားရသော မြေ ကိုပင် ငါ့မြေဟုဆိုကာ ခြံခတ်၏။ ထိုခြံထဲသို့ မသိလို့ ဝင်မိ သူသည် ပိုင်နယ်ကျူးလွန်မှု ဖြစ်ရလေသည်။ စင်စစ်ကေန် သူ၏ခန္ဓာ နှစ်ကာယ သည်ပင် သူပိုင် သူဆိုင် ထင်မှတ်ကာ ငါတည်းဟူသော အတ္တကြီးစွဲနေရာ ဥပ္ပာဒဝယ သဘော အနာဗီအနန္တ–အဝိနာသီ ဤသင်္ခါရနယ်ကြီးထဲ၌ အမြဲရှိသည် ထင်နေသော ငါ့အတွက် သချိုင်းယိုဘက်က ဘုံဘဝ အတွေ့ တွေ့ကိုပါ တောင့်တမြော်မှန်းလာချေတော့သည်။

အမှန် လူသားတို့ မြင်တွေ့ ထင်ဟပ် နေကြရ ကုန်သော ပစ္စက္ခဘဝ အတွေ့အကြုံ တွေသည် ရုပ်ရှင်ရုံထဲက ရောင်စုံ ကားချပ်ကြီးသာတည်း။ ထိုအထဲက ရှုပါရုံတွေ သဒ္ဒါရုံတွေ တော တောင် အဆောက်အဦတွေ အားလုံးတို့သည် မှန်ဘီ လူးနှင့် မီးထိုးပြသားသော ပိတ်ကားပေါ်မှ အရိပ်တွေနှင့် အလားတူ ဥပါဒါန်တွေ ချည်းသာလျှင် ဖြစ်ကြကုန်သည်။

ချစ်စရာ မုန်းစရာ စွဲစရာ မက်စရာ ရွံစရာ ကြောက်စရာ ထိတ်စရာ လန့်စရာ အမြင်–အကြား အားလုံးတို့သည် ဘာ တခုမျှ တကယ်မဟုတ်၊ ကော်ပြားလိပ်ပေါ်မှ အရိပ်များနှင့် ထိုကော်ပြား ထားမှ ဆောင်းထရက် မော်ကျူလိုက် အသံ

လှိုင်းကို အင်ပလီဖိုင်းယာနှင့် အသံချဲ့ ပို့ထားသော ရုပ်ပစ္စည်းမှ ထွက်ကုန်ဖြစ်တဲ့ မာယာတို့ချည်းသာလျှင် ဖြစ်ကြချေသည်။

သို့ရာတွင် ထိုဇာတ်ကားမှ အာရုံထင်ဟပ်ခါ သူရယ်သည် ချုံငိုသည် သူသဘောကျသည် သူမကျေနပ်ဖြစ်သည် သူမက်မောသည် သူတောင့်တသည်။ ပိတ်ကားကြီးပေါ်သို့ ရုပ်ရှင်ရိုက်ခါ မီးထိုးပြထားသော ကော်ပြားပေါ်က အရိပ်တွေသာ အရောင်စုံ လာ၍ ထင်ဟပ်နေတာပါကလား ဟူသော အသိတရားမျိုးသည် သူ့တွင် အဝွဇ္ဇာက ကွယ်ထားလေရာ၊ ယင်းသို့မြင်သမျှ ကြားသမျှတွေကို အစစ် အမှန် အရှိ အဟုတ် ရုပ်ပစ္စည်းတွေပမာ သူ ထင်မှတ် တွယ်တာနေလေပြီ။

ထိုဇာတ်ကားပေါ်က ထင်ဟပ်နေသော အရိပ်ထဲမှ အရုပ်တွေကို မည်သူမည်ဝါဟု သူမှတ်မှားနေ၏။ မည်သို့ပြောသည်၊ မည်သို့ဆိုသည်ဟု သူယုံနေ၏။ ထိုသဏ္ဍာန်တွေ၏ အရိပ်မှာ ပညတ်သားလုပင် မဟုတ်ကြသေး၊ အရိပ်မျှ စင်စစ်သာ ဖြစ်ကြသေးသည်။ မြင်တွေ့ ကြားမှတ်နေသော ပဋ္ဌာရက သူ့ကို လှည့်စားထားတော့၏။

ကောင်းပါပြီ၊ သူထင်တာတွေ တကယ် ဟုတ်မဟုတ် လက်တွေ့သဘော စောကြောလိုက်ကြဦးစို့၊ ပိတ်ကားကြီးမှာ ပိတ်ကားကြီးသာ ကေန်ဖြစ်နေ၏။ ရုံ၏နောက်မှ အပေါ်သို့ တက်၍ ကြည့်ကြ ပြန်သော အခါလည်း ပရိုဂျက်တာ ပြစက်နှင့် ကော်ပြားလိပ်မှတပါး ဘာမျှမတွေ့ရတော့ပေ။



သို့ရာတွင် သူ့မှာ ဥပါဒါန်အဖြစ် စွဲနေ၏။ အိမ်သို့ရောက်သောအခါ ဇာတ်လမ်းကို တခမ်းတနား လွမ်းစရာ ဆွေးစရာဖြစ်ခါ ပြန်၍ပြောချေတော့သည်။ ကြားရသူ ပုထုဇဉ်သားပရိသတ်များကလည်း တဆင့်ခံစား ဝမ်းနည်း ဝမ်းသာတွေ ကူးစက်ပြီး လက်ခံထင်ဟတ်ကြပြန်သည်။ ပဋိစ္စသမုပ္ပါဒ်သည် ဆက်၍ ကူးသွားတော့ပြီ။

အရင်းစစ်လိုက်သောအခါ ရုပ်ရှင်ဆရာ ဒါရိုက်တာ တို့၏ လက်ရာသာလျှင် ဖြစ်နေတော့၏။ သူတို့ဖန်တီးလိုက်သော ထိုသည့် ရုပ်နာမ်အထင်သဘောသည်ကား ကေန်အရှိတရားကား မဟုတ်၊ ထိုဇာတ်ဆရာတို့ လုပ်ကြံသမျှကို အဟုတ်အမှန် အရှိ တွေ့ဟုထင်သူ ဥပါဒါန်သမားတို့သည်သာ ခုတုံးအဖြစ် အသုံးတော်ခံလိုက်ကြရချေသည်။

ထို့ကြောင့်လည်း ရုပ်နာမ်အစုအဝေး ပွားတိုးလာသမျှကို ငါသား၊ ငါသမီး၊ ငါ့အိုး၊ ငါ့အိမ်၊ ငါ့ပစ္စည်း ၊ ငါ့ဥစ္စာတွေနှင့် ငါမြင်၊ ငါကြား၊ ငါတွေ့၊ ငါထိုင်၊ ငါပိုင်တွေ စွဲမှတ်မှားလာတော့ရာ မရှိမဟုတ်တရားအစစ်မှ အရှိအဟုတ်တရား့အဖြစ်သို့ ရောက်ခါ ဤသံသရာ ပေါ်လာရချေတော့၏။

တကယ်ရှိ တကယ်ဟုတ်တဲ့ မူရင်းဘူတကား–ပ အာဝါတော ဓာတ် ၄–တွေသည်သာလျှင် ဤပဋိစ္စသမုပ္ပာဒ်သံသရာ၏ဇာတ်ဆရာတွေ ဖြစ်ကြပေတော့သည်။

## သမုဒယသံယောဇဉ်

ကိလေသာ၌ ယစ်မူးနေသမျှ ငါသည် ရှေ့က အတွင်ပြေး နေ၏။ ထိုငါကြီးကို အရှိစစ်မှတ်နေသမျှ ကာလပတ်လုံး မျက်စိ,နား,နှာ,လျှာ, ကိုယ်တို့မှ ဥပါဒါန် ဝိညာဉ်တွေကိုသာ တွင်တွင်ကြီး ပို့နေရာဥပါဒါန်ရုပ်စုတို့၏နောက်၌သာ တကောက် ကောက်လိုက်ပါနေကြကုန်လေပြီ။

ထိုငါတည်းဟူသော အတ္တကြီးကို စွဲယူ ထင်ဟတ်မိသည်မှ စ၍ ကာမတဏှာ ကာမရာဂ၌ စွဲမက်ခြင်း၊ ဘဝတဏှာ၊ ဘဝ ဖြစ်မှုတို့၌ စွဲမက်ခြင်း၊ ဝိဘဝတဏှာ ဘဝချည်းစိမ်၌ တွယ်တာ ခြင်း၊ စွဲမက်ခြင်းတို့ ဒလစပ်ဆက်ခါ ဆက်ခါ လိုက်ပါ၍ထင်မြင် လာပေတော့သည်။ သားတွက်၊ သမီးတွက် ရွှေရေး၊ နောင်ရေး အကုန်တွေးကာ ဖတ်ဖတ်မောသည်ကိုမျှ သတိမရကြလေကုန်။

ယင်းသည့်အခါ ဤသံသရာဝဲမနားတမ်း လည်ရန်သာ ဆင့်တိုးပွားများလာကြကုန်ချေပြီ။

မနက်ဖြစ်ပြီ၊ ညနေရောက်ပြီ၊ နေ့ဖြစ်ပြီ၊ ညဖြစ်ပြီ စသည် တို့ကိုပါ မှတ်ယူလာ၏။ နာရီကိုကြည့်ခါ ဘယ်နှစ်နာရီ ဘယ် အချိန် ဘယ်ကာလဟု ထပ်ဆင့်လာပြန်သည်။

စကြဝဠာ၏ တန်ဆာမွှာ နေလတို့သည် သူ့ဟာသူ သွားနေကြခြင်းဖြစ်၏။ သော့ပေးထားသော နာရီသည် သူ့ဟာ သူ အိမ်မြှောင်က လှည့်ပတ်နေမည်သာဖြစ်၏။

သတ္တလောက ပညတ်နယ်သား သံသရာ ခရီးသွား တို့သည် ရက်ကိုကြည့် အချိန်ကိုမှတ်ကြကုန်ခါ သညာက္ခန္ဓာက ဆုံးဖြတ်



ပေးသမျှ ဥပါဒါန်တရားတွေကို ဦးထိပ်ရွက်ပန်ဆင်ကြပြီးလျှင် ဝေဒနာက္ခန္ဓာ၌ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဗျာပါဒ, ဝိတက်,ဝိစာရတွေ အားလုံးသိမ်းကျုံး တပွေ့ကြီး ခံစားကြ ကုန်လျက် မိမိတို့၏သင်္ခါရက္ခန္ဓာအဖို့ ပုံထုတ်ပြုလုပ်မှုတမျိုးမျိုး အတွက် အချိန်နာရီ၏ ကျန်သဘောက်ဘဝအထိ ကျဆုံးသော ဝဋ်ဒုက္ခကို မြိန်မြိန်ကြီး ရွှေရွှခံယူကြလေကုန်ပြီ။

ဘုတရှပ်၏ အပေါင်းအဖွဲ့ သဘောအရ ထင်ရှတ်သမျှ ရူပါရုံတို့အား ချစ်စရာ ခင်စရာဟု သူတွယ်တာလာပြီ။ သတ္တ လောကတည်ဆောက်ရေး သဘာဝအရ ပေါ်ပေါက်လာသမျှ ခြွေရံ အပေါင်းအသင်း မယား သားသမီးတို့အား ငါ့,တလုံး ရှေ့ကတင်ခါ သမုဒယဝဲနှောင်ပြီး သံယောဇဉ်အကျဉ်းထောင် ကို ပြောင်ပြောင်ပင် ဝင်၍ တိုးချေပြီ။

တနေ့တခြား တဆင့်ထက်တဆင့် ကြီးထွား ပွံ့ကားရှိလာ သော ငါအစွဲအတ္တနယ်သည် ကျယ်သည်ထက် ကျယ်လာလေ လျှင် ဤမျှနှင့် တင်းမတိမ်သေးဘဲ ဘဝဆက်တိုင်း ရွှေလည်တွဲ ခါ ပျော်ပွဲဝင်လိုပါသည်ဟူ၍ ဆုတောင်းကုန်ကြပြန်လေသည်။

အာရုံတို့၏ နောက်သို့သာ တကောက်ကောက် အစဉ်မပြတ် မမောတမ်း လိုက်လာသော လူသားသည်မဟာဘုတ၏အနုမာန ကို သူမသိ မမြင် ငါ(ဝါ)အတ္တဟူသော အထင်တရား သည် သာ နိစ္စဓုဝ,ထာဝရ,ဓမ္မအစစ်ဟု စွဲ၍ ဝိညာဉ်ကိုပင် သီးခြား တခု ကိုယ်ပိုင်ပြုနေသောကြောင့် ဇာတိဇရာ ဗျာဓိ မရဏတို့၏ တကယ့်ဒုက္ခအစစ်ကို သူ မသိမမြင်နိုင်တော့ပေ။

ဗုဒ္ဓဘုရားရှင်က ဇာတိဇရာ ဗျာဓိမရဏတို့၏ ကုန်ရာငြိမ်းရာ နိဗ္ဗာန်ကိုသာ အရေးတကြီး ညွှန်ပြဟော်ဖော်ခဲ့၏။ သို့ရာတွင် အတ္တစွဲလူသားသည် ဘုံစဉ်စံ ကျင်လည်မှု တလျောက်သို့သာ တောင့်တဆုတောင်းချေတော့သည်။

ယင်းသို့ဖြင့် ဇာတိဒုက္ခ,ဇရာဒုက္ခ,ဗျာဓိဒုက္ခ,မရဏ ဒုက္ခတွေ သာလျှင် ထပ်တလဲလဲကြုံရမှုနှင့် ကင်းရာ လွတ်ရာ ငြိမ်းရာ မြတ်ရာ အစစ်အမှန် အသခ်တနိဗ္ဗာနဓာတ်ကို သူ မထင်မမြင် နိုင်ခြင်း၏ အရင်းမူလသည်လည်း ကေန်စင်စစ် ကာမဂုဏ် ၅-ပါး၌သာ ထင်ဟတ်ခံယူနေသော ခန္ဓာ ၅-ခုကိုအတ္တ(ဝါ) ငါဟူ၍ စွဲမှတ်နေခြင်းကြောင့်သာ ဖြစ်ရချေသည်။

ယင်းသို့ဖြစ်ရခြင်းကား အဝိဇ္ဇာမှောင်ထု ကြီးမား လှတဲ့ အတွက် သူဘဲ,ငါဘဲ,အဖြူ,အမဲ မကွဲဘဲ တန်းတန်းစွဲအတ္တဒိဋ္ဌိ သက္ကာယတွေဝင်လာမှုကြောင့်ဖြစ်သည်။

ထိုမျှအဝိဇ္ဇာ ဖုံးလွှမ်းထားသော မှောင်ထု၏ အောက်မှ ထွက်ပေါက်ရှာသောအခါ ယနေ့ပစ္စုပ္ပန်လူသားသည် နောက် တဝကိုသာ ဇွတ်တိုး၍ မြှော်လေတောသည်။ အမြော်တရားစုံ ကလည်း ဒုတက်အောင် ကြီးထွားလျက်နေချေပြီ။

ဤသို့ ရှေ့နောက်တဝဆိုသော ဥပါဒါန်အစွဲတွေ အမိုက် ရှုပ်လာကြပါက အဝိဇ္ဇာနှင့်တဏှာမှ ရေသောက်မြစ် ပေါက် လာကာ အတ္တပင်ကြီး ပို၍ပွားစီးပြီး ငါ တည်းဟူသော သက္ကာယသည် တောက်လျှောက်မပြတ် သီးပွင့်ရပေတော့မည်။ ထိုသို့ သီးပွင့်လာလေလေ သံသရာမပြတ်လေလေဖြစ်ချေမည်။



မျက်စိအသိ,နားအသိ,ကိုယ်အသိ အထိအတွေ့တွေ၌ ဟဒ ယ အလုပ်က ဝင်ပါလာလျှင် သံသရာဖြစ်ရမည်မှာကေန်ပါပေ။

ရုပ်နာမ် ၂-ခုဖြစ်တဲ့ သက်ရှိရုပ် (ဝါ) ဇုမ္ဗိယဇ္ဈရုပ်အစု သာလျှင်ဖြစ်သော သတ္တဝါလူသားတို့၌ ဤသည် ၅-ခန္ဓာ အစုအဝေးမှ တပါး အခြားဘာမျှမရှိ။ ထိုသို့ မရှိကေန်အမှန် ဖြစ်တဲ့အတိုင်း ယင်း ၅-ခန္ဓာ၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူ တပါး, ယောကျ်ား, မိန်းမဟူ၍ ပုတုဇဉ်တို့ စင်မှတ် နေတဲ့ သက္ကာယ မှောင်ထုကို ထိုးဖေါက်, အလင်းရောက်အောင် သိလိုက်ကြပါက မရှိတဲ့အတ္တ"ငါ"တည်းဟူသော အယူအစွဲ မှာ တခါထဲ ပျောက်လွင့် ပျက်စီးသွားပေလိမ့်မည်။ ယင်းသို့ ငါစွဲကိုစွ အတ္တအမှတ် ပြုတ်ထွက်သည်မှစ၍....

၁။ ဤ ရုပ်ကာယသည် မြေနှင့် ရေဓာတ်တို့ ပေါင်းစပ် ဖွဲ့စည်းထားရာ ခြပ်သဏ္ဍာန်မျှသာ တကားဟု သိလျှင် ပုဂ္ဂိုလ် သတ္တဝါတို့၏ ရုပ်ကာယမဟုတ်၊ ရူပက္ခန္ဓာ၏ အစုအဝေးမျှ ပါကလားဟု အသိဥာဏ်ပေါ်လျှင် အမြင်မှန်ဆိုက်ပြီ။

၂။ ခံစားရခြင်း ဟူသမျှသည် ပုဂ္ဂိုလ်သတ္တဝါ မည်သူ မည်ဝါတို့၏ ခံစားခြင်းမျှမဟုတ်၊ ဝေဒနက္ခန္ဓာ အစုအဝေး တို့၏ အာရုံမျှပါတကားဟုသိလျှင် အမြင်မှန်ဆိုက်ပြီ။

၃။ စဉ်းစား တွေးတော မှတ်သားခြင်း ဟူသမျှသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ မှတ်သားခြင်းမဟုတ်၊ သညာက္ခန္ဓာအစု အဝေးဖြစ်တဲ့ ဟဒယ, နှင့် ဦးနှောက်တို့၏ မှတ်သားတွေး တောကြခြင်းသာပါ တကားဟုသိလျှင် အမြင်မှန်ဆိုက်ပြီ။

၄။ ပြုလုပ် ပုံထုတ် ပြောင်းလဲ ဖြစ်နေသမျှသည် ပုဂ္ဂိုလ် သတ္တဝါတို့က ပြုလုပ်ပုံထုတ်နေကြခြင်းမဟုတ်၊ သင်္ခါရက္ခန္ဓာ အစုအဝေးကသာလျှင် သူ့သဘာဝ သူဆောင် ပြုလုပ်နေပါ ကလားဟုသိလျှင် အမြင်မှန်ဆိုက်ပြီ။

၅။ ခံစား ထင်ဟပ်မှု အားလုံး ဖြစ်သော အာရုံတို့ကို သိခြင်းမှန်သမျှသည် ပုဂ္ဂိုလ်သတ္တဝါမည်သူတို့၏ သိခြင်းမျှ မဟုတ်၊ ဝိညာဏက္ခန္ဓာ အစုအဝေးက သိခြင်းသာ ဖြစ်ပါ ကလားဟုသိလျှင် အမြင်မှန်ဆိုက်ပြီ။

ပုထုဇဉ်လူသားနှင့် အရိယာတို့၏ ခြားနားချက်မှာလည်း ဤအမြင်မှန်ဆိုက်မှုပင် ဖြစ်လေသည်။

မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိမှု,တွေ့မှုဟူသောကိစ္စတွေ သည် အရိယာတို့၏ စိန်သားပြင်ပမာ–မာကျော ပြောင်စင် ပကတိ ကြည်လင်သော ဟဒယဝတ္ထုတွင် အာရုံဟူ၍ စွဲထင် မကပ်ငြိတော့ပေ။

ပုထုဇဉ်တို့တွင်ကား ဟဒယဝတ္ထု၌ မစင်မကြယ် ချေး ဒလဖျစ် တွယ်နေသည်ဖြစ်လေရာ၊ ဟတ်သမျှအာရုံ အကုန် ကပ်ငြိ ထင်ရှား၍သာ နေကြကုန်ချေသည်။

ထိုသည့်ချေးတွေ မပြောင်စင်တိုင်း အရောင်မကြည်လင် နိုင်တဲ့ ဥပါဒါန် အစွဲမျိုးစုံတွေသာ ကပ်သည်ထက် ကပ်၊ ဟတ်သည်ထက် ဟတ်နေတော့ရာ၊ ဘဝဖြတ်ရေး ခရီးစဉ်နှင့် ပါဝင်အောင် ကူလုပ်ပြီးလျှင် ဥပါဒါန် ပယ်ဖွယ ဘဝေါ လျှသည်နှင့်အညီ အသစ်ဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏကိစ္စ ကိုသာ ဆက်ကြပေဦးတော့မည်။



## အတ္တနှင့် အနတ္တ

ဤသည့်ဘဝ ယခုရုပ်ကာယသည် ဇရာရင့်ရော် – ဗျာဓိ နာသောင်–မရဏသေရေးနှင့် ပြေးမလွတ်ကေန် ဖြစ်ပြန်လေ ရာ၊ သက်ရှိ ဣန္ဒြိယဗဒ္ဓ ရုပ်ကာယအဖြစ် ပေါင်းစပ် ဖွဲ့စည်း ထားတဲ့ ပအာဝါတေ ဘူတရုပ်ခေတ်တို့သည် ရုပရုပ်အဖွဲ့ အစည်း ပျက်သည်နှင့် တပြိုင်နက်၊ သက်မဲ့အနိန္ဒြိယ ဗဒ္ဓ ရုပ်ပျက်တစသို့ ကူးပြောင်းသွားကြချေတော့မည်။

ထိုအခါ ဖြစ်သဏ္ဌာန်ရုပ်ခေတ်ဖြစ်သော ဘူတရုပ် ပ–နှင့် အာ့သည် ယိုစီး ကြေပျက်သည်နှင့်အမျှ ဝါ, နှင့် တေ, ရုပ် ခေတ်တို့လည်း အာယုခေတ် ဥသုဘအဖြစ် ပေါင်းစပ်မှု ကွဲ ကွာ၍ နိဗ္ဗဝရုပ်ကာယမှ ထွက်ခွာကြသဖြင့် အပြင်ဗဟိဒ္ဓဘူတ ရုပ်ရင်းနှင့် ရောနှောသွားကြချေသည်။

ဤသည်ပင် ဘဝတခု၏နိဂုံး ကိစ္စတုံးခြင်းပင် ဖြစ်ချေ၏။

ရုပ် နာမ် ဓမ္မသင်္ခါရတို့ကို ရှုကြည့်ဆင်ခြင်ရာ၌ ဝိဓံသ– ဝိစာရဏဉာဏ်သည် အဓိကဖြစ်သည်။ ဗုဒ္ဓ၏ ကိလေသာဖြတ် ရေး–ဘဝဖြတ်ရေး– ဒုက္ခငြိမ်းရေး၏ အခြေခံမူလ အနတ္တ ဒေသနာသည်၊ ဗြဟ္မဏတို့၏ ဘိုစဉ်စံနိစ္စ–ဂူဝ–ထာဝရ အနတ္တ တရားစုတို့နှင့် ရုပ်တွေး ရောနှောနေသော လူမ်းစရာ, မက် မောစရာ ဒဏ္ဍာရီပုံပြင် – ဇာတ်ဝတ္ထု အသွင် တွေကလည်း စာပေနယ် တခွင်မှာ တွင်တွင်ကြီး ပါရှိနေချေသည်။ ထို့ ကြောင့် နာမ် အတ္တတရား၏ တမလွန်ဘဝ အစဉ်တွေ ကို လက်ညှိုးထိုးထားသော သင်းချိုင်း၏ ဟိုမှာဘက်က ကောင်း

ကျိုးဆိုးကျိုးအမျိုးမျိုးသောဥပါဒါန်တရားဖြစ်တဲ့ အကြောက်နှင့် အမြော်များသည် အမှန်စင်စစ်အားဖြင့် ဗုဒ္ဓ၏ ပစ္စက္ခသဘော သံဒိဋ္ဌိကော—မျက်မြင် ကိုယ်တွေ့၊ အကာလိကော—အခါမလင့်၊ ဧဟိပဿိကော, လာရှုကြည့်လှည့် [ဆိုတဲ့ သွာက္ခာတော, တရားဂုဏ်တော်နှင့် များစွာဆန့်ကျင်၍ အနတ္တ၏ ဒေသနာအစဉ်နှင့် အံဝင်ရန် အလွန်ခဲယဉ်းသော ဥပါဒါန်အစွဲ အတ္တနယ်တွင်းသား တရားများသာ ဖြစ်ကြကုန်၏။

ယခုသော် .... ထိုထိုဗြဟ္မဏဝေဒတို့၏ ပရိယာယ်နှင့် ခြယ်လှယ် သွတ်သွင်းထားကုန်သော ထိုထိုအတ္တဘက်သား၊ တရားတို့သည် ယနေ့ပစ္စက္ခ လူသားတို့၏ အတွေးအခေါ်နယ်တွင် ကောင်းစွာ အောင်မြင်၍ တွင်တွင်ကြီး ပြန့်ပွားနေခဲ့ပြီးဖြစ်သည့်အလျောက်၊ ထိုသည့် မမှန် အမှား ဘုံစဉ်တရားစုကို စွဲလမ်းတော်တမှု၍ အခြေခံတဲ့ ဒါန သီလတွေသည် တမလွန် အမြတ်အစွန်းကြီး ရရှိမှုအတွက် အရင်းအနှီးမြှုပ်နှံ ရေး လမ်းစဉ်သို့ လုံးလုံးကြီးကျရောက်လာချေလေပြီ။ အချို့မှာ ကုဋေမှ အမြတ်ကို လက်ငင်းပင် မြော်ကြကုန်သည်။

ယင်းဒါနမျိုး၏ စေတနာကို အသေအချာစဉ်းစားကြပါက သဒ္ဓါသဘောနှင့် ရက်ရော စွန့်လွှတ်ခြင်းမဟုတ်၊ ညောင်စေ့ လောက်နှင့် ညောင်ပင်ကြီးချက်ကို မှန်းကြသော တမလွန် အမြတ်ကြီးစား ဒါနများသာဟု ပြတ်ပြတ်သားသား ဆိုနိုင်ချေတော့ပြီ။

ဘာ့ကြောင့်နည်း....



ဤလောကလူသား အများသော အစုကြီးသည် မေတ္တာ အစဉ်ကပင် ငါဟူ၍ ထင်မြင် လွဲမှတ်မှုကို အခြေခံ ခဲ့လေသောကြောင့် ဤသည့်ငါစွဲ အတ္တအတုံးအခဲကြီးသည်၊ ဤလူသားတို့၏ ဒုက္ခမီးကိုမွေးရာ၊ လောဘ, ဒေါသ, မောဟ ဆိုတဲ့ ကိလေသာ၏ ပင်ရင်း ထင်းကြီးတွေသာ ဖြစ်နေသည်ဟု ဗုဒ္ဓဘုရားရှင် ဧ တင်တွေ့မြင်တော်မူခဲ့၏။

ယင်းသည့် ငါစွဲဥပါဒါန်သည် ကိလေသာပွတ်ရေး ဒုက္ခငြိမ်းရာ၌ ကန့်လန့်ကြီးခံနေတဲ့ အဓိကတာတမံကြီးသာ ဟူ၍ သိမြင်တော်မူသည့်အတိုင်း....

ရုပ်နာမ်နှင့်တကွ ခန္ဓာ ၅–ပုံ အစုဖြစ်သော သတ္တဝါနှင့်တကွ မြင်မြင်သမျှ ရုပ်ဝတ္ထုအားလုံးတို့သည် အနိစ္စမမြဲတဲ့ သဘော၊ ဒုက္ခဆင်းရဲတဲ့သဘော၊ အနတ္တ ကိုယ်စိုး ကိုယ်ပိုင်မရှိတဲ့သဘောကို ပြတ်ပြတ်သားသား သိကြစိမ့်သောငှာ အနတ္တ ဒေသနာ၌ အတ္တမဟုတ်ကြောင်းထင်ရှား ဟောခဲ့လေသည်။

ထိုသည့်အတ္တ (ဝါ) ငါတတ်ထားသော အစွဲကလေးသည်သာ ဤသံသရာ၌ လက်သယ်ဖြစ်သည့် အလျောက်၊ ဤသံသရာ ဝဋ်ဒုက္ခဘေးမှ ဒိဋ္ဌဓမ္မ မျက်မြင် ပစ္စက္ခမှာ ခိုင်လုံသော အထောက်အထား ဓီတိတ မမှာ, ကိုယ်တွေ့ ပရိယောဂါဒ မမှာ, ကိုယ်၌ ပုံ၍ ခံစား သိနား လည်မှုအတွက် ယခုလက်ငင်း ငါပိုင် ငါဆိုင် ပစ္စည်း အားလုံးမှ ငါတည်းဟူသော စိတ်သဘောတရားလုံးကလေးကို ဖြုတ်လိုက်ကြပါလျှင် ငါ့အိမ်ဟူသော သဘောမှ သာမန် ယောဂီမျှ အိမ်ဟူသော ဝေါဟာရသို့ ပြောင်းလေမည်။ ထိုအခါ အိမ်

မရှိသူတိုင်း အတွက်နေရ၍ ပုံပါသက သဲဘောသို့ သက်ရောက် သွားလျှင် ငါတည်းဟူသော ဝိသေသန ပြုတ်ထွက် သွားသော အခါဖြစ်၍၊ မည်သူနေနေ, မည်သူထိုင်ထိုင်, ကိုယ်ပင်နေစေဦးတော့ စိုးရိမ်ခြင်း, တွယ်တာခြင်း, ခင်မင်ခြင်းစသော သမုဒယနယ်မှ လွတ်သွားပြီးဖြစ်လေရာ၊ လက်ငင်း ချမ်းသာသော အကျိုးကို ရရှိလေပြီ။

ထို့အတူ ငါ့မယား, ငါ့သား, ငါ့ပစ္စည်းအားလုံးမှအစ နောက်ဆုံး မိမိကိုယ်၏ ငါ့လက်, ငါ့ခြေ, ငါ့မျက်စိ, ငါ့ဦးခေါင်းအထိ ငါစွဲနှင့် ဝိသေသနပြု၍ သုံးစွဲမှတ်ယူထားသမျှ ရုပ်နာမ်အဝဝတို့မှ ငါတည်းဟူသော စကားတလုံးကို ဖြုတ်လိုက်ကြလျှင် သက္ကာယပြုတ်ခါ သမုဒယနယ်မှ လွတ်သွားသော သုခချမ်းသာသည် အကယ်ပင် လက်ငင်းတွယ်တာမှုကင်းစွာ မြေ့လှပါတကားဟူ၍ အနက်ထင်ထင် အမှန်မြင်နိုင်ကြလေပြီ။ ဗုဒ္ဓသည် ဤသည့်ငါစွဲ (အတ္တ) ပြုတ်ရေးကို ရှေးရှုသောအားဖြင့် အနတ္တဒါန ပေးလှူခြင်း သဘောကို ဟော ညွှန်ပြတော်မူခဲ့ပြီး ကေန် ဖြစ်ခဲ့ချေသည်။ ယခုကား ငါ့နောက်ဘဝဘို့ဆိုတဲ့ အတ္တသက်သက်ဖြစ်နေကြသည်။

ယင်းသို့လျှင် ငါပြုတ်ခါ အတ္တစက်ကွင်းမှ လွတ်ကင်းလာသော လှူဘွယ်ပစ္စည်းကို ရယူသုံးစွဲကြသူတို့၌လည်း လက်ငင်းကျိုးရ မြေ့ချမ်းသာကြကုန်သည်ဖြစ်ရာ.... ဤဒါနရေး၌ ငါစွဲပြုတ်စွာ လှူဒါန်းကြပါမှ သဗ္ဗာကေန် ဖြစ်ခြင်းမှန်ပေလိမ့်မည်ကိုလည်း အလေးအနက် စဉ်းစားထိုက်ကြကုန်လေပြီ။



## ဝိညာဉ်ချုပ်မှု

ရုပ်နှင့်နာမ် တွဲစပ်၍ နေသော သက်ရှိ ဤဣန္ဒြိယဗဒ္ဓရုပ် သားသည် ဥဿုခေတ်နှင့် အာယုပြတ်သည်နှင့် တပြိုင်နက်၊ သက်မဲ့ အနိန္ဒြိယဗဒ္ဓရုပ် လောကသို့ ပြောင်း၍ သွားမြဲဖြစ်သည်။ ထိုအခါ စ-သ-ဃ-ဇ-က-ဟ ဆိုတဲ့ စက်ယန္တရား ခြောက်ခုတို့လည်း အလည်ရပ်မြဲ ဖြစ်သည်။ ယင်းသို့ ရပ်လိုက်တဲ့အခါ၊ ဝိညာဉ်ပေါ်ထွက်ရန် လမ်းပေါက် အကုန်ပိတ်၍ သွားလေပြီ။ ဤဖြစ်ရပ်အားလုံးသည် မဟာဘူတရုပ်ကြီးတို့၏ အချိုးအစား ပြောင်းလဲ ပေါင်းစပ်မှုတွင် အခြေတိုက်သည်။

ဤနေရာ၌ သတိတချပ်ချပ်ဘို့ ရှိပြန်လေသည်။ ရုပ်ပြနာမ်နှင့် တကွသော ဣန္ဒြိယဗဒ္ဓရုပ် အပေါင်းတို့သည် ဘူတရုပ် ၄-ပါး (ပအာဝါတေ) အရင်းခံသော အကြောင်း အကျိုးဆက် သဘာဝမှ ပေါ်ပေါက်လာခြင်းသာ ဖြစ်ကြကုန်၏။

သို့ရာတွင် မဟာဘူတ ရုပ်ဓာတ်ဆမှု တုံ့ပြန်သော အကြောင်း အကျိုးဆက်တရား စုနှင့် ကင်းလွတ်စွာ တည်သော နိဗ္ဗာနဝရ ဘူတရုပ် ပရမတ် ဓာတ်သက်သက်သာ ဖြစ်ချေသည်။

ဆိုလိုရင်းမှာ သူကသာ အမိန့်ပေးသော အစဉ်သာရှိ၍ သူကား မည်သည့် အကြောင်း အကျိုး တရား၏ အမိန့်ကိုမျှ မနာခံသော ပရမတ္ထ သဘာဝသာလျှင် ဖြစ်သည်။

ဤအချက်ကို ရုပ်ပိုင်း အသိမှာက ကောင်းစွာအတည်ပြုလာကြပြီဖြစ်ရာ.... မပေါက်မပြန် အစဉ်ထာဝရ တည်သော

ပရမတ်သား "ဘူတရုပ်" နှင့် ပညတ်ဘာဝပေါက်ပြန်မဖြေပြောင်း လဲနေတဲ့ "ရုပရုပ်" တို့ ခြားနားပုံကို သတိထားကြကုန်ရာ၏။

ဤပရမတ်ရုပ် ဘူတဓာတ်နှင့် ပညတ်ရုပ် ရုပ်သဘောတို ရှုပ်ထွေးကုန်လျှင် ဗုဒ္ဓ၏ တရားတော်များပင် အတော်ခက်ခဲ သော ပြဿနာများဖြစ်ပေါ် လာတတ်ချေသည်။

အာဒိကပ္ပကအစချီခဲ့သော ဖြုတ္တက ဆရာ ကြီး တို့ သည် ဤဘူတဓာတ်ကြီး ၄- ခုကိုပင် ဖြုတ္တာကြီး ၄-ယောက်ဟု ပြောခဲ့ကြလေသလော ဓောကြောစရာ ဖြစ်လာ၏။ အရင်းစစ် သော် မဟာဘူတသည်ပင် အမျိုးမျိုးသော ပေါင်းစပ်ပုံ အချိုး အစားအရ ဤလောကရှိ မြင်မြင်သမျှ သင်္ခါရဝတ္ထုရုပ် အစုစု ကို ဖွဲ့စည်း ပေါ်ပေါက်စေပြီးလျှင် ထိုထိုသို့သော သက်ရှိ သက်မဲ့ အသွင်သဏ္ဌာန် အပုံပုံ အပြားပြားကို ဖြစ်ပေါ် စေပေသည်။ အကြောင်းအကျိုးမပြတ် ဆက်၍ ဖြစ်ပေါ်လာသော ထိုသည့် ဥပါဒါန်ရုပ် အစုစုသည် ဒုန်ရင်းမူလ မဟာဘူတသို့ ပြန်လည် ရောစပ်သွားကြခြင်းဖြင့် ဓေတ္တမျှ ဖွဲ့စည်းအပ်သော အသွင် သဏ္ဌာန်တို့၏ နိဂုံးခါးပတ်ကို အပြီးသတ်ကြသည်ချည်း ဖြစ်ကြ ကုန်၏။

ဤနိယာမ အစဉ်အလာအရ လူသားတို့၏ ဇီဝိန်ချုပ်ပုံကို လေ့လာသောအခါ၊ကျွန်ုပ်တို့သည် လူသား၏ သေမှု ရှင်မှုသည် ဝါယောဓေါ် ဥတ္တုဇီဝလေပုဓာတ်သည်သာလျှင်နောက်ဆုံး ပဓာန အရင်းခံဖြစ်သည်ကို တွေ့ရလေသည်။



လေကိုသွင်းသော အသက်ရှုမှုကိုမပြုနိုင်လျှင် ဇီဝဓာတ် ရုပ် ဆိုင်းသွားပြီ။ ထိုအခါမှသာလျှင် သေ ပြီ ဟူသော အဆုံး အဖြတ်ကို ချမှတ်နိုင်ကြ၏။

ဝိညာဉ်ချုပ်တိုင်း လူသေသည် ဆိုသော အဓိပ္ပါယ်ကို အလွယ်နှင့် မချမှတ်နိုင်ကြလေကုန်။ ဝိညာဉ်ဆိုသော သိမှု ဆိုင်ရာ အာရုံတစုံတရာ ပျက်ကွက်လျှင် ထိုဆိုင်ရာအာရုံ၏ ချုပ်ပျက်သွားခြင်းဟုသာ ကျွန်ုပ်တို့ ဆိုနိုင်ကြကုန်၏။

ထိုရာတွင် အသက်သက် ဝင်သက် ရှိသေးသမျှ သက်ရှိ ကုန်္တိတ်ယဗ္ဗရုပ်ဟူ၍ ခေါ်ဆိုမှတ်ယူကြရကုန်၏။

ထို့ကြောင့် ဝိညာဉ်သည် ငါဟူသော အတ္တပဲဟုစွဲယူရန် အကြောင်းလုံလောက်သော အဓိပ္ပာယ် တစုံတရာ ဘာမျှမရှိ ပြန်ချေ။

သေမှုဆိုသော မရဏကိစ္စနှင့်ဆက်၍ ဥပမာတခု ယူ၍ ကြည့်ကြဦးစို့....!

စက်ကောင်းစွာသွားနေသော နာရီတခုသည် အချိန်ကို ရင်း၏လက်တံဖြင့် မပြတ်လှည့်၍ပြနေ၏။

သူ့အချိန်ရောက်လျှင် ရောက်ရာနာရီကွက်အရ၊ တခင်ခင် နှင့်တီးခါ၊ နာရီထိုး ချက်သံကိုပင် ပေးလိုက်ချေသေးသည်။ နာရီဂဏန်းကွက်ပေါ် လက်တံရောက်သည့်အတိုင်း အချိန် နှင့်ကိုက်၍ ထိုးချက်နာရီသံကိုလည်း အချက်မှန်မှန်တီးလိုက် သေး၏။

ဤမျှနှင့် နာရီတွင် ရုပ်ရော နာမ်ပါလွှဲ၍ လှုပ်ရှားနေ သတ်ဆို ယူဆနိုင်၏။

ထိုနာရီ၏ အဓိကအားမှာ နာရီသံပတ်သာလျှင်ဖြစ်သည်။ သို့ရာတွင် နာရီသံပတ်သည် နာရီ၏အချိန်ကို ပြနိုင်ခြင်းမရှိ၊ အိမ်မြှောင် လက်တံကသာ ပြသည်။ အိမ်မြှောင်လက်တံက တော့ အချိန်သိ၍ပြသလော.... ဤလိုလည်းမဟုတ်၊ ဂဏန်းကွက်ကသာဖြစ်သည်။ ထိုဂဏန်းကွက်က နာရီအချိန်ကိုသိ၍ နာရီတီးသံပေါ်လာသလော – ယင်းသို့လည်းမဟုတ်၊ ဂဏန်းကွက်ပေါ် အိမ်မြှောင် လက်တံ တည့်တွည့် ရောက်၍သာ တီးသံပေါ်လာသည်။ ထိုသို့တီးသံပြုသည်မှာလည်း ထိုနာရီစက်၏ ခလုပ်က ချိန်ညှိထားသောခလုပ် ပြုတ်လာ၍သာ ဖြစ်သည်။ နာရီစက်ကို ဖျက်၍ ဝိညာဉ် တစုံတရာကိုရှာလျှင် ဘာမျှ တွေ့ကြရမည်ကားမဟုတ်၊ ပုံထားသော နာရီစက် အစိတ်အပိုင်းတွေကို ပြန်၍ သူ့နေရာနှင့်သူ ပြန်တတ်လိုက်သောအခါ တီးခြင်း, ထိုးခြင်း, အချိန်ပြခြင်းတွေကို လုပ်နေပြန်သည်။

နာရီ သံပတ်သည် ဝိညာဉ်ပေလော.... သို့ရာတွင် နာရီသံပတ်မှာ အားအဖြစ်ခွေထားသော သံပတ်မှတပါး၊ ဘာမျှမရှိဖြစ်ပြန်သည်။ ဝိညာဉ် (ဝါ) အတ္တဆိုသော သဘောမှာ ဤနာရီကဲ့သို့ ခန္ဓာ-၅ပါးနှင့် ဘယ်လိုမျှ ဆက်၍မရ ဖြစ်နေပြန်သည်။

နာရီကို ခန္ဓာအဖြစ် ပိုင်းလိုက်သောအခါ၊ ဂဏန်းကွက်ခန္ဓာ၊ အိမ်မြှောင်လက်တံ လည်ပတ်ခြင်းဆိုင်ရာခန္ဓာ၊ တီးသံမြည်အောင်ခေါက်သော ကရိယာဆိုင်ရာ ခန္ဓာ၊ တီးသံမြည်



စေသော အသံရှေ့၊ သို့မဟုတ် ဘဲလ်ခန္ဓာ၊ သံပတ်အား ခန္ဓာတဲ့ ခန္ဓာတို့၏ အစုအပေါင်း ဖွဲ့စည်း တပ်ဆင်ထားပုံကို ဤနာရီစက်၌ တွေ့ရချေမည်။

ထိုနာရီသည် ဆိုင်ရာခန္ဓာများပြည့်စုံ၍ စက်သွားပြီလော မဟုတ်ပေ၊ သံပတ်ကို အားဖြစ်အောင် သော့တပ်လှည့်ပေးမှသာ ရုပ်နာမ်သဘောဝင်လာချေသည်။ ဤတွင်မှ စက်သွားပြီး ၎င်း၏သက်ဆိုင်ရာ ကိစ္စအဝဝကိုလုပ်ချေ၏။ သော့မလှည့်ဘဲ ဝိညာဉ်ဝင်လာပြီး စက်သွားအောင်ကား မည်မျှများသော ၎က်ပျောပွဲအုန်းပွဲနှင့် ဆုတောင်းတောင်း – ဖြူဖွာ ပုဏ္ဏားဆရာတအုပ်ကြီးကိုပင့်ခေါ်၍ ရန်ရှိသမျှ ဂါထာမန္တာန် အကုန်ရွတ်ရွတ်– နတ်မင်း ဖြူဖွာမင်းတွေကို ၇-ရက် ၇-လ ပွဲကြီးပေးကာ၊ ဆုတောင်းတွေကို နေ့ညမပြတ် တောင်းစေကာလည်း ရကောင်းရိုးမရှိထဲကဖြစ်သည်။ နာရီကား တုတ်တုတ်မျှ လှုပ်မည်မဟုတ်ပေ။

အေး .... သော့ကလေးသာ လှည့်လိုက်ပါက၊ တခဏနှင့် ထိုနာရီအသက်ဝင်လာချေတော့သည်။

ဤနေရာ၌ သက်ရှိ လူသတ္တဝါနှင့် နာရီစသော စက်ယန္တယားများ မတူပါ။ ဝိညာဏခန္ဓာ– သညာက္ခန္ဓာတွေက အတ္တ သဘောဝိညာဉ်ဖြစ်ပါသည်ဟု စောဒက တက်စရာရှိချေပြန်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူသေမှုဆိုင်ရာ ရေကကိစ္စကို တဖန် ပြန်၍လေ့လာကြဦးစို့....၊

ဝေဒနာ၏ဖိစီးမှုဖြင့် ရုပ်ခန္ဓာရေ့ရဲ ပျက်စီးအံ့ဆဲဆဲဖြစ်သူတဦးသည် တဖြည်းဖြည်း မျက်စိများ ပြာဝေလာပြီး မှုန်သွား

ကာ ဘာမျှမမြင်ရတော့ဘဲ၊ စက္ခုဝိညာဉ်ချုပ်လေပြီ။ ဟဒယ နှလုံးသွေးအား လျော့ပါးလာသည်နှင့် အမျှ ခြေလက်တို့မှ သွေးများဆုတ်လာလျှင် ထို သွေးများဆုတ်သွားသော အင်္ဂါ အစိတ်အပိုင်းများ၌ ကာယဝိညာဉ်ချုပ်လေပြီ။

နှလုံးအား လျော့ပါးသည်နှင့် တဆက်တည်း ဦးနှောက်ရှိ သွေးအားများပါ နှေးကန်လေးလံလာပြီး မနောဝိညာဉ်ပါ ချုပ်လေပြီ။

အချို့တို့မှာ ရောဂါအလိုက် နှာခေါင်းမှ အနံ့သိမှုဖြစ်သော ဃာနဝိညာဉ်နှင့် မေးခိုင်မလှုပ်နိုင်ပြီ ဖြစ်သောကြောင့် ဇိဝှာဝိညာဉ်တို့ပါ အားလုံးရှိသမျှ ဝိညာဉ်တွေ ချုပ်ကုန်ပြီဖြစ်သော်လည်း ထွက်သက်ဝင်သက် ရှူထုတ်နေသော နှလုံးက မရပ်မနားသေးလျှင် အသိလျှင် သေပြီဟု ဆိုရမည်နည်း။

သို့ကလို ထွက်သက်ဝင်သက် တည်းဟူသောလေကို ရှူထုတ်နေသေးသမျှကာလပတ်လုံးဥသ္မာဇီဝခေတ်မပျက်သေးပေ။

ဥသ္မာဇီဝခေတ် ရှိသေးသမျှ သက်ရှိထင်ရှားဇီဝိတရုပ် သားသာလျှင်ဖြစ်သည်။ သို့ရာတွင် ငါဟူသော အတ္တသည် ဝိညာဉ်ချုပ်ရာ၌ ရော၍ ချုပ်သွားပြီဖြစ်ကြောင်းကား ဘာမျှမသိတော့ခြင်းက လွန်စွာထင်ရှားသော သာဓက ဖြစ်နေချေသည်။

ဤအခြေ၌ နှမြော, တွန့်တို, တွယ်တာ, မက်မော, ဆွံမုန်း, ထိတ်လန့်, ငါဟာ သူ့ဟာ ဘာကိုမျှ မသိရှိမှုမက ဆေးရုံ၌ မှေးဆေးပေး၍ ဝမ်းခွဲ–အူကိုဆက်၊ နှလုံးသီးပွတ်မကျန် ပြုပြင်လုပ်ကိုင်နေနိုင်သည့်သဘောကို စောကြောကြရာသည်။



အကယ်တစေ– ထိုအတ္တသည် ငါဟူသော အစွဲဖြင့် နိစ္စ, သုခ, အဝိနာသီ, သဗ္ဗဗျာပီသဘောဖြင့် ထာဝရ ရှိနေသော ဝိညာဉ်ဘာဝဖြစ်ပါက သိတ္တိကောင်းလှချေ၏။ယခုကား မသေခင်က ပျောက်နေ၏။

ဤမျှဆိုပါက အတ္တသည် ထာဝရ ဝိညာဉ်မဟုတ်၊ ငါမှန်း, သူမှန်း, ပုဂ္ဂိုလ်သတ္တဝါ ဘာတခုကိုမျှ မသိတော့တဲ့အခြေတိုင် အသက်ရှူလျက်ထင်ရှား–ဇီဝိတရုပ်သား ပကတိ ရှိလျက်က ပျောက်ပျက် ချုပ်ကွယ်နိုင်သော လက္ခဏာ ထင်ရှားသည်။

ဝိညာဉ်ချုပ်သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ– ဝါယောခေတ်လေသည် လူသား၏ခန္ဓာထဲရှိ ဥသ္မာအပူခေတ်နှင့် ပေါင်းစပ်ရှုသွင်းနေသမျှ ကာလပတ်လုံး လူသား၏ အသက် (ဝါ) အာယုဟူ၍ အစဉ်ဖြစ်ကြောင်း ထင်ရှားစေသည်။

ထို့ကြောင့် အသက်ဖြစ်သော ဝါယောခေတ် လေကို ရှူထုတ်နေသော အဆုတ်၏ အားပျက်သွားမှ သာလျှင် သဖန်မြန်မှု– သွင်းလေမယူနိုင်မှ ဥသ္မာပျက်၍ အသက်သေပြီဟု စင်စစ်ကောက် ဆိုနိုင်ပေတော့သည်။ ဥသ္မာအာယုခေတ်သည် အဆုတ်ကို လှုပ်ရှားစေသကဲ့သို့ အဆုတ် လှုပ်ရှားမှုကြောင့်လည်း.... ဥသ္မာအာယုခေတ် ဖြစ်နေရပြန်သည် ဆိုသော သျှင်သာရိပုတ္တရာနှင့် ရှင်မဟာကောဋ္ဌိကတို့၏ ချာလည်လိုက်နေသော အမေးအဖြေသဘောကဲ့သို့တည်း။

ဥသ္မာဇီဝခေတ်ပျက်မှ ခွဲထွက်သော လေသည် လေသာလျှင်ဖြစ်၍၊ အတ္တတို့က ဝါယောအဖြစ်မှ ဗဟိဒ္ဓဝါယောအဖြစ်သို့ ရောက်ရှိပြီး၊အပြင်လေနှင့်ရောကာ လွင့်ပါးသွားပေတော့သည်။

နောက်ဆုံး လေမထွက်ခင် စောစောကပင် ချုပ်ပျောက် ကွယ်ပနှင့်ပြီး ဖြစ်သောကြောင့် အသက်ဝိညာဉ် (ဝါ) အတ္တ ဟူ၍မျှ ဤရုပ်ကာယမှ ထွက်စရာလည်း မရှိ၊ ထွက်သွားခြင်း လည်း မဖြစ်နိုင်သဖြင့် အတ္တ (ဝါ) ဝိညာဉ်သည် အဓိပ္ပါယ်မရှိ သော အယူအစွဲ အမှားသာလျှင် ဖြစ်ပေသည်။

ဥပါဒါန်

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် အသက် ဝိညာဉ် မျှ ဤ လောက၌ ဤကိုယ်မှ ဟိုကိုယ် အဖြစ်သို့ ရုပ်ခန္ဓာ ပြောင်းလဲ ကူးသန်း သွားခြင်းမရှိ၊ ရုပ်နာမ်ချုပ်လျှင် ဝိညာဉ်သည်ပါ ချုပ် သည်ဟူ၍ မဟာတဏှာ သခ်ယျသုတ်၌ ဝိညာဉ်ကို ထာဝရ စွဲ၍ ယောမှား ပြောမှား ဖြစ်သွားသော သာတိ ရဟန်းကို အထင်အရှား ဟောတော်မူခဲ့၏။

ပဋိစ္စသမုပ္ပါဒ် တရားတော်၌ တဏှာ ပစ္စယာ ဥပါဒါန် ဥပါဒါန ပစ္စယာ ဘဝေါ– ဘဝ ပစ္စယာ ဇာတိ.... ဟူသော သေရာကျွင်လည်ပုံအရ– တဏှာမပြတ်၍ ဥပါဒါန် ဖြစ်နေ သော ရုပ်ခန္ဓာစု ပျက်စီးလျှင် ထိုခန္ဓာမှ ဘူ တ ရုပ် တို့သည် ဥပါဒါန်ငွေပါသော ဘူတရုပ်တို့သာလျှင် ဖြစ်ရချေသည်။

ရေမွှေးပုလင်းထဲမှ ထွက်သောလေသည် ရေမွှေးနံ့ ရသ ကဲ့သို့ မစင်ပုံးထဲမှ ထွက်သော လေသည် မစင်နံ့ မကောင်း သကဲ့သို့ ယူဆရာ၏။

ထို့ကြောင့် ဥ ပါ ဒါန် မကောင်းသော လေသည် အပြင် ဗဟိဒ္ဓ၌ ပျောက်သွားသည်ဟု မဆိုနိုင်။ အပြင်လေနှင့်



ရောစပ် သွားသည်ဟုသာ ဆိုနိုင်၏။ အကြောင်းမူကား လေသည် ပရမတ္ထ သဘာဝ ဘူတရုပ် လေသာဖြစ်၍၊ ပျောက်သွားရိုး ဓမ္မတာ မရှိချေ။

ရှင်းလင်း ထင်ရှားသော အထောက်အထားကို ယခုသိပ္ပံ ခေတ်၌ ထင်ရှား မြင်တွေ့ရ၏။ ဗမာပြည် အသွလင့်ရုံမှ လွှတ်လိုက်သော လေလှိုင်းသာမက ကမ္ဘာပေါ်ရှိ ရေဒီယို အသံလှိုင်းမျှ ပျောက်သွားသည်ကို မတွေ့ရသော အချက်က ထင်ရှားနေ၏။ ရေဒီယို ကရိယာသာ ရှိလျှင် ကမ္ဘာပေါ်၌ မည်သည့်နေရာကမဆို ဖမ်းယူနိုင်ကြကုန်သည်။ စဉ်းစားစရာ ရှိသည်ကား .... အသံလှိုင်း မီတာသည် အလွှတ်နှင့် အဖမ်း တူညီမှသာလျှင် လာ၍မြည်ခြင်းပင်ဖြစ်သည်။

လူ၏ဥပါဒါန် မီတာနှင့် လွှတ်လာသောလေသည် လူ၏ ဥပါဒါန်မီတာ၌သာ လာ၍ငြိပေသည်။

ပျက်စီးသွားသော ဘူတရုပ်တို့၏ အဖွဲ့အစည်းဖြစ်သော သတ္တဝါတိုင်း၏ သက်မဲ့ အိန္ဒြိယ ဗဒ္ဓရုပ်များမှ နောက်ဆုံး ဇီဝိန် ပျက်လေများအားလုံး ဖြန့်ထွက် လာကြမည်မှာကား မငြင်းနိုင်ပေ။ သို့ရာတွင် လူ၏ ဥပါဒါန်မီတာတွင် ဆက်မိရန် မှာ လူမှနောက်ဆုံးထွက်လာသော လူသား၏ ဥပါဒါန်လေ သည်သာလျှင် ဖြစ်ရပေလိမ့်မည်။

အခြားသော ဥပမာတခုမှနေ၍ ကြည့်ကြဦးစို့....ရန်ကုန်မြို့ ကြက်တန်းဓါတ်နေရာ၌ စက်ပစ္စည်းပေါင်း အမျိုးစုံ စုပေါင်း ရောင်းချလျက်ရှိ၏။ ထိုနေရာသို့ စက်ကရိယာပြုလုပ်သူ မျိုးစုံ လာ၍ စက်ပစ္စည်းများကို ဝယ်ကြလေသည်။

လှစက် တည်လိုသူက လှရက်နှင့်ဆိုင်ရာ အစိတ်အပိုင်းကို သာ ဝယ်ယူ၏။ ဆန်စက်က အစိတ်အပိုင်းကို သူမယူပေ။ မော်တော်ကား အင်ဂျင် ပြုလုပ်မည့် သူသည်လည်း မော်တော်ကားနှင့် ဆိုင်သော မော်တော်ကား ပစ္စည်းကိုသာလျှင် သူယူသည် အပ်ချုပ်စက်ခေါင်းက ပစ္စည်းကို သူအလကား ရစေဦး မယူပေ။

လူသားမိဘတို့သည် မိမိတို့၏ သန္ဓေမှ ခွေးကို မွေးထုတ် လိုကြဖို့လော၊ ဆင်ကိုကော မွေးထုတ်လိုကြ အံ့လော၊ လူသားမိဘတို့သည် လူသားကိုသာ မွေးထုတ်လိုကြပေလိမ့် မည်။ ထိုအခါ သူတို့၏ ဗီဇဓာတ်အဖို့ အဘယ် သတ္တဝါမှ ထွက်လာသော နောက်ဆုံးလေမျိုးမှ စားသောက် ရှုရှိုက် သော အထဲတွင် ဗီဇဓာတ်အဖြစ် ခြေကုပ်ခံကြမည် မဟုတ် ချေ။ လူသား၏ အသွေးအသားသည် လူသားမှ ထွက်လာ သော ဥဒ္ဒေါ ဓာတ်ပျက် ဝါယော ဓာတ်ကိုသာ မိတ်ဆွေ ဖြစ်၍၊ မလိုလည်းမရ လိုလည်း ရထဲကပင်ဖြစ်ရပေမည်။

အကြောင်းမူကား ရေဒီယိုသည် မိတ်ဆွေ၌ ကီရိယာကို သာ ရှောက်လှည့်လျှင် မလိုသောလိုသော မိတ်ဆွေမှ လွှတ် လိုက်တဲ့အသံကို ထူသော မိတ်ဆွေနေရာ၌ အစဉ်မိနေသော ကြောင့် ဖြစ်ချေသည်။ နားမထောင်ချင်သော ထောင်ချင်သော ဘာသော ညာသော နားမလယ်၊ မိတ်ဆွေ ပြိမ်လျှင် အသံ မြည်၍လာသည်။ မထူလျှင် အလျှဉ်းကို မမြည်ခြင်းမှာ လောက လေလှိုင်း၏ ဓမ္မတာပင်ဖြစ်နေသောကြောင့်တည်း။



ယခုဥတုဇဝါယောသည် လေသာလျှင် ဖြစ်သည်။ ဥပါ ဒါန်အနေနှင့် လူသားကိုမှီသော ဥပါဒါန် ရုပ်သားကား အခြား အဘယ်သတ္တဝါတွင်မျှ မရှိနိုင်ပေ။ အကြောင်းမူကား သတ္တဝါအားလုံးအနက် လူသားသည်သာ စကားပြောဆိုမှု လုပ်ငန်းရှိသော တမျိုးတည်းသော သတ္တဝါဖြစ်လေရာ— လူသားနှင့် တူညီသော ဥပါဒါန်ရုပ်သားသည် လူသား လူချင်း တပါး၊ အခြားသတ္တဝါ မည်သည့် ခွေး, ကြက်, ငှက်, နွား, ကျွဲတို့၌မျှ မရှိနိုင်တော့ချေ။

ဘဝနှင့် ကိလေသာပြတ်လျှင် ဥပါဒါန်ပြတ်၍၊ ဇာတိ တဖန် ပြန်ဘွယ်မရှိဖြစ်သည်။ ယင်းသို့မှ တဘဝနှင့် ဥပါဒါန် မပြတ်ကြလျှင် ထိုဥပါဒါန်မပြတ်သော ရုပ်ကာယမှ လွင့် ပါးသော ဘူတရုပ်တို့သည် အဘယ်သို့သော ဇာတိသာလျှင် ဖြစ်ကြမည်ကို အထူးတွေးနေ—ငေးနေ—တွေဝေနေစရာ မလို၊ နားမှ ကြားချင်တိုင်း ကြားထားတဲ့ စကားတွေ၏ ခြောက် လှန့်လှည့်စား ဖျားယောင်းမှုတွေကို ဂယောင် ချောက်ချား ဖြစ်စရာ ဘာမျှမရှိတော့ပေပြီ။

ဤနေရာတွင် လူပြောများလှသော ဆက်မှား ပြတ်မှား မှားနှစ်မှားကို အနည်းငယ် ရှင်းရန်ရှိလာသည်။

ဝိညာဉ်ကို အတ္တ (ဝါ) ငါ–ဟူသော အမှတ်ဖြင့် ဇာတိ ဆက်သည်ဟု ယူဆကြလျှင် အတ္တ (ဝါ) ငါ–တည်းဟူသော သဘောမှာ ဘာမျှကောန်မရှိရှိ၊ အမှန်ဖြစ်၍၊ ထိုမရှိသော ဝိညာဉ် ဝါ – အတ္တက ဆက်သည်ဆိုက သဿတဒိဋ္ဌိ ဆက် မှားမည်၏။

ထိုသည့်အတွက် (၀၁) ငါသည်လည်း.... မရှိတော့ တကယ် မှန်သောကြောင့် ဤမရှိသေးအတွက်ဖြင့် ဆက်စရာဇာတိ ဘဝမျှ မရှိတော့၍ ပြတ်ပြီဟု ဆိုကလည်း မပြတ် သော ကြောင့် ဥစ္ဆေဒဒိဋ္ဌိ ပြတ်မှား-မည်ဖြစ်သည်။

အသို့ဖြစ်လျှင် အဘယ်နည်းဟုဆိုက ကျွန်ုပ်တို့ ပြောခဲ့ သည့်အတိုင်း မဟာဘူတ (ပအာဝ တေ) သည် လောက အားလုံး၏ ပင်မဘူတ ရုပ်ဖြစ်ကြောင့် ဥပါဒါန် မကင်း လျှင် ဥပါဒါန်ဘူတရုပ်အဖြစ်နှင့်သာ ဤသံသရာ၏ ဇာတိ ဇရာ ဗျာဓိမရဏတို့၏ ရေယဉ်ကျောတွင် မျောလျက်သာ နေကြခြင်းဖြင့် ပဋိစ္စသမုပ္ပါဒ် ခဲကြီးသည်၌ ကျင်လည်ကြရပေ တော့သည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာက....

စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ သံသိတံ ဒီဃမဒ္ဓါနံ တာသု တာသွေဝ ဇာတိသု။ (အဘိုးမှား ဘုမ္ပ ကထာ ထားပွဲ?)

"ရဟန်းတို့ သစ္စာ ၄-ပါး တရားတို့ကို မသိမမြင်ကြခြင်း ကြောင့် ငါဘုရားနှင့်တကွ သင်ချစ်သားတို့သည် အစမထင် အဆုံးမမြင်သော ဤသံသရာ၌ ကျင်လည်ခဲ့ရပေါင်း များလှ ချေပြီ။

ဤသို့လျှင် ဇာတိတဖန် ပြန်ရလေရာတိုင်း၌ မျက်စိ, နား, နှာ, လျှာ ကိုယ်တို့ဖြစ်သော အခံဓာတ် ငါးပါးနှင့် အဆင်း, အသံ, အနံ့, အရသာ, ကိုယ်အတွေ့ဆိုတဲ့ အတိုက်ဓာတ်တို့ သည် အစဉ်မပြတ် ထိခိုက်နေကြရခြင်းဖြင့် အစစ်အမှန်တကယ်



မဟုတ်သော သင်္ခါရုပ် အစုစုတို့အား (၀၁) ဥပါဒါန်ရုပ် အမျိုးမျိုးတို့အား အစစ်အမှန် အရှိတရားတွေပမာ ထင်မှတ် မှားခါ စွဲလမ်းတွယ်တာရမှုကို အကြောင်းပြု၍ ဤကာမဂုဏ် တို့၏ နောက်မှ တကောက်ကောက် လိုက်ပါ၍ ကာမ၏မဆုံး နိုင်သော အလိုအဖြင့်သာ လှည့်ပတ်တွယ်တာ မက်မောခဲ့ကြရ သည်မှာ ဒုက္ခရှည်းသာ ကေန် ဖြစ်နေကြရကုန်လေပြီ။

ဤဒုက္ခအားလုံး၏ အရင်းခံမှာလည်း မဟာဘူတ၏လှည့် ပတ်မှုဖြစ်သော ချက်လှည့်သည်သာ အမှန်ဖြစ်နေလေပြီ။

ယင်းသို့ဖြစ်စဉ် အမှန်ကိုမြင်အောင်မကြည့်ကြသည်မှာလည်း အမှောင်ထု အတိသာလျှင်ဖြစ်သော အဝိဇ္ဇာနယ်တွင်း ဖြစ်၍ မမြင်မကန်းစမ်း အရမ်းထင်ရာ ကိလေသာတို့ဆွဲဆောင်ရာသို့ အတွင် လိုက်ပါ နေကြရှာကြသောကြောင့်သာ ဖြစ်ချေသည်။

ရုပ်တစုခန္ဓာ၌ နာမ်ခန္ဓာ ၄-ခု ပူးပေါင်းပြု၍ ဖွဲ့မှုသဏ္ဌာန် ရုပ်နာမ်ကာယ ဤအဝအား ငါသာလျှင် ကေန်ဖြစ်ပြန်သည် အမှန်ဟု အစဉ်စွဲတဲ့ အမြဲအတွက် ထာဝရဟု ထင်ယောင်ဝိုးဝါး အမှတ်မှားကြကုန်လေပြီ။

ကျွန်ုပ်တို့၏ ရုပ်ကာယ၌ အင်္ဂါတရပ်အဖြစ်ဖြင့် အကြွမ်း ဝင်သော နှာခေါင်း လိုဏ်ဂူအတွင်း၌ တည်ရှိသော အတွင်း ဆာနပသာဒသည် အပြင် လောကရှိသော အနံ့ ဂန္ဓာရုံနှင့် အကြင်အခါလာထိခိုက်မိ၏။ ထိုအခါ ဃာနဝိညာဉ်ဟု ဆိုအပ် သော နှာခေါင်းအသိဖြစ်ပေါ်လာသည်။ (ဃာန ဂန္ဓ = ဃာ န ဝိညာဉ်)

ကျွန်ုပ်တို့၏ ရုပ်ကာယ, တွင် အင်္ဂါအစိပ်အပိုင်း အရပ်အဖြစ်ဖြင့် ပါဝင်သော ပါးစပ်လိုဏ်ဂူကြီးအတွင်း၌၊သွားတည်းဟူသော၊ တပ်ဆည်းရှိုးတို့ဖြင့် ကာရန်၍ ထား အပ် သော လျှာသည်ရှိ၏။ ၎င်းသည် အကြင်အခါ၌၊ အပြင်ပ ရုပ်ဖြစ်သော၊ ခြောက်မျိုးသော ရသာရုံနှင့် တိုက်ဆုံမိ၏။ ထိုအခါ ဇိဝှါဝိညာဉ်ဟု ခေါ်ဆိုအပ်သော လျှာအသိ ဖြစ် ပေါ် လာသည်။ (ဇိဝှာ+ရသ = ဇိဝှာဝိညာဉ်)

ကျွန်ုပ်တို့၏ အာရုံကြောမရှိသော ဆံပင်၊ ခြေသီး၊ လက်သီးမှ တပါး၊ အခြားအာရုံကြောနှင့် ဆက်နေသော ကိုယ်ကာယတပြင်လုံး၌ ကာယပသာဒရုပ် လွှမ်းခြုံ၍တည်ရှိ၏။ ကာယပသာဒရုပ် တည်ရှိရာ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းတခုခုသည် ဗဟိဒ္ဓဖြစ်သော အတွေ့ဖောဋ္ဌဗ္ဗနှင့် အကြင်အခါ ထိခိုက်မိ၏။ ထိုအခါ၊ ကာယဝိညာဉ်ဟု ဆိုအပ်သော ကိုယ်အသိဖြစ်ပေါ်လာသည်။ (ကာယ+ဖောဋ္ဌဗ္ဗ = ကာယဝိညာဉ်)

ကျွန်ုပ်တို့၏ မနောဟုဆိုအပ်သော ဟဒယအကြည်သည် အကြင်အခါ၌၊ ဦးနှောက်မှာ သိုလှောင်၍ ထား သော အတိတ်ပဋ္ဌာရုံနှင့် တိုက်ဆုံမိ၏။ ထိုအခါ မနောဝိညာဉ်ဟု ခေါ်ဆိုအပ်သော မနအသိဖြစ်ပေါ်၍လာလည်။ (မနော+ပဋ္ဌာရုံ = မနောဝိညာဉ်)

ဤသို့သောနည်းအားဖြင့် စဉ်းစား ဝေဖန်သောအခါ၌လည်း အမြဲထာဝရ မပြတ်မစဲ တည်ရှိနေပါသည်ဆိုသော အတ္တသဘောကို မတွေ့မကြုံရချေ။ ထို့ပြင်လည်း ဝိညာဉ်ဟု ခေါ်ဆိုအပ်သော သဘာဝသည်လည်း၊ သီးခြားသန့်သန့် တည်ရှိသော



သဘာဝမဟုတ်သည့်အပြင်၊ ထိုထိုသက်ဆိုင်ရာ အတွင်းရုပ်နှင့် အပြင်ရုပ်တို့ တိုက်ဆုံမိကြရာမှ ဖြစ်ပေါ်လာသော သဘာဝအစဉ်းကန်ဖြစ်ကြောင်း ထင်ရှားသည်။

စေတနာဆိုသည်မှာ လှုပ်ရှား၍နေသော ရုပ်တရား (အတွင်းအာယတန ၆-ပါး + အပြင်အာယတန ၆-ပါး = ၁၂သရာ) ဖြစ်၍ ဂုဏ်တရပ်ဖြစ်သည်။ လှုပ်ရှား၍နေသော စက္ခုရုပ်နှင့် ရူပရုပ်တို့ တိုက်ဆုံမိတဲ့အခါမှာ စက္ခုဝိညာဉ်ဖြစ်ပေါ်၍လာသည်။ ၎င်းသုံးမျိုးပေါင်းစပ်မိခြင်းကြောင့်ပင် ဖဿဖြစ်ပေါ်ရသည်။ အဲဒါလို ဖဿဖြစ်ခြင်းကြောင့် (ဝါ) မြန်မာစကားရိုးရိုးပြောရလျှင် အဲဒါလို အတွင်းရုပ်နှင့် အပြင်ရုပ်တို့ ထိမိခြင်းကြောင့် စေတနာဆိုတဲ့ ခံစားမှုပေါ်သည်။ အဲဒီခံစားမှုသည် ဦးနှောက်ကိုရင်း၊ အကြောများကိုရင်း၊ စက္ခုပသာဒရုပ်ကိုရင်း အမှီပြုသည်။ လိုရင်းမှာ အတိအကျ သဘာဝမှအားလျော်စွာ ဖွဲ့စည်းထားသော ရုပ်တရားကို အမှီသဟပြုသည်ဟု ဆိုလိုသည်။ ထို့ကြောင့် စေတနာအတွေးနှင့် ဝိညာဉ်တို့သည် ထူးခြား သီးသန့်ဖွဲ့စည်း၍ထားသော ရုပ်သားမှ ဖြစ်ပေါ်လာသော အမြင့်မြတ်ဆုံးသော ဂုဏ်တရားများဖြစ်သည်။ ဤဂုဏ်တရားများသည် ဖြစ်ပေါ်ပြီးသည်၏ နောက်၌လည်း၊ ဆက်လက်၍ မတည်ပဲ ချုပ်ဆုံးခြင်းသို့ ရောက်မြဲဖြစ်ကြရာ၊ အဘယ်မှာလျှင် ၎င်းတို့သည် အမြဲရှိတဲ့ အတ္တဖြစ်နိုင်ကြတော့မည်နည်း။ စင်စစ်မှာ ဗုဒ္ဓ၏ အနတ္တအစစ်သာလျှင် စကန္တဖြစ်ကြကုန်သတည်း။

တဝိန်-ပဋိလောမနည်းအားဖြင့် ရှုပါဦး....

အတွင်းကာယ၌ ရှိသော စက္ခုပသာဒ ရုပ်ကြည်သည် မည်သည့်အချိန်အခါ၊ မည်သည့်နေရာ၌...မည်သည့်အကြောင်းကြောင့်မျှ အပြင်ရုပ်ဖြစ်သော ရူပါရုံရုပ်နှင့် ကိုက်ကိုက်၍ ဆုံတိုက်မိခြင်းမဖြစ်ခဲ့လျှင် စက္ခုဝိညာဉ်ဆိုတဲ့ မျက်စိအသိစိတ် ဘယ်အခါမျှ မဖြစ်နိုင်ချေ။ ယင်းသို့ မဖြစ်ခြင်းကြောင့် ဖဿဆိုတဲ့ ထိမှုမပေါ်တော့ချေ။ ထို့ကြောင့်ပင် ခံစားမှု ဝေဒနာလည်း ဖြစ်ခွင့်မရတော့ပြီ။

ထို့အတူ အတွင်းကာယ၌ ရှိသော သောတပသာဒ ရုပ်ကြည်သည် အပြင်ဗဟိဒ္ဓရုပ်ဖြစ်သော သဒ္ဒါနှင့် မည်သည့်အချိန်အခါ၊ မည်သည့်နေရာ၌ မည်သည့်အကြောင်းကြောင့်မျှ ကိုက်ကိုက်–ဆုံတိုက်မိခြင်း မဖြစ်ခဲ့လျှင် သောတဝိညာဉ်ဆိုတဲ့ နားအသိစိတ်၊ ထို့အတူ နှာခေါင်းအသိစိတ်၊ လျှာအသိစိတ်၊ ကိုယ်အသိစိတ်၊ မန အသိစိတ်၊ ဘယ်အခါမျှ မဖြစ်တော့ချေ။ ယင်းသို့ မဖြစ်ခြင်းကြောင့် ဖဿဆိုတဲ့ထိမှု တဆက်ထည်းပင် ဝေဒနာဆိုတဲ့ ခံစားမှုလည်း ဖြစ်ခွင့်မရတော့ချေ။ (ဃ,ဇ, က,ဟ,တို့၌လည်း အတူတူ)

ဆိုလိုရင်းမှာ စ,သ,ဃ,ဇ,က,ဟ,ဆိုတဲ့ အတွင်း စက်ခြောက်လုံးတို့သည် အဆင်း, အသံ, အနံ့, ရသ,အတွေ့, အတွေးဆိုတဲ့ အပြင်မှဆီလျော်ရာ စက်ဆီများကို ရရှိမှသာ လှုပ်လှုပ်ရှားရှား အလုပ်လုပ်၍ သွားလာနိုင်သည်။ ဤသို့သော လှုပ်ရှားမှုနှင့် ရုပ်နာမ် နှစ်မျိုးလုံးကို သိမ်းကျုံး၍ သဘောပိုင်လျှင် အတ္တဆိုတဲ့ ဥပါဒါန်အစိုင်အခဲ ပြိုကွဲ၍ သွားပေလိမ့်မည်။ လက်စတုံး နိဂုံးသတ်၍ သွားပေလိမ့်မည်။



ဤသို့အားဖြင့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့သည် အတ္တမဟုတ်ကြောင်း ထင်ရှားတဲ့အပြင် ၎င်း ၆–ပါး စုတို၏ အတွင်း၌ရှင်း၊ (ဝါ) သီးသန့်အပြင်၌ရှင်း၊ အတ္တ ဆိုတဲ့ သဘောမရှိကြောင်းပေါ် လယ်ပြင် ဆင်သွားသကဲ့သို့ ထင်ရှား ခဲ့လေပြီ။

ထိုသည့်အတ္တ ပြုတ်ကျ၍ သွားပြီဖြစ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် စက္ခု ရူပ စက္ခု ဝိညာဏတို့ ပေါင်းဆုံမိခြင်း ကြောင့် ဖဿ ဝေဒနာတွေဖြစ်၍ ချုပ်သွားသည်ကိုမြင်၏။ ဖြစ် ပျက် ဖြစ် ပျက် နှင့် လည်နေသော စက်ကွက်အားလုံးကို မြင်၏။ မြင်သော် ထိုပုဂ္ဂိုလ်သည် ဖြစ်ချီ ပျက်ချီ စက်လည် နေတဲ့ ထိုအရာသည် သံသရာတွေကို ဘာအဖြစ်နှင့်မှ မစွဲနိုင်တော့ ပြီ။

အဖန်လဲလဲ ဤကာမနယ်ဝဲ၌ ကျင်လည်ရမှုသည် ဘာ မျှ အနှစ်သာရမရှိ၊ ငြီးငွေ့ပျင်းမုန်းစရာကြီးသာလျှင် ဖြစ်သော ဤသံသရာပါတကား....။

ဤခန္ဓာ ၅–ပါး၏ တိုက်ခတ် ထင်ဟပ်မှုတို့သည်လည်း အစစ်ကောန်ဟူ၍ ဘာတခုမျှ မဟုတ်ကြပါလေတကား....။

သာယာမှုဟူ၍ ဘာမျှမရ၊ စွဲမက်စရာ တွယ်တာစရာဟူ၍ ဘာမျှမရှိဟူ၍သိလျှင် ကိလေသာ ပြတ်လေပြီ။ ကိလေသာ ပြတ်လျှင် သံသရာမှ လွတ်လေပြီ။ ဘဝတဖန် ဖြစ်ရခြင်း၌ ဇာတ်သိမ်းချေပြီ။

မဟာဘူတ၏ လှည့်စားမှုကို တွေ့ရလေပြီ။ အစစ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါးဟူ၍ ဤလောကဌ် ထင်ရှား

ဘာမျှမရှိ။ ရုပ်နာမ်၏အစ မဟာဘူတကိုသာ တွေ့ရချေတော့သည်။

အတိတ်ကို ပြန်လည်စဉ်းစားစရာ မလို၊ သောကဗျာပါဒ တွေချည်းသာ အဖက်တင်သည်။ အနာဂတ်သည် မလာသေး။ မလာသေးသည့်တိုင် ဝိတက် ဝိစာရတွေ့သာလျှင် အနာဂတ်ကို လှမ်းမြှော်ရာမှ ပေါ်လာချေသည်။

အတိတ်နှင့် အနာဂတ်သည် ဗျာပါဒနှင့် ဝိတက်တွေ ဆက်လာစေသော အတွေးအတော တွေသာလျှင် ဖြစ်ကြကုန်၏။

ပစ္စုပ္ပန်သည်သာလျှင် ဝိဇ္ဇာဉာဏ်အလင်းကို ရှင်းရှင်းမြင်နိုင်သောနေရာဖြစ်၏။ (မဂ္ဂင်) သမာဓိဋ္ဌိသည် ပစ္စုပ္ပန်၌သာ ထင်လင်းသော တရားဖြစ်ချေသည်။

ဒုက္ခရှိခြင်းမှန်၏။ ဒုက္ခဖြစ်ကြောင်း မှန်၏။ ဒုက္ခငြိမ်းမည် မှန်၏။ ဒုက္ခငြိမ်းရေးမှန်သည်။

ဤအမှန်တရားတို့၏ အချုပ်အချာကား အနတ္တသာလျှင် ဖြစ်ချေသည်။

ငါသည် ဒုက္ခအရင်းအမြစ်

တရံရောအခါ အသျှင်ရာဓ မထေရ်သည် ဗုဒ္ဓအား ဤသို့ လျှောက်ထားလေပြီ။

ကတ်နုခေါ ဘန္တေဇာနတော ပဿတော ကတ္တမသ္မိံစ သဝိညာဏကေ ကာယေ၊ ဗဟိဒ္ဓါစ သဗ္ဗနိမိတ္တေသု အဟံကာရ မမံကာရ မာနာနုသယာန ဟောန္တိ၊



အရှင်ဘုရား၊ အဘယ်သို့ မြင်လျှင် ဝိညာဉ် တင်းလင်းရှိတဲ့ ဤကိုယ်ကာယ၌၎င်း၊ အပြင်အပ ဖြစ်တဲ့ နိမိတ်အားလုံးတို့၌၎င်း၊ ငါ့ကွဲ–ငါ့ဟာတွဲ၊ ငါ, ငါ့ကွဲတို့ မဖြစ်ပါကုန်သနည်း။(ရာဓမေး)

ယံကိဥ္စိ ရာဓရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ၊ဟီနံဝါ ပဏီတံဝါ၊ ယံဒူရေ–သန္တိကေဝါ၊သဗ္ဗံရူပံ နေတံမမ နေသော ဟမသ္မိ နမေသော အတ္တာတိ၊ ဧဝမေတံ သမ္မပ္ပညာယ ပဿတိ၊ဧဝံခေါ ရာဓ၊ ဇာနတော၊ ဧဝံ ပဿတော၊ ကတ္တမသ္မိံစ ကာယေ သဝိညာဏကေ ကာယေ၊ ဗဟိဒ္ဓါစ သဗ္ဗနိမိတ္တေသု အဟံကာရ မမံကာရ မာနာနုသယာ နဟောန္တိ။

အို ရာဓ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်၌ဖြစ်သော (ဝါ) အတွင်း အပ၌ဖြစ်သော (ဝါ) ကြမ်းတမ်းသော၊ နူးညံ့သော(ဝါ)ယုတ်သော မြတ်သော(ဝါ) နီးသော ဝေးသော အကြင်ရုပ်ဟူသမျှသည်ရှိ၏။ ထိုအလုံးစုံသော ရုပ်ဟူသမျှသည် ငါ့ဟာ မဟုတ်၊ ငါလည်းမဟုတ်။ ငါ၏အတ္တလည်း မဟုတ်။ ဤသို့ပညာဖြင့် ရှု၏။ အိုရာဓ၊ ဤသို့သိမြင်ခဲ့သော် ဝိညာဉ်နှင့်တကွသော ဤကိုယ်၌၎င်း။ အပြင်အပဖြစ်တဲ့ နိမိတ်တို့၌၎င်း ငါ့ကွဲ–ငါ့ဟာတွဲ၊ ငါ,ငါ့ကွဲတို့ မဖြစ်ကြလေကုန်။ (ဗုဒ္ဓ ဖြေ)

(ခန္ဓဝဂ္ဂသံယုတ်ပါဠိ ရာဓသုတ်)

ဗုဒ္ဓဘုရားရှင်သည် ဘုရားအဖြစ်သို့ စတင်ရောက်၍ အလွန်တောက်ပပြောင်းထန်သော သဗ္ဗညုတဉာဏ်အလင်းသို့ရသည့်အခါ ဤမည်သော မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ဝါဆိုလပြည့်နေ့ညတွင် မဂ္ဂင်ကို အရင်းခံသော သစ္စာ ၄ တန် အမှန်တရားအဖြစ် ဓမ္မစကြာကို စ၍ ဟောတော်မူပြီးနောက် လဆုတ် ၅ ရက်နေ့တွင် ခန္ဓာ ၅ ပါးသာလျှင်ရှိသော ရုပ်နာမ်သဘာဝ၌ အတ္တဟူ၍မရှိ။ အနတ္တသာလျှင် ကောန်ဖြစ်ကြောင်း သည်ဟူ၍ ဟောတော်မူခဲ့ချေသည်။ အတ္တခေတ်ကြီးကိုအမြစ်မှ စ၍ တော်လှန်သော ဘုရားမှာ ဤသည့်ဗုဒ္ဓသာလျှင် တဆူတည်းသာ ဘုရားဖြစ်တော်မူခဲ့ပသည်။

ဗုဒ္ဓ၏ မူရင်းအစ ပဌမဝစန တရားတော်ရင်း ၂ ပုဒ်ကား ဓမ္မစကြာနှင့် အနတ္တလက္ခဏာ ဤ ၂ သုတ်သာလျှင် ဗုဒ္ဓဘုရားရှင်၏ အနှစ်အခဲ အစစ်တရားရင်းများ ဖြစ်သည်ကိုမူ ငြင်းချက်မရှိ ဗုဒ္ဓသာသနာတလျှောက်လုံး၌ လက်ခံပြီး ဖြစ်ခဲ့ကြကုန်၏။

ထိုသည့် ဗုဒ္ဓ၏ ပဌမဝါ မိဂဒါဝုန်ဒေသနာ၌ဤသုတ်တော် ၂ ပုဒ်ပါ အနက်အဓိပ္ပာယ်ကို ဟောကြားခါမျှနှင့် ပဉ္စဝဂ္ဂီ ၅ ဦးနှင့်တကွ ယသ သတို့သားနှင့် အပေါင်းပါ ၆ ကျိပ်သော သာဝကကြီးများသည် ဗုဒ္ဓ၏ ပဌမဦးဆုံး ဝါကာလအတွင်း အရိယာကြီးများ စာရင်းသို့ သွတ်သွင်းဆိုက်ရောက်တော်မူကြရကုန်သည်။

ထိုမျှထိမိုး ရှုမီးတိုင်ကြီးများသဖွယ် လွန်စွာစင်ကြယ်သော သစ္စာ ၄ ချက်နှင့် အနတ္တဒေသနာကြီးများ ထင်ရှားအရင်းခံ



ထားသည့် အကြားမှ နှောင်းခေတ် ဆရာအများသည် ဗုဒ္ဓ၏ အနတ္တနယ်တွင်းသို့ အတ္တတရားစုံများ တစိမ့်စိမ့် ထိုးသွင်းမွှေနှောက်ခဲ့ကြရာ ယခုသော်တမူ စိတ်ဝိညာဉ်ကို ထာဝရအရှိတရားကြီးများပမာ ထူထောင်ကြလေကုန်ရာ အတ္တလောကကြီးမှာ အတန်ကြီးမား အင်အားကောင်းနေလေတော့ပြီ။

ဤသို့ အတ္တဘက်သား၏ အင်အားစုံများ ဒုဗယ်ရလာသည်နှင့်အမျှ ဗုဒ္ဓဘက်သား အနတ္တဝါဒီသမားတို့အား ရန်မူချေမှုန်းရန်ပင် စုရုံးကြလေကုန်ပြီ။ ငါ တည်းဟူသော အတ္တနယ်ထဲက ၃၁ ဆုံအစုတခု ခိုင်မာရေးကို အပြင်းအထန် ကျားကန်သည့်သဘောဖြင့် စိတ်ဝိညာဉ်ပေါင်းမိုးမှုန်၍နေသံမှာ အဘယ်ဇရပ်မှ မကျွန်အောင်ပင် ရှိထားခဲ့သည်။

ထိုသည့်အကြားမှပင် အတော်အတန် အလင်းရကြသော သူတို့က ဤငါတည်းဟူသော ပုဂ္ဂလိက ငါပိုင်–ငါဆိုင်ရေမြေ တောတောင် ပစ္စည်းဝတ္ထု အစုစုသို့ ငါချင်းပြိုင်သော ငါရေး–ငါတာ၏ ပဋိပက္ခနယ်ပယ်မှ ဖျက်သိမ်း၍ အများပိုင် အများဆိုင် အားလုံးပြည်သူ့တုံဆိုင်သဘောသို့ ရွေ့ရှု ချီတက်လာရန် ကြွေးကြော်သံများ မြည်ဟည်းစ ပြုလာချေပြီ။

လောကီ၏ ဘုံဝါဒသဘောသည် သက်မဲ့ ရုပ်ဝတ္ထုပစ္စည်းတို့၌ အခြေခံထားသော်လည်း ဗုဒ္ဓ၏အလိုကား ဤသည့်သက်မဲ့ဖြစ်သော ဗဟိဒ္ဓရုပ်ပစ္စည်းကိုသာမက ခန္ဓာကိုယ်သက်ရှိကာယ အဇ္ဈတ္တိကရုပ်စုဖြစ်တဲ့ မျက်စိ, နား, နှာ, လျှာ, ကိုယ်တို့၏ လှုံ့ဆော်ရာဖြစ်သော ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဏတို့

သည်ပင် မည်သူမျှ အပိုင်စီးသော (ငါ) ပိုင်စိုးခြင်းမရှိသော အနတ္တ သဘာဝချည်း ဖြစ်သည်ဟူ၍ ခေတ်တိုင်း၏ အရှေ့သို့ ယူဇနာ သိန်းနှင့်ချီကာ ပြတ်သားစွာ ညွှန်းတော်မူခဲ့ပြီး ဖြစ်ခဲ့သည်။ နှစ်ပေါင်း ၂၅၀၀ သာကျော်ခဲ့ပြီ။အဘယ် အဘိဓမ္မာ ဆရာမျှ ဗုဒ္ဓကို ကျော်၍ မတက်နိုင်ကြလေကုန်။ ဘယ်မျှ မြင့်မား၍ ဘယ်မျှ ကြီးထွားတဲ့အဘိဓမ္မာ အယူအဆပင် ဖြစ်စေကာမူ ကပ္ပဒုလူသား၏ နေ့စဉ် လက်တွေ့၌ မျက်မြင် ကိုယ်တွေ့ မတတ်ဆင်နိုင်ပါက အဘိဓမ္မာတခြား၊ လူသားတခြားဖြစ်ခါ အပိုသာလျှင် ရှိပေလိမ့်မည်။

ဗုဒ္ဓ၏မူရင်း အဘိဓမ္မာအလိုအရ အဘိဓမ္မာနှင့် လူသားမှာ ခွဲခြား၍ ရစကောင်းသော သဘာဝမဟုတ်ဟူ၍ ဗုဒ္ဓအဘိဓမ္မာတွင် ထင်လင်းစွာ ကျွန်ုပ်တို့ရေးခဲ့ပြီ။

ကပ္ပဒုလူသားတို့၏ တခုတည်းသော(ငါ) ၂ခု မဖြစ်နိုင်သော အဓိက အလိုဆန္ဒကား ပုခက်နှင့် ခေါင်း အကြားရှိ ပစ္စုပ္ပန်တိတိဖြစ်သော ပစ္စက္ခနယ်အတွင်း၌ ကိုယ်ရော စိတ်ပါ ကောန်ချမ်းသာမှုရရေးပင် ဖြစ်သည်။

သို့ရာတွင် လူသားအများစုသည် သင်းချိုင်းကုန်းကိုကျော်ပြီး မြော်ရမည့်လုပ်ငန်းကို အဘိဓမ္မာတခုအဖြစ် သတ်မှတ်ယုံကြည်နေကြကုန်သေး၏။

ဤသို့ ယုံကြည်ကြရင်းကပင် ငါ့အိုး, ငါ့အိမ်, ငါ့လယ်, ငါ့ကျောင်း,ငါ့နွား, ငါ့မယား, ငါ့သား စတဲ့ ငါတွေ



တသွေးကြီး တပ်ဆင်ထားသော ဗာဟိရကိစ္စ (အ၀၀)၌ အတ္တ၏အကိသား ငါစွဲတရားတို့ဖြင့် ကျင်လည် တွယ်ကပ် မက်မော၍သာ နေကြပြန်သည်။

ဗုဒ္ဓအားလုံး၌ အဆိုးဆုံးကား၊ ဤသည့် ငါတလုံးတပ်ဆင်ကာ သုံးနေမှုသာ ဖြစ်ချေသည်။ ယနေ့ ငါတလုံးကို လျှော့ပစ် စွန့်လွှတ်လိုက်သည်နှင့် တပြိုင်နက်၊ ထိုငါတပ်ဆင်ထားရာ ရုပ်ပစ္စည်းတခု အပေါ်မှာရှိသော သမုဒယပိစိကိစ္စာ အ၀၀သည် တချက်တည်း ကင်းငြိမ်းမြေ – ပကတိ ငြိမ်း ချမ်းသာရလေတော့သည်။

သို့ရာတွင် အတ္တအတုံးအခဲ ငါစွဲ သက္ကာယ နယ်သားလူအများသည် ငါ့မြေတကွက်မှ ငါတလုံး အပြတ် မခံနိုင်အောင် တွယ်တာနေသဲပင်ရှိသေးရာ၊ ဗုဒ္ဓ၏ အနတ္တဒေသနာကိုပင် မရေမရာသော အဓိပ္ပာယ် ပြန်ဆိုချက်များနှင့် သွက်သွက်လည်အောင် လှိုးလှဲ့တိမ်းရှောင်လျက်ရှိနေကြသေး၏။

ငါ့အလုပ်ရုံ၊ ငါ့စက်ရုံ၊ ငါ့ခြံမြေ၊ ငါ့လယ်ယာ၊ ငါ့ကျောင်း၊ ငါ့ကန် တည်းဟူသော အတ္တစွဲ ငါ တပ်ဆင်မှုမှ စွန့်လွှတ်၍ အများပိုင်, အများဆိုင်မှုရအဆင့်သို့ ချီတက်စေရန်မှာ အတန်ပင်ခက်သော အတားအဆီးများနှင့် အများကြီး တွေ့ကြုံကြရဦးမည်ပင် ဖြစ်နေကြပေလိမ့်ဦးမည်။

ငါသည်ပင် အများဖြစ်သည်ဆိုသော "ပရ" အဆင့်ကို ရောက်ကြရမည့်အစား၊ အများသည့် ငါ့အတွက်ဟူသော အတ္တ၏ ဗဟိုမဏ္ဍိုင်မှ ယိမ်းယိုင်ရမှာကိုပင် သေလုမျှပါး

ကြောက်လန့်တွယ်တာ ကုတ်ကပ်လျက်ရှိရုံမက၊ ငါ့ရေးစွန့်၍ အများရေးကို ရှေးရှုကြပါ ပြောသူ ဟောသူများကိုပင် ဘယ်သူ့အကျိုးအတွက် ဘယ်ဝါဒ သူလျှို စသော ထိုထို မရေမရာတွေနှင့် အသေအချာစွပ်စွဲဆိုနေကြကုန်လေပြီ။

ဗုဒ္ဓ၏စစ်မှန်သော အနတ္တဒေသနာစုကိုပင် အံတုဝံ့ကြကုန်သော အတ္တအကျိုးတမလွန် မြော်သမားတို့သည် ခေတ်လူများ ချမှတ်လျက်ရှိသော ပုံပါသက အများအကျိုး လမ်းစဉ်များကို အဘယ်နေရာတွင် အံမဝင်အောင် လုပ်ကြံဖန်တီးကြမည်ကို ကျွန်ုပ်တို့ ဂရုပြုထိုက်ကြချေသည်။

ယခုလူသား ခံဥာနေရသော ကိုယ်၏ဆင်းရဲမှု၊ စိတ်၏မချမ်းသာမှု ဟူသမျှ အားလုံးပင် အတ္တတည်းဟူသော ငါရေးတွက်တာ–ငါ့စွဲဥပါဒါန်တို့၌ အရင်းအမြစ် အခြေခံလျက်ရှိနေ၏။ ထို့ကြောင့် လူသား၏ ဒု မှန်သမျှတို့၏ အခြေခံ အတ္တကို ချေဖျက်ခဲ လက်သပ် မွေးကျေးထားသမျှ မြေမွေးနှံ့တိုက်–ခါးပိုက်နှိုက် လက်ခံသည်နှင့်မခြား၊ ဒုက္ခတွေသာ အစဉ်ပွားများနေမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားက, ဘိက္ခဝေ, ရဟန်းတို့၊ ဧဝံ ဤသို့, ဘာမျှမပိုင်စိုးသော သဘာဝကို ဟောခဲ့သည့်အတိုင်း၊ ပသံပဿန္တော, ကျနသေချာ ပြတ်သားစွာ ရှုမှတ် ဆင်ခြင်သည်ရှိသော်... သုတဝါ, ဗဟုသုတ အကြားအမြင်နှင့် ပြည့်စုံသော၊ အရိယ သာဝကော, ဘုရား၏ တပြည့်မြတ်သည် ရူပသ္မိံပိ, ရုပ်၌ရှင်း ဝေဒနာ, ခံစားမှုအာရုံ၌ရှင်း၊ သညာယပိ,



မှတ်သားမှု၌ရှင်း၊ သခ်ါရေသုပိ, ပြုလုပ်ပုံထုံယ်မှုတို့၌ရှင်း၊ ဝိညာဏသ္မိံပိ, သိမှု၌ရှင်း၊ နိဗ္ဗိန္ဒတိ, အနှစ်သာရဟူ၍ ဗလာသာလျှင်ဖြစ်သော ဤခန္ဓာ၅–ခုတို့၏ အစုအဝေး ရုပ်ကာယအပေါ်၌ ငြီးငွေ့ ငြင်းမုန်းလေပြီ။

နိဗ္ဗိန္ဒံ ငြီးငွေ့ပျင်းမုန်းလေသော်၊ ဝိရဇ္ဇတိ တွယ်
တာ မက်မောခြင်း တဏှာသည် ပြတ်ကင်းလေ၏။
ဝိရာဂါ တွယ်ကပ်စရာ ကောင်မပါတော့သောကြောင့်၊
ဝိမုစ္စတိ လွတ်လေပြီ။ ဝိမုတ္တသ္မိံ လွတ်သော်၊
ဝိမုတ္တမိတိ လွတ်လေပြီဟု၊ ဉာဏံ ဉာဏ်ဖြင့် သိ
ခြင်းသို့ ဟောတိ ဖြစ်ချေပြီ။

ဇာတိ ဘဝသစ်ဟူ၍၊ ခီဏာ ကုန်ပြီ။ ဗြဟ္မ
စရိယံ မြတ်သောအကျင့်၌လည်း၊ ဝုသိတံ ကိစ္စပြီးပြီ။
ကရဏီယံ ပြုစရာဟူ၍၊ ကတံ ဘာမျှမကျန် လုပ်ပြီးပြီ။
ဣတ္ထတ္တာယ ဤရုပ်ခန္ဓာအစဉ်မှ၊ အပရံ တခြားဘယ်
ဘဝ ရုပ်မျှ၊ နတ္ထိ မရှိပြီ။ ဣတိ ဤသို့ ပဇာနာတိ
အလင်းပေါက်ခါ ထွန်းတောက်သိမြင် ကြလေပြီ။

ဗုဒ္ဓဘုရား၏ အနတ္တတရားအဆုံး၌ ငါးဦးသော ဝဂ္ဂီကြီးတို့သည် သစ္စာ ၄–ချက်၌ ထက်အောက်မကျန် အကုန်ပေါက်ခါ အလင်းရောင် ရောက်ပြီး ဖြစ်ကြသည့် အတိုင်း၊ အနတ္တဒေသနာပါ ပရမတ်တရား၌ ထင်ရှားတပန် မြင်ကြပြန်ရာ၊ ကျေးငှက်တို့နှင့် သားသမင်တို့ရှိနေသော မိဂဒါဝုန်

ပတ်ဝန်းကျင်မှစ၍၊ ဤသတ္တလောက, သင်္ခါရလောက ဩကာသလောက တည်းဟူသော သုံးပါးသော လောကရှိ သက်ရှိ သက်မဲ့ ရုပ်ဝတ္ထုဟူသမျှ၌ အမှန်တောက်လျှောက် အလင်းပေါက်မြင်တော်မူကြလေကုန်ရာ၊ ဤလောက ကမ္ဘာ သည် ကောန်အားဖြင့် ဘာမျှတကယ်မဟုတ်၊ ဥပါဒါန်ရုပ်စု သာလျှင်ဖြစ်သော မဟာဘူတ (ပအာဝ ါတေ) ဓာတ်လေး ထွေတို့၏ မြူဒြပ်တို့ပါတကား.... အရည် အငွေ့တို့သာပါ တကား.... လေထု၏ လှုပ်ရှားမှု သဘောမျှသာပါတကား– ပူ၊ေ သဘာဝ ဓာတ်သာလျှင်ပါ ကလားဟု၍.... အနုတ္တ ရောင်ခြည်ဖြင့် မှောင်မသိ ထင်လင်းစွာ ရုပ်တည်တော်မူကြ ကုန်လေသတည်း။

သျှင်ဥက္ကဋ္ဌ

တောင်တွင်း ဆရာတော်